ဦးစံမြင့်အောင် (B.A.) ၏

# ဗုဒ္ဓခေတ်တိတ္ထိကြီးများ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် [၂၆၅၄]

ပထမအကြိမ်

အုပ်ရေ ၃ဝဝဝ

၁၉၆၉၊ ဖေဖော်ဝါရီလ

**ရောင်းဈေး နှစ်ကျပ်**


**ပုံနှိပ်သူ / ထုတ်ဝေသူ**

ရွှေဟင်္သာပုံနှိပ်တိုက် (ဝ၁ဝဝ) ၆၂၊ ၆၃ လမ်း ရန်ကုန်တွင် မောင်ကျော်ညွန့်က တာဝန်ခံ ပုံနှိပ်၍ ဝင်းမော်ဦး စာပေဖြန့်ချိရေး (ဝ၂၂၃) ၅ဝ၁၊ ကုန်သည်လမ်း၊ ရန်ကုန်မှ ဦးတင်မောင်က တာဝန်ခံ ထုတ်ဝေသည်။

# ဗုဒ္ဓခေတ် တိတ္ထိကြီးများ

ဦးစံမြင့်အောင် ဘီ-အေ

စုဆောင်းရေးသားသည်

ဝင်းမော်ဦး စာပေဖြန့်ချိရေး
အမှတ် ၅၀၁၊ ကုန်သည်လမ်း၊ ရန်ကုန်

# မာတိကာ

**ကျမ်းဦးစကား** .... ၉

ကျောထောက်နောက်ခံအကြောင်း၊ ရည်ရွယ်ရင်း အချက်၊ အခက်အခဲ၊ အကြောင်းပြကောင်းနှစ်ရပ်၊ ဆွေးနွေးပုံ၊ ကျမ်း အစီအစဉ်နှင့် အမည်ရွေးခြင်း၊ မှတ်တမ်းတင်။

**သင်္ကေတရှင်းလင်းချက်** .... ၁၇

**တိတ္ထိဟူသည်** .... ၁၉

ရတနာသုံးပါးဂုဏ်တော်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ၊ ပြဟ္မာတောင်းပန်ခန်း၊ ဘုရားအလိုတော်ကျ မဟုတ်၊ တိတ္ထိနှင့်ဒိဋ္ဌိ၊ အယူမှန်အယူမှား၊ သမ္မာမိစ္ဆာ ဖြစ်ရပုံ၊ တိတ္ထိကြီး များ ကျော်ကြားသမျှ၊ နတ်တို့ချီးမွမ်းခြင်း၊ ဘုရားနှင့်မယှဉ်သာ၊ ယူဆစရာ၊ မှတ်စုများ။

**နောက်ကြောင်းအကျဉ်းချုပ်** .... ၃၅

အလုံးစုံအတွက် မလွယ်၊ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတ ကေသကမ္ဗလ၊ ပရိဗိုဇ်အဝတ်၊ ပရိဗိုဇ်တို့အစာ၊ ပရိဗိုဇ် နေရာ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌပုတ္တ၊ နိဂဏ္ဌနာဋပုတ္တ၊ အနွယ်အဆက်၊ အထင်ကြီးနိုင် မကြီးနိုင်၊ မှတ်စုများ။

**သာသနာတော်အား သွယ်ဝိုက်၍နှောင့်ယှက်ခြင်း** .... ၄၈

အနှောင့်အယှက်နှစ်မျိုး၊ ဝတ်လစ်စလစ်သည် ကောင်း သခေလာ၊ မဟုတ်မဟပ် သံသရာကြီး၊ သဘိယပရိဗိုဇ်၊ တရားသိသူ

နှင့် မသိသူ၊ ကောသလမင်းကြီးထံ၌၊ ဘုရားထံမသွားရန် တားခြင်း၊ မာယာတမျိုး၊ သဘောတရားနှင့် လက်တွေ့၊ ဆင်ခြင်ဖွယ်၊ စွပ်စွဲသူနှစ်မျိုး၊ မှတ်သားရန်၊ မှတ်စုများ။

## သာသနာတော်အား တိုက်ရိုက်နှောင့်ယှက်ခြင်း .... ၆၄

တိုက်ရိုက်နှောင့်ယှက်မှု၊ သွေးတိုးစမ်း၍ ရအံ့ထင်၊ စည်းစိမ်ပျက်ကြောင်း ရှစ်ပါး၊ အကြံပျက်ရပြီ၊ သူများမကြိုက်သည့်စကားပြောအပ် မအပ်၊ စကား (၆)မျိုး၊ ဗျာကရဏီယလေးပါး၊ စိတ္တသူကြွယ်နှင့် နိဂဏ္ဌ၊ ဘာမှမဟုတ်၊ သူတို့တန်ခိုးပြမယောင်၊ ယုတ်မာသောအမှု၊ ဆိုးရွားသောလုပ်ရပ်များ၊ ကွဲရဲခုနစ်ရက်၊ ရဟန္တာကိုပင် သတ်၍၊ သူတို့ပေလော၊ မှတ်စုများ။

## ပူရဏကဿပ၏ဝါဒ .... ၇၆

သူ့အဆို၊ ဘုရားဝါဒ၊ ရှင်းလင်းချက်၊ နှိပ်နင်းပြီ၊ သမ္မာလောမိစ္ဆာလော၊ အကြောင်းမဲ့ဖြစ်၏၊ ပြင်းထန်နေသည်၊ ပြင်းတိုင်းမကောင်းသလော၊ ပူရဏကဿပ၏ ဘဝခရီးဆုံး၊ ဆရာစဉ်ဆက်၊ ကြောက်စရာ၊ မဖြေတတ်သလော၊ ဆွေးနွေးသင့်သူ မသင့်သူ၊ ပါးလိုက်သည်မှာ၊ မှတ်စုများ။

## မက္ခလိဂေါသာလ၏ဝါဒ .... ၉၉

သူ့အပြော၊ လွတ်လပ်ခွင့်မရှိ၊ အမည်ပေးပုံ၊ ဓမ္မကထိကကောင်းလော၊ စုံလာပါ၏ သို့သော်၊ ဝိဝါဒ၊ ဝါဒချင်းယှဉ်ကြည့်လျှင်၊ ဆိုဖွယ်တနည်း၊ သူ့အကျင့်၊ နောက်ပိုင်းထိအောင်၊ ဘဝဟောဆရာတဖုံ၊ မှတ်စုများ။

**အဇိတကေသကမ္ဗလ၏ဝါဒ .... ၁၁၄**

ယူပုံဆပုံ၊ ပြတ်စဲကြီး၊ ကံမဲ့နေသည်၊ ချောက်ချားစရာ၊ သူလဲမသက်သာနိုင်၊ ဒိဋ္ဌိရာဂ၊ ရေငုံနေထင့်၊ စဉ်းစားဖွယ်၊ ဝေဖန်စကား၊ မှတ်စုများ။

**ပကုဓကစ္စာယန၏ဝါဒ .... ၁၂၂**

သ္မူအမြင်၊ ဝိနည်းတတ်ကြက်သတ်၊ ထင်မြင်ချက်၊ အကဋ္ဌ၊ ထင်ရာစိုင်းရန်၊ ဘယ်သို့ထင်ရပါ့၊ မှတ်စုများ။

**နိဂဏ္ဌနာဋပုတ္တ၏ဝါဒ .... ၁၂၇**

သ္မူအတွေး၊ အချောင်မှစား၊ အဝတ်မပါတဖက်စွန်း၊ ဘုရားလောင်း၏အကျင့်၊ အကုန်သိပါ၏လော၊ ရဟန်းများအကျင့်၊ ကွာခြားချက်၊ သံဝေဂဉာဏ် မရနိုင်သူ၊ သူတို့သမာဓိ၊ ဘဝခရီးဆုံး၊ မှတ်စုများ။

**သဉ္စယဗေလဋ္ဌပုတ္တ၏ဝါဒ .... ၁၄၆**

ခွဲခြားမှတ်စရာ၊ ဝတ်စားပုံ၊ စိတ်ရှုပ်စရာကြီး၊ ပြောပုံက၊ မလွန်လွန်းပေလော၊ ပစ်လွှင့်အယူ၊ ဝေဖန်သည်ရှိသော်၊ အာဂလူ၊ ပုစ္ဆာအကြောင်းသိ၏လော၊ လူတို့ဓမ္မတာ၊ ဆူးငြောင့်ဖြစ်မြဲ၊ မှတ်စုများ။

**ပညာအရေးကြီးကြောင်း .... ၁၅၇**

ပညာသဘောအဓိပ္ပာယ်၊ ပညိန္ဒြေ၊ ပစ္စုပ္ပန္နဉာဏ်၊ ပညာအပြား၊ စိန္တာမယ၊ သုတမယ၊ ဘာဝနာမယ၊ ပွားယူနိုင်၊ ထူထောင်ပုံ၊ အရေးကြီးဆုံး၊ ပညာအကျိုးကျေးဇူး၊ တိတ္ထိနှင့်ပညာ၊ မပါမပြီး၊

သိက္ခာသုံးပါးနှင့်ပညာ၊ သဒ္ဓါစစ်ဥပါဝင်၊ ဘုရားဟုဆိုလေတော့၊ အရင့်အမာကြီးများ၊ ငရဲတုံး တိရစ္ဆာန်တုံး၊ မှတ်စုများ။

**နိဂုံး** .... ၁၇၃

တက္ကီများ၊ မကြံအပ်မစည်ရာ၊ မြင်ကြားသမျှ ပြောရအံ့လော၊ မရှူသာမရှိုက်သာ၊ မှတ်သားဖွယ်၊ ဘုရားနှစ်ဆူပွင့်ရိုး မရှိ၊ ဗုဒ္ဓအား ဓမ္မအား၊ ဗုဒ္ဓဘာသာဝင်တို့ လုပ်ငန်း၊ သမ္မာ လမ်းကြောင်း၊ အရိုးကြည့်ရှောင်၊ မှတ်စုများ။

**နောက်ဆက်တွဲ-၁၊ ကိုးကားသောကျမ်းများစာရင်း** .... ၁၈၇

**နောက်ဆက်တွဲ-၂၊ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိစာရင်း** .... ၁၉၁

**နောက်ဆက်တွဲ-၃၊ မှတ်သားဖွယ်အက္ခရာစဉ်အညွှန်း** .... ၂၁၁

# ကျမ်းဦးစကား

**ကျောထောက်နောက်ခံအကြောင်း** ကျွန်ုပ်ငယ်စဉ်က တိတ္တိကြီး ခြောက်ယောက်အကြောင်းကို အိပ်ယာဝင်ပုံပြင် နားထောင်ရင်း တခါတရံ ကြားခဲ့ရဘူးပါသည်။ သို့သော် ခြုံ၍ငုံ၍သာ ကြားရခြင်း ဖြစ်ပါ၏။

ကျောင်းသားကြီးဘဝသို့ အရွယ်ပြောင်းလာသောအခါတွင်မူ မြန်မာစာပေသင်ကြားရာမှ အတော်အတန် သိရှိခွင့် ရလာခဲ့ပြန်ပါသည်။ သို့သော် ကျွန်ုပ် အစွဲဆုံးဖြစ်ခဲ့သော ဖြဝ်ရပ်မှာ အရပ်ဘုရားတဆူအတွက် အလှူငွေကောက်ခံပြီး ပဒေသာပင် လှည့်သည့်ပွဲတွင် အရပ်သားတို့ သရုပ်ဖော်ကပြသော "တိတ္တိတို့အကြောင်း လမ်းပေါ်က ပြဇာတ်"ပင် ဖြစ်လေသည်။

ထိုဇာတ်ကို စ၍ခင်းရာ၌ "တက်ပါ၊တက်ပါ မှတ်တားဖယားရယ်၊ မှတ်တားဖယားရယ်"ဟု အစချီထားသော သီချင်းဖြင့် ဖွင့်ခဲ့သည်။ သီချင်း သီဆိုသူတို့ကား အင်္ကျီမပါ၊ လုံချည်ခါးတောင်းကျိုက်ပြီး ကိုယ်တွင်ရင်း၊ မျက်နှာတွင်ရင်း အနည်းငယ် ကိုးယို့ကားယား ခြယ်သထားသည်။ တက်ပါ၊ တက်ပါဟု ဆိုသောကြောင့် အသင့်လုပ်ထားသော စက္ကူတိုင်လုံးပေါ်သို့ တက်မည့်ဟန်ပြင်သူမှာ တေးဆိုပေးသူများထက် ဝ၏။ ကိုးယို့ကားယား ပိုနိုင်၏။ လည်ပင်းတွင် ရောမ စိတ်ပုတီးကုံးကြီးတကုံး

ဆွဲထား၏။ တေးသီချင်းဆုံးတိုင်း ထိုသူက တက်မည့်ဟန်ပြင်သည်။ ထို့နောက် မတက်နိုင်သည့်အမူအရာ လုပ်ပြသည်။ တိုင်ထိပ်ပေါ်မှ စက္ကူသပိတ်ကို မော့ကြည့်ပြီး အားမလိုအားမရဖြစ်ပုံကို ဖော်လေသည်။

အဘယ်ကြောင့် ဤပြဇာတ်ကိုမှ စွဲရသနည်း။သူတို့ ခင်းကျင်းပြပုံမှာ ကျမ်းဂန်အဆိုအမိန့်နှင့် လွဲတန်သရွေ့ လွဲနေသောကြောင့်တည်း။ လွဲပင်လွဲငြားသော်လည်း သူတို့ရည်ရွယ်ချက်ကားပေါ်လွင်သည်။တိတ္ထိတို့ အစွမ်းအစမရှိပုံကို သူတို့ သရုပ်ဖော်ခြင်းဖြစ်သည်။ ထိုသရုပ် ပေါ်လာခြင်းဖြင့် သူတို့ ရည်ရွယ်ချက်အောင်မြင်၏။ ပရိသတ်က ပွဲကျသည်။ လက်ခုပ်လက်ဝါးတီး၍ သြဘာပေးသည်။ တိတ္ထိတို့ကို သရော်သောဇာတ်ဟု နားလည်သည်။ ကျွန်ုပ်လည်း ထိုအထဲတွင် တယောက်ဖြစ်ပါ၏။ ကျမ်းဂန်လာ ဖြစ်ရပ်နှင့် လွဲသည့်နေရာ လွဲနေပုံတို့ကိုပင် ချက်ချင်းမဖော်မိပေ။

ရာဇဂြိုဟ်သူဌေးက တိုင်ထူ၍ တိုင်ထိပ်၌ စန္ဒကူးသပိတ်တင်ထားသည်။ တန်ခိုးပြ၍ ယူနိုင်သူ ယူလော့ဟု ကြေငြာခဲ့သည်။ တိတ္ထိတို့ လာရောက်ကြ၏။ တပြည့်တပန်းများလည်းပါလေသည်။ သို့သော် သူတို့သည် ကောင်းကင် ပျံမတက်နိုင်ကြပေ။ သက်သက်ပင်လူ့ရန် ပြောကြ၏။မရ။ထိုကြောင့် နိဂဏ္ဌနာဋပုတ္တကတပည့်များနှင့် စည်းဝါးရိုက်ပြီးမှ အထက်သို့ ပျံတက်မည်ဟန်ပြင်သည်။ ဤတွင် တပည့်တို့က 'ဤသပိတ်ကလေးတလုံးအတွက်နှင့် အဖိုးတန်သော၊ ရနိုင်ခဲသောတန်ခိုးကို အသုံးမပြုပါနှင့်ဟုဆိုကာ တားကြသည်။ ဆရာလုပ်သူကလည်း တပည့်တို့တား၍သာ နေရကြောင်း၊သူ့မှာ တန်ခိုးမရှိသည်ကား မဟုတ်ဟု

ဆိုကာ သူဌေးထံမှသပိတ်ကို ရအောင် တောင်းသည်။ သူဌေးက မပေး။ ထို့နောက် ရှင်ပိဏ္ဍောလဘာရဒွါဇမထေရ် ကြွလာပြီး တန်ခိုးအမျိုးမျိုး ပြတော်မူသည်။ သပိတ်ကိုလည်း အလှူခံတော်မူသည်။(ဇိနတ္ထ၌ အကျယ်ပါဝင်၏။)

ဤမျှသိရသည်တွင် အထက်ကဆိုခဲ့သည့် ပြကွက်၌ ချွတ်ချော်မှုများ ပါသည်ဆိုသောစကားကို သက်သေထူပြီး ဖြစ်ပါသည်။

တိတ္ထိတို့သည် တိုင်ဖက်၍တက်ရန် စိုင်းပြင်းခြင်း မရှိ။ သူဌေးကိုယ်နှိုက်ကလည်း ကောင်းကင်သို့ တန်ခိုးနှင့်ပျံတက်ပြီးယူမှ ပေးမည်ဟု ကြေငြာထားသည် မဟုတ်လော။ သို့ဖြစ်ပါလျက်နှင့် တိုင်ပေါ် မရမကတက်ယူလျှင် အရိုက်များပင် ခံရလေမည်လား မသိ။

ဘေးမှ တပည့်တပန်းတို့မှာ သူတို့ဆရာအသီးသီးကို တိုင်ဖက်တက်နိုင်ရန် ကူညီရေးအတွက် ပါလာခြင်း မဟုတ်။ ဆရာတပည့် ဒလန်လုပ်ပြီး သပိတ်ကို မလိမ့်တပတ်ယူကြရန်အကြံနှင့် လာခြင်း ဖြစ်လေသည်။

ဓမ္မပဒဝတ္ထုမြန်မာပြန် တတိယတွဲလာ ဘုရားရှင် တာဝတိံသာမှ ဆင်းသက်ခန်း၌ဆိုလျှင် နိဂဏ္ဌနာဋပုတ္တကို တပည့်တို့က တားရာဝယ် နိဂဏ္ဌက ကောင်းကင်ပျံမည့်ဟန် ခြေမြှောက် လက်မြှောက် လုပ်နေစဉ် ခြေကိုဆွဲသူကဆွဲ၊ လက်ကိုဆွဲသူကဆွဲ သဖြင့် ဆရာလုပ်သူ လဲ၍ပင်သွားကြောင်း ပါနေသည်။ ဤအတိုင်း သရုပ်ဖော်နိုင်လျှင် သာ၍ပင် ပွဲကျနိုင်ပေသည်။ တိတ္ထိတို့ အကြောင်းကို ဗုဒ္ဓဘာသာဝင် ပရိသတ်သည် မူလကစွဲသည် ထက် ပို၍စွဲမှတ်နေပေမည်။

ဤလို အတွေ့အကြုံကလေးများ ရှိခဲ့ဘူးသူကျွန်ုပ်အဖို့ ထိုစဉ်ကတည်းက တိတ္ထိကြီးများအကြောင်းကို စုံလင်စွာ သိလိုလာခဲ့သည်။ သို့စဉ် တစုတည်း၊ တပေါင်းတည်း၊ တထိုင်တည်း ဖတ်ရှုစရာကျမ်း ရှိ မရှိကား မစုံစမ်းမိ။ ကျောင်းစာ၊ အားကစားနှင့်အခြားအခြား လုပ်ငန်းကိစ္စတို့တွင်သာ အချိန်ကုန်နေခဲ့လေသည်။

တစတစနှင့် နောက်ဆုံး ကိုယ်တိုင်ရှာဖွေ လေ့လာရသောအချိန်သို့ တိုင်ခဲ့သည်။ ထိုအခါတွင် တိတ္ထိကြီးတို့အကြောင်း တထိုင်တည်း တစုတည်း ဖတ်ရှုလေ့လာရန်ကျမ်းမျိုး ရှာမတွေ့ခဲ့။ အထူးသဖြင့် မြန်မာဘာသာဖြင့် ရေးသားထားသောကျမ်းမျိုး မတွေ့ဘူးခဲ့ပေ။ဟိုတစု သည်တစု ရှာဖွေမှတ်သားနေရလေသည်။ သို့သော် အခြေအနေက မပေးသဖြင့် စုပြီးဆောင်းပြီးသားပင် ပျောက်ပျက်ကုန်သည်အထိ ကြုံရ၏။

ယခုသော် ကျမ်းပြုလိုသည့်ဝါသနာနှင့် အခြားနည်းဖြင့် ဝင်ငွေမရှာတော့သည့် အချိန်အခါ တိုက်ဆိုင်လာသည်တွင် အားပေးသူလည်း အရံသင့် တွေ့သောကြောင့် ကျွန်ုပ်ကဲ့သို့ တစုတည်း၊ တထိုင်တည်း စုံနိုင်သမျှစုံလင်စွာ ဖတ်ရှုလေ့လာချင်သူများအတွက် ကိုယ်တိုင်ပြုစုရသည်အထိ အခွင့်သာလာပါတော့သည်။

ဤသည်မှာ ဤကျမ်းငယ်ကို ပြုစုရန် ဖန်တီးလာသော ကျောထောက်နောက်ခံအကြောင်း ဖြစ်ပေသည်။

**ရည်ရွယ်ရင်းအချက်** တိတ္ထိအကြောင်းကို ကျမ်းရေးတော့မည်ဟု ဆုံးဖြတ်ပြီး အစပျိုးလိုက်သောအခါ မိမိကိုယ်ကိုမိမိ စိစစ်ကြည့်ပါသည်။ဗုဒ္ဓဘာသာဝင်တို့၏ ရှုထောင့်မှ တင်ပြရန် ရည်ရွယ်

ပါသလော။ ဤသို့ အမေးပုစ္ဆာထုတ်လျက် ဆန်းစစ်သည်တွင် ဗုဒ္ဓဘာသာဝင်အဖြစ်နှင့် ဗုဒ္ဓဘာသာ ကျမ်းဂန်များစွာကို ကိုးကား၍ ရေးသားမည်ဖြစ်သည့်အတိုင်း အဆိုပါရည်ရွယ်ချက်သည် အပြည့်အဝရှိသည်ဟု နားလည်နေလိုက်ပါသည်။ ယင်းသို့ နေလိုက်ရုံမက လုပ်ငန်းကို ဆက်မိသောအခါတွင်လည်း ဤရည်ရွယ်ချက်ကို တသမတ်တည်း ထားနိုင်ခဲ့ပါသည်။ ကျမ်းပြီး၍ ပြန်လည်သုံးသပ်ရာ၌ တဖန် ရည်ရွယ်ရင်းထိုအချက်ကို အကောင်အထည်ဖော်ပြီး ဖြစ်နေကြောင်း တွေ့ရပါသည်။ ဤရည်ရွယ်ချက်သည် ဗုဒ္ဓဘာသာဝင်အများတို့အား အလွဲမှိုင်းတိုက် မပေးမူဘဲ ရှိရင်းစွဲ ဗဟုသုတရတနာသိုက်တွင်းသို့ ထပ်လောင်းဖြည့်စွက်ခြင်းအဖြစ် အထောက်အကူပြု ပြုလိမ့်မည်ဟု ယုံကြည်မိပါသည်။

**အခက်အခဲ** ကျမ်းဂန်တို့၌ တိတ္ထိကြီးများအကြောင်းကို အမည်နာမနှင့်တကွ သီးသန့်ဖော်ပြချက်များလည်း ရှိ၏။ မည်သူမည်ဝါ တပ်အပ်မသေချာဘဲ ရောနှော၍ ဆိုလိုက်သော အဖြစ်အပျက်များလည်း ရှိ၏။ ဤနှစ်မျိုးအနက် ဒုတိယအမျိုးအစားက ပို၍ များနေသည့်ပြင် ပထမ အမျိုးအစားသည်လည်း လက်လှမ်းမှီသမျှ မူရင်း မြန်မာပြန်ကျမ်းများတွင် လိုသလောက် မရနိုင်အောင် ကြုံရပေသည်။ မည်သို့ပင် ဖြစ်စေ၊ "တိတ္ထိကြီးများ"၊ "တိတ္ထိတို့"ဆိုသော စကားရပ်များကို တွေ့ရတိုင်း ဂိုဏ်းထောင်ပြီး ကျော်ကြားနေသော တိတ္ထိကြီး (၆) ဦးနှင့် သူတို့တပည့်တပန်းများပင် ဖြစ်သည်ကို တတ်ပွန်သူဆရာများက ဆိုကြသည်။ ကျွန်ုပ်တို့ အသိ၌လည်း စွဲနေပေသည်။ ယင်းသို့ စွဲခြင်းဖြင့် အခြားတိတ္ထိတို့ မရှိသည် မဟုတ်ကြောင်းကိုလည်း ထိုခေတ်က ပေါ်များလှသည့် ပရိဗိုဇ်တို့အား ရည်ညွှန်း၍ ပြဆိုနိုင်ကြပေသည်။

သို့သော် ပြဿနာမှာ အခြားမဟုတ်။ အမည်သီးခြား ဖော်ထုတ်ပြီး မပြဘဲ တိတ္ထိကြီးတို့ဟုဍင်း၊ တပည့်များဟုဍင်း တွေ့ရသော ကိစ္စရပ်တို့၌ တိတ္ထိ(၆)ဦးစလုံး ဟုတ်မဟုတ်၊ ယင်းတို့တပည့်များ ဟုတ်မဟုတ်၊ ဟုတ်လျှင်လည်း ၎င်းတို့ချင်း ဝါဒမတူပါဘဲလျက် ပေါင်းဖွဲ့နေနိုင် မနေနိုင်ဟူသည့် အရေးပင် ဖြစ်သည်။

**အကြောင်းပြကောင်း နှစ်ရပ်** အဖြေကား မလွယ်လှချေ။ မလွယ်သော်ငြားလည်း ဆင်ခြင်နိုင်ဖွယ်အကြောင်းတို့ ရှိသဖြင့် ဘော်သေးသည် ဆိုရပေမည်။

တိတ္ထိတို့က သူတို့ တန်ခိုးပြမည်ဟု ဟိတ်ဟန်ထုတ်ခဲ့သော ဖြစ်ရပ်မျိုး၌ တိတ္ထိကြီး (၆) ဦးစလုံးနှင့် ယင်းတို့ တပည့်များ ပါဟန်ကို ကျမ်းဂန်တို့တွင် ပြဆိုသဖြင့် အားကစားအဖွဲ့အသီးသီး ကိုယ့်အစွမ်း ကိုယ်ပြရန် တနေရာတည်းသို့ စုရုံးလာကြဘိသို့ တိတ္ထိတို့လည်း ကိုယ့်ဘာသာကိုယ် လာရောက်ပြီး ဟန်ရေးပြပေ လိမ့်မည်ဟု ဆိုနိုင်ပါသည်။

သာသနာတော်ကို နည်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးခဲ့ သော အရေးများတွင် တဖန်၊ ယင်းတို့သည် တဦးစီ၊ တဦးစီ ကိုယ့်ထောင့်အသီးသီးမှ ကိုယ့်အသိုင်းအဝိုင်းအားကိုးဖြင့် တစုက တမျိုး၊ နောက်တစုက တဖုံ၊ ပါဝင်နေခဲ့သယောင် ဖြစ်နိုင်သည်ဟု ဆင်ခြင်နိုင်ကောင်းပါသည်။ လုပ်ရပ်ကား တခုတည်းမဟုတ်ပေ။ တကြိမ်တည်းလည်း မဟုတ်ပေ။ များစွာရှိသည်ကို သတိမူရ ပေမည်။

**ဆွေးနွေးပုံ** ဤသည်တို့ကို ထောက်ရှုလျှင် ဂိုဏ်းဆရာ အဖြစ်နှင့် ကိုယ့်ကိုယ်ကို ဘုရားဟု သမုတ်ထားကြသော တိတ္ထိကြီး

(၆)ဦးတို့သည် သာသနာကို ဆန့်ကျင်ဖက်ပြုကြရာ၌ သူတို့ချင်း ပူးပေါင်းလိုက်ကြသလောဟူသော စောဒနာသည် ပျက်ပြယ်သွားနိုင်ပေသည်။ သို့ဖြင့် ဤကျမ်းတွင် ဆွေးနွေးတင်ပြရာ၌ တိတ္ထိကြီးတဦးမဟုတ်လျှင် အခြားတဦး၊ အခြားတဦးမဟုတ်လျှင် နောက်တဦးနှင့် ယင်းတို့ အသီးသီး၏ တပည့်များသည် ဖြစ်ရပ်တချို့တွင် ပါကောင်း ပါနိုင်သည့် သဘောမျိုး၊ တဦးစီနှင့် ယင်း၏ အသိုင်းအဝိုင်းတို့ ကိုယ့်ထောင့်မှကိုယ် သာသနာတော်အား နှောင့်ယှက်နိုင်သည့် သဘောမျိုးကို ငုံမိအောင် ဆွေးနွေးထားပါသည်။

**ကျမ်းအစီအစဉ်နှင့် အမည်ရွေးခြင်း** ယင်းသို့ ဆွေးနွေးနိုင်ခြင်းသည် ဝေဖန်ရာ၌ ကျယ်ပြန့်လာသည် မည်၏။ လွတ်လပ်၍လာ၏။ သို့သော် ဤကဲ့သို့ လွတ်လွတ်လပ်လပ် ဝေဖန်တင်ဆက်နိုင်အောင်ကား တိတ္ထိတို့က သာသနာတော်အား နှောက်ယှက်ပုံအကြောင်း အခန်းနှစ်ခန်းကို ဝါဒရေးရာဆွေးနွေးခန်း၏ရှေ့မှ ထည့်သွင်းပေးလိုက်ရပါသည်။

ကျမ်း၏အမည်ကို ရွေးချယ်မှုတွင်လည်း တိတ္ထိကြီး (၆) ယောက်၏ အကြောင်းသာ အရင်းခံဖြစ်စေကာမူ သာသနာတော်အတွက် ဆူးငြောင့်ခလုတ် ဖြစ်နေရာဝယ် ယင်းတို့တပည့် ယင်းတို့အသိုင်းအဝိုင်း မပါဘဲ မပြီးသည့်အားလျော်စွာ ထိုထိုတပည့်တပန်းများကိုပါ ထည့်သွင်းပြီး ဖြစ်စေရန် "ဗုဒ္ဓခေတ် တိတ္ထိကြီး(၆)ယောက်"ဟူ၍ အမည်တပ်မည့်အစား "ဗုဒ္ဓခေတ် တိတ္ထိကြီးများ"ဟု ရွေးချယ်လိုက်ပါသည်။

တိတ္ထိကြီးများအကြောင်း ရှာဖွေတင်ပြရာ၌ ဤကျမ်းတွင် မပါမပြီးသည့် သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ အပိုင်းများကို

လည်း ထည့်သွင်းထားပါသည်။ သို့စဉ် တိတ္ထိတို့အကြောင်းတွင် သွက်သွက်ပင် တင်ဆက်လိုသဖြင့် ထိုအပိုင်းများကို နောက်ဆက်တွဲ(၂)အဖြစ် သီးသန့် ဖော်ပြပါသည်။

ဤကျမ်းတွင် ပါဝင်သည့်အချက်အလက်များကို သုတေသီတို့ အလွယ်တကူ ရှာဖွေနိုင်ရေးအတွက် မှတ်သားဖွယ် အက္ခရာစဉ် အညွှန်းလည်း ထည့်ဖြစ်ခဲ့ပါသည်။

**မှတ်တမ်းတင်** ဤကျမ်းပြုစုရေးအတွက် အားပေးခဲ့သော ဝင်းမော်ဦးစာပေမှ ဦးတင်မောင်အားရင်း၊ ဤကျမ်းဖြစ်မြောက်လာအောင် အခြားနည်းဖြင့် ကူညီခဲ့ကြသော ပုဂ္ဂိုလ်အသီးသီး အားရင်း၊ အသူးကျေးဇူး ဥပကာရတင်ရှိကြောင်းကို မှတ်တမ်းတင်ပါသည်ဟူ၍ လေးစားစွာ မှတ်တမ်းတင်အပ်ပါသတည်း။

# သင်္ကေတရှင်းလင်းချက်

ခုဒ္ဒကပါဌစသည်-ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ မြန်မာပြန်။
ဆက် -ဆက်လက်ကြည့်ရှုသွားရန် ပြဆိုချက်။
ဇိနတ္ထ -ဇိနတ္ထပကာသနီကျမ်း။
တ -တတိယတွဲ။
ဒု -ဒုတိယတွဲ။
ဓမ္မပဒ -ဓမ္မပဒဝတ္ထုတော်ကြီး။
နှာ -စာမျက်နှာ။
ပ -ပထမတွဲ။
ပြန် -မြန်မာပြန်၊ အင်္ဂလိပ်ဘာသာပြန်။
မဇ္ဈိ -မဇ္ဈိမပဏ္ဏာသ မြန်မာပြန်။
ဝိ -ဝိနည်း။
သင်္ဂါမေးဖြေ -သင်္ဂါယနာ အမေးအဖြေ။
ဋ္ဌ -အဋ္ဌကထာ။
အင်္ဂု -အင်္ဂုတ္တိုရ် မြန်မာပြန်။
A phil -Abhidhamma Philosophy
BD -Buddhist Dictionary
BS -Buddhistic Studies
DPP -Dictionary of Pali Proper Names
EB -Ethics of Buddhism
PBI phil -A History of Pre-Buddhistic Indian Philosophy
PP -The Path of Purification

၁

# တိတ္ထိဟူသည်

**ရတနာသုံးပါးဂုဏ်တော်—၁** ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ ဂုဏ်တော်များကို ရှေးဦးစွာ သတိရအောက်မေ့ထားမိလျှင် ဤကျမ်းလာ တိတ္ထိတို့အကြောင်း လေ့လာဆည်းပူးရာ၌ အခက်အခဲ မရှိ၊ အရှုပ်အထွေး မရှိ၊ အငြင်းပွားဖွယ် မဖြစ်နိုင်ဟု ယုံကြည်သဖြင့် ကျမ်းအဖွင့်၌ ထိုထိုဂုဏ်တော်များဖြင့် အစပျိုးလိုပါသည်။

**ဘုရားရတနာ** ထိုမြတ်စွာဘုရားသည် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း အရဟံမည်တော်မူ၏။ (အလုံးစုံသော တရားတို့ကို)ကိုယ်တိုင် မှန်စွာ သိတော်မူသော အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။ အသိဉာဏ် ဝိဇ္ဇာ၊ အကျင့် စရဏနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။ ကောင်းသော စကားကို ဆိုတော်မူတတ်သော အကြောင်းကြောင့်လည်း သုဂတ မည်တော်မူ၏။ လောကကို သိတော်မူသော အကြောင်းကြောင့်လည်း လောကဝိဒူ မည်တော်မူ၏။ ဆုံးမထိုက်သူကို ဆုံးမတတ်သည့် အတုမဲ့ပုဂ္ဂိုလ် ဖြစ်တော်မူသော အကြောင်း

ကြောင့်လည်း အနုတ္တရောပုရိသ ဓမ္မသာရထိ မည်တော်မူ၏။ နတ်လူတို့၏ဆရာ ဖြစ်တော်မူသော အကြောင်းကြောင့်လည်း သတ္တာဒေဝမနုဿာနံ မည်တော်မူ၏။ (သစ္စာလေးပါး တရားတို့ကို) သိစေတော်မူတတ်သော အကြောင်းကြောင့်လည်း ဘဂဝါ မည်တော်မူ၏။

ဤသို့ ဗုဒ္ဓဘာသာဝင်တို့သည် မြတ်စွာဘုရား၌ မတုန်မလှုပ် ယုံကြည်စွာ ဆောက်တည်မိရန် ကြိုးပမ်းကြရပေသည်။

**တရားရတနာ** တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားတော်ပါပေတည်း။

....ကိုယ်တိုင်သိမြင်အပ်သော တရားတော်ပါပေတည်း။

....အခါမလင့် အကျိုးပေးသော တရားတော်ပါပေတည်း။

....လာလှည့်ရှုလှည့်ဟု ဆောင်ပြထိုက်သော တရားတော်ပါပေတည်း။

....မိမိတို့၏ ကိုယ်ထဲစိတ်ထဲ၌ ဆောင်ယူထားထိုက်သော တရားတော် ပါပေတည်း။

....(အရိယာ) ပညာရှိတို့သာ ကိုယ်စီကိုယ်ငှသိနိုင်သော တရားတော်ပါပေတည်း။

ဤသို့ တရားတော်၌ မတုံမလှုပ် သက်ဝင်ယုံကြည်စွာ ဆောက်တည်မိရန် ကြိုးစားရလေသည်။

**သံဃာရတနာ** မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းသောအကျင့် ရှိတော်မူပါပေ၏။

....ဖြောင့်မတ်သောအကျင့် ရှိတော်မူပါပေ၏။

....မှန်သောအကျင့် ရှိတော်မူပါပေ၏။

....လျော်ကန်သောအကျင့် ရှိတော်မူပါပေ၏။

အရိယာ သံဃာတော်သည် (အရပ်ဝေးမှ) ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်တော်မူပါပေ၏။

....အရိယာသံဃာတော်သည် ဧည့်သည်တို့အတွက် စီမံထားသော ဝတ္ထုကိုသော်လည်း ခံတော်မူထိုက်ပါပေ၏။

....အရိယာသံဃာတော်သည် တမလွန်အတွက် ရည်မျှော်သောအလှူကို ခံတော်မူထိုက်ပါပေ၏။

....အရိယာသံဃာတော်သည် လက်အုပ်ချီခြင်းငှာ ထိုက်ပါပေ၏။

....သတ္တဝါအပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေ ဖြစ်တော်မူပါပေ၏။

ဤသို့ သံဃာတော်၌ မတုန်မလှုပ် ယုံကြည်စွာဆောက်တည်မိစေရန်လည်း ဗုဒ္ဓဘာသာဝင်တို့သည် ကောင်းစွာ အားထုတ်ရလေသည်။

ဖော်ပြပါ ရတနာသုံးပါးဂုဏ်တော်များသည် ဤကမ္ဘာတွင် ဂေါတမဘုရားရှင်ဟူ၍ ပွင့်တော်မူလာခြင်းကြောင့်လည်း ကျွန်ုပ်တို့အတွက် ယနေ့တိုင်အောင် အားထားဖွယ်အဖြစ် တည်ရှိနေရခြင်း ဖြစ်ပေသည်။ ယင်းသို့မှ မဟုတ်လျှင် အဆိုပါ ဂုဏ်တော်များကို ကျွန်ုပ်တို့သည် ကြားရုံမျှပင် ကြားဘူးကြတော့မည် မဟုတ်ချေ။ မကြားဖူးရုံသာမက မည်သို့သော အယူအဆများဖြင့် ရှိနေကြလိမ့်မည်ကိုလည်း အောက်ပါ အဆိုအမိန့်တို့မှ ထင်ရှားသိသာနိုင်လေသည်။

**ဖြဟ္မာတောင်းပန်ခန်း** ဂေါတမမြတ်စွာဘုရားသည် သဗ္ဗညုအရှင် ဘုရားသခင်စင်စစ် ဖြစ်တော်မူပြီးနောက် ဆိတ်ကျောင်း

ညောင်ပင်ရင်းသို့ ကပ်လျက် တပါးတည်း ကိန်းအောင်းနေစဉ် တခါက–

“ငါသိအပ်ပြီးသော ....တရားကား နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ တက္ကပုဂ္ဂိုလ်တို့၏ကျက်စားရာမဟုတ်၊ သိမ်မွေ့၏၊ ပညာရှိတို့သာ သိနိုင်၏။ ....သတ္တဝါများကား ကာမဂုဏ်တို့၌ မွေ့ လျော်ပျော်ပိုက် ကုန်၏။ .... ကာမဂုဏ်တို့၌ မွေ့လျော်ပျော်ပိုက် အလွန်နှစ်ခြိုက်ကြသော ဤသတ္တဝါများသည် ....(နိဗ္ဗာန်)တရားကိုလည်းမြင်နိုင်ခဲ၏။....ငါသည် ခဲယဉ်းစွာ ကျင့်သဖြင့် သိအပ်ပြီးသောတရားကို ယခုအခါ ဟောပြခြင်းငှာ မသင့်လျော်ချေ။ ရာဂ ဒေါသ နှိပ်စက်အပ်သော သူတို့သည် ဤတရားကို လွယ်ကူစွာ သိနိုင်ကြမည်မဟုတ်ချေ.... ”ဟူ၍ အကြံဖြစ်တော်မူသည်။

ထိုအခါ သဟမ္ပတိဗြဟ္မာကြီးသည် ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်ရှိလာပြီးလျှင်–

“ဒေသေတု ဘန္တေ ဘဂဝါဓမ္မံ– ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တရားဟောတော်မူပါလော့။

ဒေသေတု သုဂတောဓမ္မံ- ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ တရားဟောတော်မူပါလော့။

....ပါတုရဟောသိ မဂဓေသု ပုဗ္ဗေ၊ ဓမ္မောအသုဒ္ဓေါ သမလေဟိ စိန္တိတော–ရှေးအခါက မဂဓတိုင်း၌ (ရာဂစသော) အညစ်အကြေးရှိသူ ဂိုဏ်းဆရာတို့၏ ကြံဆအပ်သော၊မစင်ကြယ်သော၊ မိစ္ဆာ အယူတရားတို့သည် ထင်ရှား ဖြစ်ပေါ်ခဲ့ပါသည်။

အပါပုရေတံ အမတဿဒွါရံ-အမြိုက်နိဗ္ဗာန်၏ တံခါးကို ဖွင့်လှစ်တော်မူပါလော့''စသည်ဖြင့် တောင်းပန် လျှောက်ထား လေတော့သည်။

ဘုရားသခင်တို့မည်သည် သတ္တဝါများအား ကယ်ချွတ်တော်မူရန် ပွင့်တော်မူစမြဲ ဖြစ်သော်လည်း ဘုရားအဖြစ်ကို ရပြီးစ မိမိတို့ရအပ်သောတရားနှင့် လောကအဖြစ်သနစ်များကို နှိုင်းယှဉ် ကြည့်တော်မူသည့်အခါတွင် သဘောသဘာဝချင်းမှာ ကွာခြင်း ကြီးမက ကွာခြားနေသည်ကို မြင်တော်မူ၍ ယင်းသို့ အကြံ ဖြစ်သဖြင့် ဘုရားတဆူ ပွင့်တိုင်းပွင့်တိုင်း တရားဟောချွတ်ရန် ဗြဟ္မာကြီးက လျှောက်တောင်းပန်သည့် အမှုမှာလည်း ဓမ္မတာ ပင် ဖြစ်ခဲ့ပေသည်။

သဟမ္ပတိဗြဟ္မာကြီး၏စကားတွင် ဂိုဏ်းဆရာတို့၏ မိစ္ဆာအယူ တရားများ ပေါ်ပေါက်ခဲ့မှုကို အကြောင်းပြု၍ မိစ္ဆာဝါဒကို ပယ်ရှင်းတော်မူရန်၊ သစ္စာလေးပါးတရားဖြင့် နိဗ္ဗာန်တံခါး ဖွင့်လှစ်စေလိုခဲ့သော စကားရပ်များ ပါဝင်နေသည်ကို တောက်ရှု ပါကုန်။ ဂိုဏ်းဆရာဟူသည်မှာ တိတ္ထိကြီးတို့ကို ဆိုလိုပေသည်။

(တိတ္ထိအဓိပ္ပာယ်) ပါဠိအဘိဓာန်ချုပ်၌ (၂)

တိတ္ထိကို (၁) အယူဝါဒ၊ ဘာသာ။
(၂) အကြောင်း။
(၃) ရေဆိပ်။
(၄) တင်သောရေ။

ဟူပြဆိုပြီး တိတ္ထကရကို အယူဝါဒအသီးသီးထူထောင်သော ဆရာ၊ ဂိုဏ်းဆရာဟု ဆက်လက် အနက်ဖွင့်သည့်ပြင် တိတ္ထိလည်း ရှိ၏ဟု ထပ်မံဖော်ပြထား၏။

ဆရာတော် ဦးဇနကာဘိဝံသ၏ အလိုသော် (၃)

တိတ္ထိယ-အယူဝါဒကို စထွင်၍ ပြုတတ်သောပုဂ္ဂိုလ်၊ (ထိုမှ) ယကို ဖြုတ်၍ တိတ္ထိခေါ်ကြသည်ဟူ၍ သိရ၏။

ထို့ကြောင့် တိတ္ထိ (ဝါ) တိတ္ထိသည် အယူဝါဒ သီးခြားထူထောင်သောဆရာ၊ သို့မဟုတ် အယူဝါဒသစ်ကို စတင်တီထွင်သူဟု အဓိပ္ပာယ်ထွက်သည်။ သို့သော် ကျမ်းဂန်တို့၌ တိတ္ထိနှင့်ပတ်သက်၍ မြန်မာလို ပြဆိုရာတွင် "သာသနာတော်မှ တပါးသော အယူဝါဒ ရှိသောသူများ"အဖြစ် ပါလေ့ရှိသဖြင့် အဓိပ္ပာယ်မှာ ပို၍ လေးနက်လာသည်။ ဗုဒ္ဓဘာသာဝင်တို့ကလည်း "တိတ္ထိ"ဟုဆိုလျှင် ဗုဒ္ဓဝါဒနှင့် အယူအဆချင်းမတူ တမူခြားပြီး ရှိနေသူဟူ၍ နားလည်ထားကြပေသည်။

**ဘုရားအလိုတော်ကျ မဟုတ်** ဆိုဦးအံ့။ သာသနာတော် ဆိုသည်မှာ ဘုရားရှင် သာသနာတော်၊ ဘုရားသခင်၏ အဆုံးအမ တရားတော် ဖြစ်ရာ မြတ်စွာဘုရားအဆုံးအမနှင့်မတူ တသီးတခြား ယူဆထားသည့် အယူဝါဒရှိသူ ဖြစ်လျှင် ဘုရားအလိုတော်ကျ လိုက်နာသူ မဟုတ်တော့ကြောင်း ထင်ရှားနေလေသည်။ ဘုရားရှင်သည် အမှန်တရားကို အမှန်တရားဟု ဟောဖော်တော်မူ၏။ အမှားကို အမှားအဖြစ် မိန့်ကြားပြီး အမှား မလုပ်မိရန်၊ အမှားကို မလိုက်မိရန် ဆုံးမတော်မူခဲ့၏။ ယင်းသို့ ကျွန်ုပ်တို့ နားရည်ဝနေကြပေပြီ။ သိမှတ်ထားပြီး ဖြစ်နေကြပြီ။ သိရှိထားကြပြီး ဖြစ်သည့်အတိုင်း အမှန်ကို လိုက်နာရန်၊ အမှားကို ရှောင်ကြဉ်ရန် ကြိုးစားကြရလေသည်။ သို့ဖြင့် ဘုရားအဆုံးအမ၌ တည်ဆဲခဏတွင် တိတ္ထိအဖြစ်မှ ကင်းလွတ်ကြသည်။ ဘုရားအဆုံးအမကို

မလိုက်နာမိသောအခါတွင်မူ တိတ္ထိစာရင်းဝင် အလိုလိုပင် ဖြစ်နိုင်ကြပေသည်။

**တိတ္ထိနှင့်ဒိဋ္ဌိ** တိတ္ထိကို ယေဘုယျအားဖြင့် ဒိတ်ထိဟု အသံထွက်၍ ဆိုကြသည်။ ပါဠိတတ်ကျွမ်းသူထဲ၌ကား တိတ်ထိဟုသာ အသံထွက်သူ များလေသည်။ ဒိတ်ထိဟု အသံထွက်၍ ဆိုခြင်းဖြင့် ဒိဋ္ဌိနှင့်ရောနှောသွားသည်။ ဒိဋ္ဌိမှာ အယူ၊ အမြင်၊ ဉာဏ်အမြင်ဖြစ်သည် (၄)။ အသုံးများသော အဓိပ္ပာယ်မှာမူ ဒိဋ္ဌိသည် မှားသောအယူဝါဒဖြစ်လေသည်။သမ္မာဒိဋ္ဌိ-မှန်သောအမြင်အယူ၊ မိစ္ဆာဒိဋ္ဌိ- မှားသောအမြင်အယူ ဟူ၍ သမ္မာနှင့်မိစ္ဆာပုဒ်ထူးများဆက်ထားသည့်စကားလုံးတို့ သီးခြားရှိစေကာမူ ဒိဋ္ဌိဟုဆိုလျှင် အယူမှန် ဝါဒမှန်ကို ဆိုလိုခြင်း မဟုတ်ပေ(၅)။ အယူခွား ဝါဒများကိုသာ ရည်ညွှန်းသည်က များ၏။ တခါတရံ သာမန်အဓိပ္ပာယ်ဖြင့် အယူအမြင်ဝါဒဟုသုံးတတ်၏။ သို့သော် မှန်သောဝါဒကို ဆိုလိုလျှင်ကား သမ္မာပုဒ်ထူးဆက်၍သာ ပြတတ်ပေသည်။ ပြောကြ ဆိုကြပေသည်။

မည်သို့ပင်ဖြစ်စေ၊ ဒိဋ္ဌိမှာ အယူဝါဒ၊ အယူမှားဟူ၍ ဝါဒကိုသာ ပြဆိုသောစကား ဖြစ်သည်။ တိတ္ထိမှာ သာသနာမှ တပါးသော အယူရှိသူ လူနတ်စသူတို့အား ရည်ညွှန်းသည်။ ဒိဋ္ဌိက သက်မဲ့ကို ပြသည်။ တိတ္ထိက သက်ရှိကို ဆိုလိုသည်။ ဤသို့ ကွဲပြားစွာ မှတ်ယူထားသင့်သည်။

**အယူမှန်၊ အယူမှား** အယူဝါဒ အရာတွင် ကျမ်းဂန်တို့၌ အယူမှန် သမ္မာဒိဋ္ဌိ ၂၀၊အယူမှား မိစ္ဆာဒိဋ္ဌိ ၆၂ ဟူ၍ ပြဆို၏(၆)။ အယူမှန် သမ္မာဒိဋ္ဌိကို လယ်တီဆရာတော်က ဖွင့်စင်ဖြောင့်မတ်

ကောင်းမြတ် စင်ကြယ်သော ဥာဏ်အမြင် (အယူဝါဒ)ဟု အဓိပ္ပာယ်ဖွင့်သည်။

သက္ကာယဒိဋ္ဌိ ၂ဝလည်း ရှိသေးသည်။(၇)အတ္တဒိဋ္ဌိ၊ သက္ကာယ ဒိဋ္ဌိ၊ အတ္တာနုဒိဋ္ဌိ၊ အတ္တဝါဒုပါဒန်တို့သည် အမည်သာကွဲပြီး တရားကိုယ်တခုတည်းသာ ဖြစ်ကြောင်း ပါ၏(ဂ)။ (သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊သက္ကာယဒိဋ္ဌိတို့ကို နောက်ဆက်တွဲ ၂၃ တွင် တွေ့နိုင်ပါသည်။)

သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့သည် အယူမှားလော၊ အယူမှန် လော။

ယင်းတို့သည် ပုဂ္ဂိုလ်စွဲ၊ ငါစွဲ၊ ဝိညာဉ်စွဲ၊ ဖန်ဆင်းသူ ဝိညာဉ် ကြီးစွဲ၊ တရားကို ယုံမှားတတ်သည့်အစွဲ စသည်တို့ပင် ဖြစ်ရာ ကောင်းသည်ဟု မဆိုပေ။ သို့သော် ပုတုဇဉ်တိုင်း၌ တမျိုးမဟုတ် တမျိုး ရှိတတ်သည့်သဘော (အယူအဆ) ဖြစ်ပြီး ထိုဒိဋ္ဌိ တန်းလန်းနှင့်ပင် ကံ ကံ၏ အကျိုးကို ယုံကြည်မှုရှိလျှင် သမ္မာဒိဋ္ဌိ ဖြစ်ရသောကြောင့် (၉) မိစ္ဆာဒိဋ္ဌိစာရင်းဝင်ဟု အတိအကျ သတ်မှတ်၍ မရချေ။ အရိယာနွယ်ဝင် စ၍ ဖြစ်လာသူ၌ သက္ကာယ ဒိဋ္ဌိ မရှိတော့ပြီကို (၁ဝ)ထောက်လျှင် အမြင့်အမြတ် ဖြစ်သော မဂ်ဖိုလ်တရားနှင့်ကား ဖီလာပင် ဖြစ်နေသည်။ အမြင့်အမြတ် မဂ်ဖိုလ်ကို မြှော်မှန်းလျှင်၊ မြှော်မှန်းသည့်အတိုင်း ကျင့်ကြံလျှင် သက္ကာယ ဒိဋ္ဌိပြုတ်နိုင်သည်။ ယင်းသို့မဟုတ်မူကား ၎င်းဒိဋ္ဌိမျိုး သည် ပုထုဇဉ်သန္တာန်၌ အမြဲရှိနေမည်သာတည်း။ ပြုတ်ခွင့်ကြုံ တော့မည် မဟုတ်ပေ။

**သမ္မာ-မိစ္ဆာဖြစ်ရပုံ** နောက်ဆက်တွဲ ၂၃ မိစ္ဆာဒိဋ္ဌိအဘယ် ကဲ့သို့ ဖြစ်လာပုံ အဘယ်အယူဖြင့် မိစ္ဆာဒိဋ္ဌိ ဖြစ်ပုံတို့ကိုသာ

ပြထားသည်။ ထို့ကြောင့် ဤ၌ မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိအမြင် ရှိရခြင်း အကြောင်းရင်းတို့ကို သိအပ်ပေသည်။ (၁၁)

မိစ္ဆာဒိဋ္ဌိအယူအဆရှိရခြင်းအတွက် အမြင့်ဆုံး ဟောကြား ထားချက်တမျိုးမှာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဟူ သော ခန္ဓာငါးပါး ရုပ်နာမ်တရားနှင့်ပတ်သက်၍ အမှားနှလုံး သွင်းမိခြင်း၊ (ဆိုလိုရင်းမှာ) မြဲသည်၊ နှစ်သက်စရာဖြစ်သည် စသဖြင့် ယူမိခြင်းတည်း။

ထိုရုပ်နာမ်တရားတို့၌ အနိစ္စဟုသိ၍ မစွဲလန်းလျှင် သမ္မာဒိဋ္ဌိ ဉာဏ်အမြင် ပေါ်သည်။ ထိုမှ အရိယာဖြစ်သည်အထိ သာသနာ တွင်းသား စစ်စစ်ကြီး ဖြစ်လာနိုင်သည်။ ထိုအခါ တပါးသော အယူဝါဒကို လက်ခံသူမဟုတ်တော့ပြီ(၁၂)။ ဘုရားရှင် အဆုံး အမကို ကောင်းစွာ နာယူသူ ဖြစ်လေတည်။

အလွယ်ဆုံးမှတ်ရန်ကား သမ္မာဒိဋ္ဌိအယူရှိရန် နောက်ဆက် တွဲ၂ လာ သမ္မာဒိဋ္ဌိ ၂၀ ၏ သရုပ်အဓိပ္ပာယ်ကိုကြည့်ကာ ကြိုးစား လိုက်နာလျှင် သမ္မာဒိဋ္ဌိအယူကို ယူမိပေမည်။ထိုသမ္မာဒိဋ္ဌိများနှင့် ဆန့်ကျင်မိလျှင်မူ မိစ္ဆာဒိဋ္ဌိ၆၂ပါးတွင် တနည်းမဟုတ် တနည်း ဆိုသကဲ့သို့ အကျုံးဝင်သွားလိမ့်မည်။ သာသနာခေတ် ရှိနေ သေးသရွေ့ ကျမ်းဂန်အလိုအတိုင်း မှန်ကန်စွာ လိုက်နာခြင်း ဖြင့် မိစ္ဆာအယူမှ ကင်းအောင် ပြုနိုင်သည်။ ဆရာကောင်း သမား ကောင်းကိုမှီ၍ မလျော်သောဝါဒမှ ရှောင်ဖယ်နိုင်သည်။ ဘဝ အဆက်ဆက် မယူမှားမိအောင်လည်း ကြိုးပမ်းနိုင်ပေသည်။

**တိတ္ထိကြီးများကျော်ကြားသမျှ** တိတ္ထိတို့ကို သာသနာတော်မှ တပါးသော အယူရှိသူဟု ဆိုခဲ့ပြီး ဖြစ်သည်။ ယင်းတို့၏ အမြင် ဝါဒကို အမှားလော၊ အမှန်လော၊ စောကြောငြားအံ့၊ ဗုဒ္ဓ

ဘာသာဝင် ကျမ်းပြုသူအဖို့ အထူးတင်ပြနေရန် မလိုပေ။ ကျမ်းဂန်အရှိအတိုင်း ဆွေးနွေးရန်သာ ဖြစ်လေသည်။

ဗုဒ္ဓခေတ်တိတ္ထိကြီးများအနက်

၁။ ပူရဏကဿပ (၁၃)

၂။ မက္ခလိဂေါသာလ

၃။ အဇိတ ကေသကမ္ဗလ

၄။ ပကုဓကစ္စာယန

၅။ သဉ္စယဗေလဋ္ဌပုတ္တ (၁၄)

၆။ နိဂဏ္ဌနာဋပုတ္တ

ဟူသော တိတ္ထိကြီး(၆)ဦးမှာ ဆိုင်ရာ တပည့်တပန်းများဖြင့် ထင်ပေါ်နေပြီး ဖြစ်ကြသည်။

"တပည့်အပေါင်းနှင့် ပြည့်စုံသည်။ ဂိုဏ်းဆရာ ဖြစ်သည်။ ထင်ရှားသည်။ ကျော်စောသည်။ အယူဝါဒ တီထွင်သူဖြစ်သည်။ သူတော်ကောင်း ဖြစ်သည်။ ရဟန်းဝါ ရင့်သည်။ရဟန်းသက်ရှည်သည်။ ရှေးမှီသည်။ အဆုံးအရွယ် ရောက်လျက် ရှိသည်"ဆိုသော ဂုဏ်ပုဒ်များမှာ ယင်းတို့အား ကြည်ညိုသူတို့အလယ်တွင် တွင်ကျယ်နေသော ဂုဏ်ပုဒ်များ ဖြစ်လေသည်။(၁၅)

**နတ်တို့ချီးမွမ်းခြင်း** (၁၆) လူထဲတွင်သာ တိတ္ထိတပည့် ရှိသည်မဟုတ်သေး။ နတ်တဲတွင်လည်း တိတ္ထိတို့ကို ကြည်ညိုသူများ ရှိကြ၏။ အောက်ပါ စာပိုဒ်များအရ ကောင်းစွာ သိနိုင်ပေသည်။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ်က အသမနတ်သားသည် သန်းကောင်ယံအချိန် တွင် ရောက်လာပြီး-

"ဖြတ်အပ် သတ်အပ်သည်၌၎င်း၊ ပုတ်ခတ်ခြင်း ဥစ္စာဆုံးရှုံးခြင်းတို့၌၎င်း၊ မကောင်းမှုကို အဖန်တလဲလဲ မရှုတတ်။ မိမိ၏ ကောင်းမှုကိုလည်း အဖန်ဖန် မရှုတတ်။ ထို(သဘောရှိသော) ကဿပသည် ဤသို့ သတ္တဝါတို့၏တည်ရာကို ပြောကြား၏။ ဤကဿပကို မြတ်နိုးပူဇော်ထိုက်၏" ဟူ၍ ပူရဏကဿပ၏ ဂုဏ်ပုဒ်ကို ချီးကျူးပြောဆိုသည်။

ထိုအခါ သဟလိနတ်သားကလည်း–

"ကိုယ်ကိုပင်ပန်းစေမှုအကျင့်နှင့် မကောင်းမှုကို စက်ဆုပ်ခြင်းဖြင့် ကောင်းစွာစောင့်စည်းသောစိတ် ရှိ၏။ လူနှင့်ပြင်းခုန်သောစကားကို ပယ်၍ တွေတွေဝေဝေသိခြင်းမှ ကင်း၏။ မှန်သောစကားကို ဆိုလေ့ရှိ၏။ ထိုအရှင်သည် စင်စစ် ထိုသို့သဘောရှိသော မကောင်းမှုကို မပြု" ဟု မက္ခလိဂေါသာလအား ချီးကျူးပြန်လေသည်။ ဤတွင် နီကနတ်သားကတဖန်–

"မကောင်းမှုကို စက်ဆုပ်သော၊ ရင့်ကျက်သော၊ ပညာရှိသော၊ နိဂဏ္ဌရဟန်းသည် လေးပါးသော စောင့်စည်းခြင်းဖြင့် စောင့်စည်း၏။ မြင်အပ်သည်ကို၎င်း၊ ကြားအပ်သည်ကို၎င်း ပြောကြားတတ်၏။ စင်စစ် ငါတို့ဆရာနိဂဏ္ဌသည် မကောင်းမှုကို ပြုတတ်သည်မဖြစ်ရာ" ဟု နိဂဏ္ဌအကြောင်းကို ဂုဏ်တင်လိုက်၏။ အာကောဋက နတ်သားကလည်း–

"ပကုဓကစ္စာယန၊ နိဂဏ္ဌနာဋပုတ္တ၊ မက္ခလိဂေါသာလနှင့် ပူရဏကဿပဂိုဏ်းဆရာတို့သည် ရဟန်းအဖြစ်၌ အထွတ်အထိပ်သို့ ရောက်ကြကုန်၏။ ထို့ကြောင့် သူတော်ကောင်းတို့မှ မဝေးကြကုန်" ဟု ဂိုဏ်းဆရာ တိတ္ထိကြီးလေးဦး၏ဂုဏ်ကို ချီးကျူးထောပနာ ပြုပြန်သည်။

**ဘုရားနှင့်မယှဉ်သာ** ထိုအခါ ဝေဘ္ဗုရိနတ်သားက အာဂကော ငှက နတ်သားအား ဤသို့ဆိုတော့သည်-

''ယုတ်မာသော မြွေနွေးကြီးသည် ခြသေ့်နှင့်အတူသွားကာ မျှဖြင့် တရံတဆစ်မျှ ခြသေ့်နှင့်မတူနိုင်။ ဂိုဏ်းဆရာဖြစ်သော တိတ္ထိဟူသမျှသည် အချည်းနှီးတည်း။ မမှန်စကားကို ဆိုလေ့ရှိ၏။ ရှုံ့ရှာဖွယ်အကျင့် ရှိ၏။ သူတော်ကောင်းတို့နှင့် မတူနိုင်'' ဟူသတည်း။

ဤတွင် မာဏဝဂါမိယနတ်သားသည် အောက်ပါအတိုင်း မြတ်စွာဘုရားအား ချီးကျူးသောစကားကို ဆိုလေသည်။

''ရာဇဂြိုဟ်ပြည်ကိုဝိုင်းရံသော တောင်တို့တွင် ဝိပုလတောင် ကို (၁) တောင်မြတ်ဟု ဆိုအပ်၏။ ဟိမဝန္တာတောင်တို့တွင် ကေလာသတောင်သည် မြတ်၏။ ကောင်းကင်၌ သွားကုန်သော အရာဝတ္ထုတို့တွင် နေမင်းသည် မြတ်၏။ ရေ၏တည်ရာတို့တွင် သမုဒ္ဒရာသည် မြတ်၏။ နက္ခတ်တို့တွင် လသည်သာလျှင် မြတ်၏။ နတ်နှင့်တကွသော လောကတွင် မြတ်စွာဘုရားသည် အမြတ် ဟူ၍ ဆိုအပ်၏''ဟူ၍။

**ယှဉ်ဆစရာ** ယင်းသို့ ယုံကြည်ရာ လေးစားရာ ပုဂ္ဂိုလ်တို့အား နတ်အသီးသီးက အမွှမ်းတင်ကြသည်။ တဦးနှင့်တဦး ယုံကြည်မှု ချင်း မတူသည့်အခါလည်း နတ်အချင်းချင်း ကွဲရဲပြစ်တင်ကြ သည်။ ဤတွင် ဘုရားသခင်၏ ရှေ့တော်မှောက်၌ တိတ္ထိတို့ကို ချီးကျူးအမွှမ်းတင်လိုသော နတ်တို့ကို အာဂနတ်များဟု ဆိုချင် စရာ ဖြစ်နေသည်။သို့သော် နတ်အချင်းချင်း ပြောဆိုချေပရာ၌ ပထမပြောပြီးသောနတ်က နောက်နောက်နတ်များ၏ စကားကို ပြန်လှန်ငြင်းဆိုမှု မပြုခြင်း၊ ဘုရားသခင်ကလည်း ယင်းတို့၏

စကားအဆုံးတွင် မည်သို့မျှ မိန့်ဟတော်မမူခြင်းတို့ကို ဆင်ခြင်လျှင် တိတ္ထိတို့အား ဂုဏ်တင်သောနတ်တို့က မိမိတို့ယုံကြည်ချက်မှန်မမှန် သွေးတိုးစမ်းခြင်းသဘော၊ ထို့နောက် ကိုယ့်အမှားကိုယ်သိသွားခြင်းသဘောအဖြစ် တဖက်မှ စဉ်းစားနိုင်သလို ကျန်တဖက်မှလည်း တိတ္ထိကြီးတို့အား ကြည်ညိုသူ နတ်တို့၏ စကားကို ဘုရားရှင်အား ကြည်ညိုသူနတ်တို့က လက်မခံခြင်းဖြင့် မြတ်စွာဘုရား ရှေ့တော်မှောက်တွင် ထပ်မံပြီး အာပေါင်အာရင်း သန်နေရန် မဝံ့ကြတော့ကြောင်း ယူဆရန် ရှိလေသည်။

နတ်တို့စကား၌ တိတ္ထိတချို့၏ဝါဒများပင် တွေ့နိုင်၏။ သို့သော် ထင်လင်းစွာ ခွဲခြားသိရန်ကား မလွယ်သေးချေ။ ဆိုင်ရာအပိုင်း အခန်းသို့ရောက်မှ ဆွေးနွေးရပေမည်။ ဤ၌ လိုရင်းမှာ ဗုဒ္ဓဘာသာဝင်တို့ဘက်မှ အပြစ်မြင်ထားခံရသူ တိတ္ထိတို့အား လူအချို့နှင့် နတ်အချို့သည် အလွန်အမင်း အထင်ကြီးနေကြခြင်းပင် ဖြစ်သည်။ အထင်ကြီးထိုက် မကြီးထိုက် ဝေဖန်ရန်ကား သူတို့ခေတ် သူတို့အခါနှင့် သူတို့၏ နောက်ကြောင်းရာဇဝင်ကိုပါ သိရမှ ပိုမိုသင့်လျော်လိမ့်မည်တည်း။

## အခန်း ၁ မှတ်စုများ

၁။ အင်္ဂုံ-ပ-တိက နိပါတ်လာ ဥပေါသထသုတ်၌ရင်း၊ အခြားသုတ်များ၌ရင်း၊ အခြား နိကာယ်များ၌ရင်း၊ ကြိုးကြားကြိုးကြား ပါတတ်သော ဂုဏ်တော်များ ဖြစ်သည်။ ဝိ-မဟာဝါ-ပါဠိနှင့် ရင်းမြန်မာပြန် ၆-၇။

၂။ နှာ-၂၄၂။

၃။ သာမညဖလသုတ်- ပြန်၊ နှာ- ၃၂။ ဤကျမ်းငယ်မှာ ဆိုင်ရာအဋ္ဌကထာကို ကိုးကားဟန်တူသော ကျမ်းငယ် ဖြစ်၍ မြန်မာလို စုံစုံသိချင်သူများအတွက် အဖိုးတန် ရတနာဖြစ်သည်ဟု ဆိုရပေမည်။

၄။ BD- p47

၅။ ၎င်း

၆။ ဗြဟ္မဇာလသုတ် အင်္ဂလိပ်ဘာသာပြန် နောက်ဆက်တွဲ၌ ပါသည်။ ဤကျမ်း နောက်ဆက်တွဲ-၂ ၌ ထည့်သွင်း ထား၏။

၇။ ရှု-နောက်ဆက်တွဲ-၂။

၈။ သမ္မာဒိဋ္ဌိဒီပနီ၊ နှာ-၁၁၆။

၉။ ၎င်း

၁၀။ A phil p272 ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သံယောဇဉ်နှစ်ပါး တွင် ဒိဋ္ဌိသည် သက္ကာယဒိဋ္ဌိ-ငါစွဲ၊ အယူမှား ဖြစ်သည်။ အရိယာပုဂ္ဂိုလ်အဖြစ်ကို စတင်၍ ခံယူနိုင်သူမှာ သော တာပတ္တိ မဂ်ဖိုလ်ကိုရသူ ဖြစ်သည်။သောတာပန်ဟု ခေါ် သည်။ သောတ-အရိယာမဂ္ဂင်ရှစ်ပါး။ တာပန်-ထိုရှစ်ပါး နှင့် ပြည့်စုံသူ (သံယုတ်-တ-၃၀၄-ဒုသာရိပုတ္တာသုတ်)။ သောတာပန်ပုဂ္ဂိုလ်သည် ပြုစီရင်တတ်သော သင်္ခါရ တရား၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး၌ နိစ္စ၊ သုခ၊ အတ္တာဟု ထင်ဖွယ်အကြောင်း မရှိတော့ချေ။ အမိကို သတ်ခြင်း၊ အဖကို သတ်ခြင်း၊ ရဟန္တာကိုသတ် ခြင်း၊ မြတ်စွာဘုရားအား သွေးစိမ်းတည်စေခြင်း၊သံဃာ သင်းခွဲခြင်းဟူသော အနန္တရိယကံကြီးငါးပါးကို ကျူး

လွန်မှုလည်း မရှိတော့ပေ (အင်္ဂု-ပ-၃၇-၈)။ ဘုရား မှတပါး အခြားသူတို့ကို တရားထူးရရေးအတွက် ဆရာ အဖြစ် ကိုးကွယ် ဆည်းကပ်ခြင်းလည်း မရှိတော့ပေ။ အပါယ်သို့လည်း မကျနိုင်တော့ချေ။ (အင်္ဂု-ပ-၂၅၀)။ အများဆုံး ခုနစ်ဘဝသာ ထပ်၍ ဖြစ်ရသည်။ ဖြစ်ရာ၌ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့၌သာ ဖြစ်သည် (အင်္ဂု-ပ-၂၅၂)။ ငါးပါးသီလလည်း မြဲ၏ (အင်္ဂု-ပ-၃၈၂)။

၁၁။ သံယုတ်သံဂါ မေးဖြေဒု၊ နှာ ၆၅-၆။ လူမိုက်ကိုရှောင်၍ ပညာရှိကို ဆည်းကပ်ခြင်းမျိုး စသည်ကိုလည်း ဤ၌ လူပြိန်းနားလည်အောင် ထည့်သွင်းပြနိုင်သည်။

၁၂။ ရှု-၁၀။

၁၃။ ပူရဏကဿပကို ပုရာဏနှင့် မှားတတ်သည်။ ပုရာဏ နှစ်ဦးရှိသည်။ တဦးကားဒက္ခိဏာဂိရိဇနပုဒ်သားဖြစ်သည်။ နောက်တဦးကား ပသေနဒီကောသလမင်းကြီး၏ ပုရောဟိတ် ဖြစ်သည်။ ဘုရားရှင်၏ စံပြဥပါသကာအဖြစ် ချီးမွမ်းတော်မူခံရသော ပုဏ္ဏားကြီးပင်တည်း။နောင်တွင် တုသိတာနတ်ပြည်၌ သကဒါဂါမိ တည်သောနတ် ဖြစ် သည်။ DPP II, 237-8.

၁၄။ သိဠုည်း ဖြစ်သည်။ အမည်နှစ်မျိုးလုံးပင် တွင်ကျယ်သည်။ ဖော်ပြပါ ပါဠိသက်သက်မှာ ကျမ်းဂန်လာ အမည် ဖြစ် သည်။ သိဠုည်းမှာ မြန်မာအခေါ် ဖြစ်သည်။

၁၅။ သီလက္ခန်-၄၉မှ စ၍လည်း တွေ့နိုင်ပါသည်။ ခုဒ္ဒကပါဌ စသည် ပါဝင်သောကျမ်း ၃၃၄-၄၂ သဘိယသုတ်၌ လည်း ထင်ရှားပုံ၊ ကျော်စောပုံကို တထပ်တည်း ဆိုပါ သည်။ ဘုရားရှင် ပွင့်တော်မမူမီက ထင်ရှားနေကြခြင်း သာ ဖြစ်၏။

၁၆။ သံယုတ်-ပ-၆၄-၆။

၁၇။ ဝေပုလ္လတောင်ဟု အသုံးများ၏။ ကျမ်းဂန်၌လည်း ဝေပုလ္လဟူသော အမည်ပင် အပါများသည်။

# ၂

# နောက်ကြောင်းအကျဉ်းချုပ်

**အလုံးစုံအတွက် မလွယ်** တိတ္ထိကြီး(၆)ဦး၏ အကြောင်းကို အလုံးစုံ သိရှိရန်မှာ မလွယ်ပေ။ ထို့ပြင် ဤအခန်း၌ ယင်းတို့၏ ဝါဒများကိုပါ အစုလိုက်အပြုံလိုက် ထည့်သွင်းရန် မရည်ရွယ်နိုင်သေးသည်ကိုလည်း အစီရင်ခံရပေမည်။ နိဒါန်း ကျမ်းဦးစကား ဆိုခဲ့သည့်အတိုင်း ဝါဒရေးရာ ဆွေးနွေးခန်း မစမီ အထွေထွေ အခြင်းအရာများကို ကြိုတင် ဖော်ပြထားပါမှ ဆွေးနွေးရာ၌ ကျယ်ကျယ်ပြန့်ပြန့် လွတ်လွတ်လပ်လပ်ရှိမည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် ယခုလို တိတ္ထိ (၆)ဦးတို့၏ ရှေ့ပိုင်းဖြစ်ရပ်များကိုသာ တင်ပြပါမည်။

ရှေ့ပိုင်းဖြစ်ရပ်ဟူရာ၌ ၎င်းတို့သည် အဘယ်ပုံ ဂိုဏ်းဆရာ ဖြစ်၍လာကြသည်ကို ဆိုလိုပေသည်။ ဂိုဏ်းဆရာ မဖြစ်ခင်က ယင်းတို့၏ ဘဝမှာလည်း အလိုလိုပင် ပါဝင်လာမည်သာ။

ကျမ်းဂန်တို့၌ ၎င်းတို့၏အမည် အစဉ်အလိုက် တပ်ပုံအတိုင်း (၁) ယခု ပူရဏကဿပအကြောင်းမှ စပြီး လေ့လာနိုင်ပါသည်။

**ပူရဏကဿပ** ပူရဏကဿပကို တိုင်းတပါးသူ ကျွန်မက မွေးဖွားခဲ့သည်။ အဖ၏အမျိုးအမည်ကိုမူ မသိရပေ။ သူတို့

အမျိုးအနွယ်၌ သူ့သား မမွေးခင်က (၉၉)ယောက် ပေါ်ထွန်းပြီး နောက် သူက တရာပြည့်မြောက် ပေါက်ဖွားလာသူ အဖြစ်ကို ခံယူ ရရှိသည့်အတွက် ပုရဏ (ဝ1) ပူရဏခေါ် ပြည့်မြောက်ခြင်း ဟုဒ်ထူးတပ် ခံရလေသည်။

အရွယ်ရောက်သောအခါ ပူရဏကဿပအား ပိုင်ဆိုင်သည့် အသျှင်သခင်သည် အလုပ်ကြမ်း မခိုင်းလိုသဖြင့် မိမိနေအိမ်တွင် ဘံခါးမှူး ခန့်ထားခဲ့ရာ ယင်းအလုပ်ကို သူကမနှစ်သက်၍ သခင့် လက်မှ တိတ်တဆိတ် ထွက်ပြေးတော့သည်။ သို့သော် တောကြီး မျက်မည်းအတွင်းသို့ အရောက်၌ သူခိုးမြေတို့နှင့် တွေ့သော ကြောင့် အဝတ်အစား ရှိသမျှအားလုံး လုယက်ခံရသဖြင့် ကိုယ် လုံးတီး ဖြစ်သွားလေသည်။

အဝတ်မပါ ဗလာကိုယ်ချည်း ရွာတရွာသို့ ချဉ်းကပ်မိသော် လူအများက အမည်နှင့် အမျိုးအနွယ် စသည်ကို မေးမြန်းကြရာ တွင် ဝတ်လစ်စလစ် ဖြစ်ရပုံကိုမူ မဖြေကြားပဲ မိမိသည် သိပ္ပ အားလုံးကို တတ်ပွန်သူဖြစ်သဖြင့် ပူရဏဂုဏ်ပုဒ် တပ်ထိုက်သူ ဖြစ်ကြောင်း၊ ပုဏ္ဏားမျိုးဖြစ်၍လည်း (အနွယ်အဆက်အားဖြင့် လည်း) ကဿပဟု ခေါ်ကြကြောင်း၊ မကောင်းသောအလိုဆန္ဒ အားလုံးကို ထိန်းချုပ်ထားနိုင်သူ ဖြစ်သဖြင့်လည်း ဗုဒ္ဓမည် ကြောင်းတို့ကိုသာ ဖြေသည့်ပြင် ရွာသားများက အဝတ်များ ပေးကြသည်ကိုပါ လက်မခံဘဲ နေလေသည်။ သူ့အထင်က အဝတ်အစားနှင့်ဆိုလျှင် လူများက အရိုသေတန်တော့မည်ဟု မှတ်ယူခဲ့ခြင်းတည်း။ ထင်သည့်အတိုင်းလည်း ဟုတ်ခဲ့သည်။ ဝတ်လစ်စလစ် ကျင့်နေသူဟု လူတို့အထင်ရောက်သောအခါ ချက် ခြင်းပင် ကြည်ညိုသူ ပေါလာလေသည်။

''အဝတ်အစားဟူသည် အရှက်ကိုဖုံးလွှမ်းရန်တည်း။ အရှက်ဟူသည်မှာလည်း မကောင်းမှု၏အကျိုးသက်လားချက်သာ ဖြစ်ရာ မကောင်းမှု မရှိသူ၊ ရဟန္တာ ဖြစ်နေသူ၊ အလိုဆိုးများ ကင်းသူ ငါသည် ရှက်ကြောက်နေစရာ မလိုတော့''ဟု ပူရဏကဿပက ဆိုခဲ့သည်။ ဤသည်ကို လူတို့က ယုံ၏။ ယုံကြည်သည်နှင့်အမျှ လူကြတန်းကြ ကိုးကွယ်ကြတော့သည်။ နောက်လိုက်အများပင် ရှိလာသော ဟူ၏။ သို့ဖြင့် ဇမ္ဗူဒီပါ တကျွန်းလုံး (အိန္ဒိယတပြည်လုံး)၌ သူကိုယ်သူ ဗုဒ္ဓဘုရားဖြစ်သည်ဟုလည်း ကြေငြာခဲ့လေသည်။ (၂)

အထက်ပါ အဆိုများကို ထောက်ရှုခြင်းအားဖြင့် ပူရဏကဿပသည် စိုင်ကော်၍ ချုံပေါ်ရောက်သည်ဟုလည်း မဆိုသာ။ မြတ်စွာဘုရားသခင်နှင့် တပည့်သား ရဟန်းကောင်းများကဲ့သို့ ကြည်ညိုထိုက်သူ၊ ကိုးကွယ်ထိုက်သူအဖြစ်ကိုရသည်လည်း မဟုတ်။ ပါသမျှ ကုန်သွားပြီး ဒုက္ခရောက်နေစဉ်အတွင်း ရှေ့ရေးအတွက် ကြံတွေးကာ အကောက်ဉာဏ်ဆင်ရာမှအစ လူတို့က သူပြောသမျှ ယုံသွားသောအခါ ရတတ်သရွေ့အခွင့်အရေးကို လက်မနှေးဘဲ ယူလိုက်ခြင်းသာ ဖြစ်နေပေသည်။ ယုံလွယ်သူတို့အပေါ် လွှမ်းမိုးနိုင်စွမ်း ရှိသွားသဖြင့် ဟိုးဟိုးကျော်နေခဲ့ခြင်း ဖြစ်လေသည်။ ခေါင်းတုံးပေါ် ထိပ်ကွက်တတ်သောကြောင့် ဘဝတလျှောက်လုံး မရဘူးသေးသည့် ဆရာအဖြစ်ကို ခံယူနိုင်ခြင်း ဖြစ်လေသည်။ စားဖို့လည်း မပူရတော့ပြီ။ အကျော်အစောလည်း ဖြစ်လာသည်(၃)။ မူလက ကျွန်ဘဝသို့ အဘယ်မှာလျှင် ပြန်ရောက်ချင်ပါတော့မည်နည်း။ ဂိုဏ်းဆရာအဖြစ်နှင့် မားမား မားမား နေရသည်ကို သူ နှစ်ခြိုက် ပျော်မွေ့နေလေသည်။ နောက်၌ တွေ့ရလတ္တံ့

သောအတိုင်း သူ့အယူအဆ၊ သူ့ဝါဒမှာလည်း ပေါ်ပင်လိုက်စား သူများအကြားတွင် ထင်ထင်ရှားရှား ဖြစ်လာခဲ့သည်။ ဤမျှသာ မကသေး သူ့ဂိုဏ်းမှာ သူမရှိသည့်နောက်တွင်ပါ ဆက်လက် ရှင်သန်နေနိုင်အောင် အမွေခံသူတို့လည်း ရှိခဲ့ပြန်လေသည်။ (၄)

**မက္ခလိဂေါသာလ (၅)** မက္ခလိဂေါသာလ၏ အကြောင်း သည် ပူရဏကဿပနှင့် ဆင်ဆင်တူ၏။

အသျှင်သခင် အလိုမကျသဖြင့် နွားတင်းကုပ်၌ အကျဉ်းချု ထားခံရသော ကျွန်မမှ ထိုနွားတင်းကုပ်ထဲတွင်ပင် မွေးဖွား လာသူ ဖြစ်သောကြောင့် မက္ခလိဂေါသာလဟု တွင်လေ သည်။ (၆)

မက္ခလိဂေါသာလ အရွယ်ရောက်လာသောအခါ သူ့သခင်က ထောပတ်အိုးကို ရွက်စေလျက် တနေရာသို့ သွားကြ၏။ ရွှံ့ညွှံ ထူထပ်သော နေရာသို့အရောက်၌ သခင်က ချော်မလဲအောင် ဂရု တစိုက်သွားရန် ပြောသည်။ သို့သော် မက္ခလိဂေါသာလမှာ လဲမိအောင်လဲသွား၏။ ယင်းသို့ လဲသွားရာတွင် သခင်က ဒေါ်ခတ် မည်စိုးလာသဖြင့် ထွက်ပြေးလေတော့သည်။ သခင်က နောက်မှ လိုက်ဖမ်း၏။ ဖမ်းသောအခါ သူ့အဝတ်ကို ဆုပ်ကိုင်မိသော်လည်း မက္ခလိဂေါသာလက အဝတ်အဆုံးခံပြီး ဇွတ်ပြေးမြဲ ပြေးလေ သည်။ ဤတွင် ပူရဏကဿပကဲ့သို့ ကိုယ်တုံးလုံး ဖြစ်ရပေသည်။

ရွာတရွာသို့ ဝင်မိသောအခါ ရွာသူရွာသားတို့အား ပူရဏ ကဿပနည်းတူ လိမ်လည် ပြောဆိုပြီး လူအကြည်ညိုခံခဲ့သူ ဖြစ်လေသည်။ သို့သော် ပူရဏကဿပနှင့် မက္ခလိဂေါသာလတို့ နှစ်ဦး၏ အဖြစ်များတွင် မည်သူ၏ အဖြစ်က ရှေးကျ၍ မည်သူက နောက်ကျသည်ကိုမူ မသိရချေ။

မက္ခလိဂေါသာလ၏ နောက်လိုက်များကို အာဇီဝကဟု ခေါ်ကြောင်း DPP II , စာမျက်နှာ ၃၉၉ ၌ ဖော်ပြထားသည်။

**အစိတ ကေသကမ္ဗလ (၃)** ဤသူလည်း ကျွန်ပင် ဖြစ်သည်။ အသျှင်သခင်ထံမှ ထွက်ပြေးလွတ်မြောက်လာခဲ့သူ ဖြစ်စေကာမူ ပူရဏကဿပ၊ မက္ခလိဂေါသာလတို့နှင့်မတူသော အချက်မှာ အဇိတကေသကမ္ဗလသည် ဝတ်လစ်စလစ်မဟုတ်ခြင်း ဖြစ်သည်။ သခင့်လက်မှ လွတ်လာရာတွင် အသက်မွေးဝမ်းကျောင်း ခက်ခဲသဖြင့် ပရိဗိုဇ်ဝတ်ကာ လှည့်လည်ကျက်စားသူ ဖြစ်ပေသည်။

အဇိတကေသကမ္ဗလသည် လူဆံပင်နှင့် ရက်လုပ်ထားသော ယုတ်ညံ့သော အဝတ်ကို ဝတ်လျက် ခေါင်းတုံးရိတ်ကာ ပရိဗိုဇ် အသွင် ဆောင်ခြင်းဖြစ်သည်။ ဗုဒ္ဓခေတ် ပရိဗိုဇ်တို့ အနေအထိုင် အစားအသောက် အဝတ်အစားများကို ပဝိဝေကသုတ်(ဂ)၌ အောက်ပါအတိုင်း ပြထား၏။

**ပရိဗိုဇ်အဝတ်** ပိုက်ဆံလျှော်အဝတ်၊ ပိုက်ဆံလျှော်နှင့် ရောနှော၍ရက်သောအဝတ်၊ သူသေကောင်အဝတ်၊ ပံ့သုကူအဝတ်၊ သစ်ခေါက်အဝတ်၊ သစ်နက်ရေအဝတ်၊ ခွာနှင့်တကွ သစ်နက်ရေ မျှင်အဝတ်၊သမန်းမြက်အဝတ်၊ လျှော်တေအဝတ်၊ပျဉ်ချပ်အဝတ်၊ လူဆံပင်ဖြင့်ရက်သောကမ္ဗလာ၊ သားမြီးကမ္ဗလာ၊ ခင်ပုပ်ငှက် တောင်ကမ္ဗလာ။

**ပရိဗိုဇ်တို့အစာ** ဟင်းရွက်စိမ်း၊ ပြောင်းဆန်စိမ်း၊ ကျိတ်သီး ဆန်၊ သားရေအစအန၊ မှော်၊ ဆန်ကွဲ၊ ထမင်းချိုး၊ နှမ်းမှုန့်ညက်၊ မြက်၊ နွားချေး၊ တောသစ်မြစ် သစ်သီး၊ ကြွေကျသော အသီး။

**ပရိဗိုဇ်တို့နေရာ** တောသစ်ပင်ရင်း၊ သင်းချိုင်း၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံ၊ ကောက်ရိုးအုံ။

လှူဆံခြည်မျှင်ဖြင့် ရက်လုပ်ထားသော အဇိတကေသကမ္ဗလ၏ အဝတ်ကို အယုတ်ညံ့ဆုံးအဲဝတ်ဟု ဆိုခြင်းမှာ ထိုကမ္ဗလာသည် "အေးသောရာသီ၌ အလွန်အေး၏။ ပူအိုက်သော ရာသီ၌ အလွန်ပူအိုက်၏။ အဆင်းမလှ။ အနံ့မကောင်း။ ကြမ်းတမ်းသော အတွေ့အထိရှိ၏။ ချည်မျှင်ဖြင့် ရက်အပ်သော အဝတ်ဟူသမျှတွင် အယုတ်ညံ့ဆုံးဟု ဆိုထိုက်၏" စသည်ဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူခဲ့သောကြောင့် ဖြစ်သည်(၉)။

အဇိတသည် မြတ်စွာဘုရားသခင်ထက် နှစ်များစွာ ကြီးသည်ဟုလာသည်(၁၀)။

အဇိတကေသကမ္ဗလအဖို့ ဝတ်လစ်စလစ် မကျင့်သည်၏ အဖြစ်ကြောင့် အဝတ်အစားမဝတ်ခြင်းဖြင့် လူတို့အား အထင်ကြီးလာစေနိုင်သော သဘောကို မဆောင်တော့ပေ။ သို့သော် အဝတ်ထူးဝတ်၍ ဝတ်လစ်စလစ်ဂိုဏ်းဆရာများ အကြားတွင် သူကတမျိုး ထင်ပေါ်နေဟန်တူသည်။ ဝါဒရေးရာ၌ နှစ်သက်သူ များလာသဖြင့်ကျော်ကြားသည်ဟုလည်း ဆိုနိုင်ကောင်းပါ၏။

**ပကုဓကစ္စာယန (၁၁)** ပကုဓကစ္စာယနသည်လည်း ပရိဗိုဇ်လုပ်သူပင် ဖြစ်သည်။ သနားဖွယ် ကိုယ်ဝန်ဆောင် မုဆိုးမကြီးမှ မွေးဖွားလာခဲ့၏။ ပကုဓကစ္စာယနဟု အမည်တွင်ခြင်းကား သူ့ကိုမွေးဖွားရာ နေရာအနီးရှိ ပကုဓသစ်ပင်ကြီးကို အမှီပြုလျက် တွင်လာခြင်း ဖြစ်လေသည်။ ပကုဓမှာ ဖောက်ကြန့်ပင်တည်း။ မိခင်မုဆိုးမကြီးက မီးဖွားပြီးထားခဲ့ရာဇွင် ပုဏ္ဏားတယောက်က တွေ့သဖြင့် ကောက်ယူမွေးစားကာ ထိုအမည်ကို ပေးထားခြင်း ဖြစ်ပေသည်။ သို့သော် ပုဏ္ဏားကြီးကွယ်လွန်သော် အသက်မွေးဝမ်းကျောင်းမှု ခက်ခဲသဖြင့် ပရိဗိုဇ်လုပ်လိုက်လေသည်။ မည်သို့

ဝတ်စားနေထိုင်သည်ကို အတိအကျမသိရစေကာမူ ရှေ့ပိုင်းက ဖော်ပြခဲ့သည့်အနေအထိုင် အဝတ်အထည် အစားအသောက်ထဲမှ ဘမျိုးမျိုးကိုဖြင့်၊ တမျိုးထက်ပို၍ဖြင့် အသုံးပြုလိမ့်မည်ဟု ခန့်မှန်းရာသည်။

ပကုဓကစ္စာယနအားလည်း အဇိတကေသကမ္ဗလ နည်းတူ သူတို့ ကြည်ညိုလာပေလိမ့်မည်။ အထူးကား သူ၏ အကျင့်တမျိုး ဖြစ်သော ရေအေးကို မသောက်သုံးခြင်းတည်း။ (ဝါဒရေးရာ အခန်းရောက်မှ စုံလင်စွာ ဆွေးနွေးပါမည်)။

**သဉ္စယဗေလဋ္ဌပုတ္တ (၁၂)** ဤသူကား ကျွန်ုပ်တို့နှုတ်ဖျားဌ် သိဥ္စည်းဟု နှုတ်ကျိုးနေသူတည်း။

သဉ္စယဟုခေါ်ခြင်းမှာ သဉ္စခေါ်အဖုတခု ခေါင်းပေါ်ဌ်ရှိနေ၍ ဖြစ်သည်။ ဗေလဋ္ဌပုတ္တကား ကျွန်၏သားဖြစ်သဖြင့် အမည်ရခြင်းတည်း။

ဂေါတမဘုရားရှင်၏ လက်ျာတော်ရံနှင့် လက်ဝဲတော်ရံ အဂ္ဂသာဝကလောင်းကြီးများဖြစ်သော ရှင်သာရိပုတြာနှင့် ရှင်မဟာမောဂ္ဂလာန်တို့၏အလောင်း ဥပတိဿနှင့် ကောလိတတို့ ရှေးဦးစွာ ချဉ်းကပ်ခဲ့သည့်ဆရာ ဖြစ်လေသည်။ သူတို့နှစ်ဦး တရားထူးတွေ့သဖြင့် ဘုရားထံသွားကြရန် သဉ္စယအား ပြောကြသောအခါ မသွားကြရန် တားမြစ်သေးသည်။ တားမရသော် သွားအဖို့မူ မလိုက်လိုကြောင်းကို-

"လောကဌ် လူမိုက်နှင့် လူလိမ္မာဟူ၍ ရှိရာဝယ် လူလိမ္မာထက် လူမိုက်က များသဖြင့် မိုက်သူတို့ထံ ဆည်းကပ်လိမ့်မည်"ဟု ဆိုကာ ငြင်းဆန်ရင်း ကျန်ရစ်ခဲ့သူ ဖြစ်သည်။ တပည့်ကြီးနှစ်ဦး

လက်လွှတ်သွားသည့်အတွက်လည်း ချက်ချင်း ပူဆွေးသောက ရောက်ပြီးသွေးပူအန်ခဲ့လေသည် (၁၃)။

သိဥ္စည်းကို သိဥ္စည်းပရိဗိုဇ်ဟု ဆိုသည်လည်းရှိ၍ငင်း၊ တပည့်ကြီးနှစ်ဦးသည် အဝတ်မဝတ်ဘဲ နေခဲ့သူများ မဟုတ်၍ငင်း၊ သိဥ္စည်းလည်း ဝတ်လစ်စလစ် မဟုတ်ဟု ခန့်မှန်းရပေသည်။

**နိဂဏ္ဌနာဋပုတ္တ (၁၄)** နိဂဏ္ဌနာဋပုတ္တသည် ဂျိန်းဘာသာဝင်တို့ ကိုးကွယ်သော မဟာဝီရပင် ဖြစ်သည်။ဘုရားလောင်းထက် အသက်အနည်းငယ် ကြီးသည်ဟု ဆိုသည်။

တိတ္ထိဖြဦးတွင် ဤတဦးသာလျှင် ကျွန် သို့မဟုတ် ကျွန်မျိုးမှ ပေါက်ပွားသူမဟုတ်ကြောင်း အထင်အရှား ဆိုထားသည်။ နိဂဏ္ဌနာဋပုတ္တကား လယ်ယာသမားမျိုးရိုး ဖြစ်သည်။ သူ့မှာ သံယောဇဉ်အထုံးအဖွဲ့ မရှိ။ ပြဿနာမဖြေရှင်းနိုင်သောကိစ္စ လုံးဝမရှိသဖြင့် နိဂဏ္ဌဟု တွင်ကြောင်း လာသည်။ နာဋ၏သား ဖြစ်၍လည်း နာဋပုတ္တအမည် ရလေသည်။

နိဂဏ္ဌနာဋပုတ္တသည် ရှေ့ကပြဆိုခဲ့သော တိတ္ထိလေးဦးအနက် သုံးဦးတို့နှင့် ကျွန်မဟုတ်ရာ၌လည်း ထူးသည်။ ဝါဒအရာ၌လည်း ထူးသည်။ ဘုရားထံ စကားစစ်ထိုးစေရာ၌ သူ့တပည့်များကို ခိုင်းရာတွင်လည်း ထူးသည်။

အပြင်အောင်ခြင်းရှစ်ပါးမှ သစ္စကပရိဗိုဇ် တယောက်မှာ သူ့တပည့်တဦး၏သား ဖြစ်သည်ဟု သိရ၏ (၁၅)။ သို့သော် သစ္စကသည် မိမိ မာန မည်မျှပင် ရောက်သည်ဖြစ်စေ၊ ဘုရားနှင့် ဆုံတွေ့ခွင့်ရပြီးနောက်တွင် အမြင်မှန်၊ အယူမှန်သို့ သက်ဝင်ခဲ့သည်။ နိဂဏ္ဌနာဋပုတ္တနှင့် တပည့်တို့ကား ယင်းသို့မဟုတ်ဘဲ ကိုယ့်အုပ်စုနှင့်ကိုယ် တွင်ကျယ်ဖြစ်အောင် တွယ်ကျယ်နေခဲ့ကြ

သည်။ တွင်ကျယ်ရန်လည်း အခွင့်ကောင်းခဲ့ပါ၏။ လိစ္ဆဝီသေနာပတိသီဟစစ်သူကြီးလို ပုဂ္ဂိုလ်မျိုးမှာ သူတပည့်ဘဝမှ ဘုရားတပည့် ဖြစ်လာရသူတည်း(၁၆)။ ထို့အတူ နောက်ဘဝရှိမရှိ ရှင်ကုမာရကဿပအား မေးလျှောက်ပြီး ဘုရားတပည့် ဖြစ်လာသော ဥပါလိသူကြွယ်လည်း သူတပည့်ပင် ဖြစ်ခဲ့သည် (၁၇)။

**အနွယ်အဆက်** တိတ္ထိကြီးများအား ကိုးကွယ်နေကြသူများထဲမှ ဘုရားသာသနာသို့ ဝင်ရောက်သွားသူတို့ ရှိစေကာမူ ထိုတိတ္ထိခြောက်ဦးစလုံး၌ တပည့်တပန်းများစွာပင် ရှိ၏ဟု တလျှောက်တည်းပင် ဆိုလေသည်။ ပူရဏကဿပ၏အနွယ် ဂိုဏ်းဆရာတဦးနှင့် မိလိန္ဒမင်းကြီး စကားမေးဖြေပုံကို မိလိန္ဒပဉှာ၌ တွေ့ရသောကြောင့် ပူရဏကဿပ စသူပုဒ္ဓို၏ ဂိုဏ်းအစဉ်အဆက်သည် ခေတ်အသီးသီး၌ နွယ်မြဲနွယ်လျက် ရှိခဲ့ဟန်တူ၏။ ထိုအထဲတွင် ယခုတိုင် အထူးထင်ရှားသောဂိုဏ်းကား နိဂဏ္ဌတို့ဂိုဏ်းပင် ဖြစ်လေသည်။

နိဂဏ္ဌနာဋပုတ္တသည်လည်း ဝစ်လစ်စလစ်သမားပင်တည်း။ သို့သော် သူသည် လူကြည်ညိုခံရေးသက်သက်အတွက် အဝတ်မဝတ်ခြင်း မဟုတ်ဘဲ အကျင့်တရားကို ပြင်းထန်စွာ ကျင့်လို၍ ဝတ်လစ်စလစ် နေဟန်တူပေသည်။ ဝါဒရေးရာ၌ အခြားတိတ္ထိကြီးများနှင့် မတူအောင် ထူးခြားသည်။ စောင့်စည်းခြင်းအကျင့်ရှိသည်။ ဤသည်ပင်လျှင် ဂိုဏ်းဆရာအဖြစ် ကျော်ကြားရန်နှင့် ဂိုဏ်းအနွယ်အဆက် ရှင်သန်နေရန် ဖန်တီးသည့်အကြောင်းတရပ် ဖြစ်ပေမည်။

**အထင်ကြီးနိုင် မကြီးနိုင်** ဤမျှ သိရှိရပြီးနောက်၌ တိတ္ထိကြီးတချို့ကို အထင်မကြီးနိုင်သည့် အချက်အလက်များ တွေ့ပြီ

ဖြစ်သည်။ပူရဏကဿပနှင့် မက္ခလိဂေါသာလဆိုလျှင် ကျွန်အဖြစ်မှ ရပ်စဲပြီး သူတပါးအပေါ် ဆရာလုပ်ရန်သက်သက်သာ မသမာမှုဖြင့် မိမိတို့ဘဝကို ဆက်လက်၍ ကျောင်းသွားခြင်းတည်း။ အထင်မကြီးနိုင်ရုံမက အထင်သေး၍လည်း လွန်မည်မဟုတ်ပေ။ သို့သော် ကျွန်တိတ္ထိကြီးလေးဦးကိုမူ အထင်အမြင်သေးသင့်သည်ဟု မဆိုဝံ့သေးချေ။ အဇိတကေသကမ္ဗလနှင့် ပကုဓကစ္စာယနတို့သည် အကြပ်အတည်းမှ ကင်းလွတ်လိုသောဆန္ဒ ရှိရာ၌ကား ရှေ့နှစ်ဦးနှင့်တူ၏။ သို့သော် ဤသည်မှာ အပြစ်ဆိုဖွယ် မဟုတ်။ ၎င်းတို့ဘဝဆိုးကို ကိုယ့်ဝမ်းနာကိုယ်သာသိဟူဘိသို့၊ ၎င်းတို့သာ ပို၍သိပေမည်။ ရှေ့ဆက်လက်၍ ဘဝခရီးကြောင်းထွင် သွားပုံမှာ အထက်ပါအချက်များအရ အကောက်ဉာဏ်သက်သက် မပါချေ။ ပရိဗိုဇ်လုပ်ခြင်း၊ ဝါဒတီထွင်ခြင်းတို့ဖြင့် ဂိုဏ်းဆရာဖြစ်လာမှုကို လောလောဆယ်၌ အပြစ်ဟု မဆိုထိုက်သေး။

သဉ္စယဗေလဋ္ဌပုတ္တ၏ စကားကိုလည်း ရှုပါဦး။ သူက "လူမိုက်က သူ့ထံ ဆည်းကပ်လိမ့်မည်"ဟု ဆိုသောကြောင့် ဘုရားရှင်အား မပြစ်ပယ်သည့် သဘော၊ မိမိထက် သာသည်ဆိုသောသဘောကို လက်ခံဟန်တူသည်။သို့ဖြင့် သူ့အားလည်း အထက်အဆိုအရ ပြစ်တင်ဝေဖန်ရန် မဝံ့မရဲပင် နေထိုက်သေးသည်။ နိဂဏ္ဌနာဋပုတ္တကိုမူ သဉ္စယဗေလဋ္ဌပုတ္တအား အပြစ်မတင်ထိုက်သေးလျှင် သာ၍ပင် စကားတင်း မဆိုနိုင်သေးကြောင်း အစီရင်ခံရပေမည်။

မည်သို့ပင်ဖြစ်စေ ယင်းတို့အားလုံးမှာ သာသနာအတွက် ဆူးငြောင့်ခလုတ်ခသင်းများ ဖြစ်ခဲ့သည်ကို လာမည့်အခန်းတို့၌ တွေ့ရပါတော့မည်။

# အခန်း ၂ မှတ်စုများ

၁။ သုတ်သီလက္ခန်လာ သာမညဖလသုတ်၊ သုတ္တနိပါတ်လာ သဘိယသုတ်တို့၌ ဖော်ပြလတ့်သော အစီအစဉ်အတိုင်း ပင် ပါသည်။

၂။ **BS** ·73 f တွင်သာ ဤအကြောင်းမျိုးကို တွေ့ရသည်။ သီလက္ခန်၌ ရှင်မဟာဗုဒ္ဓဃောသက ဖွင့်ဆိုထား ကြောင်း သိရ၏။ Rockhill ရေးသားသော Life of the Buddha တွင် ပါသည်ကို BS ၌ ဖော်ပြထားဟန် တူသည်။

၃။ အခန်း ၁ မှတ်စု ၁၃ ၌ ဆိုခဲ့ပြီ။

၄။ နောက်အခန်းတို့တွင် ပူရဏကဿပသည် .စောစော ကွယ်လွန်ကြောင်း တွေ့ရပါမည်။ သို့သော် အဇာတသတ် မင်းကမေးသော မေးခွန်းကို ဖြေဆိုသည်ဆိုရာ၌·ပူရဏ ကဿပဟုပင် အမည်တပ်ထားရာဝယ် စဉ်းစားဖွယ် ဖြစ်၏။ ၎င်း၏ ဂိုဏ်းဝင်ဆရာတဦး အကြီးအမှူးဆက်လုပ် နေပေလိမ့်မည်ဟု ထင်ရသည်။ မိလိန္ဒပဉ္စာလာ ဂိုဏ်း ဆရာ တဦးသည်လည်း ယင်းဂိုဏ်းအနွယ်ပင် ဖြစ်ရမည်။ ပူရဏကဿပကိုယ်တိုင်ကား ထိုအချိန်များအထိ နေမ သွားရပေ။

၅။ ရှု-၂။

၆။ "မာခလိ=ချော်မလဲစေနဲ့"ဟူသော သခင်၏ သတိပေး စကားကိုမှီ၍မက္ခလိတွင်ကြောင်း၊ နွားတင်းကုပ်၌ မွေး၍

ဂေါ်သာလတွင်ကြောင်း DPP II, 400 ၌ တွေ့ရသည်။

၇။ ရှု-၂။

၈။ အင်္ဂု-ပ။ ၂၆၀-၂။

၉။ ကေသကမ္ဗလသုတ်၊ အင်္ဂုပ—၃၀၇-၈။

၁၀။ ပသေနဒီကောသလမင်းကြီးနှင့် တွေ့စဉ်က ကောသလမင်းကြီးက "အဇိတကေသကမ္ဗလနှင့် ယှဉ်သော် မိမိသည် ကိုရင်ငယ်မျှသာ ရှိပါသေးသည်"ဆိုသော စကားပါသည့်သံယုတ်ကျမ်း ပထမတွဲကို ကိုးကားလျက် DPP I, 73 ၌ ဆိုထားသည်။

၁၁။ ရှု-၂၊ သူ ရေအေးမသုံးခြင်းကို PB I phil ၌လည်း အဋ္ဌကထာ စကားအဖြစ် ပြသည်။

၁၂။ နောက်ကြောင်းအတွက် မှတ်စု ၂ ကို ပင်ကိုးကားထားပါသည်။ သို့သော် အဂ္ဂသာဝကလောင်းကြီးများ၏ ဆရာဖြစ်ခဲ့ပုံအကြောင်းများကို မဟာမောဂ္ဂလာန်ကျမ်း အခန်း ၁ မှ ရယူပါသည်။

၁၃။ ရှု-၁၂။

၁၄။ ရှု-၂။ EB, p2 ၌ရင်း၊ သာမညဖလသုတ် မြန်မာပြန် (ဦးဇနကာဘိဝံသ)၌ရင်း၊ မဟာဝိရ ဖြစ်ကြောင်းပင် ပြသည်။

၁၅။ စူဠသစ္စကသုတ်၊ မဟာသစ္စကသုတ်၊ မူလပဏ္ဏာသ-ပြန်။

၁၆။ DPP II ၆၃ ၌ အင်္ဂုတ္တိုရ်ကို ကိုးကား၍ ဆိုသည်။ BE p 174 ၌လည်း ဝိနည်း မဟာဝါကို ရည်ညွှန်း၍ ပြထားသည်။

၁၇။ ပါထိကဝဂ်၊ ဥပါလိသုတ္တကြွယ်ဝတ္ထု။ ဤတပည့်ကြီး လက်လွှတ်၍ သွေးပူအန်ပြီး မမာမကျန်းဖြစ်ရာမှ ကွယ်လွန်ကြောင်း DPP ၆၃ ၌ ဆိုထားသည်၊ မဇ္ဈိ-ပြန်၊ ဥပါလိဝတ္ထု၌ ဥပါလိ ဘုရားတပည့်ဖြစ်လာ၍ သူ့ဆရာ သွေးအန်ကြောင်း သာပါသည်။ ကွယ်လွန်သည်ဟု မပြပေ။အဋ္ဌကထာမှ စကားရပ်ကို ကိုးကားဟန် တူပါသည်။

# ၃

# သာသနာတော်အား သွယ်ဝိုက်၍ နှောင့်ယှက်ခြင်း

**အနှောင့်အယှက်နှစ်မျိုး** တိတ္ထိကြီးများသည် သာသနာတော်အား နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ခဲ့သည်။ ထိုနည်းတို့ကို အကြမ်းဖျင်းအားဖြင့် ခွဲလိုက်လျှင် တိုက်ရိုက်နှောင့်ယှက်ခြင်းနှင့် သွယ်ဝိုက်၍ နှောင့်ယှက်ခြင်းဟူ၍ နှစ်မျိုးရနိုင်သည်။

တိုက်ရိုက်နှောင့်ယှက်ခြင်းမျိုးကို မြတ်စွာဘုရားနှင့် ဝါဒပြိုင်စေခြင်း၊ စကားစစ်ထိုးစေခြင်း၊ ဘုရားတပည့်သားရဟန်းကောင်းများနှင့်လည်း ဝါဒပြိုင်စေခြင်း၊ စကားစစ်ထိုးစေခြင်း၊ ဘုရားရှင်နှင့် သာသနာတော်တရပ်လုံးကို အကြည်ညို ပျက်ပြားအောင် လုပ်ဇာတ်ခင်းကြခြင်း၊ သာသနာ၌ လာဘ်လာဘနည်းအောင် ကြိုးပမ်းခြင်း၊ ရှင်တော်ဘုရား၏တပည့်အချို့ကို ကိုယ်ထိလက်ရောက် လွန်လွန်ကျူးကျူး ပြုမူခြင်း စသည်တို့၌ တွေ့နိုင်သည်။

သွယ်ဝိုက်၍ နှောင့်ယှက်ခြင်းမျိုးကား သူတို့ အပြုအမူ အနေအထိုင်ကို လူများ သဘောကျစေခြင်း၊ ဘုရားသာသနာကို ရှောင်ကြဉ်စေခြင်း၊ သူတို့ကိုယ်သူတို့ ဘုရားဟု သမုတ်ခြင်း၊ ဆက်လက်၍ အကောက်ဥာဏ်ဆင်ပြီး ဂိုဏ်းဆရာလုပ်မြဲ လုပ်ကာရင်းတို့ ထင်ပေါ်မှုအတွက် စိုင်းပြင်းနေကြခြင်းတည်း။

ယခုမူ သာသနာအတွက် သွယ်ဝိုက်၍ အနှောင့်အယှက်ဖြစ်ခြင်းမျိုးကို ရှေးဦးစွာ တင်ပြလိုပေသည်။

**ဝတ်လစ်စလစ်သည့် ကောင်းသလော (၁)** ဘုရားသခင်ထံတော်ပါးရှိ ရဟန်းတပါးသည် တခါက အဝတ်မပါသော တိတ္ထိကြီးတို့၏ ထိုအဝတ်မဝတ်သော အကျင့်ကို အားကျမိလေသည်။

ထိုရဟန်းက "အဝတ်မဝတ်သော အကျင့်သည် အလိုနည်းခြင်း၊ ရောင့်ရဲလွယ်ခြင်း၊ ခေါင်းပါးခြင်း၊ ကိလေသာကို ခါထုတ်ခြင်း၊ ကြည်ညိုဖွယ်ကိုဆောင်ခြင်း၊ ကိလေသာကို ဖျက်ဆီးခြင်း၊ လုံ့လကို အားထုတ်ခြင်းငှာ ဖြစ်သည်"ဟု အထင်ရောက်လျက် သူလည်း အဝတ်မဝတ်ဘဲ နေလိုက်သည်။ ယင်းသို့ ဝတ်လစ်စလစ်နေရုံမက ဘုရားသခင်ထံ ချဉ်းကပ်၍လည်း အဝတ်မဝတ်ဘဲ ကျင့်ခြင်း၏ အကျိုးကို တင်လျှောက်ကာ ရဟန်းများအား ဝတ်လစ်စလစ်အကျင့်မျိုး ခွင့်ပြုရန် တောင်းပန်လေသည်။ ဤတွင်မြတ်စွာဘုရားက

"အဝတ်မဝတ်ဘဲ ကျင့်ခြင်းအမှုသည် ဘုရားတပည့်သားရဟန်းနှင့်မအပ်၊ ရဟန်း၏ အပြုအမူမဟုတ်။ တိတ္ထိတို့လုပ်သော အလုပ် ဖြစ်သည်။ ရဟန်းများ အဝတ်မဝတ်ဘဲနေလျှင် ကုလ္လစ္စဉ်းအာပတ်သင့်သည်(+)"ဟု မိန့်တော်မူခဲ့၏။

**မဟုတ်မဟပ်သံသရာကြီး** လောက၌ လူအမျိုးမျိုးရှိရာတွင် မသိနားမလည်သူများသည် "ထူးသထက်ထူး နဖူးချိပေါက်"သည့် အဖြစ်မျိုးနှင့်တွေ့လျှင် မဆင်မခြင်ပင် အဟုတ်အဟပ် ထင်မိကြသည်။ ထူးတိုင်းကောင်းသည်ဟု စွဲမိတတ်ကြသည်။ ထိုအခါတွင် မဟုတ်မဟပ် သံသရာကြီး လည်လေတော့သည်။ သူများထက်

ထူးချင်သူက ထူးကဲ၍ပြ၏။ အကောင်းထင်သူကလည်း မရှားခဲ့ချေ။ ယင်းသို့ ဖြစ်လာချိန်၌ ရှေ့ဆက်လက်၍ မှားချင်တိုင်းမှားရန် အခွင့်အလမ်း ပွင့်လာလေသည်။ အထူးသဖြင့် ဆရာတဆူအဖြစ် လက်ခံကြည်ညိုရေးနှင့်ကြည်ညိုခံရသူက ဘက်တော်သားအမြောက်အမြား ပေါ်စေလိုခြင်းတို့မှာ ထိုခေတ် ဘာသာရေးနယ်ပယ်၌ ရှင်သန်ကြီးထွားခဲ့သော ဖြစ်ရပ်များ ဖြစ်ခဲ့သည်။ ဘာသာရေး၊ဝါဒရေး စင်ကြယ်မြင့်မြတ်လိုသူတို့အတွက် ကြောက်စရာ့အန္တရာယ်ဟုလည်းဆိုရပေမည်။သဘိယပရိဗိုဇ်၏ အကြောင်းကို သိလျှင် ပိုမိုရှင်းလင်းပါလိမ့်မည် (၂)။

**သဘိယပရိဗိုဇ်** သဘိယပရိဗိုဇ်အား ရှေးဘဝက ဆွေမျိုးတော်စပ်ဘူးသော နတ်တဦးက အမေးပြဿနာ ပုစ္ဆာတို့ကို ပြောကြားလျက် ထိုပုစ္ဆာတို့နှင့်ပတ်သက်၍ အဖြေပေးနိုင်သော သမဏဗြာဟ္မဏတို့ထံ၌ အကျင့်မြတ်ကိုကျင့်ရန် တိုက်တွန်းခဲ့လေသည်တွင် သဘိယသည် တိတ္ထိကြီးတို့ထံ ချဉ်းကပ်၍ မေးမြန်းသည်။ တိတ္ထိကြီးတို့ မဖြေနိုင်ချေ။ ဒေါသပင် ထွက်ကြသည်။ မနှစ်သက်သော အမူအရာကို ပြကြသည်။ ပုစ္ဆာမေးသူ သဘိယကိုပင် တဖန်ပြန်၍ ထိုအမေး၏အဖြေကို စူးစမ်းကြလေသည်။ ထို့ကြောင့် သဘိယသည် ရသေ့ပရိဗိုဇ်ဘဝမှ လူပြန်လုပ်ကာ ကာမဂုဏ်စည်းစိမ်နှင့် နေချင်လာအောင် စိတ်ပျက်သွားရသည်။ ကောင်းသည်ဟု ဆိုပါတော့မည်လော၊ တိတ္ထိတို့သာ ဟန်ကျပန်ကျ ဖြေဆိုလျှင် သဘိယသည် လူ့ဘောင်သို့ ပြန်၍ လှည့်ချင်မည် မဟုတ်ပေ။

သဘိယသည် မြတ်စွာဘုရား ပွင့်တော်မူမှန်း သိသော်လည်း ဘုရားသခင်၏ ဂုဏ်သတင်း မည်မျှပင် ကျော်စောခြင်းရှိစေကာမူ

ငယ်ရွယ်သူဖြစ်သဖြင့် မမေးလိုခဲ့။ သို့စဉ် မြတ်စွာဘုရားအား မထေမဲ့မြင် မပြုအပ်ကြောင်းကို စဉ်းစားမိခါမှ တိုစဉ်က ဘုရားရှင် သီတင်းသုံးတော်မူရာ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်သို့ လာရောက်တွေ့သည်။ ဘုရားရှင်က ပုစ္ဆာ မေးခွင့်ပြုတော်မူသဖြင့်လည်း မေးလျှောက်ခဲ့လေသည်။

“အသျှင်ဘုရား၊ အဘယ်သို့ရောက်သူကို ဘိက္ခုဟု ဆိုကြပါသနည်း။ အဘယ်အကြောင်းဖြင့် လွန်စွာငြိမ်းချမ်းသူ ဖြစ်ပါသနည်း။ အဘယ်သူသည် ယဉ်ကျေးပြီးသူ ဖြစ်ပါသနည်း။ အဘယ်အကြောင်းဖြင့် ဗုဒ္ဓဟူ၍ ဆိုရပါသနည်း”

“သဘိယ၊ မဂ်တရားဖြင့် ကိလေသာငြိမ်းရာ နိဗ္ဗာန်သို့ ရောက်သူ၊ ယုံမှားခြင်းကို လွန်မြောက်ပြီးသူ၊ ရဟန္တာဖြစ်ပြီးသူသည် ဘိက္ခုမည်၏။ လွန်စွာ ငြိမ်းအေးသူ မည်၏။ ယဉ်ကျေးပြီးသူ မည်၏။ ကပ်ကမ္ဘာအားလုံးတို့ကို၎င်း၊ နှစ်ပါးစုံသော စုတိ ပဋိသန္ဓေဟူသော ကျင်လည်မှု သံသရာကို၎င်း သိမြင်တော်မူပြီး၍ ရာဂမြူကင်းလျက် အညစ်အကြေးမရှိသော၊ အထူးသဖြင့် စင်ကြယ်သော၊ ဇာတိကုန်ရာ နိဗ္ဗာန်သို့ ရောက်တော်မူသော ထိုပုဂ္ဂိုလ်ကို ဗုဒ္ဓဟူ၍ ဆိုကြကုန်၏”

ယင်းသို့ သဘိယက မေးလျှောက်ခြင်းကို မြတ်စွာဘုရားသခင်က ဖြေကြားတော်မူသောအခါ သဘိယပရိဗိုဇ်သည် ရှင်လန်းအားရပြီး ဆက်ကာဆက်ကာ မေးခွန်းပေါင်းများစွာကို တင်လျှောက်သည် (၃)။ ဘုရားရှင်ကလည်း ဖြေဆိုတော်မူသည်သာ။ နောက်ဆုံး၌ ဘုရားထံ ရဟန်းပြုခွင့်တောင်းသည်အထိ သဘိယပရိဗိုဇ်မှာ သဘောကျသွားသည်။ ရဟန်းပြုပြီးနောက်၌လည်း ရဟန္တာပုဂ္ဂိုလ်တပါး ဖြစ်လာတော်မူသည်။

**တရားသိသူနှင့်မသိသူ** နတ်ကမေးခိုင်းသော ပြဿနာတို့ကို တိတ္ထိကြီးတို့ မဖြေနိုင်၍ စိတ်ပျက်သူသည် ဘုရားနှင့်တွေ့သော အခါတွင် အလိုဆန္ဒလည်းပြည့်၊ အကျိုးထူးလည်း ရသွားသည်ကို ထောက်လျှင် တရားကို သိသူ၊ တရားဟော ကောင်းသူတို့နှင့် တရားကို မသိသူ၊ တရားဟောပြောမှု၌ မလိမ္မာသူတို့သည် မည်မျှ ကွာခြားနေကြသည်ကိုလည်း သိနိုင်သည်။ ရှေးက ကျော်ချင် တိုင်း ကျော်လာသူများသည် တကယ့်ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ်ပေါက်လာတော်မူချိန်၌ ဘာမျှအနှစ်အဆံ မရှိသူ တရားစစ် တရားမှန် နားမလည်သူတို့အဖြစ်ကို ခံယူသွားဘိသို့ ရှိချေသည်။

**ကောသလမင်းကြီးထံ၌** တိတ္ထိကြီးများသည် ကိုယ့်ကိုယ်ကို အဟုတ်ကြီးလုပ်၍ ထင်ပေါ်ချင်ကြသည်။ သို့သော် မူလအခြေခံ က မခိုင်၍ ကောသလမင်းကြီး၏ အစမ်းအသပ်ကိုပင် ခံရပြီး သူတို့သိက္ခာသူတို့ အဆုံးအဖြတ်ပေးကြသည်။ မင်းကြီးက ယင်း တို့အား ဘုရားဟု ကျော်ကြားသူ ဂိုဏ်းဆရာအဖြစ်နှင့် သိသဖြင့် နန်းတော်သို့ ပင့်ဘူး၏။ နန်းတော်သို့ ရောက်သော် "သင့်ရာ နေရာ၌ ထိုင်ရန်" ပြောကြားခဲ့သည်။ တိတ္ထိကြီးများကလည်း အမြင့်အမြတ်ကို မမှန်းရဲသဖြင့် အနိမ့်၌ထိုင်ကြသော ဟူ၏။ ဤတွင်ပင် ကောသလမင်းကြီး၏ ဥာဏ်၌ သူတို့အား ဘုရားဟု သဘောထား ကိုးကွယ်ရန် စိတ်ကုန်သွားဟန် တူပေသည်။ (၄)

**ဘုရားထံ မသွားရန်တားခြင်း** ကောသလမင်းကြီး၏ အစမ်း အသပ်ကိုပင် ကြံ့ကြံ့မခံနိုင်ခဲ့သော တိတ္ထိကြီးတို့မှာ ဘုရားရှင် နှင့်မူ တိုက်ရိုက် ရင်မဆိုင်ရဲကြပေ။ ကွယ်ရာကသာ သူတို့ကို

နကိုယ်က ကြည်ညိုနေသူတို့အား မြတ်စွာဘုရားအား ရှောင်ရှား ရန်၎င်း၊ ဘုရားထံ ဝါဒပြိုင်စေရန်၎င်း၊ တီးတိုး သွန်သင်ခဲ့ကြ လေသည်။

မိဂါရမာတာ၊ ကျောင်းအမကြီး ဝိသာခါဟူ၍ ကျော်ကြား လာသည့် ဝိသာခါ၏ ယောက္ခမ မိဂါရသူဌေးကို ဘုရားထံ တရားနာမသွားရန် တားမြစ်သူများသည် (၅)၊ ထိုတိတ္ထိကြီးတို့ အနက် တဦး သို့မဟုတ် တချို့နှင့် ယင်းတို့၏ တပည့်များ ဖြစ်ပေ လိမ့်မည်။ ထို့အတူ ဝိသာခါ၏အဖိုး မေဏ္ဍက သူဌေးကြီးအား မြစ်တားခဲ့သော တိတ္ထိများမှာ (၆)လည်း အဆိုပါ တိတ္ထိကြီး များထဲမှပင် ဖြစ်ကြောင်း လူသိများပေသည်။ မိဂါရသူဌေးကို ဆိုလျှင် တားမရ၍ ဘုရားအနီးသို့ ချဉ်းကပ်စေဦးတော့၊ ဘုရား အမြင်ကိုမူ မခံနှင့်ဟုပင် ဆိုခဲ့ကြသည်။ ထို့ကြောင့် ကန့်လန့်ကာ ခြား၍ တရားနာရရှာ၏။ သို့သော် ကျွတ်ချိန်တန်သဖြင့် ကန့်လန့် ကာလည်း မတတ်နိုင်။ ဘုရားရှင်တို့၏ ဘုန်းတန်ခိုးကလည်း ကြီး မားတော်မူလေရာ မိဂါရသူဌေးသည် ဘုရားအမြင်ကို မခံမိ အောင်နေသော်လည်း သောတာပန် တည်သွားခဲ့ပေသည်။(၇)

**မာယာတမျိုး** မြတ်စွာဘုရားနှင့် ဆုံတွေ့ခွင့်ရှိကြသော တိတ္ထိ တပည့်များနှမှာ ဤနည်းနှင်နှင် ဖြစ်တတ်ကြသဖြင့် ဘုရားသခင် အား အာဝဋ္ဋနီခေါ် မာယာတမျိုး (၈)တတ်သည်၊ ထိုမာယာ ဖြင့် လှည့်ဖျားတတ်သည်ဟုပင် လူတို့က စွပ်စွဲကြပြန်၏ (၉)။ ဤသည်ကို ဘဒ္ဒိယခေါ် လိစ္ဆဝီမင်းက ဘုရားရှင်အား မှန်မမှန် မေးလျှောက်ခဲ့ဘူးသည်။ ထိုအခါ မြတ်စွာဘုရားသည် အောက် ပါအတိုင်း ဖြေကြားတော်မူလေသည်။

"ဘဒ္ဒိယ၊ သင်တို့သည်-

၁။ ပြောသံကြားမျှဖြင့် (ဟုတ်မှန်သည်ဟု အတည်) မယူကုန်လင့်ဦး။

၂။ အစဉ်အဆက်စကား ဖြစ်သည်ဟုလည်း....။

၃။ ဤသို့ဖြစ်ဘူးသတတ် ဟူသောစကား မျှဖြင့်လည်း... ။

၄။ ကျမ်းဂန်စာပေနှင့် ညီညွတ်ပေသည် ဟူ၍လည်း . .။

၅။ ကြံဆတွေးတော၍ ရရုံမျှဖြင့်လည်း....။

၆။ နည်းမှီးယူခြင်း မျှဖြင့်လည်း .. ။

၇။ အခြင်းအရာကို ကြံစည်သောအားဖြင့်လည်း... ။

၈။ မိမိတို့အယူနှင့် တူညီသည်ဟူ၍လည်း....။

၉။ မှတ်ယူထိုက်သော သဘောမျှဖြင့်လည်း .. ။

၁၀။ ငါတို့ လေးစားထိုက်သော ရဟန်း၏ စကား ဟူ၍လည်း (ဟုတ်မှန်ပြီဟု အတည်) မယူကုန်လင့်ဦး။

ဤကား အကုသိုလ်တည်း၊ အပြစ်ရှိသော တရားတည်း၊ ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတည်း၊ ဤတရား ဤတရားတို့နှင့် ပြည့်စုံစေအပ်သည်ရှိသော် အစီးအပွားမဲ့ခြင်းငှာ ဖြစ်၏။ ဆင်းရဲခြင်းငှာ ဖြစ်၏ဟု ကိုယ်တိုင်သိသောအခါတွင် ပယ်စွန့်ရာသည်။ ဘဒ္ဒိယ၊ တပ်မက်ခြင်း လောဘသည်.... (သတ္တဝါတို့ အဖို့) အကျိုးမဲ့ရန်လော၊ အကျိုးရှိရန်လော။

"မဲ့ရန်ပါ ဘုရား"

"(လောဘကြောင့်) အသက်သတ်၏။ မပေးသည်ကို ယူ၏။ သူ့မယားကိုလည်း သွားလာ၏။ မမှန်စကားလည်း ပြော၏။ (သူတပါးအား ဤအတိုင်းပြုလုပ်ရန်လည်း တိုက်တွန်း၏)။ ထိုသူ

အား ထိုသို့ကျင့်သုံးနေသောကာလပတ်လုံး ဆင်းရဲခြင်းငှာ၊ အစီးအပွားမဲ့ခြင်းငှာ ဖြစ်နိုင်သည် မဟုတ်လော”

“ဖြစ်နိုင်ပါသည် အရှင်ဘုရား”

“ဘဒ္ဒိယ၊ အမျက်ထွက်ခြင်း ဒေါသ၊ တွေဝေခြင်း မောဟသည်....(သတ္တဝါတို့အဖို့) အကျိုးမဲ့ရန်လော၊ အကျိုးရှိရန်လော”

“အကျိုးမဲ့ရန်ပါ ဘုရား”

“ချုတ်ချယ်ခြင်း သာရမ္ဘဖြစ်သော် အကျိုးမဲ့ရန်လော၊ အကျိုးရှိရန်လော”

“အကျိုး မရှိပါ။ အကျိုးမဲ့ရန်ပင် ဖြစ်ပါသည်”

“ထိုတရားတို့ပေါ်ခြင်းဖြင့် အသက်သတ်ခြင်း.... စသည် မဖြစ်သလော”

“ဖြစ်နိုင်ပါသည် ဘုရား”

“ထိုတရားတို့သည် ကုသိုလ်လော၊ အကုသိုလ်လော”

“အကုသိုလ်ပါ ဘုရား”

“အပြစ်ရှိသလော၊ အပြစ်မဲ့သလော”

“အပြစ်ရှိပါသည် ဘုရား”

“ပညာရှိတို့ ကဲ့ရဲ့အပ်သလော၊ ချီးမွမ်းအပ်သလော”

“ကဲ့ရဲ့အပ်သောတရားပါ ဘုရား”

“(ဘဒ္ဒိယ)ပြောသံကြားကာမျှဖြင့်လည်း အပြစ်ဟု မယူနှင့်.. ကိုယ်တိုင်သိမှ ပယ်ပါလေ။ မတပ်မက်ခြင်း အလောဘ၊ အမျက်မထွက်ခြင်း အဒေါသ၊ မတွေဝေခြင်း အမောဟ၊ မချုတ်ချယ်ခြင်း အသာရမ္ဘတရားတို့ဖြစ်သော် သူ့အသက်ကို မသတ်

ခြင်း....စသည်ဖြစ်လျှင် သတ္တဝါတို့အဖို့ အစီးအပွားရှိရန်လော၊ အစီးအပွားမဲ့ရန်လော''

''အစီးအပွားရှိရန်ပါဘုရား''

''(ဘဒ္ဒိယ) ပြောသံကြား ...စသည်အားဖြင့်လည်း ဟုတ်မှန်ပြီဟု အတည်မယူလင့်ဦး။ သင်ကိုယ်တိုင်သိမှ ဟုတ်မှန်ပြီဟု လက်ခံပါ။ ထိုတရားတို့ ပြည့်စုံအောင် ကျင့်ပါ။ ဤသည်ကိုစွဲ၍ ငါဘုရား ဟောတော်မူခဲ့ခြင်း ဖြစ်သည်။ လောဘကို ပယ်ဖျောက်လျှင် အကုသိုလ်မှုကို မပြုတော့ပြီ။ ထို့အတူ ဒေါသ၊ မောဟ၊ သာရမ္ဘတို့ကိုလည်း ပယ်ဖျောက်ရန်၊ အလောဘ၊ အဒေါသ၊ အမောဟ၊ အသာရမ္ဘတရားတို့ကို တည်ဆောက်ရန် ငါဘုရား ဟောတော်မူခဲ့သည်''

တရားအဆုံးတွင် ဘဒ္ဒိယလိစ္ဆဝီမင်းသည် ...

''အသျှင်ဘုရား၊ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေ၏။ဥပမာသော်ကား မှောက်ထားသောဝတ္ထုကို လှန်ဘိသို့၊ ဖုံးလွှမ်းထားသည်ကို ဖွင့်လှစ်ပြဘိသို့၊ မျက်စိလည်သူအား လမ်းမှန်ကိုပြောကြားဘိသို့၊ အမိုက်မှောင်၌ ဆီမီးတန်ဆောင်ကို ဆောင်ပြဘိသို့၊ အသျှင်ဘုရားသည် အကြောင်းအမျိုးမျိုးဖြင့် တရားတော်ကို ပြတော်မူပါ၏။ အကျွန်ုပ်သည် အသျှင်ဂေါတမကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။သံဃာတော်ကိုလည်း ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏။ အသျှင်ဘုရား ဂေါတမသည် အကျွန်ုပ်ကို ယနေ့မှစ၍ အသက်ထက်ဆုံး (ရတနာသုံးပါးကို)ကိုးကွယ် ဆည်းကပ်သော

ဥပါသကာဟူ၍ မှတ်တော်မူပါ''ဟု လျှောက်တင်လေတော့သည် (၁၀)။ (သရဏဂုံ တည်လေတော့သည်)။ ဤတွင် ရှင်တော်ဘုရားက–

''ဘဒ္ဒိယ၊ သင့်ကို ငါ၏တပည့် ဖြစ်လှည့်ပါဟု ငါပြောခဲ့သလော။ ငါက ဆရာလုပ်မည်ဟုကော ဆိုခဲ့သလော''ဟု မေးတော်မူသော်၊

''မဆိုခဲ့ပါဘုရား''ဟု ဘဒ္ဒိယလိစ္ဆဝီမင်းက လျှောက်ထားသည်။

''သို့ဖြစ်လျှင် ငါ့ကို လှည့်ပတ်တတ်သည် စသောစကားတို့ဖြင့် ပြောကြ ဆိုကြခြင်းသည် ငါ့အား စွပ်စွဲခြင်းသာ ဖြစ်ပေသည်''

မြတ်စွာဘုရားက ဤသို့ မိန့်ကြားလိုက်သောအခါ ဘဒ္ဒိယလိစ္ဆဝီမင်းသည် သူတပါးတို့ စွပ်စွဲသောစကားထဲမှ အာဝဋ္ဋနီမာယာသည် ဘုရားရှင်၌ ရှိသည်ပင်ထားဦးတော့၊ ဘုရားရှင်၏တပည့်ဖြစ်ရခြင်းသည် ကောင်းလှကြောင်း၊ ဆွေမျိုးသားချင်းအားလုံး၊ မင်းမျိုးအားလုံး၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲအားလုံး ဤမာယာဖြင့် လှည့်ပတ်ခံရလျှင် အကျိုးရှိကြောင်း တင်လျှောက်ပြန်သည်။ ဤတွင် မြတ်စွာဘုရားကလည်း ''အကုသိုလ်ကို ပယ်ရန်၊ ကုသိုလ်မှုကိုပြုရန်၊ အာဝဋ္ဋနီမာယာဖြင့် လှည့်ပတ်မိသည်ဆိုလျှင်လည်း တလောကလုံးအတွက် ချမ်းသာရန်သာဖြစ်သည်။ (အနီးအနားမှ) အင်ကြင်းပင်ကြီးတို့သည်လည်း ယင်းသို့ လှည့်ပတ်ခံရမူ ချမ်းသာရန်ပင်ဖြစ်၏။ (သက်ရှိသတ္တဝါ)လူဖြစ်သူအား လှည့်ပတ်ခံရမူ အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း''ဟု နိဂုံးချုပ် မိန့်မှာတော် မူလေသည်။

**သဘောတရားနှင့်လက်တွေ့** ဤ၌ ရှင်တော်ဘုရားသည် ရှေးဦးစွာ မိမိဘာသာဝါဒ၌ သဘောထားကြီးသော အယူအဆ မျိုး ရှိသည်ဟု ပြတော်မူလိုသကဲ့သို့ တရားတခုကိုကြားလျှင် ကြားရုံမျှဖြင့် မယုံနှင့် စသဖြင့် ဟောကြားတော်မူခဲ့သည်။ ခေတ်စကားနှင့်ဆိုသော် သဘောတရားကို လက်တွေ့နှင့်ဟပ်၍ ကောင်းမကောင်းလက်ခံခြင်း၊ ပယ်ခြင်းပြုရန် သတိပေးတော် မူခြင်း ဖြစ်ပေသည်။

**ဆင်ခြင်ဖွယ်** ဘဒ္ဒိယလိစ္ဆဝီမင်းသည် ဗုဒ္ဓဘာသာဝင် မဟုတ် သေးသူ ဖြစ်၏။ တရားအဆုံးသို့ရောက်ခါမှ ရတနာသုံးပါး ကိုးကွယ်ဆည်းကပ်သူ ဖြစ်သွားသူတည်း။ ဗုဒ္ဓဘာသာဝင် မဟုတ် သေးသူကို ယင်းသို့ ဟောပြခြင်းဖြင့် ဗုဒ္ဓဘာသာ ဖြစ်လာစေ သော ဤတရားမျိုးကို ဗုဒ္ဓဘာသာဝင် ဖြစ်နေပြီးသူတို့က အဓိပ္ပာယ်အကောက်လွဲပြီး "ဘာကိုမျှ တိတိကျကျမယုံရ။ ကိုယ်တိုင်စမ်းသပ်၍ သဘောမတွေ့ဘဲ လက်မခံရ"ဟု မှတ်ယူ မိခြင်းမရှိအောင် ဆင်ခြင်ရာသည်။ စမ်းသပ်ရာ၌ စနစ်တကျနှင့် မှန်ကန်မှု လိုသည်။ယင်းသို့မဟုတ်ပဲဘာမဆို မယုံမိအောင် တင်းခံ ထားမိလျှင်မူ သံသယတန်းလန်းနှင့် သံသယဝါဒသမားသာ ဖြစ်လာပြီး မူလက ဗုဒ္ဓဘာသာဝင်အဖြစ်ကိုလည်း လက်လွှတ် စေသည် မည်တော့သည်။ ဤအန္တရာယ်မျိုးမှ သတိထား၍ ရှောင်ရပေမည်။

**စွပ်စွဲသူနှစ်မျိုး** အထက်ပါဖြစ်ရပ်များ၌ မြတ်စွာဘုရားအား စွပ်စွဲသူတို့သည် မည်သူတို့ ဖြစ်နိုင်မည်နည်း။ မမှားနိုင်သော အချက်ကို ထောက်၍ပြရလျှင်

၁။ ဒေါသကိန်းသူလည်း ဖြစ်နိုင်သည်။

၂။ မကောင်းသော အယူဝါဒ၌ သဒ္ဓါလွန်ကဲသူလည်း ဖြစ်နိုင်သည်။ ဤသူနှစ်မျိုးတို့သာ ရှင်တော်ဘုရားအား မဟုတ်မမှန် စွပ်စွဲကဲ့ရဲ့ကြလေသည်။ (၁၁)

ဤတွင် ဖော်ပြခဲ့သောအကြောင်း၌ ကဲ့ရဲ့သူတို့က မြတ်စွာဘုရားကို အာဝဋ္ဋနီမာယာတတ်ပြီး ကိုယ့်ဘက်ပါအောင် ဆွယ်တတ်သည်ဟု ဆိုလိုသော်လည်း ယင်းတို့လိုရင်း အတိအကျကား မြတ်စွာဘုရားသည် တရားသဖြင့် တရားဟောချတ်တော်မမူဘဲ အတင်းအဓမ္မ မတရားသဖြင့် သူ့လူကို ကိုယ့်လူဖြစ်အောင် လုပ်သည်ဟု စွပ်စွဲသည်အထိ စိတ်ဆန္ဒရိုင်း ပါရှိသည်ကို သတိပြုနိုင်ပါသည်။ သူတပါးအကြောင်း မကောင်းပြောသည်ဆိုလျှင် ယေဘုယျအားဖြင့် စိတ်ကောင်းမသက်ဝင် ရှိတတ်သည် မဟုတ်လော။

**မှတ်သားရန်** ဤသို့ဆိုခြင်းဖြင့် ဘုရားရဟန္တာ၊ အရိယာ၊ ကလျာဏပုထုဇဉ်တို့၏ ကောင်းသောသူကို ချီးမွမ်းခြင်း၊ မကောင်းသောသူကို ကဲ့ရဲ့ခြင်းတို့တွင် မကောင်းသော စိတ်ဆန္ဒ ရှိသည်ဟု ရောနှော၍ မမှတ်သားစေလိုပါ။ ဘုရား အစရှိသော သူတော်ကောင်း အပေါင်းတို့သည် ပြောရန်သင့်သောအခါ၌ ဟုတ်တိုင်းမှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကိုလည်း ဆိုတတ်ပြီး ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုလည်း ထို့အတူ ချီးမွမ်းတတ်လေသည် (၁၂)။ စိတ်ရင်း စေတနာရင်းကိုလည်း အထူးစောဒနာရန် မလိုချေ။ သူတော်ကောင်းတို့ကို အတုယူလိုလျှင် ပါလေတိုင်းလည်း မဖြစ်သင့်၊ နေရာဘကာ၌ အပြစ်တို့ကို ကြောက်သဖြင့်

နှုတ်ဆိတ်နေ၍လည်း မတော်ပြီ။ ဂုဏ်ရှိဂုဏ်မဲ့ ခွဲခြားတတ်ရန်နှင့် အချိန်အခါကို သိရန်ကား သတိကြီးစွာထား၍ ကြိုးစားရပေမည်။

တိတ္ထိကြီးတို့မှာ မြတ်စွာဘုရား မပွင့်မီကလည်း ကိုယ့်ဝါဒနှင့် ကိုယ်မာန ထောင်လွှားပြီး လာဘ်လာဘ တိုးရေး၊ တပည့်ပေါ များရေးအတွက် အားထုတ်နေခဲ့သည်။ ဘုရားရှင် ပွင့်တော်မူပြီး နောက်တွင် တဖန် အတုယူထိုက်သည်ကို ယူရန်ဝေးစွ၊ ယင်းတို့ အခွင့်အလမ်း ပိတ်တန်သရွေ့ ပိတ်လာသောကြောင့် သာသနာ တော်အား တိုက်ရိုက်နှောင့်ယှက်ခဲ့ကြပြန်သည်ကို ဆက်လက်၍ ရှုစားကြပါကုန်။

## အခန်း ၃ မှတ်စုများ

၁။ ဝိ-မဟာဝါ၊ ၄၂၄-၅။

၂။ ခုဒ္ဒကပါဌကျမ်းလာ သုတ္တနိပါတ် မြန်မာပြန်ရှိ သဘိယ သုတ် ဖြစ်သည်။ ၎င်းကျမ်းစာမျက်နှာ ၃၃၄-၃၄၂-ရှု။

ဤသုတ်၌ သဘိယမေးသော မေးခွန်းများနှင့် ဘုရား ရှင်၏ ဖြေဆိုချက် အလုံးစုံပါဝင်သည်။ အမေးအဖြေ အတိုချုပ်ကို မှတ်သားရန် အောက်၌ ဖော်ပြလိုက်ပါ သည်။

ဘိက္ခု၊
လွန်စွာ ငြိမ်းသောသူ
ယဉ်ကျေးပြီးသူ
ဗုဒ္ဓ
} စာကိုယ်၌ ပြပြီးအတိုင်းမှတ်ယူရန်။

မကောင်းမှုမှအပ ပြုပြီးသူ ပြဟ္မဏ–ရဟန္တာ။
ငြိမ်းအေးပြီးသူ သမဏ–ရဟန္တာ။
မကောင်းမှု ဆေးပြီးသူ နှာတက–ပုဂ္ဂိုလ် သတ္တဝါဟု အမှတ်ထား၍ မရှုသူ။ ရဟန္တာ။
မကောင်းမှု မပြုတတ်သူ နာဂ–ရဟန္တာ။
အာယတနကိုအောင်သူ–ရဟန္တာ။
(ကိလေသာကို) ဖြတ်တတ်သူ–ရဟန္တာ။
ပညာရှိ–ရဟန္တာ။
မုနိ–လောကအားလုံးရှိ သူတော် သူယုတ်တရားကို သိမြင်ပြီး ကပ်ငြိမှုမရှိ၊ နတ်လူတို့ ပူဇော်အပ်သူ–ဘုရားရှင်။
သိခြင်းသို့ရောက်သူဝေဒဂူ–ဝေဒကျမ်းအားလုံးကို လွန်မြောက်လျက် ဝေဒနာတို့၌ တပ်မှုကင်းသူ။
လျှော်စွာသိသူ အနုဗုဒ္ဓ–ဘဝတဏှာကို သိမြင်ပြီး အနှောင်အဖွဲ့မှ လွတ်သူ။
ဝိရိယရှိသူ–မကောင်းမှုကို ကြဉ်ရှောင်ပြီး၍ ငရဲ၌ မဖြစ်သူ။
အာဇာနည်–အနှောင်အဖွဲ့အားလုံး ဖြတ်ပြီးသူ။
အကြား အမြင်များသူ သောတ္တိယ–တရား အားလုံး၌ ယုံမှားခြင်း မရှိသူ။
အရိယာ–တဏှာဒိဋ္ဌိကို ဖြတ်နိုင်သူ။
စရဏရှိသူ–စရဏတရား၌လိမ္မာပြီး စိတ်ထိခိုက်မှုမရှိသူ။

ပရိုပိုဇ်-ရဟန္တာ။ စင်စစ် အမေးအားလုံးကို ဘုရား ရဟန္တာ၏အဖြစ်အထိ အမြင့်ဆုံး ပြတော်မူသွားသည့် သဘာဝတူချည်း ဖြစ်သည်က များ၏။

\+ ထုလ္လစ္စည်းအာပတ်= ကြီးလေးသော အပြစ် (ပါဠိ မြန်မာအဘိဓာန် ဒု-၄၅၄)။

၃။ ရှု-၂။ အဖြေပါ ပြထားပြီး ဖြစ်သည်။

၄။ မင်းကြီးက ၎င်းတို့အား ဘုရားဟု ဝန်ခံ မခံမေးသော အခါ ဝန်မခံကြကြောင်းကိုလည်း သံယုတ်(ပ) ၆၇-၉၊ ဒဟရသုတ်၌ မင်းကြီးကိုယ်တိုင် ဆိုခဲ့သည်။

၅။ ဓမ္မပဒ -ဒု-ဝိသာခါဝတ္ထု။ မျက်နှာ ၁၁၀-၆၄။

၆။ ရှု-၅။

၇။ ရှု-၅။

၈။ အာဝဋ္ဋနီ-လှည့်ပတ်တတ်သည်။ အာဝဋ္ဋနီမာယာ- သူ တပါးကို လှည့်ပတ်တတ်သောအတတ်။ ပါဠိ-မြန်မာ အဘိဓာန် ပ-နှာ ၁၈၀။

၉။ အင်္ဂု-ပ၊ ၅၂၅-၃၀၊ ဘဒ္ဒိယသုတ်။

၁၀။ သရဏာဂုံတည်သူတို့ ရွတ်ဆိုမြဲဖြစ်သောစကားဖြစ်သည်။ ကျမ်းဂန် ပြန်-တို့၌ နေရာအနှံ့ တွေ့နိုင်ပါ၏။

၁၁။ အင်္ဂုပ- ၇၃ (ဗာလဝဂ်)။

၁၂။ အင်္ဂုပ၊ ၄၂၆-၈-ပေါတလိယသုတ်။

၁။ သင့်သောအခါ ဟုတ်မှန်စွာ ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကို ဆိုတတ်ပြီး

....ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုကား မဆိုတတ်သူ

၂။ ....ဂုဏ်ထိုက်သူ၏ ဂုဏ်ကို ဆိုတတ်ပြီး
....ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကို မဆိုတတ်သူ။

၃။ ....ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကိုလည်း မဆိုတတ်
....ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုလည်း မဆိုတတ်သူ။

၄။ ....ဂုဏ်မထိုက်သူ၏ ဂုဏ်မဲ့ကိုလည်းဆိုတတ်ပြီး
....ဂုဏ်ထိုက်သူ၏ ဂုဏ်ကိုလည်း ဆိုတတ်သူ
တို့တွင် ပေါတလိယပရိဗိုဇ်က အမှတ် ၃ ကို ကြိုက်သည်။ လျစ်လျူရှုမှုသည် အကောင်းဆုံး ဖြစ်သည်ဟု ထင်ကြောင်း လျှောက်၏။ သို့သော် ဘုရားရှင်က "အမှတ် ၄ ကို ကောင်း၏။ အသူး မြတ်၏။အကြောင်းကား သင့်လျော်သောအခါကို သိခြင်းသည် အလွန် ကောင်းမြတ်သောကြောင့် တည်း"ဟု မိန့်တော်မူသည်။

## ၄

# သာသနာတော်အား တိုက်ရိုက်နှောင့်ယှက်ခြင်း

**တိုက်ရိုက် နှောင့်ယှက်မှု** မြတ်စွာဘုရားသခင်နှင့်တကွ သာသနာတော် တရပ်လုံးအား တိတ္ထိတို့ တိုက်ရိုက်နှောင့်ယှက်မှု ပေးသော အကြောင်းများမှာ ကျမ်းဂန်၌ မကြာမကြာပင် တွေ့ရတတ်သည့်အကြောင်းများ ဖြစ်လေသည်။ ဤ၌ အကြောင်းစုံကိုကား တင်ပြရန် မဖြစ်နိုင်ပေ။ ထို့ပြင် "တိတ္ထိကြီးတို့" ဟုဆိုတိုင်း တိတ္ထိကြီး (၆)ဦးစလုံး ဟုတ်မဟုတ်။ (၆)ဦးမဟုတ်လျှင် တဦးချင်းနှင့် ဆိုင်ရာ တပည့်များဖြစ်ကောင်းဖြစ်မည့် မသေမချာ အကြောင်းမျိုးကလည်း များလှသည် (၁)။ ထို့ကြောင့် သေချာသောအရာ၌ အတိအကျမှတ်ပြီး မရေမရာဖြစ်နိုင်သော ကိစ္စတို့၌မူ သို့လောသို့လောပင် မတင်မကျ တွေးတောရုံသာ ရှိပေသည်။ ယခု အတိအကျသိရသည်တို့မှ တိတ္ထိတပည့်တို့က မြတ်စွာဘုရားထံ ချဉ်းကပ်ကာ ဟိတ်ဟန်ထုတ်ပြီး စကားဆံခြည်မျှင်စိတ်၍ ကွဲရှဲရှုတ်ချရန် စိုင်းပြင်းကြပုံကို တွေ့ရပါသည်။

**သွေးတိုးစမ်း၍ရအံ့ထင် (၂)** တခါက အသိဗန္ဓကာ၏သားရှာသူကြီးသည် သူ၏ဆရာဖြစ်သော နိဂဏ္ဍနာဋပုတ္တထံသို့ အသွား၌ နိဂဏ္ဌကရှာသူကြီးအား နားသွင်းပေးလျက် ဘုရားရှင်ကို စကားတင်းဆိုရန် လွှတ်လေသည်။ အချိန်ကား နာဠန္ဒမြို့၌ အစာရေစာ ခေါင်းပါးခြင်း၊ အသက်မွေးမှု ခဲယဉ်းခြင်းဟူသော

ဒုက္ခဘေး ကျရောက်လျက်ရှိသော ကပ်ဆိုက်ချိန်တည်း။ ယင်းသို့ လူတို့ ဒုက္ခရောက်နေစဉ် ရှင်တော်ဘုရားသည် ရဟန်းသံဃာနှင့် တကွ နာဠန္ဒမြို့ အပါအဝင် ကောသလတိုင်းတွင် ဒေသစာရီ လှည့်လည်တော်မူလာခဲ့ရာ နာဠန္ဒမြို့သို့ ရောက်တော်မူခဲ့ပြီး ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူဆဲအခါ ဖြစ်လေသည်။ ဤသည်ကို နိဂဏ္ဌနာဋပုတ္တက သိသောကြောင့် ဤမျှ ဒုက္ခရောက်နေသောအရပ်သို့ ဘုရားရှင်သည်ငှင်း၊ ရဟန်း များသည်ငှင်း ကြွလာတော်မူရန် မသင့်ဟု ကောင်းကောင်း ယူဆဟန်တူပေသည်။

"ရှာသူကြီး၊ ရဟန်းဂေါတမထံသွား၍ ဝါဒတင်ချေလော့။ ဝါဒတင်နိုင်လျှင် သင်သည် ထင်ရှားကျော်စော၍ လာလိမ့် မည်တည်း"

"အဘယ်သို့သောဝါဒကို တင်ရပါမည်နည်း"

"ရှာသူကြီး၊ ရဟန်းဂေါတမကို ဤသို့ဆိုလော့။ 'အသျှင် ဘုရားသည် လူတို့အပေါ် အမျိုးမျိုးသောအကြောင်းဖြင့် အစဉ် သနားတော်မူသည် မဟုတ်လော။ အစဉ်စောင့်ရှောက်တော် မူသည် မဟုတ်လော။ အစဉ်ငဲ့ညှာတော်မူသည် မဟုတ်လော။ တပည့်များကိုလည်း ယင်းသို့ လူတို့အား သနားစောင့်ရှောက် ငဲ့ညှာရန် မိန့်မှာတော်မူသည် မဟုတ်လော။ လူတို့အား သနား စောင့်ရှောက် ငဲ့ညှာခြင်းကို အစဉ်ချီးမွမ်းတော်မူသည် မဟုတ် လော' ဟု ဆိုလေ။ သို့ဆိုသည့်အခါ ရဟန်းဂေါတမက ဝန်ခံ စကား ပြောလှာလျှင် သင်က ဆက်ပြီး 'ယင်းသို့ ဖြစ်ပါလျက် အစာခေါင်းပါးသည့်အရပ်၌ အဘယ်ကြောင့် လှည့်လည်ပါ သနည်း။ အမျိုးပြတ်အောင် ကျင့်သုံးနေခြင်းပေလော။ လူတို့

အကျိုးမဲ့အောင် ကျင့်သုံးနေသည်လော။ လူတို့ပျက်စီးအောင် ဖန်တီးနေပြီလော' ဟု ထပ်မံလျှောက်တင်ပါ။ ထိုအခါ ရဟန်းဂေါတမသည် ဘာမျှတတ်နိုင်တော့မည်မဟုတ်''

နိဂဏ္ဌနာဋပုတ္တက ဤသို့ပြောသည်ရှိသော် အသိဗန္ဓကဏ၏သား ရွာသူကြီးလည်း သူ့ဆရာစကားကို သဘောကျပြီး ဘုရားထံ လာရောက်ခဲ့သည်။ မြတ်စွာဘုရားသခင်လည်း ရွာသူကြီး မေးလိုသမျှကို ခွင့်ပြုတော်မူလေသည်။ ဤတွင် ရွာသူကြီးက ပထမစကားကို လျှောက်တင်မေးမြန်း၏။ ရှင်တော်ဘုရားကလည်း လူတို့အပေါ် မိမိတို့သည် အစဉ်စောင့်ရှောက်မှုစသည်ကို ပြုတော်မူကြောင်း ဝန်ခံဖြေကြားလေသည်။ ထို့ကြောင့် ရွာသူကြီးသည် ဆင့်ကဲပြီး မြတ်ဘုရားအား အပြစ်တင်လေတော့သည်။ ထိုအခါ ဘုရားရှင်က

**စည်းစိမ်ပျက်ကြောင်း ရှစ်ပါး** ''ရွာသူကြီး၊ ဤကမ္ဘာမှ ပြန်၍ရေတွက်သော် (၉၁) ကမ္ဘာမှစ၍ ယခုတိုင်အောင်ပင် လူထဲ၌ ဆွမ်းလောင်းရုံမျှဖြင့် ပျက်စီးဘူးသူ တဦးတလေမှ မရှိခဲ့။ စင်စစ် လူတို့သည် ပေးလှူခြင်းကြောင့် ကြီးပွား၏၊ မှန်ကန်မှု သစ္စာကြောင့် ကြီးပွား၏။ အကျင့်သီလကြောင့် ကြီးပွား၏။ အမျိုးတို့ပျက်စီးရန်အကြောင်း အထောက်အပံ့မှာ ဤပေးလှူခြင်း.... စသည် မဟုတ်။ လူမျိုးတို့ ပျက်စီးရန် အထောက်အပံ့ ရှစ်မျိုး ရှိသည်။ ရွာသူကြီး၊ လူတို့သည် မင်းကြောင့်လည်း ပျက်စီး၏။ ခိုးသူ၊ မီး၊ ရေ၊ မြှုပ်ထားသောဥစ္စာ နေရာရွှေ့ခြင်း၊ အားထုတ်မှု မကောင်းခြင်း၊ အမျိုးစည်းစိမ်တို့ကို ဖျက်ဆီးတတ်သူ အမျိုးမီးခဲ ပေါ်လာခြင်း၊ မမြဲခြင်းဟူသော အကြောင်းတို့ဖြင့်လည်း ပျက်စီးကြရသည်။ သို့စဉ်လျက် ငါဘုရားအား အမျိုးတို့ပျက်စီးခြင်းငှာ

ကျင့်သည်ဟု စွပ်စွဲလျှင် ငရဲသို့ကျလိမ့်မည်''ဟူ၍ မိန့်ကြားတော်မူလေသည်။

**အကြံပျက်ရပြီ** စကားတင်းဆိုပြီး နာမည်ကြီးလိုသော အသိဗန္ဓက၏သား ရှာသူကြီးမှာ ဘုရားရှင်၏မိန့်ဆိုချက်ကို ထပ်ဆင့်မစောကြောနိုင်ရုံမက နှစ်သက်သဘောကျကာ သရဏဂုံတည် ဥပါသကာ ဖြစ်သွားတော့သည်။ နိဂဏ္ဌအဖို့ ထိုင်နေအကောင်းသား ထသွားမှ ကျိုးမှန်းသိသကဲ့သို့ ဖြစ်ချေပြီ။ အစာရေစာရှားပါး၍ သူတို့မှာ အလှူပစ္စည်း အရနည်းနေဟန်တူသော နိဂဏ္ဌနာဋပုတ္တသည် သူ့အကြံအရ ရှာသူကြီးက စကားစစ်ထိုးပေးလိုက်လျှင် မြတ်စွာဘုရားနှင့် ရဟန်းသံဃာများ ထိုအရပ်မှ ဖဲခွာသွားလိမ့်မည် ထင်ဟန်ရှိသည်။ ယင်းသို့ ရှောင်ခွာသွားလျှင် သူတို့ အသက်ရှူချောင်မည်ဟု မှုချတွက်ချက်ပေလိမ့်မည်။ သို့သော် အဖြစ်မှန်ကား တပည့်တဦးသည် သူတို့တပည့်အဖြစ်မှ ရတနာသုံးပါးကို ကြည်ညိုသူ ဖြစ်သွားခဲ့ရသဖြင့် မှန်းချက်နှင့် နှမ်းထွက် မကိုက်တော့ချေ။ ထို့ကြောင့် သူသာလျှင် နောက်လိုက်တပည့်တို့နှင့် ရှောင်ခွာပြေးကောင်း ပြေးလိမ့်မည်ဟု မှန်းဆရပေသည်။ မပြေးဘဲနေမည်ဆိုလျှင်လည်း တဖူတော့နာပြီး ဖြစ်သဖြင့် မှတ်ကရော့ နိဂဏ္ဌဟု လူတို့က ကဲ့ရဲ့ကြလိမ့်မည် မလွဲတည်း။

**သူများမကြိုက်သည့်စကား ပြောအပ် မအပ်(၃)** မည်သို့ပင်ဖြစ်စေကာမူ နိဂဏ္ဌနာဋပုတ္တသည် အထက် အဆိုပါကဲ့သို့ ဘုရားရှင်အား ပြစ်တင်ဝေဖန်ရေးမျိုးကို အခွင့်ပေါ်တိုင်း ပြုတတ်သူဖြစ်သဖြင့် တကြိမ်တခါနှင့် မှတ်သွားသူ မဟုတ်ဟု ဆိုရန်ရှိသည်ကို အောက်ပါအကြောင်းဖြင့် သက်သေထူလိုပါသည်။

တကြိမ်က နိဂဏ္ဍထံ အဘယမင်းသား ချဉ်းကပ်လာ၍ မင်းသားအား ဝါဒတင်ခိုင်း၏။ ဝါဒတင်စေရာ၌ အသိပဉ္စကဏ္ဍ၏ သား ရှာသူကြီးကို ပြောနည်းအတိုင်းပင် ဘုရားရှင်နှင့် စကား စစ်ထိုးနိုင်သူသည် ထင်းရှားကျော်စောလာလိမ့်မည်ဟု မြှောက် လုံးပင့်လုံးဖြင့် ခိုင်းခြင်းဖြစ်ပေသည်။ မင်းသားက သူပြောဆိုစေ လိုသော စကားကို မေး၏။ ထို့ကြောင့် နိဂဏ္ဍက အစအဆုံး သင်ပေးလိုက်ပြန်လေသည်။

''မင်းသား၊ ရဟန်းဂေါတမကို ဤသို့ဆိုလေ။ 'အသျှင်ဘုရား၊ အသျှင်ဘုရားသည် သူတပါး မနှစ်သက်ဖွယ်စကားကို ပြောဆို ပါသလော'ဟု မေးလျှောက်လေ။ ဟုတ်သည်ဟု ဝန်ခံလျှင် 'ပုထုဇဉ်လူသားတို့လည်း သူတပါး မနှစ်သက်ဖွယ် စကားကို ဆိုသည်။ အသျှင်ဘုရားတို့လည်း ဤအတိုင်းပင် ဖြစ်သည်။အသျှင် ဘုရားနှင့် ပုထုဇဉ်လူသားသည် ဘာများထူးခြားသေးသနည်း'ဟု ကန့်၍ စကားသွင်းလိုက်ပါလေ။ ထိုအခါ ရဟန်းဂေါတမက 'သူတပါး မနှစ်သက်ဖွယ် စကားကို မပြောအပ်'ဟု ဖြေလိမ့်မည်။ ယင်းသို့ဖြေလျှင် 'ရဟန်းဂေါတမကိုယ်တိုင်က ဒေဝဒတ်အား ဘာကြောင့် ငရဲကျမည့်သူ စသဖြင့် ပြောရသနည်း။ ဒေဝဒတ် နှလုံးမသာဖြစ်ရသည် မဟုတ်လော'ဟု ဆင့်ကဲ ပြစ်တင်ပါလေ။ ရဟန်းဂေါတမသည် ဘယ်သို့မျှ ဖြေဆိုနိုင်တော့မည် မဟုတ်''

အဘယမင်းသားသည် အဟုတ်ကြီးထင်ပြီး ဘုရားထံ သွားရောက် စကားစစ်ထိုးစမ်း၏။ သို့သော် ရှင်တော်ဘုရားက သူတပါးမနှစ်သက်ဖွယ်စကားကို ပြောဆိုအပ် မအပ်နှင့် ပတ်သက် ၍ တထစ်ချ ဖြေကြားနိုင်သည်မဟုတ်ဟု မိန့်တော်မူကာ ဘုရား

ရှင်တို့ လက်သုံးထားတော်မူသော စကားနှစ်မျိုးကို ဟောဖော် တော်မူလေသည်။

**စကား(၆)မျိုး** "မင်းသား၊စကားကြီး(၆)ခွန်း ရှိသည်။

၁။ မဟုတ်မမှန်။ အကျိုးနှင့်မစပ်၊ သူတပါးလည်း မကြိုက်သောစကား။

၂။ ဟုတ်မှန်သော်လည်း အကျိုးနှင့်မစပ်၊သူတပါးလည်း မကြိုက်သောစကား။

၃။ ဟုတ်မှန်၏။အကျိုးနှင့်လည်းစပ်၏။သို့သော်၊သူတပါး မကြိုက်သောစကား။

၄။ မဟုတ်မမှန်၊ အကျိုးနှင့်လည်းမစပ်။ သို့သော် သူတပါးကြိုက်သောစကား။

၅။ ဟုတ်မှန်သော်လည်း အကျိုးနှင့်မစပ်၊ သို့သော် သူတပါးကြိုက်သောစကား။

၆။ ဟုတ်မှန်၏။ အကျိုးနှင့်လည်းစပ်၏။ သူတပါးလည်း ကြိုက်သောစကား။

ဤ (၆) မျိုးတွင် ဘုရားရှင်သည် တတိယမြောက်နှင့် ဆဋ္ဌမ မြောက် စကားတို့ကိုသာ မိန့်ဆိုတော်မူသည်" ဟူသတည်း။

ဤ၌ မြတ်စွာဘုရားတို့မည်သည် သူတပါး ကြိုက်မကြိုက် ပြဿနာကို ပဓာနမထားဘဲ ဟုတ်မှန်သော၊ အကျိုးနှင့်လည်း စပ်သော စကားတို့ကိုသာ မိန့်ကြားမြဲ ဖြစ်သည်ကို ရှင်းလင်းစွာ သိရပေသည်။ တနည်းဆိုသော် ရှင်တော်ဘုရားသည် ပုထုဇဉ် သတ္တဝါတို့၏ အကြိုက်ကိုလိုက်၍ မိန့်သည်လည်း ရှိ၏၊ မလိုက်ဘဲ မိန့်သည်လည်းရှိ၏။သို့သော် မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အမြင့်အမြတ် တရားနှင့် ဆိုင်သည့်ကိစ္စ၌မူ လောကနှင့်ဆန့်ကျင်၍ မိန့်တော်

မှုခြင်း၊ ပြုတော်မူခြင်းတို့ကိုသာ တွေ့ရပေသည် (၄)။ ဝင်စစ် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားဟူသည် လောကမှလွန်မြောက် သော၊ လောကနှင့်မတူသောတရားပင် မဟုတ်ပါလော။

**ဗျာကရဏီယလေးပါး (၅)** အထက်ပါ အကြောင်းနှင့် စင်လျဉ်း၍ တဆက်တည်းသိအပ်သည်မှာ ဗျာကရဏီယ လေးပါး ပင်တည်း။ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်၊ ကလျာဏပုထုဇဉ် သူတော်ကောင်းပုဂ္ဂိုလ်တို့ လက်စွဲပြုသော အချက်လေးခု ဖြစ်သည်။ ပုစ္ဆာမေးသူကမေးရာ၌ မလွဲတမ်း စွဲယူကျင့်သုံးသော လေးရပ်သော အကြောင်းတို့ ဖြစ်သည်။ကျမ်းဂန်၌ ဤဗျာကရဏီ ယ လေးမျိုးကို ပြဿနာဖြေဆိုခြင်း လေးမျိုးဟု ပြထားသည်။

၁။ ကေန်ဖြေဆိုရမည့် ကေံသ ဗျာကရဏီယ ပြဿနာ။
၂။ ခွဲခြမ်းဝေဖန်၍ ဖြေဆိုရမည့် ဝိဘဇ္ဇဗျာကရဏီယ ပြဿနာ။
၃။ ပြန်မေး၍ ဖြေဆိုရမည့် ပဋိပုစ္ဆာဗျာကရဏီယ ပြဿနာ။
၄။ မဖြေဆိုပဲထားရမည့် ဌပနီယဗျာကရဏီယပြဿနာ။

ဤသို့ လေးပါးရှိလေသည်။ အဘယမင်းသားက ''သူတပါး မနှစ်သက်သောစကားကို ပြောအပ်သလော၊ မပြောအပ် သလော''ဟု မေးလျှောက်ရာ၌ အမှတ်(၂)အတိုင်း ခွဲခြမ်း ဝေဖန်၍ ဘုရားရှင်က ဖြေဆိုတော်မူခဲ့သည်။ နေ့စဉ် လူမှုရေး ကိစ္စအကြားတွင် လူများစုသည် ဤအချက်များကို သတိမမူမိ သည်လည်း ရှိ၏။သတိမူမိစေကာမူ ပြဿနာကို ခွဲခြားဆုံးဖြတ် နိုင်မှု မရှိသောကြောင့် တွေ့ဝေသည်လည်း ရှိ၏။ မလိုက်နာ နိုင်အောင် ကြုံရသည်လည်း ရှိ၏။ သို့သော် အချို့အချို့သော

ပညာတတ်၊ ပညာရှိ သူတော်ကောင်းတို့မှာမူ ဤလေးပါးကို သတိထား၍ ကျင့်သုံးလျက် ရှိလေသည်။ လူလိမ် လူကောက်တို့လည်း ဤနည်းဆံဆံ လက်သုံးထားကြ၏။ သူတော်ကောင်းတို့မှာ နှစ်ဦးနှစ်ဖက် အကျိုးမယုတ်စေရန် ရည်သန်၍ ကျင့်သုံး၏။ သူယုတ်မာတို့ကား ကိုယ်ကျိုးရှိရေး၊ ဘယ်သူသေသေ ငတေမာပြီးရော အရေးအတွက်၊ ဗျာကရဏီယ လေးပါးကဲ့သို့သော လက်သုံးပြုချက်တို့ကို လိုက်နာကြသည်။ ဤတွင် အမေးပုစ္ဆာအပေါ် ကောင်းစွာအကဲဖြတ်နိုင်မှု၌ သူတော်ကောင်းနှင့် သူယုတ်မာ တူမည် မဟုတ်သည့်အတွက် ယင်းလူယုတ်မာတို့မှာ ဗျာကရဏီယ လေးပါးစစ်စစ်ကို တထစ်ချလိုက်နာသည်ဟု မဆိုနိုင်တော့၍ ဆံဆံဟု ဆိုရပေသည်။

သာသနာတော်အား တိုက်ရိုက် အနှောက်အယှက်ပေးရာ၌ အထက်ပါကဲ့သို့ ဝါဒတင်ခြင်းမျိုးကို အခြားသော တိတ္ထိကြီး ငါးယောက်ထံမှ မကြားရချေ။ နိဂဏ္ဌနာဋပုတ္တသည်သာ အတွင်ကျယ်ဆုံးလို့ ထင်ရသည်။ ထို့ပြင် ၎င်း၏တပည့်၏သား သစ္စက ပရိဗိုဇ်သည်လည်း အစပထမက ဘုရားနှင့် ဝါဒပြိုင်ရန် မိုက်မဲစွာ သဘောထားခဲ့သေးသည် မဟုတ်လော (၆)။

**စိတ္တသူကြွယ်နှင့် နိဂဏ္ဌ (၇)** ယခုတဖန် နိဂဏ္ဌနာဋပုတ္တနှင့် စိတ္တသူကြွယ်တို့ တွေ့ဆုံပုံကို ရှုပါဦး။ စိတ္တသူကြွယ်မှာ မူလက နိဂဏ္ဌ၏တပည့် ဖြစ်ခဲ့သူတည်း။

နိဂဏ္ဌသည် သူ့ပရိသတ်နှင့်အတူ မစ္ဆိကာသဏ္ဍအရပ်သို့ ရောက်လာ၏။ ထိုအခါ စိတ္တသူကြွယ်က လာရောက်နှုတ်ဆက်ဟန် တူသည်။ ဤတွင် နိဂဏ္ဌသည် စိတ္တသူကြွယ်အား ဤသို့မေး၏။

"သူကြွယ်၊ သင်သည် ကြံစည်မှု၊ သုံးသပ်မှုမရှိသော တည်ကြည်မှု သမာဓိရှိသည်ဟု ယုံကြည်သလော၊ ကြံစည်မှု သုံးသပ်မှုတို့ ချုပ်ပျောက်ခြင်းရှိသည်ဟု ယုံကြည်သလော" (၈)

ထိုအမေးကို စိတ္တသူကြွယ်က နိဂဏ္ဌနာဋ်ထွေးသွားအောင် ဖြေလိုက်သည်။ "အသျှင်၊ အကျွန်ုပ်သည် ဘုရားသာသနာတော်၌ ကြံစည်မှု၊ သုံးသပ်မှုမရှိသော သမာဓိရှိခြင်းကို ယုံကြည်သဖြင့် ၎င်း၊ ယင်းတို့နှစ်ပါး ချုပ်ခြင်းရှိသည်ကို ယုံကြည်သဖြင့်၎င်း မြတ်စွာဘုရားအား ကြည်ညိုဆည်းကပ်သည် မဟုတ်ပါ"

ဤအဖြေမှာ နိဂဏ္ဌနာဋပုတ္တအဖို့ စဉ်းစဉ်းစားစားမှတ်ယူလျှင် အခိပ္ပာယ်တမျိုး ထွက်နိုင်သော်လည်း ရှေ့လောတကြီး ဖြစ်သွားသော နိဂဏ္ဌက သူ့အယူအဆနှင့် ကိုက်ပြီအထင်နှင့် စိတ္တသူကြွယ်အား ရုတ်ခြည်း ချီးကျူးမိတော့သည်။ စိတ္တသူကြွယ်အား ချီးကျူးရင်းလည်း မြတ်စွာဘုရား၏ အလိုတော်ကို ဆန့်ကျင်၍ ဆိုမိတော့သည်။

"ကြံစည်မှုသုံးသပ်မှုတို့ကို ချုပ်စေသင့်သည်ဟု မှတ်ထင်သူသည် လေကို ပိုက်ကွန်ဖြင့် တားမြစ်သင့်သည်ဟု မှတ်ထင်ရာ၏။ လက်ဖြင့် ဂင်္ဂါမြစ်ရေယဉ်ကို ပိတ်သင့်၏ဟုလည်း မှတ်ထင်ရာ၏" ဟူသတည်း။

ဤတွင် စိတ္တသူကြွယ်က အငိုက်ဖမ်းလိုက်သည်။

"အသျှင်၊ ဉာဏ်နှင့်သဒ္ဓါနှစ်ပါးတွင် အဘယ်ကသာ၍ မြတ်သနည်း"

"ဉာဏ်က ပိုမြတ်သည်၊ စိတ္တသူကြွယ်"

"အသျှင်၊ ကျွန်ုပ်သည် ပထမစျာန်မှ စတုတ္ထစျာန်အထိရခဲ့၏။ (ထိုစျာန်တို့၌ ဒုတိယစျာန်မှစ၍ ကြံစည်မှုနှင့် သုံးသပ်မှုကင်းခဲ့၏)။

ထို့ကြောင့် ကျွန်ုပ်အဖို့ အထက်အထက်စျာန်ရသူတိုင်းအား ယင်းနှစ်ပါး မရှိသော တည်ကြည်မှု သမာဓိကင်းခြင်း ရှိပေသည်ဟူ၍ ယုံကြည်စွာ မချဉ်းကပ်ဘဲ အဘယ်မှာ နေပါအံ့နည်း”

ဤစကားမှာ နိဂဏ္ဌအတွက် အရှိုက်ထိုးမိသွားခြင်း မည်ပေသည်။ သို့ဖြင့် စိတ္တသူကြွယ်အား စဉ်းလဲသူဟု တဖန် ပြစ်တင်လေတော့သည်။ ထို့ကြောင့် သူကြွယ်ကလည်း နိဂဏ္ဌအား ရှေ့နောက်စကားမညီကြောင်း ပြန်နှိပ်လျက် ဝေဖန်လိုက်သည်။ ဤမျှသာမက ပြဿနာပေါ်လာတိုင်း အဖြေကို သိလိုလျှင် ကျွန်ုပ်ထံ မေးလျှည့်ပါဟုလည်း စိန်ခေါ်၍ ထပြန်ခဲ့လေသည်။ အာဂနိဂဏ္ဌမှာမူ ဘာမျှတတ်နိုင်ဟန်မတူတော့ပေ။

**ဘာမှမဟန်** ဤသည်ကို ထောက်ရှုလျှင် နိဂဏ္ဌတို့သည် မဂ်တရား ဖိုလ်တရားကိုထားဦး ဘုရားသာသနာဆိုင်ရာ စျာန်တရားကိုပင် ရခဲ့ခြင်း မရှိကြောင်း ထင်ရှားလေသည်။ စကားအရာတွင် ဘုရားရှင်ကိုယ်တော်တိုင်ကို မဆိုထားဘိ၊ ဘုရားတပည့်အရိယာ ဥပါသကာကိုပင် ကျော်လွန်နိုင်စွမ်း မရှိခဲ့ပေ။ ငါးရာ့ငါးဆယ်ဇာတ်စဉ် ၅၂၈၊ မဟာဗောဓိဇာတ်ကို ကြည့်လျှင် (၉)၊ သိဋ္ဌည်း၏အလောင်းမပါသော ကျန်တိတ္ထိကြီး ငါးဦးတို့၏ အလောင်းတို့သည် မင်းတိုင်ပင်အမတ်အဖြစ်နှင့်ပင် ဘုရားလောင်းအားမကျော်လွန်နိုင်ကြောင်း တွေ့ရပေလိမ့်မည်။ သူတို့အစွမ်းအစ သူတို့အရည်အသွေးစသည်သည် မြတ်စွာဘုရားနှင့် ကွာခြင်းကြီးကွာလှကြောင်းကိုလည်း ဘာဝေရုဇာတ်၌ ကျီးနှင့်ဥဒေါင်းမင်းကဲ့သို့ ပမာထား၍ ဟောကြားထားချက် ရှိလေသည် (၁၀)။ ဆက်လက်၍ တိတ္ထိကြီးတို့ အရှုံးကြီးရှုံးပြီး လုံးလုံးနာမည်ပျက်

သလောက် ဖြစ်ရသောအကြောင်းကို ရှုပါကုန်။ ဤအကြောင်းမှာ လူသိလည်း များလှ၏။

**သူတို့ တန်ခိုးပြမယောင်** (၁၁) ရှင်ပိဏ္ဍောလဘာရဒွာဇ ရဟန္တာကြီးသည် တခါက ရာဇဂြိုဟ် သူဌေး၏ အိမ်အနီး အမြင့်၌ တည်ထားသော စန္ဒကူး သပိတ်ကို တန်ခိုးပြ၍ ယူတော်မူဖူး၏။ ဤသည်ကို မြတ်စွာဘုရားသခင် သိတော်မူသောအခါ ယင်းစန္ဒကူး သပိတ်ရယူရေးလောက်မျှဖြင့် တန်ခိုးပြာဋိဟာ မပြသင့်ဟု ဆင်ခြင်တော်မူကာ ရဟန်းများ တန်ခိုးမပြရဟု ပညတ်တော်မူခဲ့သည်။ ဤသည်ကို တိတ္ထိတို့က အခွင့်ကောင်းယူပြီး သူတို့တန်ခိုးပြမည်ဟု ကြုံးဝါးကြလေသည်။ စင်စစ် ၎င်းတို့မှာ စန္ဒကူးသပိတ်ကို ယူရန်အတွက် ကောင်းကင်သို့ ပျံမတက်နိုင်သောကြောင့် ထိုသပိတ်ကို မရရုံမက အရှက်လည်း ကွဲခဲ့ပြီး ဖြစ်သော်လည်း သူတို့အရှက်ကို သူတို့ကာကွယ်သည့် အနေဖြင့် ဘာမဟုတ်သည့် ပစ္စည်းအတွက်နှင့် တန်ခိုးမပြလိုဟူ၍ ဆိုခဲ့ကြသူများ ဖြစ်လေသည်။ ယခုသော် သာသနာတော်အား တနည်းနည်းနှင့် နှောင့်ယှက်ရန် အခွင့်ကောင်းစောင့်နေသူများ ပီပီ ဘုရားရှင်က ရဟန်းတို့အား တန်ခိုးမပြရန် ပညတ်မှုကို သူတို့ ဟန်ရေးပြရန် အကွက်ကောင်းဟု မှတ်ယူကြပြီး လက်သီးလက်မောင်းတန်းကြခြင်း ဖြစ်ပေသည်။ သို့သော် ဤသတင်းကြောင့် ရှင်တော်ဘုရားက ကိုယ်တော်တိုင် တန်ခိုးပြာဋိဟာ ပြတော်မူမည်ဟု မိန့်တော်မူသဖြင့် ၎င်းတို့ ဗျာများသွားကြပြန်သည်။ အချိန်မှာ ရှင်တော်ဘုရားသည် ခြောက်ဝါမြောက်ဝါကို ဆိုတော်မူပြီးနောက် ခုနစ်ဝါမြောက်ဝါကို တာဝတိံသာ နတ်ပြည်၌ ဆိုတော်မမူခင် ဖြစ်လေသည်။

တိတ္ထိတို့သည် အကြပ်တွေ့ပြီး ဘုရားရှင်အား မတော်မတရား စွပ်စွဲစေကြပြန်၏။ တပည့်များကို တန်ခိုးမပြအပ်ဟု ပညတ်ပြီး ရဟန်းဂေါတမကိုယ်တိုင်ကတော့ တန်ခိုးပြမည် ဆိုသည်မှာ လျော်ကန်သောအမှု မဟုတ်ဟု ရှုတ်ချကြလေသည်။ ထို့ကြောင့်ပင် ဗိမ္ဗိသာရမင်းကြီး၏ အမေးတွင် မြတ်စွာဘုရားက မိမိကိုယ်တော်တိုင် တန်ခိုးပြမှုသည် တပည့်များအား တန်ခိုးမပြအပ်ဟူသော ပညတ်ချက်နှင့် ရောနှောမမှတ်သင့်ပုံကို ဖြေကြားတော်မူရလေသည်။ (၁၂)

**ယုတ်မာသောအမှု** တိတ္ထိတို့၏ အယုတ်တမာလုပ်ရပ်တခုမှာလည်း ဘုရားရှင်က သရက်ဖြူပင်ရင်း၌ တန်ခိုးပြမည်ဟု မိန့်ဆိုတော်မူသဖြင့် သရက်ဖြူပင်တပင်မျှ မကျန်အောင် ခုတ်လှဲစေခြင်းတည်း။ သို့သော် အချိန်ကျရောက်သောအခါတွင်မူ နေ့ခင်း ပေါက်သည့် သရက်ဖြူပင်သည်၎င်း၊ သိကြားမင်း ဖန်ဆင်းသည့် ရတနာမဏ္ဍာပ်သည်၎င်း၊ မြတ်စွာဘုရားသခင် ယမကပြာဋိဟာ ခေါ် ရေမီးအစုံအစုံ တန်ခိုးပြတော်မူမည့်နေရာ၌ အရံသင့်ဖြစ်ခဲ့သည်။ထိုအချိန်တွင်တိတ္ထိတို့ ဆောက်လုပ်ထားသောမဏ္ဍာပ်၊သူတို့ တန်ခိုးပြမည်ဟု သတင်းလွှင့်ထားသော မဏ္ဍာပ်များမှာ လေကြီး မိုးကြီးသည်းထန်စွာကျခြင်းဖြင့် ပျက်စီးကုန်ခဲ့ရသည်။ သူတို့လည်း ကြောက်လန့်တကြား အသက်ဘေးမှ အနိုင်နိုင်ရုန်း၍ ပြေးကြရလေသည်။ ထို့နောက်တွင်မူ ရှင်တော်ဘုရားသည် တန်ခိုးပြာဋိဟာ ပြတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့ တုသိတာနတ်ဘုံ၌ နတ်သား ဖြစ်နေသူ မယ်တော်ဟောင်းအား တရားဟောရန် ကြွတော်မူလေသည်။

ဤတချိန်တွင် တိတ္ထိတို့၏ ဝါကြွားမှု ယုတ်မာမှုတို့သည် လူအတော်များများအတွက် ထင်ထင်ရှားရှား ပေါ်နေပေတော့မည်။ မိုးပေါ်ပျံတက်၍ယူမှ ပေးမည်ဆိုသော စန္ဒကူးသပိတ်ကို ရအောင်မယူနိုင်ခင်က သူတို့ဆင်ခြေသည် တချို့သောသူအဖို့ ဟုတ်တန်ရာသည်ဟု မှတ်ထင်ဖွယ်ဖြစ်နိုင်စေကာမူ ယခုသော် ရှင်းတို့၌ သာသနာတွင်းသားတို့နှင့် ယှဉ်ပြိုင်အနိုင်ယူနိုင်သည့် တန်ခိုးဟူ၍ ဘာမျှ မရှိသည်မှာ ဘွားကနဲပေါ်လာတော့သည်။ လူတို့ အကြည်ညိုမပျက်ဘဲ နေလိမ့်မည် မဟုတ်ဟုလည်း ရဲရဲပင် ဆိုစရာ ဖြစ်လေသည်။

တိတ္ထိကြီး(၆)ဦးတွင် (၆)ဦး စလုံးနှင့် ယင်းတို့တပည့်များ ပါမပါ မသေချာသော အကြောင်းများတွင်ကား အထက်ပါ ဖြစ်ရပ်မျိုးထက် အရေအတွက်လည်းများ၊ တိတ္ထိတို့၏ အမူအကျင့်ကိုလည်း ရှုံရှာစက်ဆုပ်ဖွယ်တွေ့ရ၏။

**ဆိုးရွားသော လုပ်ရပ်များ** တိတ္ထိတို့သည် သာသနာကို နှောင့်ယှက်ရာတွင် နည်းပေါင်းစုံ သုံးကြသည်။ မင်းထံ ကပ်ရပ်ပြီး သူတို့အတွက် ကျောင်းဆောက်ပေးရန် မေတ္တာရပ်ခဲ့သဖြင့်လည်း ကောသလမင်းကြီးက ဆောက်ပေးခဲ့ဘူး၏။ဤသည်ကို နောင်တွင် ဘုရားရှင်၏ အမိန့်ဖြင့် ပယ်ဖျက်ရလေသည်။ ဖျက်စေတော်မူခြင်းကား အခြားကြောင့်မဟုတ်။ ရဟန်းသံဃာတော်များ သီတင်းသုံးရာကျောင်းနှင့်ကပ်၍ဆောက်ထားသောကြောင့်တည်း။(၁၃)

တခါကဆိုလျှင်ရဟန်းသံဃာကို လူတို့အထင်အမြင်လွဲအောင်၊ ယင်းသို့ အထင်လွဲလျှင် တိတ္ထိတို့အား မကြည်ညိုပဲ ရှိနေသူတို့ ကြည်ညိုလာပြီး လှူဖွယ်များလှူအောင်၊ အကြံပက်စက်ခဲ့ဘူးသည်။ သူတို့စကား နားထောင်သည့် ပရိဗိုဇ်မတဦးအား သတ်လျက်

ရဟန်းများ သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းအနီး၌ စွန့်ပစ်ပြီး ကောသလမင်းကြီးထံ အမှုကို စုံစမ်းပေးရန် ပြောကြား သည်အထိ ဖြစ်ခဲ့သည်။ ဆိုရွားလွန်းလှသော လုပ်ရပ်တခုပါ ပေ။(၁၄)

အချိန်မှာ ဘုရားသာသနာ၌ ရိုသေတုပ်ဝပ်မှုများနေချိန် လာဘ်လာဘပေါများနေချိန်၊ တိတ္ထိတို့ကို အကြည်ညိုမဲ့လာချိန် ဖြစ်သည်။

သုန္ဒရီပရိဗိုဇ်မအား တိတ္ထိတို့က ဇေတဝန်ကျောင်းတော်သို့ မပြတ်သွားစေခဲ့၏။ ထို့နောက် ထိုဖြစ်ရပ်ကို လူတို့သိလောက် သောအခါ သုန္ဒရီအား သတ်ပစ်ပြီး ဇေတဝန်ကျောင်းအနီး အမှိုက်ပစ်ရာ မြောင်းထဲတွင် ပစ်ချထားကြသည်။ ကောသလမင်း ကြီးအားလည်း ဇေတဝန်ကျောင်းအပေါ် သံသယရှိသည်ဟု ဆိုခဲ့၏။ မင်းကြီးက သူတို့အား သုန္ဒရီပျောက်မှုအတွက် ကိုယ်တိုင် စုံစမ်းရှာဖွေခွင့် ပြုလေသည်တွင် အလောင်းကို ဖော်၍ပြကြ၏။ သာဝတ္ထိမြို့တွင်းသို့ လှည့်လည်၍လည်း လူတို့အား အလောင်းကို ပြသကာ သာသနာတော်ပျက်စီးရာ ပျက်စီးကြောင်းကို ကြံကြ၏။ မစဉ်းစားမိသော လူများကလည်း ရဟန်းတို့အပေါ် ကဲ့ရဲ့ရှုတ်ချ စကား ဆိုကြလေတော့သည်။

"ဤရဟန်းတို့အား ရဟန်း၏အကျင့်သည် ပျောက်ကင်း ၏။ .... ယောကျ်ားသည် ယောကျ်ား၏အမှုကို ပြုပြီးလျှင် မိန်းမ ကို အဘယ်ကြောင့် သတ်ရဘိသနည်း" စသည်ဖြင့်ပင် ဆိုလှာ ကြ၏။

အလွန်ရင့်သီးသော စကားများပင်တည်း။ သေသူမှာ ယောကျ်ားဖြစ်လျှင် တမျိုးတဖုံ ကဲ့ရဲ့လွှတ်ပေဦးမည်။ ယခုသော်

မိန်းမဖြစ်နေခြင်းက ပို၍ဆိုးနေသည်။ မတရားကြံပြီးမှ ပေါ်မည်စိုး၍ သတ်ပစ်သယောင် လူတို့ ထင်ကြလေသည်။ တိတ္ထိတို့က 'သည်ယုန်မြင်၍ သည်ချုံထွင်လိုက်ခြင်း' ပင် မဟုတ်လော။

**ကွဲရဲ့ခုနစ်ရက် (၁၅)** မြတ်စွာဘုရားထံ အကျိုးအကြောင်း လျှောက်ထားကြသောအခါ ဘုရားရှင်က ၎င်းကွဲရဲ့သံသည် ခုနစ်ရက်သာ ကြားရလိမ့်မည်ဟု မိန့်တော်မူကာ အောက်ပါအတိုင်း ရဟန်းတို့အား မှတ်သားစေတော်မူ၏။

"ရဟန်းတို့၊ လူတို့ကို 'မဟုတ်မမှန် ပြောလေ့ရှိသူသည် ငရဲသို့ရောက်ရ၏။ မကောင်းမှုပြုပြီးနောက် မပြုဟု ဆိုသူလည်း ငရဲသို့ ရောက်ရ၏' ဟု ပြောကြားကြလော့" စသည်ဖြင့် မှတ်သားစေတော်မူလေသည်။ ရဟန်းတို့ကလည်း မိန့်မှာချက်အတိုင်း လိုက်နာ၍ ပြောကြ၏။ ခုနစ်ရက်ဖြင့်ပင် ကွဲရဲ့သံ ချုပ်ငြိမ်းသွားပေသည်။ ရဟန်းတို့က အံ့ဩစွာ ရှင်တော်ဘုရားထံ အကျိုးအကြောင်း လျှောက်တင်သောအခါ မြတ်စွာဘုရားက-

"စစ်မြေပြင်သို့ရောက်သော ဆင်ပြောင်ကြီးကို မြှားလှံတံတို့ဖြင့် ထိုးဆွသကဲ့သို့ ကိုယ်နှုတ်နှလုံး မစောင့်စည်းသော လူတို့သည် သူတပါးတို့ကို နှုတ်လှံတံဖြင့် ထိုးဆွကုန်၏။ ရဟန်းသည် သူတပါးတို့ ပြောဆိုအပ်သော ကြမ်းသောစကားကို ကြားရသောကြောင့် ဒေါသစိတ်မရှိပဲ သည်းခံရာ၏" ဟု ဥဒါန်းကျူးရင့်တော်မူလေသည်။

စိဉ္စမာနကို ဘုရားရှင်အား စွပ်စွဲရန် ခိုင်းသူများမှာလည်း တိတ္ထိတို့ပင် ဖြစ်သည် (၁၆)။

တတ်လည်းတတ်နိုင်သည့် တိတ္ထိများပေတကား။ အစားမချောင်သဖြင့် တရားသောနည်း၊ မတရားသောနည်းဟူ၍ ဆင်ခြင်

ရန်ပင် စဉ်းစားခြင်းမပြုတော့ပဲ လုပ်မိလုပ်ရာ လုပ်ကြခြင်း ဖြစ်ပေသည်။ ဤကိစ္စ၌ သူတို့လုပ်ရပ် ပေါ်သွားသည်ဟု မသိရ၍သာ ဆက်လက်ဆိုရန် စကားမကျန်ဘဲရှိ၏။ ပေါ်လျှင်လည်း ကောသလမင်းကြီးက ချမ်းသာပေးအံ့ မထင်ပေ။

**ရဟန္တာကိုပင်သတ်၏** ဤထက်ဆိုးရွားသော၊ အယုတ်မာတကာ့ အယုတ်မာဆုံး ဖြစ်သော အကြောင်းကို ဖော်ရမည်ဆိုလျှင် ဘုရားရှင်၏ ဘယ်လက်ရုံးကြီးဖြစ်သော လက်ဝဲတော်ရံ တန်ခိုးအရှင် မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးအား သတ်ဖြတ်စေခြင်းကို ထုတ်ဖော်နိုင်ပေသည် (၁၇)။

မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူပြီးနောက် ဝါတော် (၄၅)ဝါ ပြည့်မြောက်ရန် နှစ်ဝက်ကျော်ကျော်ခန့် အလိုတွင် တိတ္ထိတို့သည် စုရုံးပြီး ဘုရားရှင်သာသနာဝယ် လာဘ်လာဘ အလှူပစ္စည်း ပေါများသည်နှင့်အမျှ ၎င်းတို့အသိုက်တွင် ဆုတ်ယုတ်လာမည့်အကြောင်းကို စည်းဝေး စဉ်းစားရာ အချို့က "မောဂ္ဂလာန်မည်သော ရဟန်းကြောင့် ဤသို့ ဖြစ်ရသည်"ဟု မှတ်ချက်ချလေ၏။

ဆိုလည်း ဆိုလောက်ပါပေသည်။ တပါးသူတို့ မတတ်နိုင်သော ကိစ္စများတွင် ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးက စွမ်းဆောင်တော်မူခဲ့၏။ ရှင်တော်ဘုရား အလိုကျ ဆောင်ရွက်ပေးတော်မူခဲ့၏။ တဖန်တုံ သာသနာပ လူ့အဓမ္မတို့မှာ တန်ခိုးကလည်းမရှိ၊ လောကုတ္တရာတရားဟူ၍လည်း ဗလာနတ္ထိ ဖြစ်နေရာဝယ် အဘယ်လူကောင်းတယောက်ကိုမျှ ၎င်းတို့ဘက်သို့ပါအောင် ဆွဲဆောင်နိုင်လိမ့်မည်နည်း။ ရှင်မဟာမောဂ္ဂလာန်ကား မျက်မှောက်ခေတ်သုံးဝေါဟာရနှင့်ဆိုရလျှင် လက်တွေ့အကျဆုံးနည်းဖြင့် လူတို့

အား အကောင်းဘက်သို့ ဆွဲခေါ်နိုင်ခဲ့သူတည်း။ တမဂ်တဖိုလ် ရထိုက်သူတို့ကို တမဂ်တဖိုလ် ရစေ၏။ ရဟန်းဘောင် သွတ်သွင်း ပေးသင့်သူကို ရဟန်းဘောင် သွတ်သွင်းပေးတော်မူခဲ့၏။ သရဏဂုံ မျှ တည်စေသင့်သူကို သရဏဂုံ တည်စေခဲ့ပြန်၏။ ဒါနအရာ၌ လည်း ကုသိုလ်ကောင်းမှု၏ အကျိုးသည် မည်မျှ ကြီးကျယ် ကြောင်း၊ ပြုလုပ်ခဲ့သော ကောင်းမှုအနည်းငယ်နှင့် ခံစားရသော အကျိုးကြီးများကို နှိုင်းယှဉ်ပြသရာဝယ် နတ်များအား သက်သေ ပြု၍ ထင်လင်းစေတော်မူခဲ့၏။ ဤမျှသာ မကသေး။ အပါယ်ဘုံရှိ သတ္တဝါများ၏ဆင်းရဲကို မြင်ရသည်တွင် ဘုရားရှင်၏ သက်သေ အရာ၌ တည်ကာ ရဟန်းရှင်လူများအား သိစေတော်မူခဲ့၏။ ထို့ကြောင့်လည်း-

"ကုသိုလ် အကုသိုလ်၏ အကျိုးအပြစ်တို့ကို ထိရောက်စွာ ဖော်ပြပြီး အဆွယ်ကောင်းသောကြောင့် ရဟန်းဂေါတမ သာသနာ၌ လာဘ်ပေါများရသည်။ မောဂ္ဂလာန်ရဟန်းကို သတ် နိုင်လျှင် လာဘ်လာဘအကျော်အစောတို့သည် ငါတို့အတွက်သာ ဖြစ်လာလိမ့်မည်"ဟု တိတ္ထိတို့က တိုင်ပင် သဘောမျှသွားကြလေ တော့သည်။ ထို့နောက် ငွေရှာကြ၏။ ငွေတထောင်ရသော် ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီး သီတင်းသုံးသည့် နေရာကို ညွှန်လျက် သူခိုး၊ သူသတ်ကောင်တို့အား ငွေပေး၍ လွှတ်ကြ၏။ သူခိုး သူသတ်ကောင်တို့လည်း တနေ့မအောင်မြင်သော် နောက် တနေ့ စသည်ဖြင့် အကြိမ်အထမမြောက်မချင်း သတ်ရန် ချောင်း ကြသည်။ နောက်ဆုံး၌ ကျွန်ုပ်တို့မထေရ်ကြီး၏ အကုသိုလ် ကံကြွင်းကရှိသဖြင့် ၎င်းတို့၏ ရက်စက်စွာ ရိုက်နှက် သတ်ပုတ်မှု သည် အောင်မြင် ပြီးစီးသွားတော့သည်။ ရှင်မဟာမောဂ္ဂလာန်

သည် ဈာန်သမာပတ်ဖြင့် ဝေဒနာကို သည်းခံထိန်းချုပ်ထားတော်မူ၏။ သို့သော် မကြာခင်ပင် ပရိနိဗ္ဗာန်ဝင်တော်မူရှာသည်။ သူခိုး သူသတ်ကောင်တို့လည်း အဇာတသတ်မင်း၏ ပြစ်ဒဏ်စီရင်ခြင်းကို လှလှကြီး ခံသွားရလေသည်။ ပြစ်ဒဏ်စီရင်ရာ၌ တိတ္ထိပါးရာကခိုင်းကြောင်း သိသဖြင့်လည်း ယင်းတို့ကိုပါ ကြီးလေးသောပြစ်ဒဏ် ပေးစေခဲ့သည်။

**သူတို့ပေလော** တိတ္ထိပါးရာဟူသည် အဘယ်သူတို့နည်း။ တပ်အပ်သေချာဆိုရန် မလွယ်ပေ။ တိတ္ထိကြီး(၆)ဦးပါသလော။ ပါဟန်မတူနိုင်။ ထိုအချိန်၌ တိတ္ထိကြီး (၆)ဦးမှ ပူရဏကဿပနှင့် နိဂဏ္ဌနာဋပုတ္တတို့ မရှိကြပြီ (၁၈)။ ကျန်လေးဦးမှာ မသေသေး၍ ပါလိုက ပါနိုင်သေးသည်ဟု ပြောနိုင်စေကာမူ တပည့်လိမ္မာ ဆရာအာပတ်လွတ်သဘောမျိုးကလည်း ရှိသေး၏။ ပါချင်ပါလျှင် ယင်းတို့တပည့်များသာ ပါပေလိမ့်မည်တည်း။

တိတ္ထိတို့၏ အထွေထွေအကြောင်းရပ်များကို ယင်းသို့ သိရှိထားပြီးနောက်၌ တိတ္ထိကြီး (၆)ဦးတို့၏ ဝါဒရေးရာများကို တင်ပြဝေဖန်သင့်ပြီဟု ထင်ပါသည်။

## အခန်း ၄ မှတ်စုများ

၁။ နိဒါန်း ပြန်ရှု။
၂။ သံယုတ်ဒု၊ ကုလသုတ်၊ နှာ ၅၀၀-၅၀၂။
၃။ မဇ္ဈိ၊ နှာ ၆၀-၄။ အဘယရာဇကုမာရသုတ်။
၄။ လူတို့ စွဲလမ်းနှစ်သက်သော ကိလေသာကို ပယ်စွန့်ရန် ဟောကြားချက်မျိုးမှာ ကျမ်းဂန်၌ များစွာ လာသည်။

မီးတွင်းသို့ ဆင်းမည်လော။ ချောမောလှပသော မိန်းကလေးကို ယူမည်လောဟူသော အမေးမျိုး၌ ဖြေသူက မီးတွင်းမဆင်းပါဟု ဖြေမိသောအခါ မီးတွင်းသို့ ဆင်းရသည်က တဘဝသာ သေရသည်။ မာတုဂါမနှင့်နေလိုသော ရဟန်းမှု ဘဝအဆက်ဆက် အဆင်းရဲခံရမည်။ မီးလောင်ခံရဘိသို့ ဖြစ်မည်ဟု ဟောကြားတော်မူခဲ့သည်။ (အင်္ဂု-ပ)

၅။ အင်္ဂုပ-၃၆၉၊ ပဉ္စဗျာကရဏသုတ်။

၆။ စူဠသစ္စက၊ မဟာသစ္စကသုတ်၊ မူလပဏ္ဏာသ။

၇။ သံယုတ်ဒု၊ နှာ ၄၇၁-၃။ နိဂဏ္ဌနာဋပုတ္တသုတ်။

စိတ္တသူကြွယ်မှာ နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်။ လူဒါယကာထဲတွင် ဓမ္မကထိကအရာ တေဒဂ်ရသူ ဖြစ်သည်။ (အင်္ဂုပ-၃၀-၁)။ မွေးဖွားစဉ်က မစ္ဆိကာသဏ္ဍတမြို့လုံး ဒူးနှစ်အောင် ပန်းမိုးရွာသဖြင့် ထိုအမည်ကို ရခဲ့သည်။ မဟာနာမ်ထေရ်ကြီး၏ တရားတော်ကို နာရပြီး အနာဂါမ် တည်ခဲ့သည် (DPP 1)။ အစေလက ကဿပတက္ကတွန်းကိုပင် သာသနာ့ဘောင်ဝင်အောင် စွမ်းဆောင်ပေးနိုင်သူ ဖြစ်သည် (သံယုတ်-ဒု၄၇၃-၄)။ သူတို့ချင်းမှာ ငယ်သူငယ်ချင်း ဖြစ်သည်။ အစေလကကဿပတယောက် မစ္ဆိကာသဏ္ဍအရပ်သို့ ရောက်လာခြင်းကို ကြားသောအခါ စိတ္တသူကြွယ်က မေး၏။

"သင်ရဟန်းပြုသည်မှာ ဘယ်လောက်ကြာပြီလဲ"

"အနှစ်သုံးဆယ် ရှိပြီ"ဟု ဖြေလေသည်။

"ကဿပ၊ ဤအနှစ်သုံးဆယ်၌ အရိယာတရားထူးကို ရပြီး ချမ်းသာခဲ့ပါသလား"

"စိတ္တ၊ ငါသည် အဝတ်မဝတ်ရခြင်း၊ ခေါင်းတုံးဖြစ်ရခြင်း၊ တင်ပါး၌ ဖုံ့ခါရန် ဥဒေါင်းမြီးစည်းကို ကိုင်ဆောင်ရခြင်းမှလွဲ၍ လူတို့တရားထက် လွန်မြတ်သော အရိယာတရားကို ရခြင်းဖြင့် ချမ်းသာ မဖြစ်ခဲ့ပါ။ စိတ္တ၊ သင်သည် ဘုရားရှင်၏ ဥပါသကာ ဖြစ်ခဲ့သည်မှာ ဘယ်လောက်ကြာပြီလဲ"

"အနှစ်သုံးဆယ်ဘဲ ဖြစ်ပါသည်"

"အရိယာတရားကို ရပါသလား"

"ဈာန်လေးပါး ရ၏။ ကာမလောကသို့ ပြန်လာကြောင်း ဖြစ်သော သံယောဇဉ်လည်း မရှိတော့ပါ"

"ယင်းသို့ဆိုလျှင် ကျုပ်သည် ဘုရားသာသနာ၌ ကိုရင်ဝတ် လိုပါသည်။ ထို့နောက် ရဟန်းပြုလိုပါသည်"

ဤစကားအရ စိတ္တသူကြွယ်က ရဟန်းတို့ထံ အစေလက ကဿပအား ပို့အပ်သည်။ ရှင်အဖြစ် ပထမနေရပြီး နောင်တွင် ရဟန်းပြုသည်။ မကြာခင်ပင် ရဟန္တာတပါး ဖြစ်လာတော်မူ၏။

၁။ ပထမဈာန်၌ အင်္ဂါငါးပါးရှိရာဝယ် ထိုအနက်မှ
ဝိတက်-ကြံစည်ခြင်း၊ ဝိစာရ-သုံးသပ်ခြင်းတို့ ဖြစ်သည်။
ကျန်သုံးပါးကား ပီတိ-နှစ်သိမ့်ခြင်း၊ သုခ-ချမ်းသာခြင်း၊
ဧကဂ္ဂတာ-တည်ကြည်ခြင်းတို့တည်း။

ဈာန်လေးပါး နည်းအားဖြင့် ဆိုလျှင် ဒုတိယဈာန်မှစ၍ ဝိတက်နှင့် ဝိစာရ မပါတော့၊ မဖြစ်တော့ချေ။ ဈာန်ငါးပါး နည်း အတိုင်းသော် တတိယဈာန်ရသူသည် ဝိတက်ကို ဒုတိယဈာန် ကတည်းက ပယ်ခဲ့ပြီး ဝိစာရကို ဤအဆင့်၌ မရတော့ပြီ။ (အတိ ဓမ္မတ္ထသင်္ဂဟ)၊ သုတ္တန်၌ ဈာန်လေးပါးနည်းကို အပြများသည်။

၉။ ဇာတ်တော် အင်္ဂလိပ်-ပြန်-တွင် အရှာရလွယ်၏။ ဇာတ်တော်စဉ် ၅၂၀ ဖြစ်၍ မြန်မာပြန်၌ စတုတ္ထတွဲတွင် ရှိလိမ့်မည်။

၁၀။ ဇာတ်တော်စဉ် ၃၃၉။

၁၁။ ဓမ္မပဒ၊ တ၊ နှာ ၄၀၀ ဆက်။ မဟာ မောဂ္ဂလာန်ကျမ်း နှာ ၃၅ ဆက်။

၁၂။ ဓမ္မပဒ၊ တ၊ ၄၃၉-၄၀။ ဇိနတ္ထ၌လည်း ဆိုင်ရာအခန်းတွင် ဤအတိုင်း ဆိုသည်။

၁၃။ မဟာမောဂ္ဂလာန်ကျမ်း နှာ ၉၁၊ မှတ်စု ၁။ ၅၅၀ဇာတ်တော်စဉ် ၂၁၃ ကုရုဇာတ်။

၁၄။ သုန္ဒရီသုတ်၊ ခုဒ္ဒကပါဌ စသည် နှာ-၁၁၅-၁၀။

၁၅။ မှတ်စု ၁၄ လာ သုတ်အဆုံးနား၌ ပါဝင်သည့် စကားတည်း။ ဤအကြောင်းမှ ချီးမွမ်း ခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက် စကားမျိုးကို မြန်မာတို့ သုံးလာဟန် တူသည်။

၁၆။ ဓမ္မပဒ၌။ ဇာတ်တော်။ ဣတိဝုတ်၌တို့ကို ကိုးကား၍ DPP I ၊၀၆၄ ၌ စိဉ္စမာနအကြောင်းကို ပြဆိုရာတွင် ပါသည်။ ၅၅၀ ဇာတ်တော်စဉ် ၄၇၂-မဟာပဒုမဇာတ် ပစ္စုပ္ပန်ဝတ္ထု၌လည်း တွေ့နိုင်သည်။

၁၇။ မဟာမောဂ္ဂလာန်ကျမ်း နှာ-ပရိနိဗ္ဗာန်ခန်း။

အချို့စာသားများမှာ ထိုကျမ်းမှ တိုက်ရိုက်ယူထားသော စာသားများ ဖြစ်ပါသည်။ အခြားကျမ်းများကို ကိုးကားဆိုထားချက်အတွက် ထိုကျမ်း၌ ရှုပါ။

၁၈။ ပူရဏကဿပမှာ ဘုရားရှင် ယမကပြာဋိဟာ ပြတော်မူချိန်၌ ကွယ်လွန်ကြောင်းကို ဤကျမ်းဝါဒရေး ဆွေးနွေးခန်း၌ ပြထားပါသည်။ နိဂဏ္ဌနာဋပုတ္တအတွက်လည်း ထို့အတူပင် ဆိုင်ရာအခန်းများတွင် ဆက်လက်ရှုစားပါကုန်။

# ၅

## ပူရဏကဿပ၏ဝါဒ

**သူ့အဆို** ပူရဏကဿပ၏ အယူဝါဒသည် ကံမဲ့ဝါဒ ဖြစ်သည်။ အကိရိယဝါဒဟု ခေါ်၏။ (၁)

အဇာတသတ်မင်းက ရဟန်းပြုခြင်း၏ မျက်မှောက်အကျိုး ကျေးဇူးကို မေးရာတွင် ပူရဏကဿပအနွယ် ဂိုဏ်းဆရာသည် အောက်ပါအတိုင်း ဖြေဆိုခဲ့လေသည်။ (၂)

"မင်းကြီး၊ ပြုသူ ပြုစေသူ၊ ဖြတ်သူ ဖြတ်စေသူ၊ နှိပ်စက်သူ နှိပ်စက်စေသူ၊....သတ်သူ သတ်စေသူ၊ ခိုးသူ ခိုးစေသူ၊ လုသူ လုစေသူ၊ မမှန်ပြောသူ မမှန်ပြောစေသူ စသည်များသည် မကောင်းမှုကို ပြုသော်လည်း ပြုသည် မမည်....မကောင်းမှု မရှိ။ မကောင်းမှုဖြစ်ခြင်း မရှိ....အလှူပေးခြင်း၊ ဥစ္စာကို သုံးမခြင်း၊ သီလစောင့်စည်းခြင်း၊ အမှန်ဆိုခြင်း (အားဖြင့်) ကောင်းမှုမရှိ၊ ကောင်းမှုဖြစ်ခြင်း မရှိ" ဟူသတည်း။

**ဘုရားဝါဒ** ယင်းဝါဒမှာ မြတ်စွာဘုရား တခါက ပုဏ္ဏား တဦးအား ဟောကြားတော်မူခဲ့သော အကိရိယသဘောနှင့် လုံးဝကွာခြား၏။ (၃) ပုဏ္ဏားက ဘုရားရှင်အား အဘယ်အယူ ဝါဒရှိ၍ အဘယ်အကျင့်ကို ဟောပါသနည်းဟု မေးလျှောက် သည်ရှိသော်

"ပုဏ္ဏား၊ ငါသည် ကိရိယဝါဒ (ပြုအပ်သော ဝါဒ)လည်း ရှိသူ ဖြစ်သည်။ အကိရိယဝါဒ (မပြုအပ်သောဝါဒ) လည်း ရှိသူ ဖြစ်သည်"ဟု ဖြေကြားတော်မူသဖြင့် ပုဏ္ဏားမှာ မရှင်းမလင်း ဖြစ်ရရှာ၏။ ထို့ကြောင့် ရှင်းလင်းပါရန် ပန်ကြားသောအခါ

"ပုဏ္ဏား၊ ငါသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနော ဒုစရိုက်ကို မပြုအပ်ဟု ဟောသည်။ များစွာသော၊ ယုတ်ညံ့သော အကုသိုလ်ကို မပြုအပ်ဟု တားမြစ်သည်။ ကာယသုစရိုက်၊ ဝစီ သုစရိုက်၊ မနောသုစရိုက်တို့ကိုမူ ပြုအပ်၏ဟု ဟောသည်။ များစွာသော ကုသိုလ်တရားတို့ကို ပြုအပ်၏ဟု ဟောသည်" ဟူ၍ မိန့်ကြားသဖြင့် ပုဏ္ဏားလည်း နှစ်သက်ပြီး သရဏဂုံတည်သွား သည်။

**ရှင်းလင်းချက်** ပူရဏကဿပ၏ အကိရိယဝါဒ သဘောမှာ ကံမဲ့သဘော ဖြစ်သည်။ သူ့အလိုကား ကောင်းမှု လုပ်လုပ်၊ မကောင်းမှုလုပ်လုပ် ပြုလုပ်ရာမရောက်၊ပြုလုပ်သည် မမည်။ သတ်မှု စသော မကောင်းမှု၊ အလှူပေးမှုစသော ကောင်းမှုတို့သည် ခန္ဓာကိုယ်ပေါ်မှာသာ ရောက်နိုင်၊ ထိနိုင်၏။ အတွင်းက အတ္တကို မထိရောက်နိုင်။ ခန္ဓာကိုယ်ကြီးကား ထင်းတုံးကြီးကဲ့သို့ အလကား အကောင်အထည်ကြီးသာတည်း။ ထို့ကြောင့် အတွင်းအတ္တကို မထိရောက်နိုင်သော အပြင်က အလုပ်ဟူသမျှသည် ဘာဘဲ လုပ် လုပ် ပြုလုပ်ရာ မရောက်။ ပြုတုန်းမှာ ပြုလုပ်သည်ဟု ဆိုရသော် လည်း ပြုလုပ်ပြီးလျှင် ပြီးသွားသည်။ ကောင်းမှု မကောင်းမှု မကျန်ရစ်ဟုလည်း ဆက်လက်သိရသည်။ (၄) ပူရဏကဿပ သည် အကြောင်းကံကို ပယ်ရှားထားပြီးဖြစ်၍ အကျိုးကို အထူး ပယ်ဘွယ် မလိုအောင်ပင် ကံကံ၏အကျိုး နှစ်မျိုးလုံးကိုရှိသည်ဟု

မှတ်ယူမထားသော ဝါဒဖြစ်ကြောင်း ဆရာတော်ဦးဇနကာဘိဝံသက ဆို၏။ (၅) ထို့ကြောင့် ယင်းဝါဒနှင့်သက်ဆိုင်သည့်၊ ယင်းဝါဒကို နှိမ်နင်းသည့် ဘုရားရှင်၏ ဟောကြားတော်မူချက်ကို ဆက်လက်ဖော်ပြပါမည်။ (၆)

**နှိပ်နင်းပြီ** မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးတော်မူစဉ် မဟာလိ လိစ္ဆဝီမင်းသည် ချဉ်းကပ်လျက်

''အသျှင်ဘုရား၊ ပူရဏကဿပသည် သတ္တဝါတို့ ညစ်ညူးရန် အကြောင်း မရှိ။ အထောက်အပံ့ မရှိ။ အကြောင်း အထောက်အပံ့ မရှိဘဲ သတ္တဝါတို့ ညစ်ညူးရသည်။ ထို့အတူ အကြောင်း အထောက်အပံ့မရှိဘဲ စင်ကြယ်ရသည်ဟု ဆိုပါသည်။ ဘုရားရှင် မည်သို့ မိန့်ဆိုပါသနည်း''ဟု မေးလျှောက်သောအခါ မြတ်စွာဘုရားက

''မဟာလိ၊ သတ္တဝါတို့ညစ်ညူးရန်၊ စင်ကြယ်ရန် အကြောင်း ရှိသည်သာတည်း။ အထောက်အပံ့ ရှိသည်သာတည်း။ ရုပ်သည် ဆင်းရဲသာ ဖြစ်အံ့၊ ဆင်းရဲသို့သာ ကျရောက်အံ့၊ ဆင်းရဲသို့သာ သက်ဝင်အံ့၊ ချမ်းသာသို့ မသက်ဝင်အံ့၊ သတ္တဝါတို့သည် ရုပ်၌ မစွဲမက်ကုန်ရာ။ ရုပ်သည် ချမ်းသာ၏။ ချမ်းသာသို့ ကျရောက်၏။ ချမ်းသာသို့ သက်ဝင်၏။ ဆင်းရဲသို့ မသက်ဝင်။ ထို့ကြောင့် သတ္တဝါတို့သည် ရုပ်၌စွဲမက်ကုန်၏။ စွဲမက်ခြင်းကြောင့် ယှဉ်စပ်၏။ ယှဉ်စပ်ခြင်းကြောင့် ညစ်ညူး၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌လည်း ထို့အတူသာ။ မဟာလိ၊....ဤရုပ် ဝေဒနာစသည်သည် ချမ်းသာသာ ဖြစ်ပြီး ဆင်းရဲမှု မဖြစ်လျှင်လည်း သတ္တဝါတို့က ရုပ်၌ မငြီးငွေ့ကုန်ရာ။ ဆင်းရဲဖြစ်၍ ငြီးငွေ့၏။

ငြီးငွေ့သောကြောင့် စွဲမက်မှု ကင်း၏။ ထို့ကြောင့် စင်ကြယ်၏''ဟု ဟောတော်မူလေသည်။ ဤဒေသနာတော်အရ ပူရဏကဿပ၏ ဝါဒကို နှိပ်နင်းပြီးသား ဖြစ်သွားတော့သည်။

**သမ္မာလော၊ မိစ္ဆာလော** တဖန်တုံ သူ့ဝါဒသည် နောက်ဆက်တွဲ-၂ လာ သမ္မာဒိဋ္ဌိ ၂၀နှင့် စပ်၍ဟပ်၍ မရနိုင်ချေ။စတုသစ္စ သမ္မာဒိဋ္ဌိဟူသော သစ္စာလေးပါးသိမြင်မှုနှင့် နီးစပ်တိုဝေးစွ ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် ဒသဝတ္ထုကသမ္မာဒိဋ္ဌိတို့နှင့်လည်း မှုလီနှော၍ မရတော့ချေ။ အကြောင်းမူ ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် ဒသဝတ္ထုက သမ္မာဒိဋ္ဌိတို့မှာ ကံ၊ ကံ၏ အကျိုးကို လက်ခံထားသောကြောင့်တည်း။ ယင်းသို့ဖြစ်၍ သမ္မာဒိဋ္ဌိ၌ အကျုံးမဝင်သော် မိစ္ဆာဒိဋ္ဌိ၌ အကျုံးဝင်မဝင် စဉ်းစားရတော့မည်။

သို့သော် ပူရဏကဿပ၏ အယူဝါဒဆိုင်ရာ၌ ကျွန်ုပ်တို့အတွက် အချက်အလက်များစွာ မရနိုင်ခြင်းမှာ ခက်လှသည်။ ထိုဂိုဏ်းဆရာသည် အတိတ်ဘဝ၊ အနာဂတ်ဘဝတို့ကို မည်သို့ယူဆသနည်း။ယခုဘဝ သတ္တဝါတို့ဖြစ်ပုံ၊ပြုမူပုံနှင့် ပတ်သက်၍သာ မကောင်းမှုဟူ၍လည်းပြုရာမရောက်ကြောင်း၊ကောင်းမှုဟူ၍လည်း ပြုရာမရောက်ကြောင်း သိရလေသည်။ အတ္တကို လက်ခံထားသည် ဆို၍မူ သဿတဒိဋ္ဌိလော (တည်မြဲအယူလော)၊ ဥစ္ဆေဒဒိဋ္ဌိလော (ပြတ်စဲအယူလော)ဟု တွေးထင်ဖွယ် ရှိလာသည်။ မည်သို့ပင် ရှိစေ၊ ကံမဲ့ဝါဒ ဖြစ်သောကြောင့် အကြောင်းမဲ့ အယူဖြစ်သော အဓိစ္စသမုပ္ပန္နဝါဒကို ရအပ်သည်။ (အကြောင်းမဲ့ အယူကို အဟေတုက ဝါဒလည်း ခေါ်၏)။ အဓိစ္စသမုပ္ပန္နမိစ္ဆာအယူသည် နှစ်မျိုးပြားသဖြင့်လည်း ပထမ အမျိုးအစားဖြစ်ပေါ်ပုံနှင့် မယှဉ်နိုင်။ ဒုတိယ အမျိုးအစားနှင့်သာ ထင်ဟပ်နိုင်လေသည်။

အကြောင်းမူ ပထမ အမျိုးအစားကား ဈာန်သမာဓိရမှုအပေါ် မူတည်လျက် ဒုတိယအမျိုးမှာ တွေးတောကြံဆပြီးနောက် တီထွင်သောဝါဒ ဖြစ်သောကြောင့်ပါပေ။

**အကြောင်းမဲ့ ဖြစ်၏** ပူရဏကဿပသည် ဈာန်ရပုဂ္ဂိုလ် ဖြစ်သည်ဟု ကျမ်းဂန်၌ မလာချေ။ သူ့နောက်ကြောင်း ရာဇဝင် အားဖြင့်သော် အခြေအနေအရ အခွင့်သာသလို ကိုယ့်ဘဝကိုယ် ကျောင်းသွားခြင်း၊ ယင်းသို့ ဘဝခရီးကို နှင်ရာ၌ အလိမ် အကောက် ဉာဏ်ဆင်ခြင်းတို့ ပါဝင်နေသည်။ သို့ဖြင့် သူ့ အထင် သူ့ အတွေးဖြင့်သာ သူ၏ ကံမဲ့ဝါဒပေါ်လာကြောင်း၊ထိုဝါဒသည် မိစ္ဆာဒိဋ္ဌိ(၆၂)ပါးအနက် အဓိစ္စသမုပ္ပန္န ဒုတိယဝါဒနှင့် အနွယ်ဆုံး ဖြစ်ကြောင်း အခိုင်အမာဆိုနိုင်တော့သည်။

**ပြင်းထန်နေသည့်** ကံမဲ့အယူကို တီထွင်ပါလျက် ပရိဗိုဇ်တို့လို အဝတ်ကား မဝတ်။ ဝတ်လစ်စလစ်မှ လူပိုကြည်ညိုမည်ထင်ခဲ့ ခြင်းသည် သက်သက်ပင် ကိုယ့်ဒုက္ခကိုယ်ရှာဘိသို့ တွေ့ရသည်။

အဝတ်မဝတ်ဘဲ နေခြင်းဖြင့် ရာသီဒဏ်၊ မှက်ခြင်ပိုးမွှားဒဏ်ကို အတော်ပင် ခံရရှာမည်။ အေးလျှင် မီးလှုံလိမ့်မည်။ ပူအိုက်လျှင် ရေချိုးလိမ့်မည်။ ပိုးမွှားမှက်ခြင်မှ တဖန် မီးကိုအဖော်ပြု၍၎င်း၊ ယပ်၊ သားမြီးစုစသော အသုံးအဆောင်ကို လက်သုံးထား၍၎င်း၊ ကာကွယ်ရရှာပေမည်။ အဝတ် ဝတ်နေသူများပင် ယင်းဒဏ် နှစ်ပါးမှ လုံးဝချမ်းသာစွာ ကင်းဝေးသွားသည် မဟုတ်ချေ။ ထို့ကြောင့် သူ၏ ဝတ်လစ်စလစ်အကျင့်ကို ပြင်းထန်သော အကျင့်တမျိုးထဲတွင် ထည့်သွင်းနိုင်ပေသည်။

**ပြင်းတိုင်းမကောင်းသလော** ပြင်းထန်သော အကျင့်တမျိုးကို ကျင့်သုံးနေခြင်းဖြင့် အဘယ်သို့ ဆက်လက်ဆိုရန် ရှိပြန်သနည်း

ဟူသော် မြတ်စွာဘုရား၏ အောက်ပါဟောကြားချက်ကို ရှုပါကုန်။ (၇)

"ကာမဂုဏ်ကို မှီဝဲရန် ဥစ္စာကို တရားသဖြင့် ရှာခြင်း၊ ထို့နောက် ဝေခြမ်းသုံးစွဲခြင်း၊ ကောင်းမှုလည်း ပြုခြင်း၊ ထိုဥစ္စာ စည်းစိမ်၌ မစွဲလမ်းပဲ သုံးဆောင်ခြင်းတို့ကို ပြုသည်' ဖြစ်လျှင် ထိုကာမဂုဏ်မှီဝဲသူသည် ထိုအကြောင်းလေးပါးဖြင့်ပင် ချီးမွမ်း ခံရသည်။ ကိုယ့်ကိုယ်ကို ပင်ပန်းအောင် ပြင်းစွာကျင့်သူသည် ယင်း၏ အကျင့်ဖြင့် ကုသိုလ်လည်းရ၊ မဂ်ဖိုလ်လည်းရလျှင် ထိုထို အကျိုးတရားတို့ကြောင့် ပြင်းစွာကျင့်ခြင်းဟူသောအကြောင်းကို ချီးမွမ်းခံရသည်" ဟူသတည်း။

ရှင်တော်ဘုရားသည် ပြင်းထန်စွာ ကျင့်တိုင်းကား ကဲ့ရဲ့ရှုတ်ချ တော်မမူခဲ့ချေ။ ထို့ပြင် ရှင်အာနန္ဒာအားလည်း (၈)

"ချစ်သားအာနန္ဒာ

၁။ အသက်ဆံဖျားအားထုတ်အပ်သော အလေ့အကျင့်

၂။ မြတ်သောအကျင့်

၃။ အထင်အားဖြင့် ဖြစ်သောအမြတ်တရား

တို့သည်အားလုံး(လိုအပ်သော)အကျိုး ရှိပါသလော" ဟု မေး တော်မူခဲ့ဘူး၏။ ထို့ကြောင့် ရှင်အာနန္ဒာက

"မုချအားဖြင့် မဖြေသင့်ပါဘုရား" ဟု တင်လျှောက်သည်။

"သို့ဖြစ်လျှင် အာနန္ဒာ သင်ဝေဖန်လော့"

"အသျှင်ဘုရား၊ ထိုသုံးရပ်ကို မှီဝဲသူအား အကုသိုလ်တိုးပြီး ကုသိုလ်ဆုတ်ယုတ်လျှင် ထိုသူအား အကျိုးမရှိနိုင်ပါ။ ကုသိုလ် တိုးပြီး အကုသိုလ်ဆုတ်ယုတ်လျှင်မူ အကျိုးရှိနိုင်ပါသည်"

ဤသို့ ရှင်အာနန္ဒာက ဝေဖန်လျှောက်တင်သောအခါ မြတ်စွာဘုရားသခင်က ရဟန်းများအား ရှင်အာနန္ဒာ၏ ဥာဏ်ပညာကြီးမှုကို ဖော်ထုတ်၍ ချီးကျူးတော်မူခဲ့၏။

ပူရဏကဿပ၏ ဝတ်လစ်စလစ်အကျင့်ကို ကုသိုလ်တိုးပြီး အကုသိုလ်ဆုတ်ယုတ်သည်ဟု ဆိုမည်လော။ အကုသိုလ်တိုးပြီး ကုသိုလ်ဆုတ်ယုတ်သည်ဟူတည်း ဆိုမည်လော။

**ပူရဏကဿပ၏ ဘဝခရီးဆုံး** ရှင်တော်ဘုရား တန်ခိုးပြာဋိဟာ ပြတော်မူခါနီးတွင် တိတ္ထိကြီးတို့၏ မဏ္ဍပ်များ လေကြီးမိုးကြီးကျ၍ ပျက်စီးသွားသောအခါ ပူရဏကဿပသည် ကြောက်လန့်တကြား ပြေးသည်ဆို၏။(၉) လမ်းခုလယ်၌ တပည့်တဦးနှင့်တွေ့ပြီး တပည့်၌ ပါလာသော အိုးနှင့်ကြိုးတို့ကိုယူလျက်၊ သူ့အမေးကိုပင် မပြန်ကြားအားရှာဘဲ မြစ်သို့ပြေးတော့သည်။ ရောက်သော် လည်ပင်းကိုအိုးဆွဲပြီး ရေထဲခုန်ချကာ ဘဝနိဂုံးချုပ်သွားသည်ဟုလည်း သိရ၏။(၁၀)

ဤသည်ကို ထောက်လျှင် သူလည်း တန်ခိုးပြမည် အစွမ်းပြမည် စသဖြင့် ဟန်ရေး ဝါရေးပြခဲ့သူ ဖြစ်နိုင်စရာ များပေသည်။ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြမည်ဆို၍ သက်သက်သွားကြည့်ရုံမျှဖြင့် ယင်းသို့ မရှုမလှ ဒုက္ခတွေ့မည် မထင်နိုင်ချေ။ သို့သော် သူက ဆက်လက်မိုက်တွင်းနက်မနေနိုင်သော်လည်း သူ့ဂိုဏ်းအတွက် တဗိုလ်ဆင်းတဗိုလ်တက် ဖြစ်နေသဖြင့် သူတို့ရှုထောင့်မှကြည့်လျှင် တော်သေးသည်ဟု ဆိုရကောင်းအံ့ထင်သည်။

**ဆရာစဉ်ဆက်** ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် နှစ်ပေါင်းများစွာ အကြာ၌ပင် ပူရဏကဿပ ဂိုဏ်းဆရာစဉ်ဆက်

သည် ပြန့်ပွားနေခဲ့သေးသည်။ တချိန်က မိလိန္ဒမင်းသည် ပူရဏ
ကဿပ နွယ်ဝင်ဆရာဘုန်းကြီးအား အမေးပုစ္ဆာထုတ်၏။ (၁၁)

မေး– အဘယ်သည် လောကကို စောင့်ရှောက်သနည်း။
ဖြေ– မြေကြီးသည် လောကကို စောင့်ရှောက်သည်။
မေး– သို့ဆိုလျှင် အဝီစိငရဲကြီးသို့ ကျရောက်သောသတ္တဝါ
တို့သည် မြေကြီးကို ကျော်လွန်၍ အဘယ့်ကြောင့်
ကျရောက်သနည်း။

ယင်းအမေးကို ထိုဆရာသည် မဖြေနိုင်ရှာချေ။ မထွေးနိုင်၊ မမျိုနိုင် မျက်နှာအောက်ချကာ ဦးခေါင်းငိုက်ဆိုက် တိတ်ဆိတ်စွာ ကြံမှိုင်လျက် နေတော့သည်ဟု လာသည်။

အထက်က ဆိုခဲ့သည့်အတိုင်းမူ ပူရဏကဿပတို့ဂိုဏ်းသည် အဝီစိ ရှိ မရှိကို လက်ခံ မခံလည်း မသိရချေ။ သူတို့အသိဉာဏ် ကျက်စားရာကို ထို့ထက် ဖြန့်ရန်ဆန့်ရန် တတ်နိုင်စွမ်းရှိဟန် မတူခဲ့ပေ။ အကြောက်ကြီးခြင်း (အရှက်ကြီးမှုလည်း ပါကောင်းပါမည်) ဖြင့်သာ ဘဝဇာတ်သိမ်းသွားသည်ကို ဆင်ခြင်ပါက အကုသိုလ် တဆုတ်တခဲကြီး၊ အကုသိုလ်တုံးကြီးပင် ဖြစ်နေခဲ့သည်ဟု ဆိုနိုင်ပါသည်။

**ကြောက်စရာ** သို့သော် မှတ်ဖွယ်ကား တိတ္ထိခြောက်ဦးတို့ အယူဝါဒထဲတွင်–သူ့ဝါဒကို ဝါဒဆိုးဟု သမုတ်စေကာမူ အဆိုးဆုံးဟုကား ဘုရားရှင်မိန့်တော်မမူခဲ့ခြင်းတည်း။ မည်သို့ပင်ရှိစေ ထိုဝါဒသည် ဗုဒ္ဓဘာသာအရ ကြောက်စရာ့ဝါဒ၊ ကြက်သရေ ကင်းမဲ့သည့်ဝါဒ၊ အကျိုးမဲ့ကို ညွှန်သည့်ဝါဒအဖြစ်ကား ကျမ်းဂန်မှတ်တမ်းများ တွေ့နိုင်ပေသည်။ (၁၂)

ယခု အဇာတသတ်မင်းစကားနှင့်ပတ်သက်၍ အနည်းငယ် ဆိုပါဦးမည်။

**မဖြေတတ်သလော** အဇာတသတ်မင်းသည် မြတ်စွာဘုရားထံ လျှောက်ထားရာ၌ တိတ္ထိခြောက်ဦးစလုံးအား အမေးပုစ္ဆာကို ဖြေရပင် ဖြေတတ်သူများမဟုတ်ဟု ရှုတ်ချခဲ့၏။ ရှုတ်ချရာ၌လည်း ပူရဏကဿပဂိုဏ်း၏ ဂိုဏ်းဆရာအကြောင်းမှာ ရှေ့ဆုံးက ပါလေသည်။ (၁၂)

"အသျှင်ဘုရား.... တပည့်တော်က ရဟန်းပြုခြင်း၏မျက် မှောက်အကျိုးကို မေးပါသည်။ ပူရဏကဿပဂိုဏ်းဆရာက သူ၏ ဝါဒကို ပြောပါသည်။ သရက်ပင်အကြောင်းကို မေးပါလျက် ပိန္နဲပင်အကြောင်းတို ဖြေပါသည်"စသဖြင့်တည်း။

စင်စစ် ဤနေရာ၌ အဇာတသတ်မင်းသည် သိလိုဇော ပြင်းပျနေခဲ့၍ရင်း၊ မြတ်စွာဘုရားထံ တကြိမ်တခါသာ အဖူး အမျှော် ရောက်ရာတွင် သံဃာတထောင်ကျော်ရှိနေသော ဘုရား ရှင် သီတင်းသုံးသည့်ကျောင်းတော်၌ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ ဘုရားရှင်၏အသရေတော်ကို ကြည်ညိုခြင်း၊ ရဟန်းသံဃာများ၏ ဣန္ဒြေသိက္ခာကို လေးစားခြင်းတို့ဖြင့် ပြည့်နေသောကြောင့် အလွန်သဒ္ဓါပေါက်သွား၍ရင်း၊ ယင်းသို့ဆိုဟန် ရှိပေသည်။ သူသည် ဖခမည်းတော် အရိယာ ဗိမ္ဗိသာရမင်းကြီးအား သတ်မိ သည့်အမှု၊ ဘုရားရှင်အား ဒေဝဒတ်က လုပ်ကြံရာတွင် ကြံရာပါ ပြုခဲ့မှုတို့အတွက် နောင်တရပြီး ရဟန်းပြုရခြင်း၏အကျိုးကို အလောသုံးဆယ် သိလိုခဲ့ပေသည်။ ထို့ကြောင့် တိတ္ထိတို့အား ရှေးဦးစွာ မေး၏။ ထို့နောက် ဘုရားသခင်ထံ ချဉ်းကပ်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ပူရဏကဿပအနွယ် ဆရာ၏အဖြေ၌

အဇ္ဈာတသတ်သည် သူသိလိုသောအချက်ကို တိုက်ရိုက်မတွေ့ရသဖြင့် သွယ်ဝိုက်၍ ဖြေဆိုရကောင်းလောဟု တင်ပြရှုတ်ချခြင်းဖြစ်ပေသည်။

**ဆွေးနွေးသင့်သူ မသင့်သူ** အမေးပုစ္ဆာ ဖြေဆိုရာတွင် ရှေ့ကပြဆိုခဲ့သော ဗျာကရဏီယ လေးပါးအတိုင်း ကျင့်သုံးနိုင်လျှင်ကောင်းသည်။ ထိုဗျာကရဏီယလေးပါးကို မကျင့်သုံးသူအား စကားနှီးနှောမိခြင်းဖြင့် ဆွေးနွေးရန် မသင့်တော့ကြောင်း အဆိုရှိ၏။ ထို့အတူ (၁၄)

၁။ အကြောင်းဟုတ်သည် မဟုတ်သည်

၂။ ကြံဆအပ်သောအရာ

၃။ သိရမည့်ဝါဒ

၄။ (ဖြေဆိုရမည့်)ကျင့်ဝတ်

တို့၌မတည်လျှင် ထိုဖြေဆိုမည့်သူနှင့် ဆက်လက် မဆွေးနွေးသင့်ကြောင်း။ အဆိုပါ လေးပါး၌ တည်လျှင်မှု ဆွေးနွေးနှီးနှောနိုင်ကြောင်း လာသည်။

နောက်တမျိုးကား....

၁။ စကားတခုဖြင့်တခုကို ဖုံးကွယ်မကွယ်

၂။ အပြင်စကားကို ဆောင်၍ ပယ်မပယ်

၃။ စိတ်ဆိုးခြင်း ဖြစ်မဖြစ်

ဤသည်တို့ကို စီစစ်လျက် မဖုံးကွယ်ခြင်း၊ မပယ်ခြင်း၊ စိတ်မဆိုးခြင်းတို့ကို တွေ့ရမှု ဆက်လက် စကားဆွေးနွေးသင့်သည်။ သို့မဟုတ်လျှင် ထိုပုစ္ဆာဖြေမည့်သူနှင့် နောက်ထပ်နှီးနှောနေရန် မသင့်ဟု ပြလေသည်။

နောက်တနည်းလည်း ရှိသေး၏။

၁။ ပြဿနာမေးသောအခါတွင် ပါဠိပါဠ်သား ရှုတ်ဖတ်၍ လွှမ်းမိုးခြင်း ရှိမရှိ။

၂။ ....................အကြောင်းပြ၍ ဖိနှိပ်မဖိနှိပ်။

၃။ ... ........ .... :...မေးသူစိတ်၌ သံသယ ရှိအောင် ပြင်းစွာ ရယ်မရယ်။

၄။ .................... အနည်းငယ် ချွတ်ယွင်း သည်ကို အမှား ဖမ်းမဖမ်းကြည့်၍ ဆက်လက် ဆွေးနွေးမေးမြန်း သင့် မသင့် ဆုံးဖြတ်ရမည်ဟု ဘုရားရှင် ဟောကြားထားတော်မူခဲ့သည်။

သို့သော်

**ပါးလိုက်သည်မှာ** ယခုကိစ္စတွင် မိမိဝါဒ၌ မရှိသော အယူ အဆကို ပူရဏကဿပတို့ကလည်း မရှိဟု တထစ်ချ ဆိုရဲမည် မဟုတ်ချေ။ ဆိုလိုက်လျှင် ဘုရားသာသနာမှ ရဟန်းများသည် ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးကို ခံစားနေကြရသည် မဟုတ် လောဟု မေးကောင်း မေးလိမ့်မည်။ ထိုအခါတွင် ပြဿနာကြီး ဖြစ်လာတော့မည်။ ထို့ကြောင့် ပူရဏကဿပ ဂိုဏ်းဆရာက သွယ်ဝိုက်၍ ဖြေဆိုလိုက်ဟန် တူ၏။ ခေါင်းတုံးပေါ် ထိပ်ကွက်နေ သူများအဖို့ ဤမျှ မပါးမနပ်လျှင် စားပေါက် ပိတ်သွားလိမ့်မည် တည်း၊ သို့ဖြင့် အဇာတသတ်မင်း ထင်သကဲ့သို့ ပုစ္ဆာကို ဖြေပင် မဖြေဆိုတတ်ဟူ၍ ကျွန်ုပ်တို့ မဝေဖန်နိုင်ပေ။ မြတ်စွာဘုရားရှင် ကလည်း ယင်းကိစ္စအတွက် အထူးမိန့်မြွက်တော်မူခဲ့ခြင်း မရှိချေ။

ကျန်တိတ္ထိကြီးများကို အဇာတသတ်မင်းက ပူရဏကဿပ အား ပြစ်တင်သည်နှင့် တထပ်တည်း ပြစ်တင် ရှုတ်ချမှုနှင့် ပတ် သက်၍လည်း အလားတူပင် မှတ်ယူရန် ဖြစ်ပါသည်။

## အခန်း ၅ မှတ်စုများ

၁။ သာမညဖလသုတ်မြန်မာပြန်(သုတ်သီလက္ခန်)။ဦးဇနကာဘိဝံသ၏ သာမညဖလသုတ် ဘာသာပြန်။ ဒီဃနိကာယ် သံဂါယနာ အမေးအဖြေ-နှာ ၃၀။

၂။ အနွယ်ဂိုဏ်းဆရာဟု ဆိုရခြင်းမှာ ပူရဏကဿပသည် မြတ်စွာဘုရား တာဝတိံသာသို့ တက်တော်မမူမီကပင် ကွယ်လွန်ပြီးဖြစ်ကြောင်း သိရ၍ ဖြစ်သည်။ကွယ်လွန်ပုံကို ဤအခန်း တနေရာ၌ တွေ့ရပါမည်။ အဇာတသတ်မင်းက မေးသည့်အခန်းနှင့် ဂိုဏ်းဆရာ ပြန်ကြားသည့်အခန်းများသည် မှတ်စု ၁-လာ ကျမ်းများ၌ ပါဝင်သည်။

၃၊ အင်္ဂုပ၊ သမစိတ္တဝဂ်အတွင်း၊ နှာ ၇၆။

၄။ ဦးဇနကာဘိဝံသ၏ သာမညဖလသုတ် ဘာသာပြန်။

၅။ ၎င်း

၆။ သံယုတ် ဒု၊ ပြန်၊ ၅၄-၆၊ မဟာလိသုတ်။

၇။ သံယုတ် ဒု၊ ပြန်၊ ရာသိယသုတ်။

၈။ အင်္ဂု-ပ-ပြန်၊ သီလဗ္ဗတသုတ်။

၉။ ဓမ္မပဒ-တ၊ နှာ ၄၄၄။ ဇိနတ္ထ နှာ ၃၇၃။

၁၀။ ရှု-၉။ ဤပူရဏကဿပတို့ ပြေးရလွှားရခြင်းကို သူတို့၏ သရက်ပင်ခုတ်မှုကြောင့် လူအများက ရိုက်ကြပုတ်ကြ သဖြင့် ပြေးရခြင်း ဖြစ်သည်ဟု DPP 11, ၆၈၃ ၌ ကျမ်းကိုးမပါဘဲ ဆိုထားသည်။

၁၁။ မိလိန္ဒပဉှာ-ပြန်-နှာ-၇။

၁၂။ ဒီဃနိကာယ် သံဂါ မေးဖြေ-နှာ ၄၆။

၁၃။ သုတ်သီလက္ခန် သာမညဖလသုတ်နှင့် မှတ်စု ၁-လာ ဦးဇာနကာဘိဝံသ၏ကျမ်းတွင် ပါဝင်သော စကားများ တည်း။

၁၄။ အင်္ဂုပ-ပြန်၊ နှာ ၂၁၆-၁၇။

# ၆

# မက္ခလိဂေါသာလ၏ ဝါဒ

**သျှအပြော** တိတ္ထိကြီး မက္ခလိဂေါသာလ၏ အယူဝါဒကား ရှင်တော်ဘုရားက အယုတ်ညံ့ဆုံးဝါဒ အဖြစ် ရှုတ်ချတော်မူခဲ့သော ဝါဒ ဖြစ်လေသည်။ (၁)

အဇာတသတ်မင်းက မေးသည့် ရဟန်းပြုရခြင်းအတွက် မျက်မှောက်ရအပ်သော အကျိုးနှင့်စပ်လျဉ်း၍ သွယ်ဝိုက်ပြီးဖြေကြားရန် မိမိဝါဒကို ဖော်ထုတ်လိုက်သည်မှာ (၂)

''မင်းကြီး၊ သတ္တဝါတို့ညစ်ညူးရန် အကြောင်းသည် မရှိ၊ အထောက်အပံ့ မရှိ၊....ညစ်ညူးမှု၊စင်ကြယ်မှုသည် အကြောင်းအထောက်အပံ့မရှိဘဲ ဖြစ်၏။ ကိုယ်ပြုလုပ်မှု၊သူတပါး ပြုလုပ်ပေးမှုဟူ၍ မရှိ။ ....အားထုတ်အပ်သောလုံ့လ မရှိ။.... အလုံးစုံသော သက်ရှိတို့သည် အစွမ်းမရှိကုန်....ဖြစ်မြဲတိုင်း၊ ဆုံဆည်းသည့်အတိုင်း၊ သဘာဝအတိုင်း အမျိုးမျိုးဖြစ်ကုန်၍ ဇာတ်အထူး (၆)မျိုးတို့၌သာ ချမ်းသာ ဆင်းရဲ ခံစား၏'' ဟူ၍ (+)

ဤမျှအထိမူ မက္ခလိဂေါသာလ၏အယူဝါဒကို ကံအကြောင်းတရား၊ ထိုကံ၏ အကျိုးတရားတို့ကို ပယ်မြစ်သောဝါဒ ဖြစ်သည်ဟု ဆိုရပေမည်။ အကြောင်း အထောက်အပံ့ မရှိဘဲ သတ္တဝါတို့ စင်ကြယ်ရသည်၊ ညစ်ညူးရသည်ဟု ဆိုခြင်းကို တိုက်ရိုက်

အမိပ္ပာယ်ကောက်၍ တွက်ဆလျှင် အဟေတုကဝါဒ-အကြောင်းမဲ့ ဝါဒ ဖြစ်လေသည်။

မက္ခလိဂေါသာလ၏ ပြောဟောချက်၌ အထက်ပါတို့သာ မကသေးချေ။

"လောက၌ အဓိကသတ္တဝါ ၁၄၀၆၆၀၀ ရှိသည်။ ကံအပါး ငါးရာ တနည်း၊ ငါးပါးသောကံ တနည်း၊ သုံးပါးသောကံ တနည်း၊ ပြည့်သောကံ၊ ထက်ဝက်သာဖြစ်သောကံ၊ ခြောက်ဆယ့် နှစ်ပါးသော အကျင့်၊ ခြောက်ဆယ့်နှစ်ပါးသော အန္တရကပ်၊ ဇာတ်ထူး ခြောက်မျိုး၊ ယောက်ျားတို့ အရွယ်ရှစ်ပါး၊ အသက် မွေးမှု လေးထောင်ကိုးရာ၊ ပရိဗိုဇ် လေးထောင်ကိုးရာ၊ နဂါးတို့ နေရာ လေးထောင်ကိုးရာ၊ ဣန္ဒြေနှစ်ထောင်၊ ငရဲ သုံးထောင်၊ မြူခေတ်(တည်ရာ) သုံးဆယ့်ခြောက်၊ သညာရှိသော ပဋိသန္ဓေ ခုနစ်မျိုး၊ သညာမဲ့သော ပဋိသန္ဓေ ခုနစ်မျိုး၊ အဆစ် ပဋိသန္ဓေ ခုနစ်မျိုး၊ နတ် ခုနစ်မျိုး၊ လူ ခုနစ်မျိုး၊ မြေဘုတ်ဘီလူး ခုနစ်မျိုး၊ အိုင်ကြီး ခုနစ်မျိုး၊ အဖုကြီး ခုနစ်မျိုး၊ အဖုငယ် ခုနစ်ရာ၊ ချောက် ကြီး ခုနစ်ခု၊ ချောက်ငယ် ခုနစ်ရာ၊ အိပ်မက်ကြီး ခုနစ်ပါး၊ အိပ် မက်ငယ် ခုနစ်ရာ၊ မဟာကပ် ရှစ်သန်းလေးသိန်း ရှိ၏" (၃)

**လွတ်လပ်ခွင့်မရှိ** ဤသို့ ပါဝင်နေပြန်သဖြင့် 'ကံ' အရေ အတွက်အရ ကံကိုပယ်သော ဝါဒဟူ၍ မဆိုနိုင်သယောင် ထင်ရ လေသည်။ သတ္တဝါတို့၏ အားထုတ်မှု မရှိ။ သတ္တဝါတို့ ညစ်ညူး ရန်၊စင်ကြယ်ရန် အကြောင်းအထောက်အပံ့ မရှိ ဟူသောစကား တို့ကို ဆက်စပ်တွေးယူလျှင်မူ လူစသော သတ္တဝါတို့တွင် ကိုယ် ပိုင်လွတ်လပ်ခွင့် မရှိဟု ဆိုသလို ဖြစ်နေသည်။ ကိုယ်ပြုချင်တိုင်း ပြု၍ မရစေသည့် သဘောအတွက်

"မဟာကပ် ရှစ်သန်းလေးသိန်းတို့ပတ်လုံး မည်သူမဆို တဘဝပြီးတဘဝ ကျင်လည်ကာသာ ဆင်းရဲကုန်ခမ်းသွားမည်။ ထိုအတွင်း ဆင်းရဲကုန်ခြင်း မရှိ။....မည်သည့်ကျင့်ဝတ်နှင့်မဆို သတ္တဝါသည် (မိမိအဖြစ်ကို) ကံကို ရင့်ကျက်အောင် ပြု၍ မရ။ ချမ်းသာ ဆင်းရဲသည် စရွတ်တောင်းဖြင့် ခြင်ထားသကဲ့သို့ ဖြစ်၏။ သံသရာသည် အပိုင်းအခြား ပြုထားပြီး ဖြစ်၏။ အတိုးအဆုတ် မရှိ၊ အလွန်အယုတ် မရှိ။ ဥပမာအားဖြင့် ချည်လုံးကို (မြင့်ရာမှ နိမ့်ရာသို့) ပစ်သော် ချည် ရှိသရွေ့သာ ပြေလျက် လိမ့်သွားပြီး (ရပ်နေဘိသို့)၊ ဆင်းရဲ (ချမ်းသာ) လည်း ထို့အတူ အချိန်စေ့လျှင် ကုန်ဆုံး ရပ်ဆိုင်းသွားလိမ့်မည်"ဟု ထပ်မံ ဆိုထားလေသည်။ (၄)

သဘာဝက ပြုသမျှ သတ္တဝါတို့ နေရသည့် အဖြစ်မျိုးတည်း။ လူမိုက်ဆိုသူများသည်၎င်း၊ လူလိမ္မာဆိုသူများသည်၎င်း၊ မဟာကပ် ရှစ်သန်းလေးသိန်း အထိ သံသရာကျင်လည်ပြီးလျှင် ဆင်းရဲ ကုန်သွားမည်။ လူလိမ္မာသာ ဆင်းရဲ ကုန်ခမ်းမည် မဟုတ် ကျင်လည်ပြီး ဘဝချင်းသာတူလျှင် လူလိမ္မာသည် လူမိုက်ထက် အလျင် ဆင်းရဲကုန်အောင် မည်သည့် အကျင့်ကောင်းနှင့်မျှ ပြု၍မရ။ သတ္တဝါအတွက် သံသရာသည် အပိုင်းအခြားရှိပြီး ဖြစ်သည်။ (၅)

**အမည်ပေးပုံ** ဤဝါဒသည် သတ္တဝါတို့ သုခဒုက္ခရရန်အရေး၌ အခြားအကြောင်း အထောက်အပံ့ မရှိမူပဲ ထုံးစံမွေတာအတိုင်း ဖြစ်ရန်ရှိသမျှ ဖြစ်ရသည်ဟု ပြထားသောဝါဒဖြစ်၍ အဟေတုက ဝါဒဖြစ်ကြောင်း ဆရာတော် ဦးဇနကာဘိဝံသက ကင်ပွန်းတပ်ထားသည်။ (၆) ထိုမှတပါး-ကံလည်း အစွမ်းမရှိ၊ အကျိုးလည်း

မရှိဟု တိုက်ရိုက်ပယ်ပြီးသော ဝါဒ ဖြစ်ကြောင်း ဆက်လက် ပြထားသည်။

မက္ခလိဂေါသာလသည် ကံငါးရာ၊ ကံငါးပါး၊ ကံသုံးပါး စသည်ဖြင့် မည်သို့ပင် ထည့်သွင်း ဆိုစေကာမူ သူဆိုသောကံများ သည် အသီးအပွင့် မထွက်နိုင်၊ အကျိုးတရား မပေါ်နိုင်သော ကံများသာ ဖြစ်လေသည်။ ထို့ကြောင့် သူလည်း ပူရဏကဿပ နှင့် ကံ၊ ကံ၏အကျိုးကိုပယ်ရာတွင် တသဘောတည်း ကဲ့သို့တည်း။

**ဓမ္မကထိကကောင်းလော** ပူရဏကဿပသည် နည်းနည်း ဟောကြားသူ ဖြစ်သည်။ မက္ခလိဂေါသာလသည် များများ ဟောကြားသူဖြစ်သည်။ ယင်းသို့ တဦးနှင့်တဦး ကွာခြား၏။ သို့သော် ကျမ်းဂန်လာ ဓမ္မကထိကလေးမျိုးအနက် (၄) ချီးမွမ်း ဖွယ်၊ အားကျဖွယ်၊ ဓမ္မကထိကတို့ကား မဟုတ်ဟု ဆိုရပေလိမ့် မည်။

၁။ အနည်းငယ်သာ ဟောသည်။ အကျိုးစီးပွားနှင့် မစပ် သည်ကိုလည်း ဟောသည်။ ပရိသတ်က အကျိုးစီးပွား၌ မလိမ္မာ။ ဤဓမ္မကထိကမှာ မလိမ္မာသော ပရိသတ်၏ ဓမ္မကထိက တရားဟောဆရာ ဖြစ်သည်။

၂။ အနည်းငယ်သာ ဟောသည်။ အကျိုးစီးပွားနှင့် စပ်သည် ကိုလည်း ဟောသည်။ ပရိသတ်က အကျိုးစီးပွား၌ လိမ္မာသဖြင့် လိမ္မာသော ပရိသတ်၏ ဓမ္မကထိက ဖြစ် သည်။

၃။ များများဟောသည်။ အကျိုးစီးပွားနှင့် မစပ်သည်ကို လည်း ဟောသည်။ ပရိသတ်က အကျိုးစီးပွား၌ မလိမ္မာ။

ဤသည်ကို မလိမ္မာသောပရိသတ်၏ ဓမ္မကထိကဟု ဆိုထိုက်သည်။

၄။ များများ ဟောသည်။အကျိုးစီးပွားနှင့် စပ်သည်ကိုလည်း ဟောသည်။ ပရိသတ်က အကျိုးစီးပွား၌ လိမ္မာသဖြင့် ထိုပုဂ္ဂိုလ်အား လိမ္မာသော ပရိသတ်၏ ဓမ္မကထိကဟု ဆိုထိုက်သည်။

ဤဓမ္မကထိက (၄)မျိုးအနက် ပူရဏကဿပသည် အမှတ်(၁) အမျိုးအစားကဲ့သို့ ဖြစ်၏။ မက္ခလိဂေါသာလသည် အမှတ်(၃) အမျိုးအစားကဲ့သို့ ဖြစ်၏။

**စုံလာပါ၏ သို့သော်** မက္ခလိဂေါသာလ၏ အဆိုတွင် ပူရဏကဿပ၏ ဝါဒထက် ကျွန်ုပ်တို့ စုံစုံလင်လင် သိရှိရသည်ကားမှန်၏။ အပိုအမို အညွန့်အတက် များလာသည်ကိုလည်း အထင်းသား တွေ့ရပါ၏။ သို့သော် ရှင်တော်ဘုရားက ယင်းဝါဒကို တသီးတသန့် မိန့်မှတ်တော်မူခဲ့သည်ကို ရှုပါကုန်။ (၇)

“ကုသိုလ်ကံ၊ အကုသိုလ်ကံ မရှိ။ ထိုကံတို့ကို ပြုခြင်း မရှိ။ အားထုတ်အပ်သော ဝီရိယ မရှိဟု မက္ခလိဂေါသာလသည် ဆိုလေ့ရှိ၏။ ယူလေ့ရှိ၏။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ဘုရားရှင်တို့ကမူ ကုသိုလ်ကံ၊ အကုသိုလ်ကံ ရှိကြောင်း၊ ထိုကံတို့ ပြုလုပ်ခြင်း ရှိကြောင်း၊ အားထုတ်အပ်သော ဝီရိယ ရှိကြောင်း ဟောတော်မူခဲ့သည်။မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော မက္ခလိဂေါသာလသည် ထိုဟောကြားချက်ကို တားမြစ်၏။ မြစ်ဆုံမြစ်ဝ၌ ထောင်ထားသော မြှုံးသည် ငါးတို့၏ အစီးအပွားမဲ့ရန်၊ ဆင်းရဲရန်၊ ပျက်စီးရန် ဖြစ်သကဲ့သို့ မက္ခလိဂေါသာလသည် လူထောင်မြှုံး

နှင့် တူ၏။ သတ္တဝါများစွာတို့ အစီးအပွားမဲ့ရန်၊ ဆင်းရဲရန်၊ အကျိုးမရှိ ပျက်စီးရန် ဖြစ်၏'' ဟူသတည်း။

''အကျိုးမဲ့ကို ညွှန်သောဝါဒ၊ ကြက်သရေကင်းမဲ့သည့် ဝါဒ၊ ကြောက်စရာ့ဝါဒ''ဟု တိတ္ထိကြီးတို့၏ ဝါဒအားလုံးကို ခြုံ၍ ဆိုထားသော စကားသာမက (၈)၊ အထက်ပါအတိုင်း ဟော ကြားချက်မျိုးလည်း အထင်အရှား ရှိခဲ့ပေသည်။

**ဝိဝါဒ** ဤသည်ကို ခေတ်ပညာရှင်အချို့က• မက္ခလိ ဂေါသာလနှင့် ပူရဏကဿပကို ရောနှောဆိုမိဟန် တူသည်ဟု ဝေဖန်လေသည်။ (၉) မက္ခလိဂေါသာလ၏ အယူဝါဒကို ပြရာ အစပိုင်းသည် ပူရဏကဿပ၏ အယူဝါဒလိုလို ဖြစ်နေသော ကြောင့် ယင်းသို့ ဝေဖန်စကားဆိုခြင်း ဖြစ်သည်။ ဝေဖန်ရာ၌ ရှင်အာနန္ဒအား အမှတ်မှားသည့် သဘောမျိုး ဆိုလေသည်။ ရှင်အာနန္ဒကား ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ပထမ သံဂါယနာတင်ရာ၌ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ သော တရားတို့ အနက် ဝိနည်းမှအပ ဓမ္မများကို ရွတ်ဆိုတော်မူ ခဲ့သော ပုဂ္ဂိုလ်တည်း။ (၁၀) ထို့ကြောင့် ဘုရားဟော တရား ဓမ္မကို သံဂါယနာတင်စဉ်က ရှင်အာနန္ဒ သတိချွတ်ချော်ပြီး ရော နှောသွားသယောင် ဝေဖန်ထားသည်။ ရှင်အာနန္ဒမှာ ထိုအချိန် က ရဟန္တာပုဂ္ဂိုလ်ပင် ဖြစ်နေတော်မူလေပြီ။ ထို့ပြင် မက္ခလိ ဂေါသာလ၏ အယူဝါဒကို တဆက်တည်း လေ့လာမိလျှင်ငြင်း၊ ထိုနှစ်ဦးသော ဂိုဏ်းဆရာတို့၏ ကံ၊ ကံ၏အကျိုး ပယ်မြစ်ချက်ချင်း တူညီပုံကို နားလည်လျှင်ငြင်း၊ ဤအရာ၌ ပူရဏကဿပကို ဆိုလို ပါက သူ့အမည်သာ ပါလိမ့်မည်ကို ယုံမှား မရှိအပ်ပေ။

ဝေဖန်သူ၏အကြောင်းပြချက်တခုကို ကြည့်လျှင် အဟေတုကဝါဒ(ဝါ)ဘာမဆို အကြောင်းအထောက်အပံ့မရှိဘဲ ဖြစ်သည်။ သဘာဝအလျောက် ဖြစ်မြဲအတိုင်းဖြစ်သည်ဟူသော အယူမှာ ပူရဏကဿပနှင့်သာ ဆိုင်နေကြောင်း စာဒက တက်ထားသည်ကို တွေ့ရပါလိမ့်မည်။ သို့သော် စင်စစ်မှာ မက္ခလိဂေါသာလ၏ အယူအဆ၊ သာမညဖလသုတ်လာ ယင်း၏ ဝါဒကသာလျှင် အဟေတုကဝါဒအဖြစ် ထင်ရှားနေခြင်း ဖြစ်သည်။

အချို့ကလည်း ကျမ်းဂန်ကိုဖတ်ရှုရင်းက မက္ခလိဂေါသာလ၏ ဝါဒ အယုတ်ညံ့ဆုံးဟု ပြဆိုခန်း၌ "ချည်မျှင်ဖြင့် ယက်အပ်သော အဝတ်ဟူသမျှတွင် လူဆံခြည်မျှင်ဖြင့် ယက်ထားသောကမ္ဗလာကို အယုတ်ညံ့ဆုံးဟု ဆိုထိုက်....(သလို)၊ အယူဝါဒ ဟူသမျှတွင် မက္ခလိဂေါသာလ၏ အယူဝါဒသည် အယုတ်ညံ့ဆုံး ဆိုထိုက်၏" ဟူ၍ တွေ့ရှိရာက၊ (၁၁)ဖြစ်ချင်းဖြစ်လျှင် အဇိတကေသကမ္ဗလသာ ဖြစ်သင့်သည်။ သူသာလျှင် လူဆံခြည်ဖြင့် ယက်လုပ်သော အဝတ်ကို ဝတ်သူဖြစ်သည်....စသဖြင့် အမှတ်မဲ့ ဥာဏ်ကွန့်လိုကြပေသည်။ ဤ၌ ရှေးပိုင်းစကားမှာ တင်စားချက်သက်သက် ဖြစ်၏။ တင်စားဆိုရာ၌ ဆီလျော်သလို တင်စားနိုင်ပေသည်။ တင်စားချက်နှင့် အခြားအကြောင်းများကို ရောမွှေမှတ်ရန် မလိုချေ။ ထို့ကြောင့် အဆိုပါစာဒကမှာလည်း အချည်းနှီး ဖြစ်သွားရတော့သည်။

**ဝါဒချင်း ယှဉ်ကြည့်လျှင်** ဤမက္ခလိဂေါသာလ၏ အယူဝါဒမှာလည်း နောက်ဆက်တွဲ-၂ လာ သမ္မာဒိဋ္ဌိ-၂ဝနှင့်ထင်ဟပ်၍ မရနိုင်တော့ကြောင်း ဖော်ပြပါ ဟောကြားချက်များဖြင့်ပင် သိသာသည်။သို့ဖြင့် မိစ္ဆာဒိဋ္ဌိ(၆၂)ပါးနှင့် ယှဉ်ကြည့်သောအခါ

ပုရဏကဿပ၏ အယူဝါဒကဲ့သို့ပင် အစိစ္စသမုပ္ပန္နဝါဒ ဒုတိယ အမျိုးအစားနှင့်ဟပ်၍ ရလေသည်။ ဤဝါဒက ပို၍ပင် ထိုအစိစ္စ သမုပ္ပန္နဝါဒ ဒုတိယအမျိုးအစား ဆံနေသေး၏။ အကြောင်း အထောက်ပံ့မရှိဘဲ သတ္တဝါတို့ဖြစ်သည်စသော စကားရပ်တို့ကို ဆင်ခြင်လျှင် အငြင်းပွားဖွယ်လည်း လုံးဝ မရှိတော့ပေ။

မူလက ကျွန်ဖြစ်နေရာမှ လူပေါ်လူဇော်လုပ်လို၍ ဝါဒထွင် ခြင်း၊ ဝတ်လစ်စလစ်ပင် နေခြင်းတို့မှာ သူ၏ ဉာဏ်နိဉာဏ်နက် များ ဖြစ်သည်။ သူ့ဉာဏ်သည် ပုရဏကဿပထက် ပို၍ထက်သည် ဟု အထင်ရောက်စေသည်လော မပြောတတ်၊ အပိုအမို အညွန့် အကွန့်များစွာ ပြောဟောထားသည်။ သို့သော် အပိုအချက် အလက်များတွင် ဝေဖန်စရာက များနေသည်။

**ဆိုဖွယ်တနည်း** အထူးသဖြင့် အဟိတ်တိရစ္ဆာန်ထဲမှ နဂါး မျိုးကိုသာဖော်ပြီး ကျန်အရေးပါသော တိရစ္ဆာန်တို့ကို မဖော် ခြင်းမျိုး၊ အသက်မွေးမှုကိုပါ အရေအတွက် အကန့်အသတ် ထားခြင်းမျိုးတည်း။

ထိုခေတ်က ဆင်မြင်းဟူသော သတ္တဝါတို့သည် လူတို့အတွက် အလွန်အသုံးဝင်၏။ မင်းထိုက်စိုးထိုက် ဖြစ်၏။ အဘယ့်ကြောင့် ဤတိရစ္ဆာန်တို့ကို မဖော်သနည်း။ တောများသနင်း ခြသေ့်မင်း ဆိုသော စကားလည်း ရှိ၏။ မင်းစိုးရာဇာတို့ ဥယျာဉ်ကစား ထွက်ရာ၌ လက်တွဲစမ်းခံရသော သခင်များကိုလည်း သူ ရေတွက် ရာ၌ ထည့်သွင်းမထားချေ။

စင်စစ် သူ၏ ယင်းအယူအဆများမှာ ကိုယ်ပိုင်အတွေးအခေါ် မှချည်း ပေါ်ထွက်လာဟန် မတူပေ။ ရှေးရှေး အဆိုအမိန့်မှ ထုတ်နုတ်ထားသည်နှင့် တူလေသည်။

အဖုကြီး ခုနစ်မျိုး၊ အဖုငယ် ခုနစ်ရာဟု သူက ဆို၏။ လူနှင့်နီးစပ်သော အကြောင်းများဖြစ်၍ ဤအဆိုအမိန့်က လူကြိုက်အောင်၊ လူတို့ မှတ်သားဖွယ်ဖြစ်အောင် ဖန်တီးထားသဖြင့် တော်သေးသည် ဆိုရပေမည်။ ထို့အတူ အိပ်မက် အရေအတွက် ပြဆိုချက်မှာလည်း လူတို့အဖို့ သို့လော သို့လော တွေးတော စိတ်ကူးယဉ်စရာ ဖြစ်ပေမည်။

မက္ခလိဂေါသာလသည် နိဂဏ္ဌနာဋပုတ္တထက် နှစ်နှစ်ခန့် စော၍ သာဝတ္ထိပြည်ဘက်တွင် ထင်ရှားသည်ဟု အခြားကျမ်းတို့၌ ဆိုကြောင်း သိရသည်။ (၁၂) သို့သော် မည်သည့်အချိန်ကမှ ကွယ်လွန်သည်ကိုမူ ကျွန်ုပ်အတွက် လက်လှမ်းမမှီသေး၍သော မသိ။ မတွေ့မိခဲ့ပေ။

**သူ့အကျင့်** မက္ခလိဂေါသာလ နေထိုင်ကျင့်သုံးပုံမှာ ပူရဏကဿပကဲ့သို့ ဝတ်လစ်စလစ်နေရုံသာ မကဘဲ အခြားအကျင့်များကိုပါ အခါအားလျော်စွာ ကျင့်သည်ဟု တွေ့ရသည်။

ဝတ်လစ်စလစ်နေခြင်းဖြင့် ရအပ်သောဆင်းရဲဒုက္ခကို ရှေ့ပိုင်း၌ ပြပြီးဖြစ်၏။ ဤ၌ မက္ခလိဂေါသာလအဖို့ အဟေတုကဝါဒကို လက်ကိုင်ထားသော်ငြားလည်း သူကိုယ်တိုင်ဝရင်း၊ တပည့်များအားရင်း၊ထို့ထက်ပင်ပန်းဆင်းရဲအောင် ကျင့်ခြင်း၊ ကျင့်စေခြင်းတို့မှာ နားမလည်နိုင်အောင် ရှိရသည်။ အောက်ပါတို့ကို ရှုပါကုန်။ (၁၃)

"လွတ်လပ်စွာ ကျင့်ခြင်း (မတ်တပ် ဆီးဝမ်းသွားခြင်း)၊ မစင်ကျင်ကြီးကို လက်ဖြင့်သုတ်သင်ခြင်း၊ ခေါ်ယူ၍လောင်းသော ဆွမ်းကို မခံခြင်း၊ ရပ်ပါဦးဟုပြော၍ လောင်းသောဆွမ်း၊ မရပ်မီက လောင်းတော့မည့် ဆွမ်း၊ ရည်စူးဆွမ်း၊ ပင့်ဖိတ်ဆွမ်း၊ အိုးမှ

ကော်၍ လောင်းသောဆွမ်း၊ တောင်းမှကော်၍ လောင်းသောဆွမ်း၊ တံခါးခုံ၊ တုတ်၊ ကျည်ပွေ့ ခြား၍ လောင်းသောဆွမ်း၊ နှစ်ယောက်စားသောက်နေစဉ် ထလောင်းသောဆွမ်း၊ ကိုယ်ဝန်ဆောင်၏ဆွမ်း၊ နို့တိုက်ဆဲမိန်းမ၏ဆွမ်း၊ ယောကျ်ားနှင့်နှီးနှောသော မိန်းမ၏ဆွမ်း၊ ဆော်အောစုဆောင်း၍ လောင်းသောဆွမ်း၊ ခွေးမျှော်နေရာမှဆွမ်း၊ ယင်အုံဆွမ်း တို့ကို မခံခြင်း၊ ငါးအမဲမစားခြင်း၊ သေရည်မသောက်ခြင်း၊ ဖွဲ၌မြှုပ်ထားသောဆေးရေကို မသောက်ခြင်း၊တအိမ်၌သာဆွမ်းခံ၍တနပ်သာ စားခြင်း၊ နှစ်အိမ်၊ သုံးအိမ် စသည်မှ ခုနစ်အိမ်သာဆွမ်းခံ၍ နှစ်လုတ်သုံးလုတ်မှ ခုနစ်လုတ်ထိသာ စားခြင်း၊ တရက်ခြားမှ ခုနစ်ရက်ခြားထိ စားခြင်း၊လခွဲတိုင်အောင် ဤသို့ကျင့်ခြင်း''တို့ ဖြစ်သည်။

ဤအကျင့်များအနက် သေရည်မသောက်ခြင်းစသည့် အကျင့်အနည်းငယ်မှအပ ကျန်အကျင့်များတွင် ပြင်းထန်လှသည်ကို တွေ့ရပေမည်။ ဘုရားသာသနာ၌ ဓုတင်(၁၃)ပါးထက်ပင် ပြင်းသေးသည် (၁၄)။

ကံကို ရင့်ကျက်အောင်ပြု၍ မရဟုဆိုသူက အကျင့်တရားဖြင့် ဤမျှကျင့်ရလေသလောဟူ၍ ဆိုစရာဖြစ်နေသည်။ လူကြည်ညိုအောင် ကိုယ်တုံးလုံးနေပြရုံဖြင့်ပင် တော်လောက်ပြီ ထင်သည်။ သို့သော် ဤအကျင့်မျိုးကိုကျင့်ရာမှ တခါတရံ ကောင်းကောင်းစားသည်ဟုလည်း တွေ့ရ၏ (၁၅)။

ယင်းသို့ ပြုမူခြင်းသည် သူ့ဝါဒနှင့်ကိုက်ညီပါစဟု မေးသူရှိငြားအံ့၊ သူ့ဝါဒအတိုင်းပင် ကိုယ်ပြုချင်၍ ပြုသည်မဟုတ်၊ သဘာဝကဖန်တီးနေ၍ ဖြစ်သည်ဟု ဖြေလိမ့်မည် ထင်သည်။ မည်သို့ပင်ဆိုစေ ဗုဒ္ဓဘာသာဝင်တို့အဖို့မူ သူသည် အပြောနှင့်

အလုပ်မညီသူဖြစ်သည်။ပြောသလိုသာဆိုလျှင် သူက ထိုပြင်းထန်သော အကျင့်မျိုးကို ကျင့်ရန် မလိုပေ။ယင်းသို့ကျင့်ပြမှ လူပို ကြည်ညိုပြီး ဘက်တော်သား များလာလိမ့်မည်ဟု သူ့အတင် မရောက်ပဲ နေမည်မဟုတ်၍သာ ကောင်းနိုးရာရာ ရွေးလုပ်နေဟန် တူပေသည်။

**နောက်ပိုင်းထိအောင်** မက္ခလိဂေါသာလ၏ အဆက်အနွယ် သည် မိလိန္ဒမင်းလက်ထက်အထိလည်း ရှိဆဲပင် ဖြစ်သည်ကို မိလိန္ဒပဉှာ၌ တွေ့ရ၏ (၁၆)။

မင်းကြီးကမေးသည်–ကုသိုလ်ကံ၊ အကုသိုလ်ကံ ရှိသလော။ ယင်းတို့၏ဝိပါက်(အကျိုး) ရှိသလော။

ဂိုဏ်းဆရာ၏အဖြေ- မရှိပါ။ မင်းမျိုးသေလျှင် မင်းမျိုး၌သာ ပြန်ဖြစ်ရသည်။ (ဇာတ်အထူး ခြောက်မျိုးအနက် တမျိုးမှ သေလျှင် ထိုတမျိုး တည်း၌သာ ပြန်ဖြစ်သည်)။

မေး- ယင်းသို့ဆိုလျှင် လက်ပြတ်သူသေပါက လက်ပြတ်ပင် ပြန်မွေးရမည်လော။

ဤအမေးကို ထိုဆရာက မဖြေနိုင်ခဲ့ပေ။ သူ့ဝါဒအတိုင်းဆိုလျှင် မေးခွန်းကို ဆန့်ကျင်၍ မဖြေနိုင်။ မဆန့်ကျင်ဘဲ ဖြေသော်မူ အကြောင်းပြရဦးမည်။ အကြောင်းပြ၍ ဝါဒနှင့်ဖီလာမဖြစ်အောင် ပြတတ်ဟန် မတူချေ။

ထေရဝါဒီကျမ်းဂန်တို့၌ မက္ခလိဂေါသာလသည်ရင်း၊ယင်း၏ တပည့်များသည်ရင်း၊ ဂိုဏ်းအစဉ်အဆက်သည်ရင်း၊ သာသနာ့ ဘက်တော်သားတို့ထံ ဝါဒတင်သည်ဟု မတွေ့မိသေးချေ။ သူတို့

ဝါဒလာ သတ္တဝါအရေအတွက် စသည်ကိုလည်း တိုက်ရိုက်ချေပဖြေဆိုချက်ဟူ၍ မတွေ့ဘူးပေ။ ဤမျှနှင့်ပင် တခန်းရပ်ရပေမည်။ တန်ခိုးပြမည်ဟု ပြောသူထဲ၌ မက္ခလိဂေါသာလ ပါ မပါ၊ သာသနာတော်ကို နည်းအမျိုးမျိုး နှောင့်ယှက်မှုများတွင် ဖော်ပြခဲ့သော ယုတ်မာမှုထဲ၌ ကြံရာပါ ဖြစ်မဖြစ်တို့မှာလည်း အတိအကျဆိုရန် ခက်လေသည်။ သို့သော် ဝါဒကြောင်းအားဖြင့် ဆုံးဖြတ်ရခဲ့ သူတကာကို မကောင်းမှုပြုချင်တိုင်း ပြုလုပ်ရန် တိုက်တွန်းထားသလို ရှိနေ၍ ပါသည့်ဘက်က အလေးသာပေလိမ့်မည်။

အမိန့်အဆိုတခုနှင့် ပတ်သက်၍လည်း 'မက္ခလိဂေါသာလပါဝင်မည်ဟု ခန့်မှန်းရပေသည်။

**ဘဝဟောဆရာတဖုံ** ဝစ္ဆဂေါတ္တပရိဗိုဇ်၏အမေးတွင် (၁၇)

"ဂိုဏ်းဆရာ (၆) ဦးက သူတို့တပည့်များ သေသောအခါ ဘယ်ဘဝမှာဖြစ်သည်ဟု ပြောကြကြောင်း၊ ရဟန္တာ ဖြစ်ပြီးသူလည်း ဘဝဆက်ဖြစ်ရသေး၏ဟု ပြောကြကြောင်း" ပါနေသည်။

မက္ခလိဂေါသာလသည် "မဟာကပ် ရှစ်သန်းလေးသိန်းကျင်လည်ပြီးမှ သတ္တဝါတို့ ဆင်းရဲကုန်မည်" ဟု ဆိုခဲ့သဖြင့် နောက်နောက်ဘဝရှိကြောင်းကိုမူ လက်ခံထားသည်။ ထို့ကြောင့် သူ့တပည့်များ၏ ဖြစ်ရာဘုံကိုသူလည်း "ရမ်းတုတ်" လုပ်ခဲ့ပေလိမ့်မည်။ ဤကား ဘုရားရှင်အား မတုပထိုက်ပဲ တုပနေခဲ့ခြင်းမျိုးတည်း။ သို့သော် သူတို့ကိုယ်သူတို့ ဘုရားဟုပင် ပြောဆို သမုတ်ထားကြသူများအဖို့ ဤမျှလောက် အဆိုအမိန့်ကို ထုတ်ဖော်ရခဲ့အတွက်လည်း အပြစ်ဟု မထင်ခဲ့သည်မှာ ဆန်းလှသည်မဟုတ်ပါပေ။

# အခန်း ၆ မှတ်စုများ

၁။ အင်္ဂု-ပ-ပြန်၊ ၃၀၇-၈၊ ကေသကမ္ဗလသုတ်။

(+) ဇာတ်ထူး (၆)မျိုး စသည့် ရှင်းလင်းချက် အစုံကို ဦးဇနကာဘိဝံသ၏ သာမညဖလသုတ် ဘာသာပြန်၌ တွေ့နိုင်သည်။

၂။ သုတ်သီလက္ခန် သာမညဖလသုတ်။

၃။ ဧင်း

၄။ -ဧင်း-နှင့် ဦးဇနကာဘိဝံသ၏ သာမညဖလသုတ် ဘာသာပြန်။

၅။ ဦးဇနကာဘိဝံသ၏ သာမညဖလသုတ် ဘာသာပြန်။

၆။ အင်္ဂု-ပ-ပြန်၊ နှာ ၄၆၇-၈။

၇။ အင်္ဂု-ပ-ပြန်၊ နှာ ၃၀၇-၈။ ကေသကမ္ဗလသုတ်။

၈။ ဒီဃနိကာယ်သံဂါ မေးဖြေ၊ နှာ ၄၆။

၉။ BS, စာမျက်နှာ ၇၃-၈၈။

၁၀။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် လေးလမြောက်၌ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်းကို အမှီပြု၍ ရှင်မဟာကဿပ အမှူးရှိသော ရဟန္တာ ငါးရာတို့ ပထမ သံဂါယနာ တင်တော်မူကုန်သည် (သာသနာလင်္ကာရ စာတမ်း ၁၂)။ ဆိုင်ရာ တာဝန်ယူကြသော ပုဂ္ဂိုလ်များအကြောင်းကို 2500 Years of Buddhism, ၃၈ ၌ရှု။

၁၁။ အင်္ဂု-ပ-ပြန်၊ နှာ ၃၀၇-၈၊ ကေသကမ္ဗလသုတ်၏ အဆိုကို ဤ၌ ဖော်ပြလိုရင်း ဖြစ်သည်။

၁၂။ BS, ၇၃-၈၈ အတွင်းတနေရာ၌ ဗုဒ္ဓဝါဒကျမ်းကိုးဖြင့် ပြထားခြင်း ဖြစ်သည်။

၁၃။ မူလပဏ္ဏာသ၊ စူဠသစ္စကသုတ်။

၁၄။ ဓုတင်-ဓုတင်္ဂ- ကိလေသာကို ခါပြီးသော ရဟန်း၏ အကြောင်းအင်္ဂါစသည်....။ ဝိသုဒ္ဓိမဂ် မြန်မာပြန် -ပ-၁၁၅။ဓုတင် (၁၃)ပါး ရှိသည်။ ၎င်းတို့မှာ-

၁။ ပံ့သုကူဓုတင်- စွန့်ပစ်သော အဝတ်အထည်ကို သင်္ကန်းအဖြစ် ဆောင်ခြင်း။

၂။ တေစီဝရိကဓုတင်- သင်္ကန်း သုံးထည်ကိုသာ ဆောင်ခြင်း။

၃။ ပိဏ္ဍပါတ်ဓုတင်-ဆွမ်းခံ၍သာ စားခြင်း။

၄။ သပဒါန စာရိကဓုတင်-အိမ်စဉ်မပြတ်သောနည်း ဖြင့်သာ ဆွမ်းခံခြင်း။

၅။ ကေသနိက်ဓုတင်-တထိုင်တည်းသာ စားခြင်း။

၆။ ပတ္တပိုင်ဓုတင်- အပိုခွက် မသုံးဘဲ သပိတ်ထဲမှ ဆွမ်းကိုသာ စားခြင်း။

၇။ ခလုပစ္ဆာဘတ္တိကဓုတင်-တန်ပြီဟု ပြောပြီးလျှင် ထပ်မံ မစားတော့ခြင်း။

၈။ အရညကင်ဓုတင်-တော၌သာ နေခြင်း။

၉။ ရုက္ခမူဓုတင်-သစ်ပင်ရင်း၌သာ နေခြင်း။

၁၀။ အဗ္ဘောကာသိကဓုတင်- လွင်တီးခေါင်၌သာ နေခြင်း။

၁၁။ သောသာနိကဓုတင်-သုသာန်၌ နေခြင်း။

၁၂။ ယထာသန္တတိကခုတင်–လက်ဦးညွှန်သော အိပ်ရာနေရာ၌သာ နေခြင်း။

၁၃။ နေသဇ္ဇိကခုတင်– ထိုင်လျက် ကျင့်သုံးနေခြင်း (မအိပ် မလျောင်းနေခြင်း)
(ဝိသုဒ္ဓိမဂ် မြန်မာပြန်- ၁၁၁ မှ ၁၅၂ အထိ ယင်းတို့၏ အကျယ်ပါသည်။ PP ၌လည်း ဓုတင်္ဂနိဒ္ဒေသပိုင်း၌ အလားတူ အင်္ဂလိပ်ဘာသာပြန် ရှိသည်)။

၁၅။ စူဠသစ္စကသုတ်၌ပင် ပါဝင်သည်။

၁၆။ မိလိန္ဒပဉှာ-နှာ ဂ။

၁၇။ သံယုတ်သံဂါ မေးဖြေ ဒု- ကုတူဟလသာလာသုတ်၊ နှာ-၂၁၅။

# အဇိတကေသကမ္ဗလ၏ဝါဒ

**ယူပုံဆပုံ** အဇိတကေသကမ္ဗလ၏ ဝါဒမှာလည်း သာမည ဖလသုတ်လာ အဇာတသတ်မင်း၏ ရဟန်းပြုရခြင်း အကျိုးကို မေးရာ၌ ဖြေဆိုထားချက်အရ အောက်ပါအတိုင်း သိရပေသည်။

“မင်းကြီး၊ ပေးလှူခြင်းဖြင့် အကျိုး မရှိ။ အလှူကြီးပေးခြင်း အတွက် အကျိုး မရှိ။ အနည်းငယ်လှူဒါန်း၍လည်း အကျိုး မရှိ။ ကောင်းမှု မကောင်းမှုဟူသမျှ အကျိုးဝိပါက် မရှိ။ ဤလောက မရှိ။ အခြားသောလောကတပါးလည်း မရှိ။ အမိကိုကောင်းမှု ပြုခြင်း၊ စော်ကားခြင်းတို့အတွက် အကျိုးအပြစ်ဟူ၍ မရှိ။ အဖကို ကောင်းမှုပြုခြင်း၊ စော်ကားခြင်းတို့အတွက် အကျိုး အပြစ်ဟူ၍ မရှိ။ သတ္တဝါသည် သေလျှင် တဖန် ပြန်၍ မဖြစ်။ သူတော်ကောင်း သူမြတ်လောင်း၊အရိယာမဂ်ကို ဆိုက်ရောက်သူ၊ တဖန် ဟောကြားပြောဆိုနိုင်သူ ဟူ၍လည်း မရှိ” ဟူသတည်း။

သမ္မာဒိဋ္ဌိ-၂၀-မှ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ (၁၀) ပါးကို ဖြောင့်ဖြောင့်ဆန့်ကျင်နေသော အယူဝါဒ ဖြစ်လေသည်။ ဟိုအရာ လည်း မရှိ၊ သည်အရာလည်း မရှိ စသဖြင့် မရှိစကားလုံး နောက်ဆက် ပြဆိုသောဝါဒ ဖြစ်သောကြောင့် နတ္ထိကဝါဒဟု အမည်တပ်ခံရလေသည်။ (၁) တဖန်လည်း ရှုပါဦး။

“သတ္တဝါသည် မဟာဘုတ်လေးပါး အစုအဝေး ဖြစ်သည်။ သတ္တဝါသေလျှင် ကိုယ်ခန္ဓာမှ မြေဓာတ်သည် ပြင်ပမြေဓာတ် အစုသို့ ပြန်ပေါင်းသွားသည်။ ထို့အတူ ရေ၊ မီး၊ လေ၊ ဓာတ်တို့လည်း ဆိုင်ရာအစုသို့ ပေါင်းမိသွားသည်။ နာမ်ဟူ၍ခေါ်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်အားဖြင့် သိသည့်အသိ (၆)ပါးသည် ကောင်းကင်သို့ ပြောင်းရွှေ့ တည်ကုန်သည်။.... သတ္တဝါသည် သေလျှင် သချိုင်းသာ အဆုံး ရှိ၏။သေပြီးနောက်၌ အဆက်ပြတ်သွားတော့သည်။ ထို့ကြောင့် အလှူပေးခြင်းကို ပညတ် ဟောကြားသူတို့မှာ မိုက်သူသာ ဖြစ်သည်။ (၂) ဤသို့ ဆက်လက်ပါရှိသော ဝါဒတည်း။

**ပြတ်စဲကြီး** ထိုအဆိုကြောင့် ပါဠိတော်မြန်မာပြန်နှင့် သံဂါယနာ အမေးအဖြေတို့၌ (၃) ဤဝါဒကို ဥစ္ဆေဒဝါဒ-ပြတ်စဲဝါဒဟု ဆိုသည်။

နတ္ထိကဝါဒအဖြစ်ကို ထိုတိတ္ထိကြီးက အလှူစသည်၏အကျိုးဝိပါက်မရှိကြောင်း၊ ဘဝအဆက်ဆက် မရှိကြောင်းတို့ကို ပြဆိုထားချက်၌ နားလည်နိုင်သည်။ သေလျှင် ဘဝသည် ဆက်လက်မဖြစ်တော့ဟု ဆိုသော အချက်ကြောင့်လည်း ပြတ်စဲအယူဝါဒ ဖြစ်ရသည်။

ပေးလှူကျိုး စသည် မရှိဟုဆိုရာမှ အမေးရှိ၍ ဘဝအဆက်ဆက် ပြဿနာပေါ်လာသဖြင့်၊ ဘဝဆက်၍ မဖြစ်သောအဖြေမျိုး ထွက်လာသည်ဆိုလျှင် နတ္ထိကသဘောသည် အဓိက ကျနေမည်။ သေလျှင် ဘဝဆက်၍ မဖြစ်သည့်အတူတူ ပေးလှူခြင်း စသည်၏ အကျိုးဝိပါက်လည်း မရှိနိုင်တော့ဟု ယူလျှင်မူ ဥစ္ဆေဒသဘောက အဓိက ကျပေမည်။

**ကံမဲ့နေသည်** အဇိတကေသကမ္ဗလသည် ရုပ်ဝါဒီဖြစ်ကြောင်း၊ သတ္တလောက၌ နာမ်တရားမရှိဟု ဆိုရာရောက်ကြောင်းတို့ကိုလည်း ဒီဃနိကာယ် သံဂါယနာ အမေးအဖြေ၌ အတိအလင်း ဆိုထား၏။ (၄) ထို့ပြင် ရှေ့ကပြဆိုခဲ့သော တိတ္ထိကြီး နှစ်ဦးကဲ့သို့ပင် အဇိတ ကေသကမ္ဗလသည်လည်း ကံ၊ ကံ၏ အကျိုးကို လက်မခံသူတည်း။ အကျိုးမရှိ ဟူသောစကားဖြင့် အကျိုးကိုပယ်သဖြင့် အကြောင်းကံများလည်း အကျိုးပေးနိုင်သောသတ္တိ မရှိဟု ပယ်ရာရောက်ကြောင်း သိရသည်။ (၅) သို့ဖြင့် ဤတိတ္ထိကြီး သုံးဦးစလုံး၏ ဝါဒများသည် ကံမဲ့ဝါဒများလည်း ဖြစ်သည်ဟု ယူလျှင်၊ ပြောဆိုလိုလျှင်၊ မှတ်သားလိုလျှင် အမှတ်မှားသည်ဟု မဝေဖန်နိုင်ပေ။

သို့သော် ဆိုင်ရာဆိုင်ရာ ဝါဒအသီးသီးတွင် ထူးကဲချက်ကလေးများ ပေါ်နေသောကြောင့် တခုကို အခြားတခုနှင့် ကွဲပြား ခြားနားစွာ မှတ်ယူနိုင်အောင်၊ ဝါဒရေးကိစ္စ တိတိကျကျလည်း စွဲပိုက်သွားလေအောင်၊ ပူရဏကဿပ၏ဝါဒကို အကိရိယဝါဒ၊ မက္ခလိဂေါသာလ၏ဝါဒကို အဟေတုကဝါဒ၊ အဇိတကေသကမ္ဗလ၏ ဝါဒကို ဥစ္ဆေဒဝါဒ (ဝါ) နတ္ထိကဝါဒဟု ကျမ်းဂန်အလိုအတိုင်း အမည် သီးခြားထား၍ မှတ်ယူခြင်းက ပိုမိုသင့်မြတ်ပါသည်။

**ချောက်ချားစရာ** ယင်းဝါဒသုံးပါးကို ယှဉ်၍ကြည့်မိလျှင် ကြည့်သူအား ဖြုန်းကနဲ ချောက်ချားသွားစေမည့် ဝါဒကား အဇိတကေသကမ္ဗလ၏ဝါဒသာ ဖြစ်နေသည်။ လောက၌ သူတော်ကောင်း သူမြတ်လောင်းပင်မရှိဟု ဆိုထားခြင်းသည် ဘုရားရဟန္တာကလျာဏ ပုထုဇန်တို့အားပါ စော်ကားရာရောက်

သည်ဟု ဆရာတော် ဦးဇနကာဘိဝံသက ဆိုသည်။ (၆) လူပြိန်းများ အဖို့မူ အမိအဖတို့အား ပြုသော ကောင်းမှု၏ အကျိုးအပြစ်ဟူ၍ မရှိဆိုသောစကား၊ ဤလောက မရှိဟူသော စကားမျိုးမှာလည်း ကြောက်ခမန်းလိလိ ဖြစ်နေသည်။

အသေအချာ စီစစ်လျှင်မူကား သုံးမျိုးစလုံးပင် မဟုန်ကြောင်းတွေ့ရ၏။

သို့သော် ဂိုဏ်းဆရာလည်းလုပ်ပြီး သူတော်ကောင်းမရှိ၊တရားကောင်းဟောပြနိုင်သူမရှိဟု ဆိုခြင်းမှာ ဆိုးရွားလှသည်။ သူ့တပည့်များက သူ့ကိုပါ သူတော်ကောင်းမဟုတ်ဟု စွဲယူခြင်းမရှိ၍သာ ကိုယ့်ဂိုဏ်းနှင့်ကိုယ် ထင်ပေါ်နေပေတော့သည်။ စင်စစ်သူတော်ကောင်း မရှိဟု ဆိုခြင်းသည် သူမှလွဲ၍ အခြားမရှိဟု ဆိုချင်ဟန်တူသည်။ လူဆိုသည်မှာလည်း အစားစားရှိခဲ့၊ ရှိဆဲ၊ ရှိလတ့်သာ ဖြစ်သဖြင့် သူ့ဝါဒထဲမှ တချက်တလေကိုရင်း၊ တချက်ထက်ပို၍ရင်း၊ စွဲလမ်းစရာတွေ့နေသူတို့မှာ ယင်းသို့သော အပြောအဆိုမျိုးကိုပင် ရောမဥာဏ်ကြီးရှင်၏ ဩဝါဒထူးသဖွယ် သဘောထားနေကြပေလိမ့်မည်။

**သူလဲမသက်သာနိုင်** အဇိတကေသကမ္ဗလသည် ဆံခြည်မျှင်နှင့်ယက်လုပ်ထားသည့်အဝတ်၊ ဘုရားရှင်အလိုသော် ယုတ်ညံ့ဆုံး အဝတ်ကို ဝတ်သူဖြစ်သည်။ ကိုယ်တုံးလုံးတိတ္ထိ မဟုတ်ချေ။ သို့သော် ထိုအဝတ်ဖြင့် ပိုးမွှားမှက်ခြင်ဘေး အတော်အတန် လုံခြုံစေကာမူ ပူသောရာသီ၌ အလွန်ပူ၊ အေးသောရာသီ၌ အလွန်အေးသော သဘောရှိသည့် လူဆံခြည်မျှင်အဝတ်၏ သဘာဝကြောင့်၊ ရာသီဒဏ်ကို ဝတ်လစ်စလစ် တိတ္ထိကြီးများနှင့်မခြား ခံရမည့်

အတွက် ကိုယ့်ကိုယ်ကို ပင်ပန်းအောင်ပြုသူစာရင်းထဲတွင် သွင်းနိုင်ပြန်လေသည်။

**ဒိဋ္ဌိရာဂ** မရှိ၊ မရှိ၊ မရှိ ဆိုသော ဟောပြောချက်အရ ရှိရင်းစွဲ အယူအဆတွေကို ငြင်းပယ်လိုဟန်လည်း တူသည်။ သူတပါး စကားကို ငြင်းရကောင်းစေ သဘောထား၍ တီထွင်လိုက်သည့် ဝါဒဟု ဆိုနိုင်မည်လောမသိ။ သို့သော် သူ့အဖို့ ကိုယ့်ဝါဒကိုယ်စွဲယူပြီး အကျောက်အကန်သာ ငြင်းမည်ဆိုလျှင် ဒိဋ္ဌိရာဂကို အကြောင်းခံ၍ နေပေလိမ့်မည်။

"ပုဏ္ဏား၊ မင်းမျိုး၊ ပုဏ္ဏားမျိုး သူကြွယ်မျိုးထဲမှ အိမ်ရာထောင်သော လူ့ဘောင်၌ နေသူတို့၏ ငြင်းခုံခြင်းသည် ကာမရာဂဟူသော ကာမဂုဏ်ငါးပါးကို အကြောင်းပြု၍ ဖြစ်သော တပ်မက်ခြင်းရာဂကြောင့် ဖြစ်ရသည်။ ရဟန်း (စသူတို့) ငြင်းခုံကြသည်မှာ ဒိဋ္ဌိရာဂဟူသော (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိကို အကြောင်းပြု၍ ဖြစ်သော တပ်မက်ခြင်းကြောင့် ဖြစ်ရသည်" (၇) ဟူသော ပုဏ္ဏားတဦးအား ရှင်မဟာကစ္စည်း၏ ဟောကြားချက်ကို ထောက်ရှုရာသည်။

**ရေငုံနေထင့်** မည်သို့ပင်ဖြစ်စေ၊ အဇိတ ကေသကမ္ဗလသည် မိမိနှင့်ဝါဒမတူသူများနှင့် စကားစစ်ထိုးသည်ဟုကား မတွေ့ရဘူး၍ လူတို့၌ ရှိရင်းစွဲအယူကို ပယ်ဖျောက်ပစ်ချင်ပုံပေါ်ကြောင်းကို ခန့်မှန်းရုံသာခန့်မှန်းနိုင်လေသည်။

သူ့နောက်ကြောင်း ရာဇဝင်ကိုကြည့်လျှင် ကျွန်အဖြစ်မှ ပရိဗိုဇ်ဝတ်သူတည်း။ ကျွန်ဘဝမှ လွတ်မြောက်အောင် ပြေးလာသော်လည်း အသက်မွေးဝမ်းကျောင်း ခက်ခဲသဖြင့် ပရိဗိုဇ်လုပ်ကာ လှည့်လည်နေရာမှ ဂိုဏ်းဆရာဘဝရောက်ခဲ့ခြင်း ဖြစ်သည်။

**စဉ်းစားဖွယ်** ဝါဒတီထွင်ရာတွင် ရှေးနှစ်ဦးက အလျင်ကျနှင့် နေပြီးဖြစ်ဟန် တူ၏။ ထို့ကြောင့် သူက သူများထက်ထူးချင်၊ ထင်ရှားစေချင်သဖြင့် ရှင်းရှင်းကြီးပင် ပေးလှူကျိုးမရှိစသဖြင့် ဆိုလိုက်ဟန်တူပေသည်။ သို့မှမဆိုလျှင် ရှေးနှစ်ဦးနှင့်တူသယောင် ယောင် ဖြစ်နေမည်ကိုလည်း စိုးပေလိမ့်မည်။

သူ့တပည့်များသေလျှင် ဘယ်ဘုံရောက်သည်ဟု သူပြောမည်နည်း။ ရှေ့အခန်း၌ဆိုခဲ့ စကားအရ(၈) ဝစ္ဆဂေါတ္တ ပရိဗိုဇ်သည် တိတ္ထိကြီး(၆)ဦးစလုံးက တပည့်သားများ အဘယ်ဘုံသို့ ရောက်ကြသည်ဟု ပြောကြောင်း ဆိုလိုရင်းရှိနေသည်။ ဤသို့ ပြောသူထဲတွင် အဇိတကေသကမ္ဗလသာပါလျှင် သူကမူ သေသွားသူ သူ့တပည့်များကို ''မြေကြီးထဲသာရောက်သည်''ဟု ဆိုမည်ပင် တည်း။ဤသည်ကိုရည်၍ ခြုံပြီး တိတ္ထိကြီး(၆)ဦးစလုံးဟု ပြောခြင်း ဖြစ်ပေမည်။ သို့မဟုတ်က ထင်ပေါ်ကျော်ကြားနေသူများ ဖြစ်၍ တဦးအကြောင်း၊ တချို့အကြောင်းပြောရာတွင် တပြိုင်နက်တည်း တစုတည်း ဆိုခြင်းလည်း ဖြစ်ပေမည်။

သတ္တဝါသည် အဘယ့်ကြောင့် ဖြစ်လာရသနည်းဟု မေးလျှင်လည်း ရုပ်ဝါဒီပီပီ မိဖသုတ်သွေးကြောင့်သာ ဖြစ်သည်ဟု ဖြေလိမ့်မည် ထင်သည်။ သတ္တဝါသည် ဓာတ်လေးပါးအစု၊ သတ္တဝါသေလျှင် ကိုယ်မှ ဓာတ်လေးပါးသည် ပြင်ပဓာတ်လေးပါး ဖြင့် ဆိုင်ရာဆိုင်ရာ ပေါင်းသည်။ နာမ်ဣန္ဒြေလည်း ထို့အတူ ကောင်းကင်၌ တည်သည်။ အမိအဖအပေါ် ကောင်းမှုပြုခြင်း၊ ပြစ်မှားခြင်းတို့အတွက် အကျိုးဝိပါက်မရှိ ဟူသောစကားများကို ထောက်ရှုဆင်ခြင်ရာသည်။

**ဝေဖန်စကား** အဇိတ ကေသကမ္ဗလသည် ''ပျော်ပျော်နေ သေခဲ''အဖြစ်မျိုးကို ပြလိုဟန်တူ၏။ နကိုယ်က မလွတ်မလပ်နေခဲ့ ရပြီး လွတ်မြောက်အောင် ရုန်းပြန်တော့လည်း အသက်မွေးမှု ခဲယဉ်းသဖြင့် လူတို့ထံ လောကဓမ္မတာကို ကြပ်တည်းလှသည်ဟု အပြစ်မြင်ပေလိမ့်မည်။ သခင်ကို မရိုသေချင်အောင် ဖြစ်ရသည့် သူ့အကြောင်းခံကလည်း ရှိပေမည်။ ဤတွင် လွတ်လွတ်လပ်လပ် ကြီး နေချင်သလိုနေနိုင်ရေးအတွက် လမ်းညွှန်ပေးသည့် ဝါဒမျိုး ထွက်ပေါ်အောင် ဖန်တီးလိုက်မှ တော်ကာကျမည်ဟု မထင်ဘဲ မနေနိုင် ရှိပေလိမ့်မည်။

သို့တည်းမဟုတ် သူကဲ့သို့ ကျွန်ဘဝ၌ နေခဲ့ရသူတို့အား ငဲ့ညှာ သော အားဖြင့် ထွက်ပေါက်ပေးလိုဟန်ရှိသည်ဟုလည်း တွေးထင် နိုင်ကောင်းသည်။

မည်သို့ပင်ဖြစ်စေ ဤအပြောအဟောမျိုးဖြင့် ထွက်ပေါက် ပေးခြင်း၊ ပျော်ရွှင်အောင်ပြုခြင်းတို့ကား ဗုဒ္ဓဝါဒအရ ဓမ္မန္တရာယ် ကြီးပင်တည်း။

သူ၏ နတ္ထိကဝါဒ(ဝါ) ဥစ္ဆေဒဝါဒသည် မိစ္ဆာဒိဋ္ဌိ (၆၂)ပါး လာ ဥစ္ဆေဒဝါဒခုနစ်ပါးထဲမှ ပထမဆုံး ဝါဒနှင့် အံကိုက်နေပေ သည်။ တပါးသောလောက၊ တပါးသောဘုံမရှိဟုဆိုထားသဖြင့် နောက်နောက်ဥစ္ဆေဒဝါဒသမားများနှင့်ကား မတူနိုင်တော့ပေ။ ဤတဘဝပြီးလျှင် ဘဝပြတ်ရသည်ဟု ယူဆခဲ့သည်မဟုတ်ပါ လော။

သာသနာတော်အား နည်းအမျိုးမျိုးဖြင့် တိုက်ရိုက်ယုတ်မာစွာ နှောင့်ယှက်မှုများအတွက် သူနှင့်သူ့တပည့်များ ပါနိုင်မပါနိုင်' အတိအကျ မဆိုဝံ့သော်လည်း သူ့ဝါဒစွဲမျိုးမှာ အပြစ်ကို

မကြောက်စေသော ဝါဒစွဲမျိုးဖြစ်သဖြင့် မပါနိုင်ဟုဆိုသည်ထက် ပါနိုင်သည့်ဘက်တွင်ပင် မဲသာနေပေလိမ့်မည်။

## အခန်း ၇ မှတ်စုများ

၁။ BD ၄၀။ ဦးဇာနကာဘိဝံသ၏ သာမညဖလသုတ်ဘာသာပြန်။ အဇာတ၏ အဖြေကိုလည်း သုတ်သီလက္ခန် သာမညဖလသုတ်၌ပင် တွေ့နိုင်သည်။

၂။ သုတ်သီလက္ခန် သာမညဖလသုတ်။

၃။ ဒီဃသံဂါ မေးဖြေ-နှာ-၃၆။

၄။ ၎င်း ၃၆။

၅။ ဦးဇာနကာဘိဝံသ၏ သာမညဖလသုတ်ဘာသာပြန်။

၆။ ၎င်း။

၇။ အင်္ဂု-ပ၊ နှာ-၇၉။

၈။ သံယုတ်သံဂါ မေး ဖြေ-ဒု၊ ကုတူဟလသာလာသုတ်လာ စကားရပ်ကို အခန်း ၆-၌ ပြခဲ့ပြီး ဖြစ်သည်။

၈

# ပကုဓကစ္စာယန၏ ဝါဒ

**သူ့အမြင်** အဇာတသတ်မင်းသည် ရဟန်းပြုရခြင်း၏မျက်မှောက်အကျိုးကျေးဇူးကို တိတ္ထိကြီးသုံးဦးအား မေးမြန်းပြီးနောက် အဖြေမှန်မရသဖြင့် စတုတ္ထမြောက် တဖန် ပကုဓကစ္စာယနအား သွားရောက်မေးမြန်းပြန်ရာ ပကုဓကစ္စာယနကလည်း သူ့ဝါဒကိုသာ ပြန်လည်ပြောကြားခဲ့လေသည်။ (၁)

''မင်းကြီး၊ မြေအစု၊ ရေအစု၊ မီးအစု၊ လေအစု၊ ချမ်းသာအစု၊ ဆင်းရဲအစု၊ အသက်အစု- ဤခုနစ်ပါးသည် ပြုထားခြင်းမဟုတ်။ ပြုလုပ်ထားစေသည် မဟုတ်။ ဖန်ဆင်း၍ မထား။ တောင်ထိပ် တောင်ထွတ်တို့သည် ဘယ်သူမှ မပြုမပြင်ဘဲ အထွတ်အထိပ်ဖြစ်ရဘိသို့ ဤခုနစ်ပါးသည်လည်း ဤအတိုင်း ရှိနေသည်။ ခိုင်မြဲသောတံခါးတိုင်ကဲ့သို့ တည်သည်။ မတုန်လှုပ်နိုင်။ မဖောက်ပြန်။ ဤခုနစ်ပါးသည် အချင်းချင်း မညှဉ်းဆဲနိုင်ချေ။ အချင်းချင်း ချမ်းသာအောင်လည်း မပြုနိုင်ချေ။ သတ္တဝါတဦးတယောက်ကို သတ်သည်ဟုဆိုရာ၌ စင်စစ် ထိုအစုတို့အကြားသို့ လက်နက်ကျရောက်ခြင်းသာ ဖြစ်သည်။ ဘယ်သူက ဘယ်သူ့ကိုမှ မသတ်နိုင်။ သတ်သည် မမည်''

ဤဝါဒကို ထပ်မံရှင်းလင်းသော်ကား–

မြေစု၊ ရေစု၊ မီးစု၊ လေစု၊ ချမ်းသာစု၊ ဆင်းရဲစု၊ အသက်စု- ဤခုနစ်ပါးသည် ဘာကိုမျှ မဖြစ်စေနိုင်။ အမြဲဖြစ်သည်။ မည်သူမှ

ပြုလုပ်ဖန်ဆင်း၍ထားသည်လည်း မဟုတ်ဘဲ သူ့အလိုလို ဖြစ်တည် နေကြသည်။ ခိုင်မြဲစွာ တည်နေကြသည်။ နဂိုရှိသဘောမှ ရွေ့လျော လှုပ်ရှားခြင်း မရှိကုန်။ ဖောက်ပြန်ပြောင်းလဲခြင်း မရှိကုန်။ ဖောက်ပြန်ပြောင်းလဲအောင်လည်း ဘယ်သူမှ မတတ် နိုင်။ အချင်းချင်းလည်း မတတ်နိုင်ကုန်။ ထိုခုနစ်ပါးသော ''ကာယ''တို့၌ သတ်နိုင်သူလည်း မရှိ။ အသတ်ခိုင်းသူလည်း မရှိဟူ၍တည်း။ (၂)

အဇိတကေသကမ္ဗလ လက်သစ်ဟုများ ဆိုရမည်လောမသိ။ မက္ခလိဂေါသာလကဲ့သို့လည်း သဘာဝကို ပုံချထားခဲ့သည်။ မဟာကပ် အပိုင်းအခြားစသည် မပါ၍သာ တမျိုးထူးနေ၏။

**ဝိနည်းတတ် ကြက်သတ်** ကျမ်းဂန်အဆိုအရ ဤဝါဒသည် လည်း ကြက်သရေကင်းမဲ့သော၊ အကျိုးမဲ့ကိုညွှန်သော ကြောက် စရာ့ဝါဒပင် ဖြစ်လေသည်။ (၃) ကောင်းမှုမကောင်းမှု၏ အကျိုးအပြစ်တို့ကို ပယ်ထားသော ယင်းဝါဒကို အဘယ်မှာလျှင် ဗုဒ္ဓဝါဒလာ သမ္မာဒိဋ္ဌိ ၂၀ နှင့် ယှဉ်ဟပ်၍ ရပါတော့မည်နည်း။ ဝိနည်းတတ် ကြက်သတ်ဟူသော စကားကဲ့သို့ အတတ်ကြူးပြီး အထူးတီထွင်ထားခဲ့ဟန် ရှိပေသည်။

**ထင်မြင်ချက်** ပကုဓကစ္စာယနသည် ရှေ့တိတ္ထိကြီးသုံးဦးကဲ့သို့ ကျွန်ကား မဟုတ်သလို ထင်ရသည်။ အမိပစ်သား အဖြစ်မှ ကောက်ယူမွေးစား စောင့်ရှောက်သူ ရှိခဲ့စေကာမူ ကံမကောင်း အကြောင်းမလှ၍ မွေးစားဖခင် ကွယ်လွန်ရာတွင် မိတဆိုးသာ မက ဖတဆိုးပါ ဖြစ်ခဲ့ရသည်။ မွေးစားသူက ချောင်ချောင် လည်လည် ဖြစ်ဟန်မတူ။ ထို့ကြောင့် တဲယောက်ထီးတည်း အကျန်ထွင် အသက်မွေးမှု ခက်လာသည်နှင့် ပရိဗိုဇ်လုပ်ခဲ့သော

ပကုဓကေစ္စာယနအဖို့ ဘဝကို စိတ်နာနာနှင့် ဥာဏ်နီဥာဏ်နက်ထွက်လာဟန် တူပေသည်။

**အကဋ္ဌ** ဤဝါဒအတွက် ကျမ်းဂန်၌ အဘယ်အမည်ထူးရှိမည်နည်းဟု ရှာဖွေမိသော်လည်း လက်လှမ်းမှီသမျှ ကျမ်းတို့တွင်မတွေ့ရချေ။ သို့သော် ဆရာတော် ဦးဇနကာဘိဝံသက အမည်ပေးထား၍ တင်ပြစရာ ရှိပေသေး၏။ ပေးထားသောအမည်မှာ အကဋ္ဌဝါဒ ဖြစ်လေသည်။ (၄) ကာယ ခုနစ်ပါးကို ဘယ်သူမှမပြုလုပ် မဖန်ဆင်း မဖျက်ဆီးနိုင်ဟု ယူဆသည့်ဝါဒ မဟုတ်ပါလော။

ကာယခုနစ်ပါး၏ တခုနှင့်တခု အဆက်အစပ်ကို ပြဆိုထားလျှင်မူ ပရမတ်ဆံသလို ထင်မြင်နိုင်ဖွယ်ရှိ၏။ ယခုမူ သူ့အယူဝါဒမှာ တုံးတိကြီး ဖြစ်နေသည်။

ဤဝါဒနှင့်စပ်လျဉ်း၍ အခြားဟောကြားချက်၊ ရှုတ်ချချက်၊ ဆွေးနွေးမေးမြန်းချေပချက် စသည်တို့ကို လွယ်လွယ်မတွေ့နိုင်ပေ။

**ထင်ရာစိုင်းရန်** မိစ္ဆာဒိဋ္ဌိ ၆၂ ပါး၌ မည်သည့်ဒိဋ္ဌိနှင့် နီးစပ်သနည်း။ အဓိစ္စသမုပ္ပန္န ဒုတိယအယူနှင့်ပင် နီးစပ်နေပေသည်။ ဘယ်သူမှ ပြုပြင်မထားဆိုသောအချက်၊ ပြုပြင်၍မရဟုဆိုသောအချက်တို့မှာ သူ့အလိုလို သဘောကိုဆောင်သည်။ ရှေ့ကပြခဲ့သောဝါဒ သုံးခုနှင့် အလားတူပင် လူတို့အား ကောင်းသောအမှုကိုပြုစေခြင်းမှ တားမြစ်ထားဟန် ရှိသည်။ သို့သော် စိတ်ဟူသည်မကောင်းမှု၌သာ မွေ့လျော်တတ်သည်ဟူသော ဟောမိန့်ချက်အရ (၅) ကောင်းသောအမှုကို တားမြစ်ထားသောအယူနှင့်တွေ့လျှင် ပို၍ ဆိုးတော့မည်သာ။ လူသတ်၍လည်း သတ်သည်

မမည်ဟုဆိုသည် မဟုတ်လော။ ထင်ရှာစိုင်းရန် ဖန်တီးပေးဘိသို့ ရှိပေသည်။

**ဘယ်သို့ထင်ရပါ** သို့ဖြင့် တိတ္ထိတို့ သာသနာတော်ကို ယုတ်မာစွာ ပျက်စီးအောင် ကြံရာ၌ သူနှင့် သူတပည့်တို့ ပါမပါကိစ္စတွင် ပါနိုင်သည့်ဘက်သို့ပင် အချိန်စီးစရာရှိလာတော့သည်။

စဉ်းစားရကြပ်သော ကိစ္စရပ်တခုမှာ ပကုဓကစ္စာယနသည် ရေအေးကို မသောက်သုံးဘဲ ရေနွေးကိုသာ သောက်သုံးခြင်းတည်း။ (၆) ဘာမျှ ပြုပြင်၍မရသည့်အတူတူ သူက အဘယ်ကြောင့် ရေအေး ရှောင်ရပြန်သနည်း။ ပရိုဗိုဇ်လုပ်လက်စမို့ ဆက်လုပ်နေသည်ထားဦး၊ ရေအေးကို မသုံးဆောင်ခြင်းဖြင့် အတော်အတန် ကသိကအောက် ဖြစ်ခဲ့မည် မဟုတ်လော။ အဇိတကေသကမ္ဗလနှင့် ဝါဒအရာတွင် တူသယောင်ရှိနေသဖြင့် အကျင့်တရား၌ သူက တမျိုးဆန်း၍ ပြလေသလောဟု စိတ်ကူးယဉ်ကြည့်သော် အဆိုးထင်ဖွယ် ရှိအံ့မထင်ပေ။

## အခန်း ၈ မှတ်စုများ

၁။ သုတ်သီလက္ခန်၊ သာမညဖလသုတ် မြန်မာပြန်။

၂။ ဦးဇနကာဘိဝံသ၏ သာမညဖလသုတ် ဘာသာပြန်။

၃။ ဒီဃနိကာယ် သံဂါ မေးဖြေ၊ နှာ–၄၆။

၄။ သာမညဖလသုတ် ဘာသာပြန်စာအုပ်ယော်ရှု။

၅။ ဓမ္မပဒဂါထာ–ပြန်–၁၁၆။

မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုပြုသော အခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျင်မြန်ဆောစွာ ပြုလုပ်ရာ၏။

ထို့ပြင် ကောင်းမှု မကောင်းမှုတို့နှင့်ပတ်သက်၍ အောက်ပါ ဂါထာစဉ် စသည်များကိုလည်း လေ့လာနိုင်ပါသည်။

ပုဂ္ဂိုလ်သည် မကောင်းမှု ပြုမိစေကာမူ ထိုမကောင်းမှုကို ထပ်ခါထပ်ခါ မပြုမိစေရာ။....(၁၁၇)

ပုဂ္ဂိုလ်သည် ကောင်းမှုကိုပြုလုပ်ပြီးသော်လည်း ထိုကောင်းမှုကို ထပ်ခါထပ်ခါ ပြုရာ၏။....(၁၁၈)

မကောင်းမှုပြုသောသူပင်ဖြစ်သော်သည်း မကောင်းမှု အကျိုး မပေးသေးသရွေ့ကာလပတ်လုံး ကောင်းမြတ်သော အာရုံကို တွေ့မြင်နိုင်သေး၏။ မကောင်းမှုအကျိုးပေးသောအခါ၌မူကား မကောင်းမှု ပြုသူသည် မကောင်းကျိုးတို့ကိုသာ ခံစားရ၏။....(၁၁၉)

ကောင်းမှုပြုသောသူပင် ဖြစ်သော်လည်း ကောင်းကျိုး မပေး သရွေ့ကာလပတ်လုံး မကောင်းသော အာရုံကို တွေ့မြင်နိုင် သေး၏။ ကောင်းမှုအကျိုးပေးသောအခါ၌မူကား ကောင်းမှု ပြုသူသည် ကောင်းကျိုးတို့ကိုသာ တွေ့မြင်ရလေတော့၏။..(၁၂၀)

၆။ သာမညဖလသုတ်- အဋ္ဌကထာ အဖွင့်စကားကိုညှန်း၍ BS, PBI phil တို့၌ ပြဆိုသော စကားရပ်တည်း။

၉

# နိဂဏ္ဌနာဋပုတ္တ၏ဝါဒ

**သျှ ့အတွေး** အဇာတသတ်မင်းအဖို့ တိတ္ထိကြီးလေးဦးကို မေးမြန်း၍ အပြီး၌လည်း စိတ်ကိုက်မတွေ့နိုင်အောင် ဖြစ်လာခဲ့သည်မှာ မဆန်းချေ။ ပဥ္စမမြောက်အားဖြင့် နိဂဏ္ဌနာဋပုတ္တကို သူမေးပြန်ရာ၌ပင် လိုရင်းသို့ ရောက်ပါ၏လော။ ဆက်လက် ဖတ်ရှုသိရှိနိုင်ပါသည် (၁)။

"မင်းကြီး၊ ငါသည် အကျင့်လေးမျိုးကို ကျင့်သုံး၏။

၁။ ရေအေးအားလုံးကို ရှောင်သည်။

၂။ မကောင်းမှုကို အလုံးစုံအကုန်အစင် ရှောင်သည်။

၃။ မကောင်းမှုကို အလုံးစုံရှောင်ခြင်းအားဖြင့် မကောင်းမှုခါချအပ်ပြီး ဖြစ်စေသည်။

၄။ မကောင်းမှုကို အလုံးစုံရှောင်ရာ၌ ထိရောက်စွာ ရှောင်ကြဉ်ပြီး ဖြစ်သည်"ဟူသတည်း။

ဤတွင် အဇာတသတ်မင်း သိလိုသော ရဟန်းပြုခြင်း၏ မျက်မှောက် အကျိုးကျေးဇူးအတွက် သွယ်ဝိုက်စွာကား ဖြေပါ၏။ သို့သော် မကောင်းမှုကို ရှောင်ခြင်း၊ ရှောင်ကြဉ်ပြီးဖြစ်ခြင်း ဆိုသောစကားကို အဇာတသတ်မင်း နားလည်လိမ့်မည်ဟု ထင်ဟန် ရှိချိမ့်မည်။ ထို့ကြောင့် စောင့်စည်းမှုရှိလျှင် ကောင်းသည်၊

အထူးစောင့်စည်းလျှင် အလွန်ကောင်းသည်ဟု အဓိပ္ပာယ်ထွက်သော သူ၏ဝါဒကို ဖော်ထုတ်လိုက်ခြင်း ဖြစ်လေသည်။

နိဂဏ္ဌနာဋပုတ္တသည် အထွတ်အထိပ်သို့ရောက်သောစိတ်ရှိသူ၊ စောင့်စည်းစိတ်ရှိသူ၊ တည်ကြည်စိတ်ရှိသူ ဖြစ်သည်ဟု သူ့ကိုယ်သူ အမွှမ်းတင်ထားသည်။ တပည့်တပန်းများကိုလည်း အဆိုပါ အကျင့်တို့ကို ကျင့်စေသည်။

**အချောင်မစား** သူသည် တိတ္ထိထဲတွင် ကျွန်စာရင်းဝင် မဟုတ်ပေ။ လယ်ယာလုပ်ကိုင် အသက်မွေးသူတို့ အဆက်အနွယ် ဖြစ်သည့်အတိုင်း ကျွန်ဖြစ်ခဲ့ရသူ တိတ္ထိကြီးတို့ကဲ့သို့ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ရုန်းကန်ရခြင်းလည်း မရှိချေ။ အသက်မွေးမှုအတွက် အဆိုပါတိတ္ထိကြီးတို့ ပင်ပန်းသလိုလည်း ပင်ပန်းအံ့မထင်ပေ။ လွယ်လွယ်ရှာမရအောင် အသက်မွေး ခက်ခဲသည် ဆိုလျှင်လည်း သူသည် အချောင်စားလိုစိတ်ရှိသူ မဟုတ်ကြောင်း ထင်ရှား၏။ နောင်တတရား ကြီးစွာရ၍ ဖြစ်စေ၊ မူလကတည်းက ကိုယ်ကျင့်တရားကောင်းရေးကို လိုလားနေရာမှ နည်းလမ်းရှာတွေ့၍ ဖြစ်စေ၊ သူသည် ယင်းသို့ စောင့်စည်းခြင်း လေးမျိုးဖြင့် နေလာခြင်း ဖြစ်ပေမည်။ စောင့်စည်းသည် ဆိုရာ၌ ရေအေးကို ရှောင်ခြင်း တပါးက သူတို့ဂိုဏ်းအတွက် တာဝန်ကြီးတခု ဖြစ်နေမှုသည်ပင် တမျိုးတွေးစရာ ဖြစ်သည်။အခြားသော စောင့်စည်းမှုမျိုးကိုမူ အထက်ပါစကားရပ်ဖြင့် ဘယ်သို့ဘယ်ပုံ ရှိသည်ဟု နားမလည်နိုင်သေးပေ။ ထို့ကြောင့် ရှင်တော်ဘုရား ဟောတော်မူချက်တရပ်ကို ဆက်လက်တင်ပြရပေတော့မည် (၂)။

မြတ်စွာဘုရားသခင်သည် ကပိလဝတ်ပြည် နိဂြောဒါရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် သာကီဝင်မင်း မဟာနာမ်သည်

နိဂဏ္ဌတို့အကျင့်ကို မေးလျှောက်ရာမှ ဘုရားသခင်က အောက်ပါအတိုင်း ဟောကြားတော်မူခဲ့သည်။

"မဟာနာမ်....ငါဘုရားသည် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ နေတော်မူစဉ် နိဂဏ္ဌတို့သည် ဣသိဂိလိတောင်နံဘေး ကျောက်ဖျာနက်ပေါ်တွင် မတ်တတ်ရပ်လျက် သူတို့အကျင့်ကို ကျင့်သုံးနေကြ၏။ထိုအကျင့်ဖြင့် ထက်မြက် ကြမ်းတမ်း စပ်ရှားသော ဆင်းရဲဝေဒနာတို့ကို နိဂဏ္ဌတို့ ခံစားနေကြရသည်။ဤသည်ကို ငါဘုရားက အကြောင်းကို မေးတော်မူရာ....

"အရှင်ဘုရား၊ကျွန်ုပ်တို့ဆရာ နိဂဏ္ဌနာဋပုတ္တသည် အလုံးစုံသိသည်၊ အလုံးစုံမြင်သည်။ သွားနေစဉ်ငင်း၊ ရပ်နေစဉ်ငင်း၊ အိပ်နေစဉ်ငင်း၊ နိုးနေစဉ်ငင်း၊ ဉာဏ်အမြင် အမြဲထင်သည်ဟု ဝန်ခံပါသည်။ သတ္တဝါတို့၌ ရှေးကပြုထားသော မကောင်းမှုကံရှိ၍ ထိုကံ၊ ကံ၏အကျိုးကို၊ ယခုပြုနိုင်ခဲ့သောအကျင့်ဖြင့် ချေဖျက်ရန်ငင်း၊ ကိုယ် နှုတ် စိတ် စောင့်စည်းခြင်းဖြင့် နောင်ဘဝ၌ မကောင်းမှုကံကို မပြုတော့ရန်ငင်း၊ ကံဟောင်းတို့ကို အကျင့်ဖြင့် ဖျက်ခြင်း၊ ကံသစ်တို့ကို မပြုခြင်းဖြင့် နောင်မတိုးပွားစေခြင်းတို့ကို ဆရာက ပြုလုပ်စေပါသည်။ကံသစ်မတိုးပွားသော် ကံကုန်ပါသည်။ ကံကုန်သဖြင့် ဆင်းရဲကုန်ပါသည်။ ဆင်းရဲကုန်သော် ခံစားခြင်းဝေဒနာ ကုန်ပါသည်။ ဝေဒနာကုန်သောအခါ ဆင်းရဲအားလုံး ပျက်ပြုန်းရပါသည်"ဟု ပြန်လည် လျှောက်တင်ကြသည်။

"မဟာနာမ်၊ထိုအခါ ငါဘုရားကမေးတော်မူသဖြင့် သူတို့က ဆက်လက် ဖြေဆိုချက်တို့ကို ငါဘုရားသည် ကြားတော်မူပြီး

နောက် သူတို့အား ရှုတ်ချခဲ့ရပေသည်။ ဆိုလတ့်သောအတိုင်း နာကြားလော့။

"နိဂဏ္ဌတို့၊ ရှေး၌ သင်တို့ဖြစ်ဘူးကြကုန်သည်ဟုရင်း၊ မဖြစ်ဘူးသည် မဟုတ်ဟုရင်း၊ သင်တို့သိသလော"

"မသိပါ အသျှင်ဘုရား"

"ရှေးက မကောင်းမှုကံကို ပြုခဲ့ဘူးသည်။မပြုခဲ့ဘူးခြင်း မဟုတ်ဟူ၍ကော သိသလော"

"ဤသည်ကိုလည်း မသိပါဘုရား"

"ဤမည် ဤမည်သော မကောင်းမှုကံကို ပြုခဲ့ကြဘူးကုန်ပြီဟု သိသလော"

"မသိပါဘုရား"

"ဤမည်သောဆင်းရဲသည် ကြေပျက်ပြီးပြီ။ ဤမျှကို ချေဖျက်ရဦးမည်။ ဤရွေ့ဤမျှ ကြေပျက်သော် ဆင်းရဲအလုံးစုံသည် ကြေလတ့်ဟူ၍ကော သိသလော"

"မသိပါဘုရား"

"မျက်မှောက်ဘဝ၌ အကုသိုလ်တရားတို့၏ ပျောက်ကင်းခြင်းကိုရင်း၊ ကုသိုလ်တရားတို့၏ ပြည့်စုံခြင်းကိုရင်း သိကြသလော"

"မသိပါဘုရား"

"ယင်းသို့ မသိပါဘဲနှင့် သင်တို့သည် ဤသို့ ကျင့်ကြကုန်သလော။ နိဂဏ္ဌနာဋပုတ္တ၏ တပည့်များအဖြစ်နှင့် ဒုက္ခခံနေကြရလေသလော"

"ဟုတ်ပါသည် အသျှင်ဘုရား။ ကျွန်ုပ်တို့သည် ချမ်းသာမှုသုခကို ဆင်းရဲခံ၍ ရှာကြံနေကြပါသည်ဘုရား။ချမ်းသာကိုလိုလျှင်

ချမ်းသာဖြင့်မရနိုင်ပါ။ ဆင်းရဲခံခြင်းဖြင့်သာ ချမ်းသာကိုရနိုင်မည် ဖြစ်သည် မဟုတ်ပါလော''

''အို နိဂဏ္ဌတို့၊ ချမ်းသာမှုသုခကို ဆင်းရဲမှုဒုက္ခခံ၍သာ ရနိုင်သည် မထင်ကြလင့်။ ချမ်းသာကို ချမ်းသာဖြင့်လည်း ရနိုင်ပေသည်။ ငါဘုရားသည် ကိုယ်ကို မလှုပ်မရှားဘဲ သမာပတ်တို့ဖြင့် ခုနစ်ရက်စသည် ချမ်းသာသက်သက်ချည်း ခံစားနေနိုင်စွမ်း ရှိပေသည်''

ဤသည်ကို မှတ်ယူလော့၊ မဟာနာမ်။

ဘုရားရှင်၏ အထက်ပါဒေသနာတွင် နိဂဏ္ဌနာဋပုတ္တ၏ တပည့်တို့ ယုံကြည်ချက်ကို မဟုတ်မမှန်သေးဟု မြတ်ဘုရားက မိန့်ကြားတော်မူခဲ့ကြောင်း သိသာသည်။(၃) မည်သို့ပင်ရှိစေ၊ နိဂဏ္ဌနာဋပုတ္တတို့အား ဤဒေသနာအရ အချောင်စားလိုစိတ် မရှိပုံ၊ ယင်းသို့မရှိရုံမက ပြင်းထန်စွာ ကျင့်သုံးကြပုံတို့ကို သိရှိရလေသည်။

**အဝတ်မပါတဖက်စွန်း** နိဂဏ္ဌတို့ဂိုဏ်းသည် အဇိတကေသကမ္ဗလဂိုဏ်းနှင့် ပကုဓကစ္စာယနဂိုဏ်းသားတို့ကဲ့သို့ အဝတ်ဝတ်သူများလည်းမဟုတ်ပေ။ ထို့ကြောင့် တသမတ်တည်း မတ်တတ်ရပ်နေသည်ဖြစ်စေ၊ တလျောက်တည်း ထိုင်နေသည် ဖြစ်စေ၊ သူတို့မည်မျှ ပင်ပန်းဆင်းရဲမည်ကို မခန့်မှန်းနိုင်အောင်ပင် ထိတ်လန့်ဘွယ် ဖြစ်၏။

မေ့မစကြာသုတ်လာ(၄)အစွန်းနှစ်ဖက်ကို ပယ်ရန် ဟောတော်မူချက်မှာ ပျော်ပျော်နေသေခဲသဘောဖြင့် ကာမဂုဏ် စည်းစိမ် ချည်း ခံစားနေမှုကို တဘက်စွန်း၊ မိမိကိုယ်ကို ပင်ပန်းအောင် ပြင်းထန်စွာ ကျင့်ခြင်းကို အခြားတဘက်စွန်းအဖြစ် ပြဆိုခြင်း

ဖြစ်လေသည်။ ရှေးရှေးဘဝက ပြုခဲ့ဘူးသော မကောင်းမှုကံ၏ အပြစ်တို့ကို ယခုဘဝတဆက်တည်း ဒုက္ခခံပေးခြင်းဖြင့် ကုန်စေပြီး၊ မကောင်းမှု မပြုမိအောင် တပါတည်းစောင့်စည်းလျက် နေခြင်းမှာ အမှတ်မဲ့သော် အလွန်အထင်ကြီးစရာ ဖြစ်ပေလိမ့်မည်။ သို့စဉ်အထက်ပါ နှစ်ဖက်စွန်းမှ တခုနှင့် ငြိလျက်ရှိနေသည်ကို ဆင်ခြင်ရပါမည်။ မဂ်ဖိုလ်နှင့်မနီးနိုင်သော အကျင့်ဟုဆိုသော် ပို၍ သင့်မြတ်အံ့ထင်ပါသည်။

**ဘုရားလောင်း၏ အကျင့်** မြတ်စွာဘုရားသည် ဘုရားမဖြစ်မီက ဘုရားလောင်းဘဝတွင် ဒုက္ကရစရိယာ ခြောက်နှစ်လုံးလုံး ကျင့်ခဲ့သော်လည်း မဂ်ဖိုလ်ဟူသော တရားထူးကိုမရခဲ့ချေ။ သဗ္ဗညုတ ဉာဏ်တော်လည်းမထင်ခဲ့ချေ။ အရိုးပေါ် အရေတင်ရုံသာ ကျန်သည်အထိ ဇွဲနပဲဖြင့် အဓိဋ္ဌာန်ဖြင့် ကျင့်သုံးခဲ့ပါလျက် တရားထူး တရားမြတ်နှင့် ဝေးရလေသောအခါတွင် မိမိ၏ အဖြစ်ကို ဆင်ခြင်သည်။ ထိုအခါကျမှ အချည်းနှီး ဘဝဆုံး မခံသင့်ခြင်း၊ ပင်ပန်းဒုံး မခံသင့်ခြင်းတို့ကို ထင်မြင်ခဲ့သည်။ မဇ္ဈိမပဋိပဒါလမ်းကြောင်း၊ အရိယသစ္စာလေးပါး ထင်မြင်စေမည့် နှစ်ဖက်စွန်းလွတ်သည့် ယင်းအလယ်အလတ် လမ်းကြောင်းကို လိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ဆုံးဖြတ်သည့်အတိုင်း ကျင့်သုံး၍လည်း တနေ့တည်းဖြင့် အရဟတ္တဖိုလ် ပေါက်ရောက်တော် မူခဲ့သည်။ ထို့နောက် လောကထက်မြတ်သော ပုဂ္ဂိုလ်ထူးဟူသော ဘုရားအဖြစ်ကို ပိုင်ပိုင်ကြီးခံယူတော်မူနိုင်ခဲ့သည်။ ထိုအခါတွင်မှ လောက၌ အလုံးစုံသိသူ အလုံးစုံမြင်သူ ဘုန်းတန်းခိုးကြီးသူ စသော ဂုဏ်တော်ထူးများပိုင်ရှင် ဖြစ်တော်မူခဲ့သည်(၅)။

**အကုန်သိပါ၏လော** ဤ၌ နိဂဏ္ဌနာဋပုတ္တ၏စကားဖြစ်သော အလုံးစုံသိခြင်း၊ အလုံးစုံမြင်ခြင်းတို့ကို ဘုရားရှင်၏ အလုံးစုံ သိတော်မူပုံ မြင်တော်မူပုံနှင့် အဘယ်သို့ခွဲခြားပါမည်နည်း။

ယနေ့ လူပိန်းနားလည်နေသော အဓိပ္ပာယ်ဖြင့် အလုံးစုံ ဟူသည် ဘာမဆို အကုန်ဟုပြောရပေမည်။ နိဂဏ္ဌ၏ အလုံးစုံတွင် ဤသို့ယူမယူ မသိရချေ။ မြတ်စွာဘုရား၏ ဂုဏ်တော်များရှိ "အလုံးစုံ" ဟူသော စကားမှာမူ ကျွန်ုပ်တို့နားလည်ထားပြီး အတိုင်းပင် ဖြစ်လေသည်။

တဖန်**တုံ** နိဂဏ္ဌနာဋပုတ္တက ရပ်နေစဉ် အိပ်နေစဉ်စသည်များ ၌လည်း ဉာဏ်အမြင်အမြဲထင်သည်ဟု ဆိုခဲ့သည်မှာ များစွာ စဉ်းစားဖွယ် ဖြစ်လာသည်။ ဉာဏ်အမြင်ဆိုသည်မှာ အဘယ်ကို အထူးပြုလေသနည်း။ ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်မှာမူ အဘယ်အရာကို သိလိုသည်ဟု ဆင်ခြင်မိလျှင်၊ ရှေ့ဉာဏ်တော် ကွန်ယက်ကို ဖြန့်ကြက်ကြည့်တော်မူလျှင်၊အမှန်အတိုင်း မြင်တော် မူခြင်း။ ယင်းသို့ ရှိရှိသမျှ အရာအားလုံးအတွက် ဆင်ခြင်တော် မူတိုင်း သိနိုင်ခြင်းကို ဆိုလိုပေသည်။ တကြိမ်တည်း တခါတည်း ဉာဏ်အမြင်၌ ပေါ်နေသည်မဟုတ်။ ကျောက်သင်ပုန်း တပြင်လုံး စာရေးထားသကဲ့သို့ တပြင်လုံးထင်နေသည်မဟုတ်။ အခါခပ်သိမ်း တရားအားလုံး ထင်နေသည်လည်းမဟုတ်။ ဆင်ခြင်တော်မူသည့် အခါတွင်သာ လိုအပ်တော်မူသမျှ ထင်မြင်လာခြင်း ဖြစ်လေသည်။ စိတ်သည် တကြိမ်တည်း၌ တခုသာ ဖြစ်ရိုးရှိသည်ဟု မြတ်စွာ ဘုရားက ဟောခဲ့၏(၇)။ နိဂဏ္ဌနာဋပုတ္တက သူကိုယ်သူ အထင် ရောက်သလို အမြဲဉာဏ်အမြင်ထင်နေသည်ဆိုခြင်းမှာ သူသိသမျှ အကုန်လုံးတခုတည်း အခါမရွေး ထင်နေသည်ဟု ဆိုခြင်းကဲ့သို့

မှတ်ယူရမလို ဖြစ်နေသည်။ သူ့မှာ အထွတ်အထိပ်ဉာဏ်ကြီးသည် ဘယ်အခါမျှ ပျောက်မနေဟု ဆိုလိုဟောပြင်းနေ၍ အိပ်စဉ်ပင် ဉာဏ်အမြင်ထင်သည်ဟု ပြောဟန်တူပေသည်။

**ရဟန်းများအကျင့်** နိဂဏ္ဌနာဋပုတ္တနှင့်တပည့်တို့ကျင့်သုံးပုံနှင့် ဘုရားရှင်၏ တပည့်သားများ ကျင့်သုံးပုံကွာခြားချက်ကို ရှေးဦးစွာ သိရန်မှာ ဘုရားတပည့်ရဟန်းများအတွက် ရေအေး ရှောင်ရခြင်း သိက္ခာပုဒ်မပညတ်သည်မှစ၍ လွဲခဲ့ကြောင်း သိနိုင်ပေသည်။ ဆက်လက်၍ ထပ်မံပြဆိုရပါမူ ရှင်အာနန္ဒာဟောကြားတော်မူသော ဒေသနာကို ရှုပါကုန်(၈)။

ရှင်အာနန္ဒာသည် တချိန်က ဝေသာလီပြည် မဟာဝုန်တောရှိ ပြဿဒ်ကျောင်း၌ ရှိတော်မူစဉ် အဘယလိစ္ဆဝီမင်းနှင့် ပဏ္ဍိတကုမာရကလိစ္ဆဝီမင်းတို့က လာရောက်ရှိခိုးပြီးလျှင် အဘယမင်းသည် နိဂဏ္ဌတို့၏ အကျင့်ကို ဖော်ထုတ်ပြလျက် ဘုရားရှင်၏ ဟောကြားချက်ကိုလည်း သိလိုပါကြောင်း မေးလျှောက်ခဲ့သည်။ နိဂဏ္ဌတို့၏ အကျင့်ဖြစ်သော ကံဟောင်းတို့၏ ပျက်စီးခြင်းကို ပညတ်မှု၊ဆက်လက်၍ အခြားဘာမှ မပြုလုပ်ခြင်းဖြင့် ကံသစ်တို့၏ အကြောင်းကို သတ်ခြင်းအတွက် ပညတ်မှု၊ ယင်းသို့ ပညတ်ခြင်း ကျင့်သုံးခြင်းဖြင့် ဝဋ်ဆင်းရဲမှ လွန်မြောက်ရေးကို ရှာကြံကြကြောင်း အဘယကသူ၏ မေးလျှောက်ချက်အစတွင် ထည့်သွင်းပြောဆိုခဲ့သည်တွင် ရှင်အာနန္ဒာက–

''ဘုရားရှင်သည် သတ္တဝါတို့ စင်ကြယ်ရန်၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ဆင်းရဲခြင်း နှလုံးမသာခြင်းတို့ ချုပ်ပျောက်ရန်၊ အရိယာမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် ဤအကျင့်သုံးမျိုးကို ဟောတော်မူသည်။ အဘယ်သုံးမျိုးနည်းဟူမူ

သာသနာတော်၌ ရဟန်းသည် သီလ သမာဓိ ပညာနှင့် ပြည့်စုံရ၏။ သီလအရာတွင် သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်ရ၏။ ကံသစ်လည်းမပြု ကံဟောင်းကိုလည်း တွေ့ထိတွေ့ထိ၍ ကင်းသည်ကိုပြု၏။ ဤအကျင့်သည် ကိလေသာတို့ကို ဆွေးမြေ့ကုန်ဆုံးစေတတ်သော အကျင့်ဖြစ်၏။

အဘယ သီလနှင့်ပြည့်စုံသော ရဟန်းသည် သမာဓိအရာ၌ ပထမဈာန်မှစ၍ စတုတ္ထဈာန်အထိရအောင် အားထုတ်၏။ ကံသစ်ကိုမပြု။ကံဟောင်းကိုလည်း တွေ့ထိတွေ့ထိ၍ ကင်းသည်ကို ပြု၏။ ဤအကျင့်သည် ကိလေသာတို့ကို ဆွေးမြေ့ကုန်ဆုံးစေတတ်သော အကျင့်ဖြစ်၏။

အဘယ-သီလသမာဓိနှင့် ပြည့်စုံသော ရဟန်းသည် ပညာအရာ၌ ယခုဘဝတွင်ပင် ရဟန္တာဖြစ်အောင် ကျင့်သုံးသဖြင့် ရဟန္တာဖြစ်တော်မူလာ၏။ ကံသစ်ကိုလည်းမပြု၊ ကံဟောင်းကိုလည်း တွေ့ထိတွေ့ထိ၍ ကင်းသည်ကိုပြု၏။ ဤအကျင့်သည် ကိလေလာတို့ကို ဆွေးမြေ့ကုန်ဆုံးစေတတ်သော အကျင့် ဖြစ်၏။ ဤသို့ ဘုရားရှင်ဟောတော်မူသည်''ဟု ဖြေဆိုဟောကြားခဲ့လေသည်။

**ကွာခြားချက်** ဘုရားရှင် သာသနာဝယ် သိက္ခာသုံးပါးဖြစ်သော သီလ၊ သမာဓိ၊ ပညာတို့ကို၊ မူအားဖြင့် ပညတ်ထားခဲ့သည်။ နိဂဏ္ဌတို့ဂိုဏ်း၌မူ' စောင့်စည်းခြင်းဟု သာမညသာဆိုပြီး စောင့်စည်းပုံမှာလည်း အထက်ပါ သူတပည့်များ စောင့်သုံးပုံမျိုးကိုသာ တွေ့ရသည်။ သာသာနာဆိုင်ရာ ဈာန်အရာတွင် ဝေလာဝေး။ မဂ်ဖိုလ်ဆိုလျှင် အိပ်မက်မျှပင် မမက်နိုင်သေးဘဲ ရှိနေရှာသည်။

နိဂဏ္ဌနာဋပုတ္တ၏ ကံ၊ ကံ၏အကျိုး ယူဆပုံကိုလည်း ရှုပါဦး (၉)။

မြတ်စွာဘုရားသခင်သည် နာဠန္ဒမြို့ ပါဝါရိကသူဌေး၏ သရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူသည်။ 'နိဂဏ္ဌနာဋပုတ္တ၏ တပည့် အသိဗန္ဓက၏သား ရွာသူကြီးကလည်း ချဉ်းကပ်ဖူးမျှော် လာသည်။ ဤတွင် ဘုရားရှင်က ရွာသူကြီးအား သူ၏ဆရာ နိဂဏ္ဌက ဘာတရားများ ဟောလေသနည်းဟု မေးတော်မူသည်။ ရွာသူကြီးကလည်း နိဂဏ္ဌနာဋပုတ္တသည် အသက်သတ်သူ ဟူသမျှ အပါယ်ကျရကြောင်း၊ ငရဲကျရကြောင်း၊ ခိုးသူဟူသမျှ၊ မမှန်ပြောသူဟူသမျှစသဖြင့် မကောင်းမှုပြုသူ ဟူသမျှလည်း ထိုနည်းဒုင်း ဖြစ်ကြောင်း၊ များရာကံက သတ္တဝါကို ဆောင်သွား ကြောင်း ဟောကြားပါသည်ဟု လျှောက်ထားလိုက်၏။ ထိုအခါ မြတ်စွာဘုရားက "ရွာသူကြီး နိဂဏ္ဌ၏ စကားအတိုင်းဆိုလျှင် အပါယ်ငရဲကျသူ တဦးတယောက်မျှ ရှိတော့မည်မဟုတ်"ဟု မိန့်တော်မူကာ သတ္တဝါ၌ မကောင်းမှုပြုချိန်နှင့် မကောင်းမှုမပြုချိန် အဘယ်ကများသနည်းဟု မေးတော်မူပြန်၏။ အဖြေမှာလည်း ရှင်းပေသည်။

"မကောင်းမှု မပြုချိန်က များပါသည်ဘုရား"

"မှန်၏။ သို့ဖြစ်သောကြောင့် နိဂဏ္ဌ၏စကားအရ များသော ကံက သတ္တဝါကို ဆောင်သွားသည်ဆိုလျှင် အဘယ်သူသည် အပါယ်ငရဲသို့ ကျပါတော့မည်နည်း။ နိဂဏ္ဌနာဋပုတ္တ၏ ယင်းအယူ အဆသည် မှားယွင်းသော အယူအဆဖြစ်ပေသည်။ ထိုအယူကို မစွန့်လျှင် ငရဲသို့ရောက်လိမ့်မည်။ ရွာသူကြီး၊ ငါးဘုရားသည်လည်း ထိုထိုသတ်မှု၊ ခိုးမှုစသော မကောင်းမှုတို့ကို ကဲ့ရဲ့ရှုတ်ချတော်မူခဲ့

သည်။ အထူးကွဲရဲ့ တားမြစ်တော်မူခဲ့သည်။ သို့သော် ငါ၏တပည့် များအား နိဂဏ္ဌတို့စွဲယူသကဲ့သို့ စွဲယူအောင် ငါမဟော။ ထို့ ကြောင့် ငါ၏တပည့် တစုံတဦးသည် အသက်ကို သတ်မိသည် ဖြစ်အံ့၊ နောက်နောင်ကို ယင်းသို့မပြုဘဲနေရန် မဖြစ်နိုင်စရာ မရှိ ဟု ဆင်ခြင်ပြီး ထိုမကောင်းမှုကိုစွန့်၏၊ ပယ်၏။ ထိုမကောင်းမှုမှ လွန်မြောက်၏၊ ဤသို့ မှတ်ယူလေလော့ ရှာသူကြီး''

ဤအဆိုအတိုင်း လေ့လာသည်ရှိသော် နိဂဏ္ဌတို့ဂိုဏ်း၏ အကျင့်လွန်ခြင်းသည် အံ့သြဖွယ်မဟုတ်တော့ပေ။ သူတို့အယူမှာ သတ္တဝါမှန်လျှင် မကောင်းမှုမပြုခဲ့ဘူးဘဲမနေဟု ယူဆ၏။ဤကား မဆိုးလှပေ။ ကောင်းပင်ကောင်းမြတ်သော အယူအဆဟုလည်း ဆိုနိုင်ပါသည်။ သို့သော် ပြုလာဘူးသော မကောင်းမှုများကြေရန် ကျင့်ရာ၌ ကိုယ့်ကိုယ်ကိုဒုက္ခခံ၍ ပြင်းစွာကျင့်နေခြင်း၊ ယင်းသို့ ကျင့်နေခြင်းဖြင့် ဆက်လက်၍လည်း မကောင်းမှု မဖြစ်စေခြင်း ဟူသောအတွေးမှာ လူများစုအတွက် အမှန်ဖြစ်နိုင်သော အကျင့် မဟုတ်တော့ပေ။

**သံဝေဂဉာဏ်မရနိုင်သူ** ဒုက္ခကြီးစွာ ခံနေရသူများကို ကြည့် ပါ။ တရားသံဝေဂ ရနေပါသလော။ ယေဘူယျအားဖြင့် မရ နိုင်။ အကြောင်းကား သံဝေဂဟူသော သံသရာဘေးမြော် တွေးထိတ်လန့်သည့်ဉာဏ်ရရန် အခွင့်အလမ်းကို ကြီးလှစွာသော ဒုက္ခဘေးက ဖုံးအုပ်ထားသောကြောင့်ဟု ဆိုနိုင်သည်။ ဥပမာ စားစရာ၊ ဝတ်စရာအတွက် အသက်မွေးမှုခက်လှ၍ အမှန်ငတ်နေ သူသည် ငတ်၍ခိုးသည်။သတ်သည်။လိမ်သည်စသော အမှုများကို ပြု၏၊ တကယ်သံဝေဂရသူဖြစ်ပါက ဤသို့ ပြုမည်မဟုတ်။ဤသို့

ပြုရန် သူ၏ခံစားရသော ဘေးဒုက္ခကြီးက သူ့အား တွန်းပို့နေတော့သည်။

စည်းစိမ်ချမ်းသာများစွာ ခံစားနေသူထဲတွင်ကော သံဝေဂရသူများသလော၊ ယေဘုယျအားဖြင့် အထက်ပါအတိုင်းပင်မှတ်ယူရပေသည် (၁၀)။

**သူတို့သမာဓိ** မည်သို့ပင်ဖြစ်စေ၊ နိဂဏ္ဌနာဋပုတ္တတို့ ဂိုဏ်းသည် သူ့အသက်သတ်မှုမှ အထူးရှောင်ကြဉ်ထားသော ဂိုဏ်းဖြစ်သည်။ ပြင်းထန်စွာ ကျင့်နေခြင်းအားဖြင့်လည်း မဂ်ဖိုလ်နှင့်တကွ သာသနာဆိုင်ရာ ဈာန်တရားများမရစေကာမူ သူတို့နည်းနှင့် သူတို့သမာဓိ အားကောင်းနေသည်ဟု ဆိုနိုင်ပေသည်။ ယင်းအကျင့်မျိုးကို ကျင့်သုံးနေဘူးသော နိဂဏ္ဌနာဋပုတ္တ၏ တပည့်ဖြစ်သည့် ပရိဗိုဇ်မမျေးကို ဤ၌ သက်သေတင်လိုပါ၏။ (၁၁)

ပရိဗိုဇ်မများသည် ဝါဒများစွာတတ်သူအဖြစ်နှင့် ကျော်ကြားနေရာမှ သူတို့နှင့် ဝါဒပြိုင်အနိုင်ယူနိုင်သူရှိလျှင် အသင့်ပင် ပြိုင်လိုသည်ဟု ဆိုတိသို့ ရပ်တကာလှည့်၍ လူစမ်းကောင်းရှာခဲ့၏။ ဤသည်ကို မြတ်စွာဘုရားရှင်၏ လက်ျာတော်ရံ ရှင်သာရိပုတ္တရာမထေရ်ကြီးက သိရှိတော်မူသဖြင့် သူနှင့်ဝါဒပြိုင်မည်ဟု မိန့်ဆိုခဲ့လေသည်။ မထေရ်ကြီးပင် အနိုင်ရသောဟူ၏။ထိုအခါ ပရိဗိုဇ်မများသည် သာသနာ့ဘောင်သို့ ဝင်ရောက်လာသည်။ ရက်ပိုင်းမျှနှင့်ပင် ရဟန္တာ ဖြစ်တော်မူခဲ့၏။ သမာဓိအားသာ မကောင်းခဲ့လျှင် ယင်းသို့ ဖြစ်လာနိုင်ပါမည်လော။ ဤ၌ ဆိုလိုရင်းမှာ နိဂဏ္ဌ၏တပည့်များသည် အခြားတိတ္ထိတို့ တပည့်များနှင့် မတူသည်က များကြောင်းပင်ဖြစ်သည်။

သာမညဖလသုတ်ဘာသာပြန် စာမျက်နှာ(၃၁)၌

"ဤ (နိဂဏ္ဌနာဋပုတ္တ၏) ဝါဒ၌ ရေအေးကိုမသုံးကောင်းဟု အယူရှိခြင်းသာ ဗုဒ္ဓတရားတော်နှင့် တိုက်ရိုက်ဆန့်ကျင်သည်။ မကောင်းမှုတို့ကို ပယ်ရှားတားမြစ်ခြင်းကား ဗုဒ္ဓတရားတော်နှင့် သဘောတူပင် ဖြစ်၏။ ထို့ကြောင့်လည်း နိဂဏ္ဌ၏ဝါဒကို ပညာရှိအခေါ်ခံသူ လူကြီးလူကောင်းတချို့ပင် လက်ခံကြလေသည်" စသည်ဖြင့် ဆရာတော် ဦးဇနကာဘိဝံသက ရေးသားခဲ့လေသည်။

တိတ္ထိကြီး (၆)ဦးတို့၏ ဂိုဏ်းများအနက် နိဂဏ္ဌနာဋပုတ္တ၏ ဂိုဏ်းသည် ယနေ့ထက်ထိုင်အောင် ထင်ရှား ရှင်သန်နေသော ဂိုဏ်းဖြစ်၏။ ထိုဂိုဏ်း၏ စောင့်စည်းကြောင်း အကျင့်လေးမျိုးကို စွဲ၍ စတုယာမသံဝရဝါဒဟုလည်း ဆရာတော် ဦးဇနကာဘိဝံသက ဆိုခဲ့သည်(၁၂)။ ဤဝါဒကို နောက်ဆက်တွဲ ၂-လာ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတို့နှင့် မည်သို့ ထင်ဟပ် ယှဉ်စပ်ပါမည်နည်း။

သမ္မာဒိဋ္ဌိအဖြစ်ကို ယင်းဝါဒက ကံ ကံ၏အကျိုးကို လက်ခံသဖြင့် ရယူနိုင်သလို ဖြစ်သည်။ ဒသဝတ္ထုက သမ္မာဒိဋ္ဌိ(၁၀)ပါးကိုလည်း ပစ်ပယ်ရာ မရောက်သောအချက်များ ပါ၏။ ဤဘဝ၊ ရှေးဘဝ၊ နောင်ဘဝတို့ကို လက်ခံသည်ပင် မဟုတ်လော။ ဤမျှနှင့်ပင် မိစ္ဆာဒိဋ္ဌိစာရင်းဝင်ရန် အခွင့်အလမ်း ပိတ်နေသည်။ ကံယူဆပုံ တမျိုး ဖြစ်နေခြင်း၊ အကျင့်လွန်ခြင်းနှင့် ဘုရားသခင်အား စွပ်စွဲမိခြင်းတို့သာ ဗုဒ္ဓဘာသာအရ အပြစ်ဖြစ်နေသည်။ မည်သို့ပင်ရှိစေ၊ နိဂဏ္ဌနာဋပုတ္တတို့သည် သာသနာအား အနှောင့်အယှက်ပေးရာတွင် ယုတ်မာလှသော ပြစ်မှုကြီးများကို ကျူးလွန်ကာ နှောင့်ယှက်သူများထဲတွင် ပါဝင်နိုင်ဟန် မရှိပါပေ။

လူသတ်၍ သာသနာကို အထင်အမြင် လွဲမှားစေသည့်အဖြစ် မျိုးတွင် သူတို့မပါနိုင်ဟု ဆိုဝံ့စရာ ဖြစ်နေလေသည်။

**ဘဝခရီးဆုံး** နိဂဏ္ဌနာဋပုတ္တသည် မြတ်စွာဘုရား ပရိနိဗ္ဗာန် မလွန်မီပင် ကွယ်လွန်ခဲ့သည် (၁၃)။ ကွယ်လွန်ရာတွင် အောက်ပါ ဖြစ်ရပ်နှင့်တဆက်တည်း ဖြစ်ပေလိမ့်မည်။

နိဂဏ္ဌနာဋပုတ္တ၏ တပည့်ဖြစ်သော ဒီဃတပဿီသည် ဘုရား ရှင်နှင့် တရားဆွေးနွေးရာဝယ် သူတို့ဂိုဏ်းက "ကာယဒဏ်"ကို အပြစ်အကြီးဆုံးဟု မှတ်ယူပြီး ဘုရားရှင်က"မနောကံ"ကို အပြစ် အကြီးဆုံးဟု ဆိုတော်မူကြောင်း သူ့ဆရာအား ပြန်ကြားခဲ့၏။ ဆရာလုပ်သူကလည်း တပည့်အား မိမိတို့အယူအဆကို ယင်းသို့ တင်ပြမှုအတွက် ချီးကျူးလေသည်။ ဤတွင် အသင့်ရှိနေသော ဥပါလိသူကြွယ်က ဘုရားထံသွား၍ စကားဆွေးနွေးရင်း အနိုင် ယူချေဦးမည်ဟု နိဂဏ္ဌနာဋပုတ္တအား ခွင့်တောင်းသည်။ နိဂဏ္ဌ ကလည်း ခွင့်ပြု၏။ သို့သော် ဒီဃတပဿီကမူ မြတ်စွာဘုရား၌ စိတ် ညို့၍ လှည့်ပတ်တတ်သောအတတ် ရှိသောကြောင့် ထိုအတတ်ဖြင့် သူများတပည့်ကိုပါအောင် ညို့တတ်သည်ဟုဆိုကာ တားမြစ် လေသည်။ ဤသည်ကို နိဂဏ္ဌက မနာယူဘဲ ဥပါလိသူကြွယ်အား လွှတ်လိုက်သည်။ ဥပါလိက ဘုရားထံအရောက်၌ ဒီဃတပဿီ၏ စကားအတိုင်းပင် "ကာယဒဏ်" က အပြစ် အကြီးဆုံးဟု ဆိုတော့သည်။

ဘုရား။ ဥပါလိ၊ နိဂဏ္ဌ၏တပည့်တဦး ရေမသောက်ရ၍ သေရာတွင် ဘယ်ရောက်သနည်း။

ဥပါလိ။ **စိတ်စွဲလမ်း၍ဖြစ်သောနတ်မျိုး** ဖြစ်ပါသည်။

ဘုရား။ သို့ဖြစ်လျှင် ကာယဒဏ်က အစွမ်းထက်သလော။ စဉ်းစားဦး။
ဥပါလိ။ ကာယဒဏ်ပင် အစွမ်းထက်ပါသည်။
ဘုရား။ သို့ဖြစ်လျှင် နိဂဏ္ဌတို့သည် သွားရင်းလာရင်း သတ္တဝါငယ်တို့ကို သေစေရာ၌ အပြစ်ဘယ်သို့ ပညတ်သနည်း။
ဥပါလိ။ စေတနာမပါ၍ အပြစ်မကြီးပါ။
ဘုရား။ ဥပါလိ၊ သင်၏စကား ရှေ့နောက်ညီသေးသလော။
ဥပါလိ။ ကာယဒဏ်သာ အပြစ်အကြီးဆုံးပါ။
ဘုရား။ လူတယောက်က ဒါးဖြင့် နာဠန္ဒမြို့မှာ ရှိသရွေ့ လူကုန်ကို ခုတ်ပစ်နိုင်မည်လား။
ဥပါလိ။ အကုန်မခုတ်နိုင်ပါ။
ဘုရား။ စိတ်တန်ခိုးကြီးသူ တကြိမ်စိတ်ဆိုးရုံမျှဖြင့် ဤမြို့ကို ပြာဖြစ်အောင် ပြုနိုင်သလား။
ဥပါလိ။ တမြို့မဟုတ် မြို့အများကိုပင် ပြာဖြစ်အောင် ပြုနိုင်ပါသည်။
ဘုရား။ စဉ်းစဉ်းစားစားဖြေပါ၊ ဥပါလိ။
ဥပါလိ။ ကာယဒဏ်သာလျှင် အပြစ်အကြီးဆုံးပါ။

ဤသို့ စသဖြင့် အမေးအဖြေပြုလုပ်အပြီးတွင် ဥပါလိသည် သရဏဂုံတည်ပြီး ဆန်းကြယ်သော တရားစကား ကြားလို၍သာ ယင်းသို့ မိုက်မှားမိကြောင်း ဝန်ခံသည်။ ထိုအခါ မြတ်စွာဘုရားက ဥပါလိသူကြွယ်အား ထင်ပေါ်သူဖြစ်၍ စဉ်းစဉ်းစားစားလက်ခံရန်သာ မိန့်တော်မူပြန်သည်။ ယင်းသို့ မိန့်တော်မူခါမှ ပို၍ပင် ကြည်ညိုပါသည်ဟု လျှောက်ထား၏။

"ယင်းသို့ဖြစ်လျှင် ဥပါလိ၊ နိဂဏ္ဌတို့အား ပြုမြဲဆွမ်းဝတ်ကိုလည်း မမေ့လေနှင့်"ဟု ရှင်တော်ဘုရားက ထပ်ဆင့်မိန့်ဟတော်မူသည်။

ဥပါလိသူကြွယ်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ ထို့ကြောင့် ဘုရားရှင်က၊ ဒါန သီလစသော တရားများကို ဟောရာတွင် တရားအဆုံး၌ သောတာပန် တည်လေတော့သည်။

ဒီဃတပဿီက ထိုအကြောင်းကိုကြားသဖြင့် နိဂဏ္ဌထံသွား၍ ပြောသည်။ နိဂဏ္ဌက မယုံချေ။ နောက်ဆုံး၌ ကိုယ်တိုင် လိုက်လာပြီး သူကြွယ်အား ပြစ်တင်မောင်းမဲကာ ဘယ်သူ၏ တပည့်ဖြစ်သနည်းဟု အမေး၊ ဥပါလိ သူကြွယ်ကလည်း ဘုရားရှင်ဂုဏ်ပုဒ်များကို ချီးကျူးကာ ချီးကျူးကာဖြင့် ဘုရားရှင်၏တပည့်ဖြစ်ပါပြီဟု ပြောလိုက်သောအခါ နိဂဏ္ဌနာဋပုတ္တသည် သွေးပူအန်လေတော့သည်" (၁၄)

ဤမှ နောက်၌ ကွယ်လွန်သွားပေလိမ့်မည်။ သူ ကွယ်လွန်ပြီးနောက်မှ ယနေ့တိုင်အောင်ပင် အိန္ဒိယပြည်၌ သူ၏ဂိုဏ်းသည် ယောကျ်ား မိန်းမမရွေး လက်ခံသူတို့နှင့် ဆက်လက်ရှင်သန်နေဆဲဖြစ်လေသည်။

နိဂဏ္ဌာနာဋပုတ္တသည် ဘုရားရှင်နှင့်ယှဉ်၍ အားပြိုင်လိုသူကား ဟုတ်၏။ သို့သော် မနိုင်သည်မှာလည်း ထင်ရှားပေသည်။ မည်သို့ပင်ဖြစ်စေ တပည့်ထဲမှ သေသူတဦးသည် အဘယ်နတ်မျိုးဖြစ်နေသည်ဟု ဥပါလိကဆိုသောစကားကို ဘုရားရှင်က ပယ်မြစ်တော်မမူဘဲ နေခဲ့ခြင်းကိုထောက်လျှင် တနည်းတလမ်းအားဖြင့် ထိုနတ်မျိုးနှင့် အဆက်အသွယ်ရှိကောင်း ရှိပေမည်။ ယုတ်စွအဆုံး ထိုနတ်ကို နိဂဏ္ဌာနာဋပုတ္တသည် သူ့နည်းနှင့်သူ မြင်ခဲ့

ဟန် ရှိပေမည်။ ဘုရားသာသနာလာ ဈာန်သမာဓိမျိုး သူတို့မှာ မရှိစေကာမူ သူတို့အကျင့်ကပေးသော သမာဓိအားတမျိုးဖြင့် ဤမျှ အစွမ်းရှိခဲ့သည်ဟုကား ဖော်ထုတ်နိုင်လေသည်။

နိဗ္ဗာန်မဂ်ဖိုလ်တရား၊ ပထမဈာန်မှ စတုတ္ထဈာန် (ပဉ္စမဈာန်) ထိ ရနိုင်သော သာသနာဆိုင်ရာ ဈာန်သမာဓိတရားများအတွက် ရှိနေသည့် အကျင့်များနှင့် စာလျှင်မူ အောက်တန်းကျနေသည် ပင် ဖြစ်၏။ (၁၅)

## အခန်း ၉ မှတ်စုများ

၁။ သုတ်သီလက္ခန်-သာမညဖလသုတ်။

၂။ မူလပဏ္ဏာသ - ပြန်-နှာ ၁၃၇ - ၉။ စူဠဒုက္ခက္ခန္ဓသုတ် အတွင်း ပါဝင်သော ဟောကြားချက်ဖြစ်သည်။

၃။ သူတပါးကျင့်ကြံနေသည်ကို၊ သူတပါး၏ တပည့်များကို မိမိတပည့်ဖြစ်အောင် တမင်ကြံဆောင်လေသလော ဟု ဤကိစ္စ၌ စောဒနာလိုသူ ရှိအံ့။ မြတ်စွာဘုရားရှင်၏ မဟာကရုဏာတော်ကို ဗုဒ္ဓဘာသာဝင်တို့က ရည်ညွှန်း အမှမ်းတင်မည်ဖြစ်ကြောင်း ဆိုရပါမည်။ အကြောင်းထူး မရှိဘဲ ယင်းသို့ မေးမြန်း ဖြေကြားလိမ့်မည် မဟုတ် ကြောင်းကိုလည်း မှတ်သားရာသည်။

၄။ ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။
ကတမေ ဒွေ-
ယောစာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ
ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော
အနတ္ထသံဟိတော။

ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော
အနရိယော အနတ္တသံဟိတော။

၅။ ဗုဒ္ဓဝင်၊ ဇိနတ္ထစသော ကျမ်းများ၌ တွေ့နိုင်သည်။ ပြင်းထန်စွာကျင့်ပုံများကို ထပ်လောင်းသိလိုလျှင်မူ မူလပဏ္ဏာသရှိ မဟာသစ္စကသုတ်၌လည်း လေ့လာနိုင်သည်။ မဟာသီဟနာဒသုတ်၌လည်း လေ့လာနိုင်ပါသည်။ E B ၁၂၃-၄၅၌လည်း ပါ၏။

၆။ မဟာဗုဒ္ဓဝင်ပြန်၊ ဇိနတ္ထ စသည်....

၇။ အဘိဓမ္မတ္ထ သင်္ဂဟကျမ်း။

၈။ အင်္ဂု-ပ-ပြန်၊ ၂၃၈-၄၀ နိဂဏ္ဌသုတ်။

၉။ သံယုတ်-ပြန်-ဒု-သခ်ခမသုတ် (၄၉၆-၅၀၀)

၁၀။ ဇိနတ္ထကျမ်းလာ- "ဘုရားလောင်းတို့သည် အသက်တသိန်းတမ်းအထက်နှင့် တရာတန်းအောက်၌ ဘုရားအဖြစ် မပွင့်ကြကုန်။ သတ္တဝါတို့သည် အသက်တသိန်းတန်းအထက်၌ ဆင်းရဲဒုက္ခ၊ အိုဘေး၊ နာဘေးဝေးလှ၍ သံဝေဂမရနိုင်၊ တရာတန်းအောက်၌ ဆင်းရဲဒုက္ခများလှ၍ သံဝေဂမရနိုင်" ဟူသော စကားတို့ကို ထောက်ရှုရာသည်။

၁၁။ ၅၅၀ ဇာတ်တော်စဉ် ၃၀၁၊ စူဠကာလိင်္ဂဇာတ်။

၁၂။ သာမညဖလသုတ် ဘာသာပြန့်စာအုပ်ယ်။

၁၃။ မဇ္ဈိ-သံဂါမေးဖြေ-ဒု-နှာ ၁၅၅၊ သာမဂါမသုတ်။

၁၄။ မဇ္ဈိ-ပြန်-၄၀-၅၅၊ ဥပါလိသုတ်။

၁၅။ သမထ၊ ဝိပဿနာ အားထုတ်သူတို့အား တရားကို ကြည်ညိုသော်လည်း တရား၌မလိမ္မာ (ပညာခန်း၍နေ)

သော နတ်တို့က နိမိတ်များကို ပြတတ်သည်။ ထိုအခါ တွင် သွေးပျက်ရူးသွပ်သူလည်း ဖြစ်သွားတတ်၏။ ယင်းသို့ သွေးမပျက်သူတို့မှာ ထိုထိုနိမိတ်တို့ဖြင့် ဝမ်းမြောက်အားရသဖြင့် ဆက်လက် အားထုတ်နေပြန် သော် ထိုနတ်များက ဆက်၍ နိမိတ်များပေးပြီး သူတို့ တန်ခိုးများကို ထပ်၍ထပ်၍ ပြကြရာမှ တရာအားထုတ် နေသူသည် မျက်စေ့မြင် နားကြား မှော်ပေါက်၍ သွား တတ်သည်။ ဤသည်ကား ဈာန်လမ်းမဂ်လမ်းနှင့် ဖီလာ တည်း။ ယင်းအဖြစ်မျိုးမှ ကင်းပြီး ဝိပဿနာဉာဏ် ထင်သော၊ လမ်းမှန်လိုက်နိုင်သော ဉာဏ်ကိုသာ မဂ္ဂါ မဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိခေါ်သည်။ ယခုခေတ်၌ အဆိုပါ အဖြစ်မျိုး မည်မျှပေါ်နေသည်ကို ယောဂီတို့ ဆင်ခြင် ဖွယ် ဖြစ်ပေသည်။(အဘိဓမ္မတ္ထသင်္ဂဟ ဒီပနီ၊ ၂၀၆- ၀၅)။ ဆရာကောင်း သမားကောင်း လိုအပ်သည်မှာ ထင်ရှား သည်။

## ၁၀

# သဥ္စယဗေလဋ္ဌပုတ္တ၏ဝါဒ

**ခွဲခြားမှတ်စရာ** ဝါဒရေးအားဖြင့် ညံ့ကွက်ကိုသာ ဖော်ခဲ့ရသော တိတ္ထိကြီးလေးဦး၊ အကောင်းနှင့်အညံ့ ဒွန်တွဲ တင်ပြခဲ့ပြီးသော တိတ္ထိကြီးတဦး၊ ပေါင်းငါးဦး၏ အကြောင်းကို သိရှိပြီး နောက်ပိုင်းတွင် အဆုံးအားဖြင့် သူထက်သူ လူစွမ်းကောင်းနေခဲ့သူ သဥ္စယဗေလဋ္ဌပုတ္တခေါ် သိဥ္စည်း၏ဝါဒကို ယခု လေ့လာကြရပါတော့မည်။ သို့သော် ဝါဒကိုမတင်ပြမီ တိတ္ထိကြီးခြောက်ယောက်၏ တူရာတူရာအဖြစ်တချို့ကို သိထားလျှင် ပိုကောင်းပါလိမ့်မည်။ ရှေ့ပိုင်း၌ ဤသို့တစုတည်းတွဲ၍ မဆိုခဲ့ရသေးပါ။

သဥ္စယဗေလဋ္ဌပုတ္တသည်လည်း ကျွန်အဖြစ်မှ ဂိုဏ်းဆရာလုပ်လာသူဖြစ်ရာ တိတ္ထိကြီး (၆)ဦးတွင် ကျွန်ဖြစ်ခဲ့သူလေးဦး-(ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ သဥ္စယဗေလဋ္ဌပုတ္တနှင့် အဇိတကေသကမ္ဗလ)၊ ကျွန်မဟုတ်သူတဦး (နိဂဏ္ဌနာဋပုတ္တ)၊ ကျွန်ဟုတ် မဟုတ် မသေချာသူတဦး (ပကုဓကစ္စာယန)ဟူ၍ ခွဲခြားမှတ်သားနိုင်ပေသည်။ ထို့ပြင် သဥ္စယဗေလဋ္ဌပုတ္တသည် ပရိဗိုဇ်၏ အသွင်ဆောင်သူ ဖြစ်သောကြောင့် တိတ္ထိကြီး (၆)ဦးအနက် အဝတ်ဝတ်သော ပရိဗိုဇ်(၃)ဦး (အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန နှင့် သဥ္စယဗေလဋ္ဌပုတ္တ) နှင့် အဝတ်မဝတ်ဘဲ

ဝတ်လစ်စလစ်နေသူသုံးဦး (ပူရဏကဿပ၊ မက္ခလိဂေါသာလနှင့် နိဂဏ္ဌနာဋပုတ္တ)ဟူ၍ မှတ်သားနိုင်ပြန်သည်။

**ဝတ်စားပုံ** အဝတ်မပတ်ဘဲ နေကြရာတွင် တဦး၏နေပုံနှင့် အခြားတဦး၏နေပုံကား တူချင်မှတူပေမည်။ ထို့အတူ အဝတ်ဝတ်သူချင်း အတူတူလည်း အဇိတ ကေသကမ္ဗလသာလျှင် လူဆံခြည်မျှင်နှင့် ယက်ထားသော ယုတ်ညံ့ဆုံးအဝတ်ကို ဝတ်သူဖြစ်ကြောင်း သိရ၏။ ပကုဓကစ္စာယနနှင့် သဉ္စယဗေလဋ္ဌပုတ္တတို့ဘာကို ဝတ်သည်ကိုမူ အတိအကျ လက်လှမ်းမှီမှီ မသိခဲ့ရချေ။ (ပရိဗိုဇ်တို့ ဝတ်စားနေထိုင်လေ့ရှိသည့် မူတမျိုးမျိုးအတိုင်းဖြစ်ပေမည်။ အခန်း ၂-ရှု)။

**စိတ်ရှုပ်စရာကြီး** သဉ္စယဗေလဋ္ဌပုတ္တကား လူစွမ်းကောင်းလုပ်လွန်းအားကြီး၍လော မသိ၊ အဇာတသတ်မင်းက အယုတ်ညံ့ဆုံး အယူကို ယူသူဟု ရှုတ်ချခဲ့သောတိတ္ထိကြီး ဖြစ်သည်။ ပညာမဲ့ဆုံး၊ တွေဝေဆုံး ဂိုဏ်းဆရာဟု ကင်ပွန်းတပ်ခံခဲ့ရသူဖြစ်သည် (၁)။

ဆိုခဲ့သည့်အတိုင်း ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့၏ အလောင်း ဥပတိဿနှင့် ကောလိတပရိဗိုဇ်တို့၏ ဆရာလည်းဖြစ်ခဲ့သည်။ သူ့ဝါဒ၊ သူ့ဟောပြောချက်၊ သူ့ဖြေဆိုချက်တို့ကို မြင်လိုက်လျှင်မူ အဇာတသတ်မင်း ပြောလည်းပြောစရာဘဲဟု ထင်ဖွယ် ဖြစ်ပေသည်။ မြတ်စွာဘုရားက အဇာတသတ်မင်း၏ စကားကို ထောက်ခံခြင်း၊ တားမြစ်ခြင်း မပြု၍သာ နေရမည်၊ သူ့ဝါဒမှာ လူတဘက်သား စိတ်ရှုပ်စရာ ဝါဒကြီးတည်း။

**ပြောပုံက** အဇာတသတ်မင်းက ရဟန်းပြုခြင်း၏ မျက်မှောက်အကျိုးကျေးဇူးကို မေးသောအခါ၌ သဉ္စယဗေလဋ္ဌပုတ္တက-

"မင်းကြီး။ ငါ့အား သင်က ဤလောကမှ အခြားတပါးသော လောကရှိသလောဟု မေးလျှင် ငါ့စိတ်ဝယ်ရှိသည် ထင်က ရှိသည်ဟုပင် ဖြေပေမည်။ သို့သော် ငါသည် ဤလောကမှ အခြားတပါးသောလောက ရှိသည်ဟုလည်း မယူဆ၊ မရှိဘူးဟူ၍လည်း မယူ။ ဤသို့လည်း မယူ၊ ထိုသို့လည်း မယူ၊ အခြားသို့လည်း မယူ။ ဤသို့၊ ထိုသို့၊ အခြား သို့မဟုတ်ဟုလည်း မယူ။ ဤသို့၊ ထိုသို့၊ အခြားသို့ မဟုတ်သည် မဟုတ်ဟုလည်း မယူဟု ငါဖြေမည်" ဟူ၍ ဆိုခဲ့သည်။

ထို့ကြောင့် အဇာတသတ်မင်း ဒေါသထွက်ခဲ့ဟန် ရှိပေသည်။ ဒေါသထွက်လည်း ထွက်စရာဖြစ်နေသည်မဟုတ်လော။ မေးသော မေးခွန်းကို သွယ်ဝိုက်၍ကား ဖြေပြီးဖြစ်ပါ၏။ သို့သော် အမြင်အားဖြင့် လွန်လွန်းအားကြီးလှသည်ဟု ပြစ်တင်ဖွယ် ဖြစ်သည်။

**မလွန်လွန်းပေလော** လောကဝေါဟာရထဲမှ ချစ်သည်၊ မုန်းသည် ဤနှစ်လီအတွက် ချစ်သလောဟု မေးလျှင် ဖြေသူက ချစ်လျှင် ချစ်သည်၊ မချစ်လျှင် မချစ်ဟု ဖြေလိမ့်မည်။ မချစ်လျှင် မုန်းသလောဆိုပါမူ မုန်းလျှင် မုန်းသည်၊ မမုန်းလျှင် မမုန်းဟု ဖြေပေမည်။ ထိုအခါ မချစ်လျှင် မုန်းရမည်ဟုလည်း မဆိုသာ။ မမုန်းလျှင် ချစ်ရမည်ဟုလည်း ဆိုသာမည်မဟုတ်။ မမြင်ဘူး မကြားဘူးသူချင်းအပေါ်တွင် စိတ်နေစိတ်ထား ရှိနေသလို မုန်းလည်းမမုန်း၊ ချစ်လည်း မချစ်ဟု ယူဆနိုင်ပေသည်။ချစ်လည်း မချစ်၊ မုန်းလည်းမမုန်း၊ မချစ်မမုန်းလည်း မဟုတ်ဟုဆိုလျှင်ကား နယ်လွန်သွားပြီဟု ဆိုရချေမည်။

အဇာတသတ်မင်း၏ အမေးကို သဉ္စယဗေလဋ္ဌပုတ္တာဖြေဆိုပုံမှာ (သို့မဟုတ်) သူ့ဝါဒကို တင်ပြရာမှာ ယင်းသို့ နယ်လွန်သည်ဟု

ဖြစ်တင်ဖွယ် ဖြစ်လာသည်။ အဇာတသတ်မင်း သံဝေဂရနေစေ မို့သာ တော်တော့သည်။ ယခင်ကလို ထက်ထက်မြက်မြက်ထင်ရာ စိုင်းနေသေးသူသာဆိုလျှင် ထ၍များ ဘာလုပ်မည်မသိ။ ဤမျှ တွေးတောရန်အထိ တဘက်သား နားထွေးစေသော အပြောမျိုး ဖြစ်၏။ သိဥ္စည်းသည် အထက်ပါ အဖြေနှင့်လည်း မရပ်သေး။

တပါးသော လောကမရှိသလောဟု မေးလျှင်လည်း ဆိုခဲ့သည့် အတိုင်း ဖြေမည်ဟု ပြော၏။

တပါးသော လောကရှိလည်းရှိ၊ မရှိလည်း မရှိသလော....

....သည် ရှိမဟုတ်၊ မရှိမဟုတ်လော....

သေပြီး နောက်တဖန် ဖြစ်ပေါ်သော သတ္တဝါရှိသလော....

....မရှိသလော....

....ရှိလည်းရှိ၊ မရှိလည်း မရှိသလော....

....ရှိမဟုတ်၊ မရှိမဟုတ်လော....

ကောင်းမှု မကောင်းမှုကံတို့၏ အကျိုးဝိပါက်ရှိသလော....

....မရှိသလော....

....ရှိလည်းရှိ၊ မရှိလည်း မရှိသလော....

....သည် ရှိမဟုတ်၊ မရှိမဟုတ်လော....

ဟူသော မေးခွန်းများကို မေးလျှင်လည်း အဆိုပါအတိုင်း အဖြေပေးမည်ဟု ပြောပြန်သည်(၂)။

**ပစ်လွှင့်အယူ** ပါဠိတော်မြန်မာပြန်နှင့်သံဂါယနာအမေးအဖြေ တို့၌(၃) သူ့ဝါဒကို "အဆုံးမရှိ ပစ်လွှင့်သောအယူ"ဟု ပြ၏။ ပါဠိလို "အမရာဝိက္ခေပဝါဒ"ဟု ခေါ်သည်။ အဘယ်သို့ အဆုံး မရှိသနည်း။ ပြဿနာ မေးလာလျှင် မလွှတ်တမ်းသာ လှည့်ပတ် နေတော့မည်။ ဘာကိုမှ တိတိကျကျမဖြေ။ ဆုံးခန်းတိုင်မရောက်

နိုင်အောင်ပင် ဝေ့လည်ကြောင်ပတ် လုပ်ထားသည်။ သူ့ဘာကို ဆိုမှန်းမသိရအောင် ပြောသည်။ ထို့ကြောင့် ငါးကဲ့သို့ ဖမ်း၍မရ စမ်း၍မရသည့်ဝါဒမျိုး ဖြစ်ကြောင်း ကျမ်းဂန်ကဆိုလေသည်။

''ငါ့ဝါဒ၊ ငါ့အယူအဆ၊ ငါလုပ်သမျှ ဘယ်သူ့ဘာမှ သိစရာ မလို''ဟု သဘောထားလေဟန်လည်း ရှိပေသည်။

ကံ၊ ကံ၏အကျိုးဝိပါက် ရှိမရှိကိစ္စ၊ နောက်ဘဝကိစ္စတို့၌လည်း အတိအကျမဖြေ၍ သမ္မာဒိဋ္ဌိစာရင်းသို့ မဝင်နိုင်ပြီ။ အမရာဝိက္ခေပ ဝါဒဟုဆိုသဖြင့်မူ မိစ္ဆာဒိဋ္ဌိ(၆၂)ပါးမှ လေးပါးသော အမရ ဝိက္ခေပဝါဒအနက် တပါးပါးဖြစ်ကြောင်းမှာ အထင်အရှား တွေ့ရတော့သည်။ အဘယ်တပါးဖြစ်မည်ကို ဆွေးနွေးပါစို့။

**ဝေဖန်သည့်ရှုသော်** ဥပတိဿနှင့် ကောလိတ ပရိဗိုဇ်တို့မှာ ပညာရှိများ ဖြစ်ကြ၏(၄)။ သူတို့ကပင် ဆရာတင်ခဲ့သေးသည် ဆိုသည်မှာ စဉ်းစားဖွယ်တည်း။ ရတတ်သရွေ့ ဆင်ခြင်သော် သဉ္စယဗေလဋ္ဌပုတ္တသည် ဗဟုသုတ ကြွယ်ပေလိမ့်မည်။ စကား အရာ၌ အမှားပါမည်စိုးဟန် ရှိသည်။ သူဖော်ပြသော အကြောင်း အရာများသည် နက်နဲခက်ခဲသောအကြောင်းအရာများ ဖြစ်သည်။ ထို့ကြောင့် ချစ်လျှင်ချစ်၊ မချစ်လျှင်မုန်း၊ မမုန်းဟုဆိုလျှင်လည်း မချစ်မမုန်း သဘောမျိုး ကောက်ချက်ဆွဲသကဲ့သို့ မဆွဲနိုင်သော ပုစ္ဆာကြီးများဟု သူမှတ်သားမိပေမည်။ သို့ဖြင့် လွယ်လွယ်ကူကူ အတိအကျ အဖြေမပေးဘဲ ဝဲလှည့်နေဟန်တူပေသည်။

စကားအရာ အမှားပါမည်စိုးခြင်းအတွက်မူ မုသာဝါဒကို ကြောက်၍လော၊ ဥပါဒါန်ကို ကြောက်၍လော၊ ပညာရှိတို့ စစ်ဆေးမေးမြန်းမည်ကို ရှိုးရှား၍လော၊ ဉာဏ်ပညာထုန်ထိုင်း၍ လောဟု အမရာဝိက္ခေပဝါဒ ဖြစ်ပေါ်ရာအကြောင်းခံလေးပါးနှင့်

ဟပ်၍ ကြည့်ရပေမည်။ သို့သော် ဤအတိုင်းကား ထင်ကြေးပေး နေ၍ မဖြစ်သေး။ အချက်အလက် စုစည်းကြည့်ရဦးမည် ဖြစ်သည်။

ရှေးဦးစွာ အဂ္ဂသာဝကကြီး နှစ်ပါးအလောင်းတို့ သူ့ထံချဉ်း ကပ်၍ တပည့်ခံနေသည်ကို ပြန်လည် စဉ်းစားကြည့်လိုသည်။ သူသည် ပညာရှိတို့ အမေးအစမ်းခံရမည်ကို ရှုံ့ရှား၍ ဤဝါဒကို တီထွင်သည်ဆိုလျှင် ဖြစ်နိုင်မည်လော။ ဖြစ်ကောင်း ဖြစ်နိုင်မည် ဟု ဆိုရပေမည်။

ဉာဏ်ပညာထုန်ထိုင်း၍ ဤဝါဒမျိုး ပေါ်လာရသည့် အဖြစ် မျိုးကိုမူ သူ့အတွက် မရအပ်ပေ။ သူသာဉာဏ်ထိုင်းလျှင် ဥပတိဿ နှင့် ကောလိတတို့က ဆရာတင်လှာမည်လော။ တင်လိမ့်မည် မထင်။

ဥပါဒါန်တရားကို ကြောက်သဖြင့် ယင်းဝါဒကို တီထွင်သူ ဖြစ်သည်ဟု ဆိုလျှင်လည်း အထောက်အထားပြ၍ ငြင်းနိုင် ပြန့်သည်။ ဥပတိဿနှင့် ကောလိတ ပရိဗိုဇ်နှစ်ဦးတို့ မြတ်စွာ ဘုရားရှင်၏ တရားထူးကို ရလာကြသောအခါက သိဥ္စည်းသည် ဘာပြောသနည်း။

"ဒို့ သုံးဦးပေါင်းပြီး ဂိုဏ်းဆရာအဖြစ်နဲ့ဘဲ နေကြတာပေါ့" ဟု ပြောခဲ့သည်(၄)။ ကိလေသာ အညစ်အကြေး တင်မှာစိုး၍၊ ဥပါဒါန်ကပ်မည်စိုး၍ ထိုဝါဒပေါ်ရသည်ဆိုလျှင် သူ၏ ထိုစကား အရ ဂိုဏ်းစွဲကပ်နေသဖြင့် ဥပါဒါန်ကို သူမကြောက်မှန်း ထင်ရှား သည်။

ထို့ပြင် လောက၌ လူမိုက်နှင့် လူလိမ္မာရှိကြရာတွင် လူမိုက်က များ၍ မိုက်သောသူ သူ့ဆီချဉ်းကပ်လိမ့်မည်။ လိမ္မာသောသူ ဘုရားထံ သွားလိမ့်မည်ဆိုသော စကားမှာ သူဂိုဏ်းဆရာ လုပ်နေ

ချင်သော အစွဲနှင့် မှုသားမပြောဘဲ ပြောင်ဖွင့်ချလိုက်ခြင်းမျိုး ဖြစ်နေသည်။ ထို့ကြောင့် သိဥ္စည်းသည် ကျွန်ဘဝမှ အလွတ် ရုန်းလာရာက ဝါဒရေး၌လည်း သူ မှုသားကြောက်ရာမှ တီထွင် လိုက်သော ဝါဒဟု ဆိုရန်ရှိပေသည်။ ပညာရှိတို့ အမေးအစမ်း ခံရလျှင် ဆင်ခြေ့ရန်ရှောင်လုပ်နိုင်အောင်လည်း ကြံဆထားဟန် ရှိပေသည်။

**အာဂလူ** အထက်ပါစကားထဲ၌ ဘုရားရှင်အား ပစ်ပယ်ပုံ လည်း မပေါ်ချေ။ မပစ်ပယ်၍လည်း တရားထူးရလာသူ သူ့တပည့် ကြီးနှစ်ဦးအား သူနှင့်ပေါင်းမြဲပေါင်းပါဟု ဆိုခဲ့သည်။ လိမ္မာသူ ဘုရားဆီသွားလိမ့်မည်ဟုလည်း ဖွင့်ပြောခဲ့သည် မဟုတ်လော။

သူမှာ သူများတပည့်မလုပ်ချင်သော၊ သူကသာ ဆရာလုပ်နေ ချင်သော ညာဥ်ကပ်နေကြောင်းမှာ ပေါ်လွင်နေသည်။ **"လူကြီး လုပ်စားနေချင်သည်။"** သို့သော် သူ့တပည့်ကြီးနှစ်ဦးသောတာပန် ဖြစ်လာစဥ်၌ သူ့ကိုပါ ခေါ်သောအခါက တပည့်အဖြစ်ထက် သူနှင့်တန်းတူ ရည်တူ အခွင့်အရေးမျိုး ပေးသလို တွေ့ရသည်။ သူတို့ရလာသော တရားကို သူကတပည့်မခံဘဲ နိုက်၍ ယူလျှင် ရလေမည်လားဟု တွေးထင်ဟန်ရှိသည်။ တရားကို တရားသဖြင့် ရှာလိုဟန်မရှိ။ သူဂိုဏ်းဆရာလုပ်နေသော ဘဝ၌ သူ့ကို ဆရာ မခေါ်ဘဲ သူ့ဆီမှာ သွားရောက်မချဉ်းကပ်ဘဲ၊ သူ့ကို မကိုး ကွယ်ဘဲ၊ သူက ဘယ်သူ့ကို တပည့် အဖြစ်မှတ်ယူခဲ့မည်နည်း။ သူ့ပညာ သူ့တရားကိုလိုလျှင် သူ့ကို ရိုသေရမည်။ တပည့်ခံရ မည်ပင် မဟုတ်လော။ သို့ပါလျက် ဘုရားသခင် ဖော်ထုတ်တော် မူသော တရားထူးကို သူ့တပည့်နှစ်ဦး ရလာသည့်အချိန်က

တပည့်နှစ်ဦးက ဘုရားထံခေါ်သည်ကိုပင် မလိုက်ဘဲ၊ ရနိုင်သရွေ့ တရား အလစ်သုတ်မည်ဟုလည်း ကြံဆဟန် ရှိပေသည်။

လောကတွင် မိုက်သူကများ၍ မိုက်သူသည် သူ့ဘက် ချဉ်းကပ်လိမ့်မည်ဆိုသော စကားတွင်လည်း ဘက်တော်သား များရေးသာ ကြံနေဟန်တူသည်။ သူ့ဟာသူလည်း မကောင်းမှန်း သိပေလိမ့်မည်။ သို့သော် တပည့်အများစု၏ ဆရာအဖြစ်နှင့် ထောင်ထောင်၊ ထောင်ထောင်နေရလျှင် ပြီးစတမ်းသဘောထား လိုက်ဟန်ရှိသည်။ ခေတ်စကားနှင့်ဆိုသော် အရည်အချင်း ထက် အရေအတွက်ကို အလေးပေးနေဟန်ရှိသည်။ မရ၊ ရသကချိုင် သဘောမျိုးဖြစ်၏။

မည်သို့ပင် ဖြစ်စေ၊ သူ့မှာကပည့်တပန်းကား များလှဟန်မတူပေ။ တပည့်ကြီးနှစ်ဦးသည် ပရိဗိုဇ် ၂၅၀နှင့်အတူ ဘုရားထံ ထွက်အသွားတွင် သွေးအန်ရသည်အထိ သိဥ္စည်းကြီးဒုက္ခ ရောက်သည်ဟု ကျမ်းဂန်အဆိုရှိပုံကို ထောက်ရာသည်(၆)။ တပည့်ကြီး နှစ်ဦးလက်လွတ်၍ စိတ်မကောင်းရသည့်အထဲ နောက်တပည့် ၂၅၀လည်း ပါသွားသဖြင့် ပို၍ စိတ်ဆင်းရဲသွားသည်ဆိုလျှင် တပည့်တပန်း များများစားစား ရှိမည်မဟုတ်ကြောင်း သေချာလိမ့်မည်။ ဆရာတဆူအဖြစ် မင်းမူမနေနိုင်တော့ပြီကို အနည်းဆုံး ရိပ်စားမိဟန်တူပေသည်။ သနားဖွယ်ပေလော။

သနားရန်ဝေးစွ၊ သူမို့မရှက်သည်ဟုပင် ထေ့စရာ ငေါ့စရာ ပြစ်တင်စရာ ဖြစ်လာသည်။ ဟုတ်ဟုတ် မဟုတ်ဟုတ် လူကြီးဘဲလုပ်နေချင်သူသည် လူတကာ တံထွေးခွက် ပက်လက်မြောရရုံသာ ရှိတော့သည်။

**ပုဏ္ဏာအကြောင်းသိ၏လော** ဗျာကရဏီယ လေးပါးကို မည်သည့် တိတ္ထိကြီးမှ မလိုက်နာကြောင်း တွေ့ရသည်။ သိစ္စည်း လည်း ထို့အတူပင်–

ကောန် ဖြေရမည့်ပြဿနာကို ကေန်ဖြေနိုင်သည့် သူမဟုတ်။ ခွဲခြားဝေဖန်၍ကော သူဖြေပါသလော။ ဝေ့လည်ကြောင်ပတ်သာ လုပ်ခဲ့သည်။

ပြန်မေး၍ ဖြေဆိုခြင်းမျိုးကို သူပြုသယောင်ရှိသည်ဟု ထင်ရန် ရှိသော်လည်း တိတိကျကျကား မဟုတ်။

မဖြေဘဲထားရမည့် ပြဿနာအဖြစ် မဖြေဆိုဘဲ နေခဲ့သည့်အခါ ဘယ်လောက်များသည်ကိုမူ မသိရချေ။ အဇာတသတ်၏ မေးခွန်းကို မဖြေဘဲ မနေရဲဟန်ဖြင့် သူ့ဝါဒလာ မလွဲတမ်း ရှောင်လွှဲနေသည့်အချက်တို့ကိုသာ ပြလေသည်။

ထို့ကြောင့်လည်း ကျမ်းဂန်၌ သူ့ဝါဒကိုလည်း တခြားတိတ္ထိတို့ဝါဒနည်းတူ အကျိုးမဲ့ကို ညွှန်သောဝါဒ၊ ကြက်သရေကင်းမဲ့သော ဝါဒ၊ ကြောက်စရာ့ဝါဒဟူ၍ ထပ်လောင်းပြဆိုခဲ့ပေသည်။(၇)

**လူတို့မွေတာ** ဤသည်ကို ဗုဒ္ဓဘာသာဝင်တို့က လက်ခံကြ၏။ လူတို့တထွာ လောကမွေတာကိုလည်း မိဂါရမာတာ ဝိသာခါ ကျမ်း၌ ဆိုခဲ့ဘူးပါပြီ(၈)။ လူတို့သည် ကောင်းသထက်ကောင်း ခြင်းကိုသာ ကြိုက်ကြသည်။ ဝါဒရေးရာတွင် မှန်သထက်မှန်သော ဝါဒကို နှစ်သက်ကြသည်။ ကြိုးစား၍ လိုက်နာချင်ကြသည်။ အထူးသဖြင့် ဗုဒ္ဓဘာသာဝင်ဆိုလျှင် ဘုရားရှင်က မကောင်းဟု ပညတ်ထားသည်ကို မကောင်းဟုပင် ကြိုးစား မှတ်ယူကြသည်။ အကောင်းဟု ဟောကြားထားသည်ကို အကောင်းဟုပင် မှတ်ယူ

နေကြသည်။ အတုယူဖွယ်၊ ရှောင်ကြဉ်ဖွယ်ရှိလျှင် ဤမှတ်ကျောက် ဖြင့်သာ စမ်းသပ်ပြီး အတုယူကြသည်။ ရှောင်ကြဉ်ကြသည်။ ဘုရားရှင်နှင့် ဆန့်ကျင်ဘက်ဝါဒရှိသူမျိုးကိုမူ သူတို့မှာ ကောင်း ကွက် မည်မျှပင် ရှိစေကာမူ အတုမယူရဲကြပေ။ သူတို့ ဆိုးကွက်ကို တပ်အပ်ထင်ထင် မြင်အောင်ကြည့်၍ ရှောင်ကြသည်။အကြောင်း ကား-သူတို့၏ ကောင်းကွက်ကို အတုယူမိလျှင် နောင်တွင် သူတို့နှင့် နွယ်သွားမည်စိုးသောကြောင့်တည်း။

**ဆူးငြောင့်ဖြစ်မြဲ** သိဉ္စည်းထံမှ အတုယူစရာ ရှိသည်ဆိုလျှင် ဘုရားရှင်ကို ပစ်ပယ်ခြင်းမရှိမှုလောက်ကိုသာ ပြရပေမည်။ဤမျှကို ဗုဒ္ဓဘာသာဝင်အနေဖြင့် ရောမချီးကျူးခန်း မဖွင့်နိုင်ပေ။ ဂိုဏ်း ဆရာလုပ်နေလိုခြင်းဖြင့် သာသနာအတွက် သူတို့လည်း တဖက် တလမ်းက ဆူးငြောင့်ခလုတ် ဖြစ်နေသည်ကို ရိပ်မိဟန်ပင် မတူပုံ မှာ မသိသားဆိုးဝါးလျက် ရှိကြောင်း ကျွန်ုပ်တို့အဖို့ နားလည် လွယ်သည်။ သို့ နားလည်သည့်အတိုင်း ရှုတ်ချပြစ်တင်ကြသည်။ ကျမ်းဂန်အဆို အမိန့်အရလည်း အသေဝနာစ ဗာလနံ လုပ် ဖြစ်အောင် ကြိုးစားကြရကြောင်းကိုနောက်တခန်းတွင် ဆက်လက် ရှုစားကြပါကုန်။

## အခန်း ၁၀ မှတ်စုများ

၁။ သုတ်သီလက္ခန်သာမညဖလသုတ်။ ရှင်တော်ဘုရားကမူ ယင်းကဲ့သို့ ယုတ်ညံ့ဆိုးဟု လျှောက်ထားချက်ကို မည်သို့မျှ ဝန်ခံတော်မူခြင်း မရှိပေ။

၂။ သုတ်သီလက္ခန်သာမညဖလသုတ်။

၃။ ဒီဃနိကာယ်သံဂါ မေး ဖြေ၊ နှာ-၄၆။

၄။ ဝိ-မဟာဝါ၊ ဓမ္မပဒ၊ အင်္ဂုသံဂါ မေး ဖြေ-ပ-တို့ကို ညှိနှိုင်းတင်ဆက်ထားသော မဟာ မောဂ္ဂလာန်ကျမ်း နှာ-၇-၌ ဤသို့ဆိုသည်။ ''နှစ်ဦးသဘောတူ ပရိဗိုဇ် ရဟန်းအဖြစ်နှင့် ထိုထို ပရိဗိုဇ်တို့ထံ ဝါဒနည်းခံ၍ အမတ တရားကို ရှာမှီးကြလေသည်တွင် ရှေးဦးစွာ သိဉ္စည်းဆရာထံ ပရိဗိုဇ် ရဟန်းပြု၏။ သို့ပါသော် ''နှစ်ရက်သုံးရက်မျှနှင့်ပင်'' သိဉ္စည်းကြီး၏ ဝါဒသည် အမတ တရား ရရာရကြောင်း ဖြစ်သော ဝါဒမျိုး မဟုတ်ကြောင်း သိကြ၍ ဇမ္ဗူဒီပါကျွန်း၌ လှည့်လည် ကြပြီးလျှင် တရားရှာကြရလေသည်။ ဤနည်းဖြင့်လည်း မိမိတို့ ရည်ရွယ်ချက် အထမ မြောက်ဘဲ ရှိပြန်၏။ ပရိဗိုဇ် အသီးသီးတို့သည် မိမိတို့ မေးသော ပြဿနာကို မဖြေ နိုင်ကြချေ။ မိမိတို့ကသာ ထိုထိုပရိဗိုဇ်တို့၏ ပြဿနာကို ရှင်းလင်း ဖြေကြားခဲ့ရ....'' သာဝက ပါရမီအထွတ် အထိပ်သို့ ရောက်ရာ၌လည်း တဦးက ၇-ရက်၊ တဦးက (၁၅)ရက်ဖြင့် ရောက်တော်မူကြသည် (၎င်းကျမ်း နှာ-၁၁)။

၅။ မဟာမောဂ္ဂလာန်ကျမ်း နှာ-၉။

၆။ ဝိမဟာဝါ ၄၅-၉၊ ဓမ္မပဒ-၈။ အင်္ဂုသံဂါ မေးဖြေ-ပ။

၇။ ဒီဃနိကာယ်သံဂါ မေး ဖြေ နှာ-၄၆။

၈။ ၎င်းကျမ်းအခန်း ၇-ရှု။

## ၁၁

# ပညာ အရေးကြီးကြောင်း

**ပညာသဘောအဓိပ္ပာယ်** သမ္မာအမြင်ဟူသော ဖြူစင်ဖြောင့်မတ်ကောင်းမြတ်စင်ကြယ်သောဉာဏ်အမြင်သည် ပညာဉာဏ်ပင် ဖြစ်သည်။ ဗုဒ္ဓဝါဒအရ တိတ္ထိကြီးတို့၌ ဤပညာဉာဏ် မဲ့နေသည်။ ပညာမဲ့နေသဖြင့် ထင်ရာစိုင်းသည့်အလုပ်များနှင့် တရစ်ဝဲဝဲသာ ရှိနေခဲ့ကြသည်။

ပညာ-ပညာ-ပညာ။ ဤပညာကား အဘယ်ပါနည်း။

ပညာသည် ခွဲခွဲခြားခြား အပြားအားဖြင့် သိမှု၊ ယင်းသို့ သိခြင်းသဘော၊ အနိစ္စ စသည်ကို စိစစ်ခြင်းသဘော၊ အပြားအားဖြင့် စိစစ်ခြင်းသဘော၊ သစ္စာလေးပါး တရားတို့ကို စိစစ်ခြင်းသဘော၊ အနိစ္စ စသည်ကို ကောင်းစွာမှတ်ခြင်းသဘော၊ ကပ်၍ မှတ်ခြင်းသဘော၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော၊ အသိဉာဏ် ရှိသူ၏ အဖြစ်၊ ကျွမ်းကျင် လိမ္မာသူ၏ အဖြစ်၊....မတွေဝေမှု အမောဟ၊ ထွက်မြောက်ကြောင်း မဂ်၏ အစိတ်အပိုင်း အင်္ဂါ မဂ္ဂင်....စသဖြင့် အနက်သဘောများ ရလေသည်။ (၂)

ဗုဒ္ဓဝင်ကမူ မည်သည့်အရာမဆို ဟုတ်မှန်တိုင်းသော သဘောကို ထိုးထွင်းသိမြင်ခြင်းသည် ပညာပင် ဖြစ်သည်ဟု ဖွင့်ဆိုသည်။

(၂) ဤတွင် အသေးအမွှားကလေးကို အမှန်သိခြင်းမှအစ အနက်နဲဆုံးကိုသိရသည်အထိ အားလုံးပါဝင်လာလေတော့သည်။

လောကီလောကုတ် နှစ်ဖြာသောအရေးတို့၌ အမှန်သိခြင်းသည် သာ ပညာဖြစ်၏။အမှားကိုသိခြင်းမှာ အဝိဇ္ဇာမောဟ၏ နယ်ပယ် သာတည်း။

**ပညိန္ဒြေ** ဓမ္မသင်္ဂဏီ၌ ပညာကို ပညာ၊ ပညိန္ဒြေ ပဇာနနာ စသည့်အမည်များနှင့် ဟောထား၏။ (၃) အရင်းခံကား ပညိန္ဒြိယ-ပညိန္ဒြေဟုပြ၍၊ ပညိန္ဒြေ စေတသိက်ကို လိုအပ်ကြောင်း ဟောသည်။

ကျွန်ုပ်တို့၏ ဖြစ်ပေါ်တိုင်းသော စိတ်၌ စေတသိက်ဟူသော ယှဉ်ဘက်တရားများ ပါရ၏။ (၄) စေတသိက်နှင့်တွဲ၍သာ စိတ် ဖြစ်ပေါ်ရသည်။ ၎င်းစေတသိက်များထဲတွင် ပညိန္ဒြေသည်လည်း တပါး အပါအဝင် ဖြစ်၏။ (၅) ကျွန်ုပ်တို့၌ ဒါန၊သီလ၊ဘာဝနာ တို့နှင့်စပ်သော ကုသိုလ်စိတ်များ ဖြစ်နေလျှင် ပညာ ပါရှိပြီဟု မှတ်ယူရမည် ဖြစ်ပေသည်။ (၆)

တိတ္ထိကြီးတို့၌ များသောအားဖြင့် ယင်းတို့၏ ဝါဒစွဲအရ အဆိုပါ ကုသိုလ်စိတ် အဖြစ်နည်းသည်ဟု ဆိုနိုင်ပေသည်။

တဖန် ပညာသည် အမိုက်မှောင်ကို ဖျက်ဆီးပြီး အလင်းရောင် ကို ပေးသည့် ကိစ္စရှိသော တရားဟူ၍ လာ၏။ ပညာသမာ အာဘာ နတ္ထိ- ပညာနှင့်တူသောအလင်းရောင် မရှိ။ (၇) မြတ်စွာဘုရားသခင်သည် ပဋ္ဌာန်း သဘောတရားတို့ကို ဆင်ခြင် သုံးသပ်တော်မူသောအခါတွင် ရောင်ခြည်တော်များ ဖြာ၍ ထွက် လာသည်။ (၈) ဤကား ပညာ၏ အထွတ်အထိပ်ကို ရောက်လာ သော အထိမ်းအမှတ်ပင်တည်း။ သာမန်လူတို့၌ အသိပွင့်နေ သောအခါ မျက်နှာ စသည့် အရေအဆင်း ကြည်လင်သည်။ စိတ် ရှုပ်နေစဉ်တွင် မျက်နှာ၌ ထိုအရည်အသွေးများ မတွေ့နိုင်ပေ။

**ပစ္စုပ္ပဋ္ဌာန်** ပညာသဘောတရားဖြစ်ပေါ်နေချိန်တွင် မောဟ ခေါ် တွေဝေမှုတရား ပျောက်နေ၏။ နေလာ နှင်းပျောက် ဟူ‌တိ သို့တည်း။ မောဟ ရှိဆဲခဏ၌ ပညာ မဖြစ်နိုင်သည်ကိုလည်း အပြန်အလှန်အားဖြင့် မှတ်သားရာသည် (၉)။ တချိန်တည်း၌ စိတ်နှစ်မျိုး ဖြစ်ရိုးထုံးစံ မရှိသည့်အတွက်ငင်း၊ မောဟနှင့် ပညာ စေတသိက်တို့သည် ဆန့်ကျင်တက် သဘောတရားများ ဖြစ်၍ငင်း၊ ပညာပါသောစိတ် ဖြစ်ပေါ်စဉ် မောဟပါသောစိတ် မပေါ်နိုင် တော့ပေ။ ဤသည်ကိုပင် "တရားသဘော၌ တွေဝေသော အခြင်းအရာဖြင့် ယောဂီ၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပ္ပဋ္ဌာန် ရှိသည်"ဟု ပညာ၏ ပစ္စုပ္ပဋ္ဌာန်ကို ပြထား၏ (၁၀)။ ထိုနောက် ပညာ၏ အနီးဆုံးအကြောင်းဖြစ်သော ပဒဋ္ဌာန်အရာတွင် သမာဓိ ကို ပြသည်။ သမာဓိအား အကြီးအငယ်ကိုလိုက်၍ ပညာလည်း အထက်အနုန့် ကွာခြားရလေသည်။

**ပညာအပြား** ပညာသည် အမှန်သိ သဘောတခုသာ ဖြစ် သော်လည်း အထက်အနုန့်အားဖြင့်ငင်း၊ အကြောင်းအရာကွဲခြင်း ကြောင့်ငင်း၊ အမျိုးအစားလည်း များစွာရှိပေသည်။ ဝိသုဒ္ဓိမဂ်၌ ကြည့်လျှင် "ပညာသည် ကုသိုလ်စသောအားဖြင့် များသော အပြား ရှိသည်"ဟု တွေ့ရပါလိမ့်မည် (၁၁)။ ပညာကို တမျိုး နှစ်မျိုး စသဖြင့် လေးပါးစုအထိ ဖွဲ့စည်းပေါင်းစပ်ထားသည်။အဘိ ဓမ္မာဝိဘင်း၌ (၁၀) ပါးစုအထိ ဟောကြောင်း လာ၏ (၁၂)။ ပဋိသမ္ဘိဒါမဂ်၌မူ ဉာဏ် (၇၃)ပါးရှိကြောင်း ပြသည် (၁၃)။ သို့သော် ထိုထိုဉာဏ်ပညာများအထဲမှ ကျွန်ုပ်တို့ နားလည် လွယ် ဆုံး ပညာစုကို ထုတ်ပြရလျှင် စိန္တာမယ၊ သုတမယ၊ ဘာဝနာ မယ ပညာဟူသော သုံးပါးစု ပညာတို့ကို ပြသင့်အံ့ ထင်ပါသည်။

(၁၄) အကြောင်းမူ ဤသုံးပါးစု၌ အကွဲကွဲအပြားပြား များလှစွာသော ပညာဉာဏ်တို့ အကျုံးဝင်နေသောကြောင့်တည်း။

**စိန္တာမယ** စိန္တာမယပညာ ဆိုသည်မှာ လောကကြောင်း၊ ဓမ္မကြောင်းရှိ သိဖွယ်တတ်ဖွယ်တို့ကို မမေးမမြန်းရဘဲ၊ ပြောသံဆိုသံ မကြားရဘဲ ကြံစည်ဖြစ်ပေါ်လာသော ဉာဏ်ပညာပင်ဖြစ်သည်။ လောကကြောင်းတွင် အထူးသင်ကြားမနေရသော လယ်ထွန် ကုန်သွယ်အလုပ် စသည့် ကမ္မာယတန အတတ်၊ အထူးသင်ယူရသည့် ဂဏန်းအတတ် စသော အဋ္ဌာရသ (၁၈)ရပ် သို့မဟုတ် သိပ္ပာယတန အတတ်၊ ထိုနောက် နှုတ်မှုပညာခေါ် ဝိဇ္ဇာဌာန၊ ၎င်းတို့အားလုံး ပါဝင်သည်။ ဓမ္မကြောင်းဘက်၌ ကြည့်လျှင် လောကုတ္တရာကို ရှေ့ရှုသော ဒါန၊ သီလ၊ ဘာဝနာတရားများပင် ဖြစ်သည်။ ဤစိန္တာမယဉာဏ်၏ အကျယ်အဝန်းမှာ ဘုရားရှင်တို့သာ ရအပ်သော သဗ္ဗညုတ ဉာဏ်တော်ကြီးအထိ ရောက်ကြောင်း ဖွင့်ဆိုကြ၏။

တိတ္ထိကြီးတို့သည် စိန္တာမယအရာတွင် မည်မျှပေါက်ရောက်ကြသနည်း။ ဗုဒ္ဓဘာသာ အလိုသော် သူတို့၏ ကြံစည်မှုသည် အမှန်ထက် အမှားက များနေ၏။ အမှားချည်း ဖြစ်နေမှုကိုလည်း တွေ့ခဲ့ရပြီ။

**သုတမယ** ပညာရှိများထံ သင်ကြားမေးမြန်း၍ ဖြစ်စေ၊ မမေးမမြန်းရဘဲ ကြားသိရ၍ဖြစ်စေ၊ ရသမျှသော ပညာစုကို သုတမယ ပညာစုဟု ခေါ်သည်။' အခြေခံရရန်နှင့် ကြွယ်ဝနှံ့စပ်လာရန်အတွက် ကျွန်ုပ်တို့ အဆက်ဆက်က သင်ကြားခဲ့ရသော၊ ယခုလည်း ဆက်လက်ဆည်းပူးနေသော ပညာမျိုးပင်။

တိတ္ထိတို့မှာ ဤသုတမယ အရာ၌လည်း မည်မျှ ကျယ်ပြန့်သနည်း။ ဖော်ပြခဲ့ပြီးသရွေ့၌ ဗဟုသုတ ကြွယ်ဝသူ တိတ္ထိတို့မှာ နည်းပါးလှသည်။ မရှိသလောက် နည်းပါးလှသည်။ ရှိရင်းစွဲ အသိမှန်တို့ကိုပင် သူတို့က ပယ်ရန် ရည်သန်လျက် လမ်းညွှန်ပြသခဲ့ကြသည် မဟုတ်လော။

**ဘာဝနာမယ** ဘာဝနာမယပညာမှာ ဈာန်သမာပတ်၊ ဖိုလ်သမာပတ် ဝင်စားသူတို့၏ သမာပတ်အတွင်း၌ ဖြစ်ပေါ်လာသော ပညာ ဖြစ်သည်။ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး စသော ဉာဏ်များ ပင်။ တိတ္ထိကြီးတို့ အိပ်မက်မျှပင် မမက်စဖူးသော ပညာမျိုး တည်း။

**ပွားယူနိုင်** ဖော်ပြပါ ပညာသုံးပါးကို ဆိုင်ရာဂုဏ်ပုဒ် သီးခြားတပ်ပြီး ခေါ်နိုင်သေးသည်။ ဒါနနှင့်စပ်၍ ကြံသိသော ဉာဏ်ကို ဒါနစိန္တာမယဉာဏ်၊ ကြားသိလျှင် ဒါနသုတမယ၊ ပွားသိလျှင် ဒါနဘာဝနာမယဟူ၍ အသီးသီး ဖြစ်လာ၏။ တဖန် အသိတမျိုးတည်းကိုပင် ပုဂ္ဂိုလ်ကိုလိုက်၍ ကြံသိသည့် ပုဂ္ဂိုလ်အတွက် စိန္တာမယဉာဏ် စသည်ဖြင့် ကျယ်ဝန်းစွာ ပွားယူနိုင်သည်။

ပညာသုံးပါးကို သိရခြင်းအားဖြင့် ပညာထူထောင်ပုံကိုလည်း အထိုက်အလျောက် ရှင်းလင်းပြီးသား ဖြစ်တော့သည်။ သို့သော် ပညာရှာခြင်း၌ ထိုထက် အသေးစိတ်ကို သိအပ်ပါသေး၏။

**ထူထောင်ပုံ** စာဆိုတော်များက "ပညာရှာပမာသူဖုန်းစား"၊ "ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့"၊ "ကြောင်ပုဇွန်စား ကြွတ်ကြွတ်ဝါးသို့" စသည်ဖြင့် မာန်မာန နှိမ်ချ၍ ရှာရန်၊ နှံ့နှံ့စပ်စပ် လေ့လာရန်၊ ကျေကျေညက်ညက် ဖြစ်စေရန်တို့ကို နည်းပေးစပ်ဆို

ကြ၏။ တိတ္ထိကြီးတို့ ပညာရှာရာ၊ ဝါဒတီထွင်ရာ၌ အဘယ်နှိမ့်ချမှုများ တွေ့ရပါသနည်း။ တချို့က ခပ်တည်တည်နှင့် ကိုယ့်ကိုယ်ကို အဟုတ်ကြီး လုပ်နေလိုက်သည်။ ဘယ်သူထံ ဘယ်လိုချဉ်းကပ်ပြီး ဘာအသိတွေ ရသည်ဟု မတွေ့ရပေ။ ဘုရားလောင်းပင်လျှင် ဘုရားအဖြစ်ကို ရယူရေးအတွက်သာ ကိုယ်တော်တိုင် ကြိုးပမ်းတော်မူသည်။ ရှေ့ပိုင်း၌ ဆရာကောင်းရှာ၍ ကျိုးနွံစွာ ဆည်းကပ်ခဲ့သည် မဟုတ်လော။

ပညာရှာရန်အတွက် လက်သုံးထားအပ်သည့် ဆရာတော် ဦးဗုဓ်၏ လင်္ကာကို ရှုပါ။

ဖန်ဖန်မေးမှု၊ ဝတ္ထုစင်စေ၊ ဣန္ဒြေညီမျှ၊ ဗာလကိုကြဉ်၊ ဉာဏ်ရှိယှဉ်မှု၊ ဆင်ခြင်နက်လှ၊ ဓိမုတ္တဟု၊ ဉာဏပွားကြောင်း ခုနစ်တည်း-ဟူ၏။

မသိသည်ကို သိအောင် တတ်အောင် အထပ်ထပ် မေးမြန်းစုံစမ်း လေ့လာရလိမ့်မည်။ သို့မှသာ ဗဟုသုတရ၍ မိမိရရှိသော ဗဟုသုတ၌ အမှားအမှန် ပေါ်လွင်ထင်ရှားလာပြီး အမှားကိုပယ် အမှန်ကိုယူရန် ဖြစ်၏။

ဝတ္ထုစင်စေဟု ဆိုရာဝယ် စိတ်၏ကြည်လင်မှုရှိရန်၊ ကိုယ်ခန္ဓာနှင့် အဝတ်အစား၌ ညစ်ပတ်မနေစေရန်၊ နေရာထိုင်ခင်း စသည် ကျနမှု သန့်ပြန့်မှုတို့ကို မှတ်သင့်သည်။

ဣန္ဒြေညီမျှဆိုသည်မှာ အရေးပါအရာရောက်သော အချက်တခု ဖြစ်၏။ သဒ္ဓာနှင့်ပညာ သမာဓိနှင့် ဝီရိယတို့ ညီမျှစေရန် သတိနှင့် ထိန်းချုပ်ရမည်ကို ဆိုလိုသည်။ အဇာတသတ်သည် ဒေဝဒတ်၌ သဒ္ဓာပိုနေ၍ ဘုရားထံ အများနည်းတူ မချဉ်းကပ်နိုင်အောင်ရှိခြင်း၊ ဟပည့်သည် ဆရာအား ယုံလွန်း၍ ပုံအပ်ကာ

မိမိဉာဏ်ပညာကို ထိုးထွင်းအသုံးမချနိုင်အောင် ဖြစ်ရခြင်းမျိုး တို့မှာ သဒ္ဓါနှင့်ပညာ မမျှတမှု ဖြစ်၏။တိတ္ထိတို့အား တပည့်များက ကြည်ညိုနေခြင်းမှာ စင်စစ် သဒ္ဓါမှန် မဟုတ်ပေ။ သဒ္ဓါမှန် ရှိသူ၌ ပညာလည်း အထိုက်အလျောက်ဝင်ကြောင်း ရှင်တော်ဘုရားက ဟောကြားတော်မူခဲ့သည်။ မျက်မှောက်ခေတ် သံပွဲဆရာတချို့ သည် မိမိတို့ အတတ်ပညာဖြင့် ကျေနပ်နှစ်သိမ့်မှုရကာ ဒါနမှု၊ သီလမှု စသည်တို့၌ အရေးထားရကောင်းမှန်း မသိခြင်းသည် သဒ္ဓါတရားထက် လောကီပညာကို အလေးပေးနေခြင်း ဖြစ်၏။

သမာဓိနှင့် ဝီရိယ မျှတရန်ကား သမာဓိဘက်၌ လွန်နေလျှင် တခုခုကို စိုက်နေလိုသည်မှအပ အခြား ဘာမျှ လုပ်ချင်စိတ် မရှိ တော့ပေ။ ဝီရိယဘက်က အားသန်နေပြန်လျှင်လည်း ဝီရိယစိုက် အားကြီးသဖြင့် လုပ်ငန်းချောမောစွာ မပြီးနိုင်သည်တို့ကို ပြသည်။ ထို့ကြောင့်လည်း "သဒ္ဓါလွန်လျှင်ကွန့်၊ ပညာလွန်လျှင်ဆံ့၊ ဝီရိယလွန်လျှင်ပျံ့၊ သမာဓိလွန်လျှင်တွန့်၊ သတိမူကား လွန်သည် မရှိ"ဟူသောစကား ပေါ်လာရပေသည်။

စတုတ္ထနှင့် ပဉ္စမ ပညာ တိုးပွားရာအကြောင်းများ ဖြစ်သော "ပညာမဲ့ကို ရှောင်ကြဉ်ခြင်း၊ပညာရှိကို မှီဝဲဆည်းကပ်ခြင်း"တို့မှာ လွန်စွာ အထက်တန်းကျသော အချက်များ ဖြစ်၏။ မင်္ဂလာ တရားတော်၌ ၎င်းတို့ကို ထိပ်ဆုံးကပင် ဟောတော်မူသည်ကို အများသိကြပြီး ဖြစ်ပါသည်။ ပညာမဲ့ဟူသည် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ စသော တရားများကို ဉာဏ်၌ သက်ဝင်ခြင်း မရှိသူ ဖြစ်၍ ပညာရှိမှာ ဥဒယဗ္ဗယဉာဏ် (၅၀)နှင့် ပြည့်စုံသူဖြစ်သည်ဟု ဝိသုဒ္ဓိမဂ်တွင် တွေ့ရ၏။ ပုဒ္ဓဝင်၌ ထပ်ဆင့်ဖွင့်ဆိုချက်မှာ "ဤအရာသည် လူ့အပ်သောအရာ ဖြစ်သည်။ ဤသို့နေထိုင်က-

အသက်ရှည်သည်”စသည်ဖြင့် အမှန်အတိုင်း ပြောဟောနိုင်သူမျိုးကိုလည်း အောက်တန်းပညာရှိအဖြစ် မှိုဝဲသင့်ကြောင်း ဆိုသည်။ မမှားတန်သော ကိစ္စများ၌ မမှားအောင်၊ မိမိတို့၏ လိုရင်း ပန်းတိုင်ကို တရားသဖြင့် အမှန်အတိုင်းရအောင် ပညာမဲ့ ပညာရှိ ခွဲခြားတတ်ရန်မှာ အထက်ပါ အချက်တို့တွင် အရေးအကြီးဆုံးဟု ဆိုချင်ပါသည်။

သမုတိသစ္စာနယ်၌ အမှန်သိမှု၊ ပရမတ္ထသစ္စာနယ်၌ အမှန်သိမှု ရှိသူ ကလျာဏပုထုဇဉ်နှင့် အရိယာ သူတော်ကောင်းတို့အား ဆည်းကပ်မိမှ တော်ကာကျမည်။ ဤအရေးမှာ အပြောလွယ် သလောက်လည်း အလုပ်ခက်သည်။ ခေတ်ပညာတတ် အချို့ပင် လျှင် ဤသာသနာခေတ်ကြီး၌ အရိယာမရှိနိုင်ဟူ၍ ဆိုငံ့ကြ သေးသည်ကို ထောက်လျှင် ဖော်ပြခဲ့သော တိတ္ထိကြီးတို့၏ အယူအဆမျိုးပင် ပြန့်ပွားလာမည် စိုးရသည်။

ဆဋ္ဌမခြောက်အချက်မှာ နက်နက်နဲနဲ ဆင်ခြင်ရန်ဖြစ်သည်။ အဆုံးအားဖြင့် ခန္ဓာ၊ အာယတန ဓာတ်စသည်တို့ကို သိအောင် ခွဲခြားဝေဖန်နိုင်ရမည်အထိ ဖြစ်၏။

ဓိမုတ္တမှာကား ပညာပွားမှု၌ ညွတ်ကိုင်းသောစိတ် ရှိနေခြင်း ကို ပြ၏။

ဤဆိုခဲ့သော ခုနစ်ပါးသည် ယေဘုယျအားဖြင့် သုတမယ ပညာ ထူထောင်ပုံနှင့် ဆိုင်နေကြောင်း ထင်ရှားသည်။ သို့သော် စိန္တာမယပညာလည်းဒုတိယအဖြစ်နှင့်ပါဝင်နေသည်ကို တွေ့ရ၏။

**အရေးကြီးဆုံး** ကျမ်းဂန်တို့၌မူ ဘာဝနာမယပညာကိုသာ အရေးထား ဖွင့်ကြသည်။ ခန္ဓာစသည်ကို စာသဘောအားဖြင့် သင်ယူ၍ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိတို့ကို တဆင့်ပြီး တဆင့်

ထူထောင်ပြီး ကျန်ဝိသုဒ္ဓိငါးပါး ဆက်လက်ပွားများ၍ နိဗ္ဗာန် ရောက်သည်အထိ ပညာထူထောင်ရန် ပြ၏။ ဓမ္မပဒတွင် "ကမ္မဋ္ဌာန်း အာရုံ၌ အားထုတ်မှု လုံ့လကြောင့် ပညာဖြစ်ပွား၏။ အားထုတ်မှု လုံ့လမရှိခြင်းကြောင့် ပညာကုန်ခန်း၏။ ပညာပွားခြင်း၊ ပညာ ဆုတ်ယုတ်ခြင်း၏ ဤခရီးလမ်းနှစ်သွယ်ကိုသိ၍ အကြင်လမ်းဖြင့် ပညာတိုးပွား၏၊ ထိုလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏" ဟု ဘာဝနာ၏ အရေးကြီးပုံကို ဟောတော်မူထားကြောင်း တွေ့ရ ပေသည်(၁၅)။ ဤဒေသနာအရ ဘာဝနာမှုဖြင့် သမာဓိ အား ကောင်းလာခြင်းသည် သုတမယ၊ စိန္တာမယဉာဏ်များအတွက် လည်း များစွာ အထောက်အကူ ဖြစ်နေသည်ကို ယုံမှားမရှိ မှတ်အပ်၏။

လောကကြောင်း၌ လူရည်ချွန်နေကြရသည်မှာ ယေဘုယျ အားဖြင့် သုတမယ၊ စိန္တာမယ ပညာများဘက်၌သာ ဖြစ်၏။ ဗုဒ္ဓဘာသာဝင်များအဖို့ ၎င်းဉာဏ်နှစ်ပါးကို ဘာဝနာမှု အစဉ် ကူပေးခြင်းဖြင့် ပို၍ထက်မြက်စေသင့်သည်။ ဘာဝနာမယ ပညာ သက်သက်ကို ထူထောင်မှုသည်လည်း အခါအားလျော်စွာ လိုအပ်သော လုပ်ငန်းပင် ဖြစ်တော့၏။

**ပညာအကျိုးကျေးဇူး** အချုပ်မှာ ပညာသည်ကျေးဇူးများ၏။ ပညာတတ်မှ လူရာဝင်သည်။ ပညာရဲရင့်မှ ပွဲလယ်တင့်နိုင်သည်။ ပညာဉာဏ်ကို အသုံးချတတ်မှ ကိုယ်စိတ်ချမ်းသာရ၏။ ကျမ်းဂန် တို့၌မူ ပညာကိုရရှိခြင်းသည် မိမိတို့ လိုရာပန်းတိုင်သို့ ရောက်ခြင်း ပင် ဖြစ်ကြောင်းလာသည်။ ပညာဘာဝနာ၏ အကျိုးလေးပါးတွင် ကိလေသာတို့ကို ခေတ္တခဏပယ်နိုင်ဖျက်ဆီးနိုင်ခြင်း၊ သောတာပတ္တိ ဖိုလ်စသည်ကို ခံစားရခြင်း၊ နိရောဓ သမာပတ် ဝင်စားနိုင်ခြင်း၊

အလှူခံထိုက်သူ အဖြစ်ကို ရခြင်းတို့ ပါဝင်၏။ အလှူခံထိုက်သူ အဖြစ်ကိုရခြင်း ဆိုသည်မှာ ဘုရား ရဟန္တာ ဖြစ်နိုင်သည် အထိ အရေးပါကြောင်း ပြဆိုခြင်း ဖြစ်ပေသည်။

**တိတ္ထိနှင့်ပညာ** တိတ္ထိကြီးတို့မှာ ဤမျှအရေးပါသော ပညာကို လမ်းမှန် လမ်းဖြောင့်အတိုင်း ထူထောင်ရန် မစိုင်းပြင်းသူက များလေသည်။ အသိမှား အယူမှားထဲသို့ သိမ်းသွင်းခံရသော ယင်းတို့၏ ဝါဒများတွင် ပညာမပြောန်းခြင်းမှာ ထင်ရှားသည်။ ဗုဒ္ဓဘာသာဝင်တို့အတွက်မူ ပညာမှာ အထက်ပါအတိုင်း အရေးကြီးရုံသာမက မရှိမဖြစ်သော တရားတည်း။

**မပါမပြီး** ဘုရားလောင်းတို့ ဖြည့်ဆည်းပူးအပ်သော ပါရမီ ဆယ်ပါးတွင် ဒါန၊ သီလ၊ နိက္ခမ၊ ခန္တီ၊ ဝီရိယ၊ ပညာ၊ သစ္စာ၊ မေတ္တာ၊ အဓိဋ္ဌာန်၊ ဥပေက္ခာဟူ၍ရှိရာ ပညာပါရမီ ပါဝင်နေကြောင်း သိရသည်။ (၁၆) ဤဆယ်ပါးကို ခြောက်ပါး နည်းနှင့် စုစည်းပြရာ၌လည်း ဒါန၊ သီလ၊ ခန္တီ၊ ဝီရိယ၊ ဈာန၊ ပညာဟု လာသည်။ (၁၇) ပညာကို ဝကွက်၍ ချန်မထားပေ။ အခြားပါရမီအချို့သာ ဆိုင်ရာသဘောတူပါရမီများ၌ ဝင်သွား၍ မူရင်းအမည်ဖြင့် မပေါ်လွင်တော့ခြင်း ဖြစ်၏။ ထို့ပြင် ပါရမီ များကို လေးပါးအားဖြင့် အဓိဋ္ဌာန်တရားများအဖြစ် ယူပြန် သည်မှာ သစ္စာ၊ စာဂ၊ ဥပသမ၊ ပညာဟူ၍ပင်တည်း။ (၁၈)ထိုမှ တဆင့် အကျဉ်းရုံးသည်ရှိသော် ကရုဏာနှင့်ပညာ နှစ်ပါးသာ ရတော့သည်။ (၁၉)ပညာကား မလွတ်တမ်း ပါရစမြဲဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့မြင်ရပေသည်။ ဤသည်မှာ အမည်ပညတ် ဖြင့်ပါ ပညာ၏ ထင်ရှားချက် ဖြစ်သည်။

သဘောတရားရေးသက်သက်၌ကော ပညာမပါ၍ ပြီးသလော။ ပညာမပါက မည်သည့်ပါရမီမှ မစင်ကြယ်ဟု လာသည်။ ကျွန်ုပ်တို့ သန္တာန်၌“စိတ်”စသည်တို့ မရမရှိဘဲ မမြင်နိုင် မကြားနိုင်သကဲ့သို့ သဒ္ဓါစသော ဣန္ဒြေတို့သည် ပညာမပါက ထိရောက်စွာ အကျိုး မပြီးနိုင်ကြောင်း ဆို၏။ သို့ဖြစ်၍ ပညာသည် တရားတို့၏ စင်ကြယ်ကြောင်း၌ ပဓာနအချုပ်အချာ ဖြစ်နေပေတော့သည်။ အခြားတရားစုများဖြစ်သော ဗောဓိပက္ခိယတရား (၃၇)ပါး၊ သူတော်ကောင်းဥစ္စာ(၇)ပါး စသည်တို့၌လည်း ထို့အတူပင်။ အချုပ်အားဖြင့်ဆိုရမူ တရားတော်တို့ကို သိက္ခာစဉ်အဖြစ် သီလ၊ သမာဓိ၊ ပညာဟု သုံးပိုင်း သတ်မှတ်ထားရာဝယ် သဘော မိမိ အကျယ်လေ့လာလျှင်ကား သီလနှင့် သမာဓိ အဆစ်အပိုင်းများ တွင်လည်း ပညာသဘော ပါရှိနေသည်ကို သိအပ်၏။

**သိက္ခာသုံးပါးနှင့် ပညာ** သိက္ခာစဉ် သုံးပါးအတိုင်းသော် သီလသိက္ခာကို ထူထောင်ခြင်းဖြင့် သမာဓိသိက္ခာအတွက် အား ဖြည့်ရသည်။ တဖန် သမာဓိသိက္ခာကို ထူဆောင်၍ ပညာသိက္ခာကို ဖြည့်ဆည်းပူးရ၏။ အကျယ်သဘော၌မူ သီလဟူသော အကျင့် တရားများတွင် ဘုရားရှင်က “ဤမည်ဤမည်သော အလုပ်တို့ကို ပြုလုပ်အပ်၏။ ထိုထိုအရာတို့မှာ မပြုလုပ်အပ်”ဟု ဟောတော်မူ ချက်များကို ယုံကြည်ရကောင်းမှန်း မသိလျှင်ပင် ဆိုင်ရာသိက္ခာပုဒ် တို့ကို စောင့်ထိန်းရန်အတွက် အထောက်အကူ ဉာဏ်ပညာ မရှိ သဖြင့် ကျင့်သုံးရန် ပျက်ကွက်ပေတော့မည်။ ထိုအခါ သမာဓိ သိက္ခာထူထောင်ရန်အတွက် အလှမ်းဝေးလှပြီဖြစ်ရာ ပညာသိက္ခာ ကို အဘယ်မှာလျှင် ဖြည့်ဆည်းပူးနိုင်ပေလိမ့်မည်နည်း။ သို့ဖြစ် သည်ရှိသော် ကျွန်ုပ်တို့ အထွတ်အမြတ်ထား၍ လိုလားတောင့်တ

နေသည့် လောကုတ္တရာပညာ၊ နိဗ္ဗာန်ကို ရရန် ရောက်ရန်သည် မြော်လင့်ဘွယ် မရှိတော့ပေ။

**သဒ္ဓါစစ်၌ပါဝင်** ဤ၌ မြတ်စွာဘုရား၏ စကားတော်ကို မယုံကြည်နိုင်ခြင်းသည် အကောင်းအဆိုး ခွဲခြားသိတတ်သော ပညာဉာဏ်''တုံး''နေခြင်းကို ပေါ်လွင်စေ၏။ တိတ္ထိကြီးတို့မှာ ဤအဖြစ်ဆိုးကို ခံယူထားကြသူများတည်း။ ဘုရားကို ကိုးကွယ် ရမှန်းသိမှုသည် ဂိုဏ်းဆရာအဖြစ် ကြီးကြီးမားမား ဖြစ်နေလိုသူ အတွက်ကော မလိုသလော။ သူတို့အတွက်တော့ မလိုဟု ယူဆ နေကြပေမည်။ သို့သော် လောက၏အထွတ်အထိပ်သို့ ရောက် လာတော်မူကြကုန်သော ဘုရားရှင်တို့ပင်လျှင် ရှေးရှေး ဘုရားလောင်းဘဝ ပါရမီဖြည့်ရာကာလကစ၍ ပွင့်ပြီး ပွင့်ဆဲ ပွင့် **လတ္တံ့** ဘုရားသခင်တို့အား ပူဇော်လာခဲ့သည်။ ကိုးကွယ်ဆည်းကပ် လာခဲ့ကြသည်။ တိတ္ထိကြီးတို့မှာမူ မျက်မှောက်၌ ဘုရားရှင်နှင့် ကြုံဆုံခွင့်ဟူသော အခွင့်ထူးကြီးကို ရပါလျက် သက်သက် နှောင့်ယှက်နေရုံမျှ တည်နေကြဘိသို့ ရှိနေလေသည်။

**ဘုရားဟုဆိုလေတော့** သူတို့ကို''နောင်တချိန်၌ ဘုရား ဖြစ် လာအောင် ပါရမီဖြည့်နေသူများဟု ကြံကြံဖန်ဖန် တွေးထင် လိုသူများ ရှိလျှင် သူတို့ အဘယ်ပါရမီမျိုးကို ဖြည့်ဆည်းပူးနေ သနည်းဟု မေးမည့်အစား သူတို့ကိုယ်သူတို့ ဘုရားဟု သမုတ် ထားကြပြီးဖြစ်နေသည့်အချက်ကို ထောက်ပြရုံပင် ရှိပေသည်။ သူတို့အတွက် ဘုရားဖြစ်ရန် ကျင့်ကြံစရာ မလိုတော့ဟုအထင်ကြီး ကပ်နေပြီးဖြစ်သည်။ ထို့ကြောင့်လည်း သူတို့နောက်မှ ထင်ရှား လာသော ဂေါတမဘုရားရှင်ကို နည်းအမျိုးမျိုးဖြင့် နှောက်ယှက် နေခြင်းဖြစ်သည်။ ဘကယ်သာ အကျင့်မှန်၊ ဘဝမှန်၊ လူကြီးအမှန်

ဖြစ်လိုလျှင် ဤသို့ သူတို့နေရဲကြတော့မည် မဟုတ်ပေ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပေလိမ့်မည်။

**အရင့်အမာကြီးများ** ဗုဒ္ဓဘာသာသမိုင်းရှိ သူတို့နှင့် မနှိုင်းယှဉ်သာအောင် အဆအရာသာသော ပုဂ္ဂိုလ်များကို ဆင်ခြင်ပါကုန်။ ထိုပုဂ္ဂိုလ်များတွင် ရင့်မာတကျိပ်ဝင် ပုဂ္ဂိုလ်များကို ပြဆိုလိုပါသည်။

ကောသလမင်းကြီးဆိုလျှင် သာသနာတော်အား တစတစနှင့် အလွန်ကြည်ညိုလာခဲ့သူ ဖြစ်သည်။ နာဠာဂိရိဆင်မှာမူ ဒေဝဒတ်၏ မိုက်ရိုင်းမှုကြောင့် ဘုရားရှင်အား တိုက်ရန် အားထုတ်ရာမှ ရှင်တော်ဘုရား၏ မေတ္တာတော်ဖြင့် သိမ်မွေ့သွားကာ တိရစ္ဆာန်အဖြစ်နှင့်ပင် မြတ်စွာဘုရားကို ကြည်ညိုလေးစားရမှန်း သိခဲ့သည်။ (၂၁) ပါလိလေယျ (ပလလဲ) ဆင်မင်းမှာလည်း မြတ်စွာဘုရားရှင် တပါးတည်းစံတော်မူချိန်၌ အလုပ်အကျွေး လာရောက်ပြုစုပြီးနောက် ဘုရားရှင်နှင့် ခွဲခွာရချိန်၌ ရင်ကွဲနာကျသည်အထိ သဒ္ဓါတရား အားကြီးခဲ့သည်။ (၂၂) အခြားပုဂ္ဂိုလ် ခုနစ်ဦးမှာလည်း ဆိုင်ရာ သဒ္ဓါတရားမှန်တို့ ပေါ်ပေါက်ခဲ့ပေသည်။ ဤတွင် အဇိတလုလင်မှာမူ ဘုရားသာသနာ၌ ရှင်ရဟန်းအဖြစ်နှင့် ထင်ရှားလာခဲ့သူတည်း။ ထိုအဇိတရဟန်းဆိုလျှင် ဤဘဒ္ဒကမ္ဘာဝယ် ဂေါတမရှင်တော်ဘုရားသာသနာကွယ်ပြီး နောက်ပိုင်း အတော်ကြာတွင် အရိမေတ္တယျဘုရားအဖြစ် ပွင့်တော်မူမည့် ပါရမီအရင့်ကျက်ဆုံး ပုဂ္ဂိုလ်ထူးပင် ဖြစ်လေသည်။ (၂၃)

ယင်းသို့သော ပုဂ္ဂိုလ်များပင်လျှင် အစစ်အမှန်ကို မပစ်ပယ်ကောင်းပုံ၊ အစစ်အမှန်ကို ပစ်ပယ်က မိမိတို့လည်း အစစ်အမှန်နှင့် နီးစပ်တော့မည် မဟုတ်ပုံတို့ကို ဆင်ခြင်မိုသော ဉာဏ်ပညာ

များဖြင့် ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်ကြသေးသည်။ တိတ္ထိကြီးတို့အဖို့ကား ဤသို့ ဆည်းကပ်နိုင်သူ ဖြစ်လာနိုင်ကြလျှင်မူ ရှေ့အလားအလာကို အကောင်းဘက်မှ မြှော်လင့်နိုင်ပါ၏။ ယခုသော် အဖျက်သက်သက်လို လုပ်နေသည်နှင့် မခြားတော့ပေ။ မူလက အမှားကို ပျက်အစဉ် ပြင်ခဏ သဘောမထားနိုင်အောင်လည်း "လုံကြီး လုပ်စား" နေချင်မှုက သူတို့အားဒုက္ခပေးနေမှန်း သူတို့ မသိကြချေ။

**ငရဲတုံး တိရစ္ဆာန်တုံး** ကျမ်းဂန်တို့၌ မိစ္ဆာဒိဋ္ဌိအယူကို စွဲစွဲလန်းလန်းယူမိပြီး သေလွန်သော် ငရဲ သို့မဟုတ် တိရစ္ဆာန်ဖြစ်တတ်သည်ဟု ဟောချက်ရှိခဲ့၏။ (၂၄)

တကြိမ်မှားလိုက်လျှင် ပညာနှင့် တကြိမ်ဝေးရသည်။ အမှားကို စွဲလန်းနေလျှင် စွဲလန်းနေသည့် အချိန်ကာလအလျောက်ပညာတုံးနေတော့သည်။ ပညာတုံးလျှင် ငရဲတုံး၊ တိရစ္ဆာန်တုံးဖြစ်ရသည်နှင့် မခြားပြီ။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များမှာမကင်းနိုင်သည့် တကြိမ်မှား၊ ခဏမှားကို ကြိုးစားရှောင်ရသည်နှင့်အမျှ တဆက်တည်း မမှားမိအောင်လည်း သတိချပ်၍ နေကြရသည် မဟုတ်လော။

## အခန်း ၁၁ မှတ်စုများ

၁။ မဇ္ဈိမသင်္ဂဟ-ပြန်-၁၂၆ စသည်။
၂။ ၎င်း နှာ-ဗီ။
၃။ ၎င်း နှာ-ဗီ။
၄။ အဘိဓမ္မတ္ထသင်္ဂဟ၊ စိတ်ပိုင်းနှင့် စေတသိတ်ပိုင်း။

၅။ ၎င်း စေတသိက်ပိုင်း။ ပညိန္ဒြေသည် ကောင်းသော တင့်တယ်သော စေတသိက် ၂၅ ပါးမှ နောက်ဆုံး တပါး ဖြစ်သည်။

၆။ အဘိဓမ္မတ္ထသင်္ဂဟ၊ စိတ်ပိုင်း-စေတသိက်ပိုင်း။

၇။ မဟာဗုဒ္ဓဝင် ပ၊ နှာ-ဗီ။

၈။ သင်္ဂြိုဟ်မြန်မာပြန်စာအုပ်များ၌ ပါတတ်သည်။ ဘုရား ဖြစ်တော်မူခန်းကို ပြဆိုရာ ဇိနတ္ထပကာသနီ၌လည်း ရှု။

၉။ မောဟ စေတသိက်မှာ အကုသိုလ်စေတသိက် ဖြစ်သည်။ မကောင်းသော စိတ်ဖြစ်တိုင်း ပါရ၏။ ပညိန္ဒြေ စေတသိက်မှာ ကုသိုလ်စိတ်၊ အဗျာကတစိတ် ဖြစ်လျှင် ပါရသည်။ ထို့ကြောင့် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်၏။ ဆန့်ကျင်ဘက်ချင်း အတူတွဲ၍ မရချေ။

၁၀။ ဝိသုဒ္ဓိမဂ်၊ ပြန်-ဒု၊ နှာ ၃၂၀။

၁၁။ ၎င်း။

၁၂။ မဟာဗုဒ္ဓဝင် ပ-နှာ ဖ၁း။

၁၃။ နှာ-၅။

၁၄။ မဟာဗုဒ္ဓဝင်-ပ၊ နှာ-ဖ ဆက်။

၁၅။ ဓမ္မပဒဂါထာစဉ်-ပြန်။ ၂၈၂။

\+ ဝိသုဒ္ဓိမဂ် ပြန်-တ၊ ၅၆၂။

၁၆။ မဟာဗုဒ္ဓဝင် ပ-ဒုတိယပိုင်း၊ နှာ ၂၃၀-၅၅။ ပါရမီ အကြောင်း လေ့လာလိုက ဥတ္တမပုရိသဒီပနီကိုလည်း ချန်လှပ်၍ မသင့်ဟု ထင်ပါသည်။

၁၇။ ၎င်း။

၁၈။ ၎င်း။

၁၉။ ၎င်း။

၂၀။ အနာဂတဝင်ကျမ်းငယ် နှာ ၃၉-၄၀လာ ရင့်မာ တကျိပ်ဝင် ပုဂ္ဂိုလ်ဆယ်ဦးမှာ-

၁-အဇိတမထေရ် - ဂေါတမရှင်တော်ဘုရားထံ ရဟန်းပြုသည်။ အဇာတသတ်မင်း၏သား ဖြစ်၏။ နောင်တွင် အရိမေတ္တေယျအဖြစ် ဤဘဒ္ဒကမ္ဘာ၌ ဘုရားစင်စစ် ပွင့်မည့်ပုဂ္ဂိုလ်တည်း (ထိုကျမ်း နှာ-၂)။

၂-ရာမမင်း

၃-ပသေနဒီ ကောသလမင်း

၄-အဘိဘူနတ်မင်း

၅-ဒီဃသောနိ အသူရိန်နတ်မင်း

၆-စဏ္ဍနီပုတ္တား

၇-သုဘလုလင်

၈-တောဒေယျပုတ္တား

၉-နာဠာဂိရိဆင်-ဒေဝဒတ်ကအရက်မူးအောင်တိုက်ပြီး ဘုရားရှင်အား ချေမှုန်းစေသော ဆင်ကြီးဖြစ်သည်။ ထိုဆင်ကြီးသည် ဘုရားရှင်၏ မေတ္တာဖြင့် စိတ်နူးညံ့ ပျော့ပြောင်းသွားခဲ့ကြောင်း ကျွန်ုပ်တို့ သိပြီး ဖြစ်ပေသည်။

၁၀-ပလလေယျဆင် (ပလလဲဆင်မင်း)

၂၁။ ဇိနတ္ထ၊ ဆိုင်ရာအခန်း ရှု။

၂၂။ ဇိနတ္ထ။ နှာ ၄၄၃-၇။

၂၃။ ရှု-ဤမှတ်စု-၂၀။

၂၄။ သုတ်သီလက္ခန်၊ နှာ-၂၄၆၊ လောဟိစ္စသုတ်။

# ၁၂

# နိဂုံး

**တက္ကီများ** တိတ္ထိတို့တွင် နိဂဏ္ဌနာဋပုတ္တကလွဲလျှင် ကျန်တိတ္ထိများသည် အတွေးအကြံဖြင့် ဝါဒ ထွင်ထားသူ တက္ကီများဖြစ်သည်။ ဗုဒ္ဓဝါဒအရသော် အမြင့်အမြတ်တရားကို၊ မဂ်ဖိုလ်တရားစသည်ကို အတွေးဖြင့် မရအပ်ကြောင်း(၁)၊ နိဗ္ဗာန်ကို တလောကလုံး လှည့်လည်သွားကာ ရှာဖွေရုံမျှနှင့်လည်း မရအပ်ကြောင်း ပြဆိုထားသည်(၂)။ စင်စစ် မဂ်ဖိုလ်စသော အမြင့်အမြတ်တရားကို မဆိုထားဘိ၊ နေ့စဉ် ဗဟုသုတကိုပင် တွေးရုံကြံရုံဖြင့် အမှန်များများ မရနိုင်။ ရနိုင်သမျှ အမှန်သည်လည်း အတွေ့အကြုံနှင့်၊ လက်တွေ့နှင့် ဟပ်နိုင်မှုကြောင့်သာ အမှန်ဖြစ်ရသည်။နေရာတကာအတွက်၊ အရာရာအတွက် တွေးတောကြံဆနေခြင်းဖြင့် အဘယ်မှာ အဟုတ်ရှိ အမှန်ရှိကို သမုတိ၊ ပရမတ္ထခွဲ၍ သိစွမ်းနိုင်ပါမည်နည်း။

**မကြံအပ် မစည်ရာ** တိတ္ထိကြီးတို့သည် ဗုဒ္ဓဝါဒလာ မကြံအပ်ဟုဆိုသော အရာတို့ကိုပင် ကြံကြသူများတည်း။ မကြံစည်အပ်သော အရာလေးပါးကား

၁၊ မကြံသင့်သော ဘုရားရှင်တို့၏ အရာ

၂၊ မကြံသင့်သော ဈာန်ရပုဂ္ဂိုလ်၏ ဈာန်အရာ

၃၊ မကြံသင့်သော ကံအကျိုး
၄၊ မကြံသင့်သော လောက

တို့တည်း။ (၃) ဤလေးမျိုးကိုကြံလျှင် ကြံစည်သူသည် ရူးသွပ်လျှင်လည်း ရူးသွပ်မည်၊ ဆင်းရဲပင်ပန်းမှုသော်လည်း ဖြစ်လိမ့်မည်ဟု ဆိုသည်။

ဤလောကမရှိ၊တပါးသော လောကမရှိစသည်တို့မှာ လောကအကြောင်းကို မကြံအပ် မစည်ရာကြံခြင်း ဖြစ်လေသည်။ အခြားသုံးမျိုးအတွက် ကြံပုံကိုလည်း အလားတူ သိအပ်သည်။

တွေ့ရသမျှ၊ကြံရသမျှ၊ ဟုတ်သည် မဟုတ်သည် ဝေဖန်နိုင်စွမ်းမရှိမှုဘဲ သူတို့ပြောပြောနေကြပုံမှာ ကျမ်းဂန်စကားတို့နှင့်ဖီလာချည်းလို ဖြစ်နေပေသည်။

**မြင်ကြားသမျှ ပြောရအံ့လော** မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဂဓမင်း၏ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားက ဤသို့ လျှောက်ထားလှာသည်။(၄)

“အသျှင်ဘုရား၊ မြင်မှု၊ ကြားမှု၊ တွေ့မှု၊ သိမှု အရာတို့၌ အမြင်အကြား အတွေ့အသိအတိုင်း ပြောဆိုသူ မည်သူမဆိုသည် အပြစ်မရှိပါဘုရား”

ထိုအခါ ဘုရားရှင်က-

“ဝဿကာရ အမတ်ကြီး၊မြင်ရသမျှကို ပြောအပ်၏ ဟူ၍လည်း ငါမဆို။ မပြောအပ်ဟူ၍လည်း ငါမဆို။ ကြားရသမျှ၊ တွေ့ရသမျှ၊ သိရသမျှတို့၌လည်း ထို့ အတူသာ မှတ်ရမည်။ မြင်ရသည်ကို ပြောဆိုသူအား အကုသိုလ်တိုး၍ ကုသိုလ်ဆုတ်ယုတ်လျှင် ထိုမြင်ခြင်းကို မပြောဆိုအပ်။ မြင်ရသည် ကိုမပြောသူအား ကုသိုလ်ဆုတ်

ယူတ်ပြီး အကုသိုလ်တိုးပွားလျှင် သူ၏ မြင်ခြင်းကို ပြောအပ်၏။ ကြားတွေ့သိ ကိစ္စ၌လည်း ထိုအတူမှတ်ရမည်''ဟု ဟောကြားတော်မူလေသည်။

တိတ္ထိကြီးတို့မှာ ဤသို့လည်း မှတ်ဖူးဟန် မတူပေ။ ''မကြံသင့်သည်ကို ကြံသည်။ မပြောသင့်သည်ကို ပြောသည်။ မလုပ်သင့်သည်ကို လုပ်သည်'' ဟူ၍ ဗုဒ္ဓဝါဒ၌ အထင်အရှားပြကြောင်း ဆိုခဲ့သော အဖြစ်အပျက်များ၌ သိခဲ့ရပေပြီ။

**မရှုသာ မရှိုက်သာ** ထို့ကြောင့်လည်း မြတ်စွာဘုရား ပွင့်တော်မူပြီးနောက် သာသနာလည်း တဟုန်ထိုး ကြီးပွားလာရာတွင် တိတ္ထိကြီးတို့မှာ မရှုသာ မရှိုက်သာ ဖြစ်ကုန်ကြသည်ကို အောက်ပါ ဒေသနာဖြင့် (၅) မှတ်ယူ စဲ့ပိုက်နိုင်ပါသည်။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် တခုသောအရပ်၌ ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကို လျှောက်၏။

အသျှင်ဘုရား၊ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားရှင်တို့ ပွင့်တော် မမူသေးသမျှ ကာလပတ်လုံး သာသနာတော် ပြင်ပအယူရှိသော တိတ္ထိပရိဗိုဇ်တို့သည် အရိုအသေ ပြုမှု၊ အလေးအစား ပြုမှု၊ မြတ်နိုးမှု၊ ပူဇော်မှု၊ တုပ်ဝပ်မှုကို ခံရကုန်လျက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာနေရာ၊ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်တို့ကို ရရှိကုန်၏။ အသျှင်ဘုရား၊ လောက၌ ပူဇော်

အထူးကို ခံတော်မူထိုက်ကုန်သော (အလုံးစုံသော တရားတို့ကို) ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့ ပွင့်တော်မူသောအခါ၌ကား သာသနာတော်ပြင်ပ အယူရှိသော တိတ္ထိပရိဗိုဇ်တို့သည် အရိုအသေပြုမှု၊ အလေးပြုမှု၊မြတ်နိုးမှု၊ ပူဇော်မှု၊ တုပ်ဝပ်မှုကို မခံရကုန်မူ၍ သင်္ကန်း၊ဆွမ်း၊ ကျောင်း၊အိပ်ရာနေရာ၊ သူနာတို့၏ အထောက်အပံ့ ဖြစ်သော ဆေး အသုံးအဆောင်တို့ကို မရကြကုန်။ အသျှင်ဘုရား ယခုအခါ၌ မြတ်စွာဘုရားသည်၎င်း၊ ရဟန်းသံဃာသည်၎င်း၊ အရိုအသေပြုမှု၊ အလေးအမြတ်ပြုမှု၊ မြတ်နိုးမှု၊ ပူဇော်မှု၊ တုပ်ဝပ်မှုကို ခံယူရလျက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊....ဆေး....တို့ကို ရရှိ၏ဟု လျှောက်ထား၏။(ထိုအခါ မြတ်စွာဘုရားသခင်က)-

အာနန္ဒာ၊ ဟုတ်မှန်ပေ၏။ အာနန္ဒာ၊ လောက၌ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော မြတ်စွာဘုရားတို့သည် ပွင့်တော်မမူသေးသမျှ ကာလပတ်လုံး သာသနာတော်ပြင်ပ အယူရှိသော တိတ္ထိပရိဗိုဇ်တို့သည် (ထိုထိုပူဇော်တုပ်ဝပ်မှုကို) ခံရကုန်လျက် (ပစ္စည်းလေးပါး)တို့ကို ရရှိကုန်၏။ မြတ်စွာဘုရားတို့ ပွင့်တော်မူသော အခါ၌ကား....တိတ္ထိပရိဗိုဇ်တို့သည် (ထိုထိုပူဇော်တုပ်ဝပ်မှုကို) မခံရမူ၍ (ပစ္စည်းလေးပါး)တို့ကို မရရှိကြကုန်။ ယခုအခါ ငါဘုရားသည်၎င်း၊ ရဟန်းသံဃာသည်၎င်း၊ အရိုအသေ ပြုမှု၊ အလေးအမြတ်ပြုမှု၊ မြတ်နိုးမှု၊ ပူဇော်မှု၊ တုပ်ဝပ်မှုကို ခံရလျက် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာနေရာ၊ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေး အသုံးအဆောင်တို့ကို ရရှိ၏ဟု (မိန့်တော်မူပြီးနောက် တဖန်)-

အကြင်မျှလောက် ကာလပတ်လုံး နေမင်းသည် ပေါ်မလာသေး၊ ထိုမျှလောက် ကာလပတ်လုံး ပိုးစိမ်းဖြူသည် တောက်ပနေသေး၏။ နေမင်းထွက်ပေါ်လာသောအခါ ထိုပိုးစိမ်းဖြူ အရောင်ပျောက်သကဲ့သို့၊ မတောက်ပနိုင်သကဲ့သို့၊ ထို့အတူ အကြင်မျှလောက် ကာလပတ်လုံး မြတ်စွာဘုရားတို့သည် မပွင့်ကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး ကြံဆကာမျှဖြင့် ယူဆတတ်သော တိတ္ထိတို့၏ အရောင်သည် တောက်ပနိုင်သေး၏။ အကြင်အခါ မြတ်စွာဘုရားတို့သည် ပွင့်ကုန်၏။ ထိုအခါ ကြံဆကာမျှဖြင့် ယူတတ်သော တိတ္ထိတို့သည်ရင်း၊ တိတ္ထိတို့၏ တပည့်တို့သည်ရင်း မတောက်ပကုန်။ ဖောက်ပြန်သော အယူရှိသူ တိတ္ထိတို့သည် ဆင်းရဲမှ မလွတ်နိုင်ကြကုန်ဟု ဥဒါန်း ကျူးရင့်တော်မူလေသတည်း။

**မှတ်သားဖွယ်** ဖတ်ရှု၍လည်းလွယ်၊ ဖတ်မိတိုင်းလည်း သဒ္ဓါစစ် သဒ္ဓါမှန် တဖွားဖွား ဖြစ်ပေါ်နိုင်သော တရားတော်ပါပေ။

"အပြစ်မဟုတ်သည်၌ အပြစ်ဟု အယူရှိကြကုန်၍ အပြစ်ဟုတ်သည်၌လည်း အပြစ်မဟုတ်ဟု ရှုလေ့ရှိကုန်သော၊ မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။ အပြစ်ကို အပြစ်ဟု၊ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကြကုန်သောကြောင့် ကောင်းသော အယူရှိကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏ (၆)" ဟူသော ဟောကြားတော်မူချက်ကိုလည်း အလေးမူ သတိချပ်ရာသည်။

**ဘုရားနှစ်ဆူပွင့်ရိုး မရှိ** ဂေါတမဘုရားရှင် ပွင့်တော်မမူမီက တိတ္ထိကြီးတို့သည် ဟိုတယောက်ကလည်း သူ ဘုရားဟု ဆိုသည်။ သည်တဦးကလည်း သူ ဘုရားဟု ဆိုသည်။ မြတ်စွာဘုရား ပွင့်

တော်မူလာသော အခါတွင်မူ ဤပြဿနာသည် သတ္တဝါအများစု အတွက် ရှင်းလင်းသွားရလေတော့သည်။

လောက၌ သဗ္ဗညု ဉာဏ်တော်အရှင် ဘုရားသခင်နှစ်ဆူ ပြိုင်တူ ပွင့်ရိုးထုံးစံ မရှိချေ။

ဤသည်ကို မိလိန္ဒမင်းကြီးက အကြောင်းစုံ သိလို၍ ရှင်နာဂသေန ရဟန္တာအရှင်မြတ်အား မေးလျှောက်ခဲ့ဘူးရာ အောက်ပါ အမေး အဖြေတို့၌ ထင်ရှား သိနိုင်ပေသည်။ (၇)

"....(အသျှင်ဘုရား)၊ အလုံးစုံသော (ဘုရားရှင်) တို့သည် ဗောဓိပက္ခိယတရား ၃၇ ပါးကို ဟော (တော်မူ)ကြ၏။ အရိယသစ္စာလေးပါးကို ဖြေကြား(တော်မူ) ကြ၏။ သိက္ခာ သုံးပါးတို့၌ ကျင့်စေတော် မူကြ၏။ မမေ့လျော့မှု အပ္ပမာဒ တရားတို့၌ ဆုံးမတော်မူကြ၏။ (ဘုရားရှင်)တိုင်း၏ ဒေသနာ၊ (မိန့်ဟဖြေကြားတော်မူချက်)၊ အကျင့်နှင့် အဆုံးအမမှာအလားတူ ဖြစ်ပါလျက် (အ) ဘယ်ကြောင့် တခေတ်တွင် (ဘုရား) နှစ်ဆူ တပြိုင်နက် မပွင့်ကြ(ပါ)သနည်း။ (ဘုရားရှင်) တဆူတည်းသာ ပွင့်တော်မူခြင်းဖြင့်လည်း ဤလောကသည် ထိုမျှ အလင်းရောင် ဖြစ်ပေါ်သေး၏။ ဘုရားနှစ်ဆူ တပြိုင်နက် ပွင့်ပါသော် အတိုင်းထက် အလွန် တရားရောင် ထွန်းပြောင်မည် မဟုတ်ပါလော"

"(မင်းကြီး)၊ ဤတသောင်းသော လောကဓာတ်သည် ဘုရားတဆူကိုသာ ဆောင်နိုင်၏။ ဘုရားတဆူ၏ ဂုဏ်ကိုသာ ဆောင်နိုင်၏။အကယ်၍ နှစ်ဆူမြောက် ဘုရားပွင့်လျှင် ဤ....လောကဓာတ်သည် မဆောင်နိုင်ရာ။ တုန်လှုပ်၍ နိမ့်ရှိုင်း ညွတ်ကိုင်းယိမ်းယိုင်ရာ၏။ ဖရိုဖရဲ လွင့်ကျ ပျက်စီးရာ၏။ မိမိတည်နေရာ

အတိုင်း မတည်နိုင်ချေ။ လူတယောက်သာ ဆောင်နိုင်သော လှေသည် အလားတူနှစ်ယောက်ကို ဆောင်နိုင်ပါမည်လော”

“မဆောင်နိုင်ပါ (အသျှင်ဘုရား)”

“(မင်းကြီး)၊ ထိုအတူပင် လောကခေတ်သည် အလားတူဘုရားနှစ်ဆူကို မဆောင်နိုင်ချေ။ မင်းကြီး၊ လူတယောက်သည် စားသောက်ဖွယ်တို့ကို လည်မျိုသို့တိုင်အောင် စားသောက်ထား၏။ ထိုသူသည် နောက်ထပ် စားသောက်လျှင် ချမ်းသာပါဦးမည်လော”

“(အသျှင်ဘုရား)၊ မချမ်းသာနိုင်တော့ပါ။ သေရန်သာ ရှိပါတော့၏”

“(မင်းကြီး)၊ ထို့အတူသာ လောကခေတ်သည် ဘုရားတဆူကိုသာ ဆောင်နိုင်၏”

“(အသျှင်ဘုရား)၊ အသို့နည်း။ တရားတည်းဟူသော ဝန်ကြောင့် မြေကြီးတုန်လှုပ်ပါသလော”

“(မင်းကြီး)၊ လှည်းနှစ်စီးတို့သည် မျက်နှာနှင့် ညီမျှအောင် ရတနာတို့ ပြည့်နေ၏။ လှည်းတစီးမှ ရတနာတို့ကို အခြားလှည်းတစီးသို့ တင်ပါလျှင် ထိုလှည်းသည် လှည်းနှစ်စီး၏ ရတနာတို့ကို ဆောင်နိုင်ပါမည်လော”

“(အသျှင်ဘုရား)၊ မဆောင်နိုင်ပါ။ ပုန်တောင်းသော်လည်း ကွဲထွက်ရာ၏။ အကန့်ထောက်တို့လည်း ကျိုးကုန်ရာ၏။ အကွပ်တံကူလည်း ကျွတ်ရာ၏။ ဝင်ရိုးလည်း ကျိုးရာ၏”

“(မင်းကြီး)၊ အသို့နည်း။ ရတနာဝန်ကြောင့် လှည်းကျိုးရာသလော”

“(အသျှင်ဘုရား)၊ ဟုတ်ပါ၏”

“(မင်းကြီး)၊ ထို့အတူ တရားတည်းဟူသောတာဝန်ကြောင့် မြေကြီးတုန်လှုပ်၏။ မင်းကြီး၊ ထို့ပြင်လည်း အကယ်၍ ဘုရား နှစ်ဆူ တပြိုင်နက်ပွင့်လျှင် ထိုဘုရားတို့၏ ပရိသတ်သည် သင်တို့၏ ဘုရား၊ ငါတို့၏ဘုရားဟု အငြင်းပွားလိမ့်မည်။ အင်အားကြီးမား သော အမတ်နှစ်ယောက်၏ ပရိသတ်သည် သင်တို့အမတ်၊ ငါတို့ အမတ်ဟု ငြင်းခုံကာနှစ်စုကွဲသကဲ့သို့ ဖြစ်မည်။ ထို့ပြင် ဘုရား နှစ်ဆူတပြိုင်နက် ပွင့်ပါလျှင် “(မြတ်စွာဘုရား)သည် အမြတ်ဆုံး၊ အကြီးဆုံး” ဟူသော စကားသည် မှားရာ၏။ မင်းကြီး၊လောက၌ ကြီးကျယ် မြင့်မြတ်သောအရာသည် တခု(တခုစီ)သာရှိ၏။မြေကြီး သည် တခုတည်းသာ ရှိ၏။ သမုဒ္ဒရာသည် တစင်းတည်းသာ ရှိ၏။ မြင့်မိုရ်တောင်(နှင့်) ကောင်းကင် (တို့လည်း တခုစီသာ ရှိ၏)။ သိကြားမင်း၊ မာရ်နတ်မင်း၊ ပြဟ္မာမင်းသည် (တဦးစီ)သာ ရှိ၏။ ထို့အတူ (ဘုရားရှင်)လည်း တဆူတည်းသာ ပွင့်၏”ဟူ၍။

ဗုဒ္ဓဝါဒလာ ဘုရားမျိုးမဟုတ်ပါဘဲလျက် ဘုရားဟု သူတို့ကိုယ် သူတို့ ဝန်ခံကြခြင်းမှာ၊ အလုံးစုံမသိပါဘဲလျက် သိသည်ဟုဝန်ခံ လို၍၊ ထိုမှတပည့်များပြီးမားမားမားမား၊ ထောင်ထောင်ထောင် ထောင် မင်းသားကြီးလုပ်နေလို၍သာ ဖြစ်နေသည်။မြတ်စွာဘုရား ပွင့်တော်မူပြီးနောက်၌ သူတို့သည် ရှင်တော်မြတ်ဘုရားအား သူတို့နှင့် မယှဉ်နိုင်သော ပုဂ္ဂိုလ်ဟုပင် သဘောမထားနိုင်သော် လည်း၊ ဘုရားရှင် ရွှေတော်မှောက်သို့ကား တိတ္ထိကြီး ခြောက် ယောက်ကိုယ်တိုင်လာရောက်ရင်ဆိုင်သည်ဟု မတွေ့ရပေ။ ဤသည် ပင်လျှင် ထိုခေတ်လူများရော၊ ခေတ်အဆက်ဆက် လူတို့ပါ သတိ ချပ်စရာ ဖြစ်လေသည်။ ဘုရား၏ အရှိန်အစော်တန်ခိုးအာနုဘော် ကို သူတို့အဘယ်မှာ မရွံ့ရှားဘဲ နေနိုင်လိမ့်မည်နည်း။

**ဗုဒ္ဓအား ဓမ္မအား** မြတ်စွာဘုရားပွင့်တော်မူပြီး နောက်တွင် သာသနာတဟုန်ထိုးကြီးပွားခြင်း၊ တိတ္ထိကြီးတို့အစုများ တစတစ နှင့် အနေကြပ်လာခြင်းတို့မှာ ဘုရား၊ တရား၊ သံဃာ၏ အရှိန်ကို သင်းတို့ တွန်းလှန်နိုင်ရန်ဝေးစွ၊ အနားပင် မသီရဲ ဖြစ်နေသည်မှာ ထင်ရှားသည်။ နေမင်းကြီးပေါ်အလာတွင် ပိုစိမ်းဖြူအရောင် မတောက်နိုင်တော့ဟု နှိုင်းခိုင်းထားပုံကို ရှုပါ။ မည်မျှကွာခြင်းကြီး ကွာသည်ကို ပြဆိုချက်ပင် ဖြစ်ပေသည်။ တဖက်သော အားအရှိန် ကို ကျန်တဖက်က မခံနိုင်တော့ခြင်းပင်တည်း။ မီးများမီးနိုင်၊ ရေများ ရေနိုင်သဘော ဖြစ်သည်။ ဘုရားမပွင့်မီက လောဘမီး၊ ဒေါသမီးမောဟမီးတို့ တောက်လောင်နေ၍ တိတ္ထိတို့အရှိန်အစော် တက်နေခဲ့၏။ ဘုရားရှင် ပွင့်ပေါ်တော်မူပြီး နောက်တွင်မူ အခောတ် ငြိမ်းချမ်းသောခေတ် စသည်တို့က ထိုမီးများကို အရှိန် သေစေခဲ့ပေသည်။ အားကောင်းရာက သာစမြဲဖြစ်သည်။

သို့သော် အားကောင်း၍သာတိုင်းလည်း အဟုတ်ကြီး မထင် မိရန် သတိမူရမည်ကို မျက်မှောက်ခေတ်၌ အတန်တန်နှိုးဆော် နေကြလေပြီ။ အရေအတွက်များ၍သာမှုသည်၊ တကယ်လိုလား အပ်သော အသာရမှုမျိုးကိုချည်း မပေးနိုင်။ အရည်အချင်းကောင်း သူပေါ်မှသာလျှင် အရေအတွက်ရော အရည်အချင်းပါကောင်းပြီး လိုအပ်သော အသာရမှုကို လက်ဝယ်ပိုင်ပေမည်။ မီးအားကောင်း နေစဉ် ရေအားက ထိုမျှလောက် မလိုက်နိုင်၍ မီးကသာနေသော် လည်း၊ အသာကောင်းမဟုတ်။ ရေကနိုင်သွားပြီး အသာရသည် အထိ ဖြစ်မှသာ တကယ့်အောင်မြင်မှု၊ နေလာနှင်းပျောက်မှုမျိုး ကြုံရပေမည်။

**ဗုဒ္ဓဘာသာဝင်တို့လုပ်ငန်း** ထိုအဖြစ်ကို သိသူများသည် ဖော်ပြခဲ့သော မိစ္ဆာအယူမျိုးကို မစွဲလန်းမိအောင် ရှောင်ကြသည်။ နိယတမိစ္ဆာဒိဋ္ဌိခေါ်မြဲသော အမြင်မှားကြီးတန်းလန်း မရှိအောင် အားထုတ်ကြသည်။ ယင်းသို့ အားထုတ်ရမှုသည် သောတာပန် စင်စစ် ဖြစ်လာကြသောအခါကျမှ ရပ်တော့သည်။ သောတာပန်ဖြစ်လာလျှင် မိစ္ဆာဒိဋ္ဌိအမြင်မျိုးကို ဘဝအဆက်ဆက် မြင်မိရန်အခွင့်မရှိတော့ပေ(၉)။ ရဟန္တာမဖြစ်မချင်းနှင့် ဖြစ်တော်မူပြီးသည်အထိ၊ ခန္ဓာကိုယ်အကြွင်းမရှိသော နိဗ္ဗာန်သို့ လားတော်မူသည်အထိ၊ သမ္မာဒိဋ္ဌိအယူကို ကျင့်သုံးပြီး ဖြစ်တော့သည်။ ထိုအဖြစ်မျိုးကိုတမျိုးမျိုးမှ မရသေးလျှင်ကား၊ အမြင်မှားအသိမှား အယူမှား မဖြစ်အောင် ကြိုးပမ်းနေရမှု၊ သတိထားနေရမှုတို့မှာ အချိန်မလပ် တတ်နိုင်လေလေ အကျိုးရှိလေလေဟု ဆရာစဉ်သမားဆက် နှိုးဆော်ချက်များ ထားခဲ့လေသည်။ အပြောကျယ်၊ အကြားရလွယ်သလောက်လည်း၊ လက်တွေ့၌ လွယ်သည်လည်းရှိ၊ မလွယ်သည်လည်း ရှိ၏။

အကြားရလွယ်သည်ဟုဆိုခြင်းမှာ ဤသာသနာတော် ခေတ်အခါမျိုးမို့သာ ဆိုရပါသည်၊ ကျမ်းဂန်စကားအရသော် သာသနာပ၊ သာသနာကွယ်သောအခါ၌ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်မျိုးကို ရဘို့ထားဦး၊ ကြားရဖို့ပင် မလွယ်ဟုသိရသည်။ သမ္မာဒိဋ္ဌိ ဉာဏ်အမြင်သည် ထိုအခါမျိုးတွင် မည်သူ့တွင်မှ မရှိနိုင်ဟု မဆိုလိုပါ။ နောက်ဆက်တွဲ(၂)လာ သမ္မာဒိဋ္ဌိ(၂၀)မှ(၁၉)ပါးမျိုး၊ လောကီ သီလသမာဓိတရားမျိုးတို့မှာ ရကောင်းရနိုင်၏။ သို့သော် လောကုတ္တရာဆိုင်ရာ တရားထူးမျိုးမှာမူ ဘုရားခေတ်၊

ဘုရား သာသနာအတွင်း၌သာ ကြုံရဆုံရ ရယူနိုင်ကြသည်ဟု လာသည်။(၁၀)

**သမ္မာလမ်းကြောင်း** ယခုအခါမှာ ဘုရားသာသနာခေတ်ရှိသေးသောအခါ ဖြစ်သည်။ဝိမုတ္တိခေတ်ဟု ဆိုအပ်သော မဂ်တရား ဖိုလ်တရားနိဗ္ဗာန်တရားတို့ ပွင့်လင်းသည့်အခါမျိုး တပတ်ကြော့၍ လာသည့်အချိန်တည်း။ ဤအခါသမယတွင် ဗုဒ္ဓဘာသာဝင်တို့သည် တရားတော်လာ သမ္မာမဂ္ဂင်လမ်းကြောင်းအတိုင်း လိုက်နာနေထိုင်ခွင့်ရနေကြသည်။ ထိုအခွင့်ရှိသည့်အတိုင်းလည်း ထိုလမ်းပေါ်၌ လျှောက်၍ နေကြရသည်။ ယင်းသို့နေခြင်းအားဖြင့် ဖော်ပြပါ သာသနာပ အန္ဓတိတ္ထိတို့၏ အယူအဆ အတွေးအခေါ်မျိုးမှ ဝေးအောင် ရှောင်နေကြသည်။ ထိုလမ်းကြောင်းမှ သွေဖီသည်နှင့်အမျှ "သမ္မာ"ဟူသော ပုဒ်ထူးဆက်သည့် အယူအမြင်နှင့် ဝေးရတော့မည်ကို သိကြသည်။ ထို့ကြောင့် မိမိတို့၌ ရှိရင်းစွဲ၊ မိမိတို့ အကြောင်းကံအလျောက် ပါရမီအလျောက် အရံသင့်ဖြစ်နေသော ထိုလမ်းကြောင်းမှ မချွတ်ချော်ရအောင် မတိမ်းပါးရအောင် သတိထား၍ နေကြပေသည်။ ဗုဒ္ဓဘာသာအရ ဤသို့ကျင့်သုံးနေထိုင်မှုသည်၊ဗုဒ္ဓဘာသာဝင်တို့ လိုလားတောင့်တလျက်ရှိသော နိဗ္ဗာန်စစ်စစ်ကို မိမိကိုယ်ခန္ဓာအား ဒုက္ခမရောက်စေသော နည်းဖြင့် မနွေးအမြန်ရရောက်မည်ဟု ဆိုလေသည်။ အပါယ်ဘေး ကပ်ဘေးဆိုးတို့မှ ကင်းဝေးလိမ့်မည်ဟု ဆိုလေသည်။ ထိုသမ္မာမဂ္ဂင်လမ်းကြောင်းကား အများသိပြီး ဖြစ်ကြသည့် မဂ္ဂင်ရှစ်ပါးပင်တည်း။(၁၁)

သမ္မာဒိဋ္ဌိ– ဖြူစင်ကောင်းမြတ် ဖြောင့်မတ်စင်ကြယ်သော ဉာဏ်အမြင်။

သမ္မာသင်္ကပ္ပ .... .... ....အကြံအစည်။
သမ္မာဝါစာ .... .... ....စကား။ (နှုတ်အမှု)
သမ္မာကမ္မန္တ .... .... ....အလုပ်။ (ကိုယ်အမှု)
သမ္မာအာဇီဝ.... .... ....အသက်မွေးမှု။
သမ္မာဝါယာမ.... .... ....အားထုတ်မှု။
သမ္မာသတိ .... .... ....ဆင်ခြင်မှု။ (မမေ့မလျော့မှု)
သမ္မာသမာဓိ .... .... ....စိတ်တည်ကြည်မှု။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝကို ကျင့်သုံးလျှင် သီလသိက္ခာထူထောင်ရာကျသည်။ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ကို ကျင့်သုံးလျှင် သမာဓိသိက္ခာ ထူထောင်ရာ ရောက်သည်။ သမ္မာသင်္ကပ္ပနှင့်သမ္မာဒိဋ္ဌိကို ကျင့်သုံးနိုင်လျှင် ပညာသိက္ခာထူထောင်နေခြင်းမည်ပေသည်။ ယင်းတို့ကို ထူထောင်ရာတွင် ဆိုင်ရာဆိုင်ရာကျင့်စဉ်များ အသီးသီးရှိနေ၍ ကလျာဏပုထုဇဉ်နှင့် အရိယာသူတော်ကောင်းတို့ထံ ဆည်းကပ်ကာ ထိုထိုကျင့်စဉ်များနှင့် မလွဲအောင် ကြိုးပမ်းကြရသည်။ ကြိုးပမ်းသည့်အတိုင်းလည်း အောင်မြင်မှုရလာဒ်ဖြင့် အကျိုးထူးခံစားရသူဒုနှင့်ဒေးရှိနေဆဲ ဖြစ်၏။ နောက်၌လည်း ရှိကြဦးမည်သာ။

**အရိုးကြည့်ရှောင်** စာရှုသူမှာ အဘယ်အပိုင်းနှင့်ပို၍ နီးစပ်ပါသနည်း။ နောက်ကျမှ အကျိုးထူးဟူသော အမြင့်အမြတ်တရားကို ရမည့်ပုဂ္ဂိုလ်ဟုဆိုပါလျှင် ကြာကြာ ဝါးမည့်သွားအရိုးကြည့်ရှောင်ရပေမည်။ ဤစာအုပ်ပါ တိတ္ထိကြီးများ၏ အယူအဆမျိုးမှ ကင်းဝေးနေအောင် သမ္မာမဂ္ဂင်လမ်းကြောင်းပေါ်၌ ရှိနေရဦးမည်မှာ သေချာသည်။ အောက်တန်း အရိယာပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ဆုံးခန်းတိုင် မရောက်မချင်း ထိုလမ်းကြောင်းကို

အလိုလို ကျင့်သုံးနေဦးမည်သာတည်း။ ဤသည်မှာ ဗုဒ္ဓဘာသာဝင်တို့ နားလည်ထားအပ်ပြီးသော အကြောင်းအရာမှန်များပင် မဟုတ်လော။

## အခန်း ၁၂ မှတ်စုများ

၁။ နိဗ္ဗာန်မဂ်ဖိုလ်တရားကို ကမ္မဋ္ဌာန်းဘာဝနာအားဖြင့်သာ ရနိုင်သည်။ ဘုရားရှင်လက်ထက်၌ တရားတော်ကို နာရ၍ အကျွတ်ရသူများမှာ ပါရမီခံအလျောက် တရားကို လိုက်လျှောက်၍ ဆင်ခြင်မိသော ဘာဝနာပွားနေမှု ကြောင့်သာ ရကြခြင်း ဖြစ်သည်။ နားကြားရုံသာ နားထောင်ပြီး တွေးတောနေသဖြင့် ရခြင်းမဟုတ်ချေ။

၂။ သံယုတ် ပ-မြန်-နှာ ၅၉-၆၀၊ ရောဟိတဿသုတ်။

၃။ အင်္ဂုံ-ပ မြန်-နှာ ၄၀၆၊ အစိန္တေယျသုတ်။

၄။ အင်္ဂုံ-ပ-မြန်-နှာ ၅၀၆-၇၊ သုတသုတ်။

၅။ ဥဒါန်း မြန်-(ခုဒ္ဒပါဌစသည် နှာ-၁၅၂-ခု)၌ လာသော ဥပပ္ပဇ္ဇတိတ္ထိသုတ် ဖြစ်သည်။

၆။ ဓမ္မပဒ-မြန်၊ ဂါထာစဉ်-၃၁၀၊ ၃၁၉ (ခုဒ္ဒကပါဌ စသည်ကျမ်း' နှာ-၅၅ ဖြစ်သည်။)

၇။ မိလိန္ဒပဉှာ (ဦးသော်ဇင် မြန်မာပြန်) နှာ-၂၄၆-၈။

၈။ ရှု-အခန်း ၁ မှတ်စု-၁၀။

၉။ သုတ်မဟာဝါ-မဟာပရိနိဗ္ဗာနသုတ်၌ အရိယာ မဂ္ဂင် ရှစ်ပါးသည် ဘုရားသာသနာ၌သာ ရှိသည်ဟု ဆို၏။ ထိုရှစ်ပါးဖြင့် မဂ်ဖိုလ်ရနိုင်သည်ကို ထောက်လေ။ သမ္မာဒိဋ္ဌိဒီပနီ၊ ဗောဓိပက္ခိယဒီပနီလည်း ရှု။

၁၀။ မဂ္ဂင်္ဂဒီပနီ၊ နှာ-၁-၂။

# နောက်ဆက်တွဲ—၁

## ကိုးကားသောကျမ်းများ စာရင်း

ဗုဒ္ဓသာသနာအဖွဲ့ထုတ် မြန်မာပြန်ကျမ်းစာရင်း

၁။ ဒီဃနိကာယ်ဝင်၊ သီလက္ခန္ဓဝဂ်(သုတ်သီလက္ခန်)၁၉၅၆ခု။
၂။ ၎င်း ၊ မဟာဝဂ် (သုတ်မဟာဝါ) ၁၉၅၇ခု။
၃။ ၎င်း ၊ ပါထိကဝဂ် (သုတ်ပါထေယျ)၁၉၅၇ခု။
၄။ မဇ္ဈိမနိကာယ်ဝင်၊ မူလပဏ္ဏာသ ၁၉၆၁ ခု။
၅၊ ၎င်း ၊ မဇ္ဈိမပဏ္ဏာသ ၁၉၆၁ ခု။
၆။ သံယုတ္တနိကာယ်ဝင်၊ သဂါထာဝဂ္ဂနှင့် နိဒါနဝဂ္ဂ (သံယုတ်ပဌမတွဲ) ၁၉၆၀ ခု။
၇။ ၎င်း ၊ ခန္ဓဝဂ္ဂနှင့် သဠာယတနဝဂ္ဂ(သံယုတ်ဒုတိယတွဲ) ၁၉၆၀ ခု။
၈။ ၎င်း ၊ မဟာဝဂ္ဂ (သံယုတ် တတိယတွဲ) ၁၉၆၀ ခု။
၉။ အင်္ဂုတ္တရနိကာယ်ဝင်၊ (အင်္ဂုတ္တိုရ် ပထမတွဲ) ၁၉၆၀ခု။
၁၀။ ၎င်း ၊ အင်္ဂုတ္တိုရ် ဒုတိယတွဲ ၁၉၅၉ ခု။
၁၁။ ခုဒ္ဒကနိကာယ်ဝင် ခုဒ္ဒကပါဌ (ဓမ္မပဒ၊ ဣတိဝုတ္တက၊ ဥဒါန၊ သုတ္တနိပတ်) ၁၉၆၂ ခု။
၁၂။ ၎င်း ပဋိသမ္ဘိဒါမဂ် ၁၉၅၉-၆၀ခု။

၁၃။ ခုဒ္ဒကနိကာယ်ဂင်၊ မိလိန္ဒပဥှာ ၁၉၆၁ ခု။
၁၄။ ၎င်း ၊ ဝိနည်းမဟာဝါ ၁၉၅၇ ခု။
၁၅။ ၎င်း ၊ ဝိနည်းစူဠဝါ ၁၉၅၉ ခု။
၁၆။ ဒီဃနိကာယ် သံဂါယနာ အမေးအဖြေ ၁၃၂၂ခု။
၁၇။ သံယုတ်သံဂါယနာ အမေးအဖြေ ဒုတိယတွဲ ၁၃၂၁ခု။
၁၈။ အင်္ဂုတ္တိုရ်သံဂါယနာ အမေးအဖြေ ပထမတွဲ ၁၃၂၂ခု။
၁၉။ ပဟာဗုဒ္ဓဝင် ပထမတွဲ- ပထမပိုင်း ၁၃၂၂ ခု။
၂၀။ ဝိသုဒ္ဓိမဂ် ပထမတွဲ ၁၃၂၁ခု။
၂၁။ ၎င်း ဒုတိယတွဲ ၁၃၂၂ခု။
၂၂။ ၎င်း တတိယတွဲ ၁၃၂၀ခု။
\+ ဓမ္မသင်္ဂဏီ မြန်မာပြန် ၁၉၆၅ ခု။

## အခြားကျမ်းများ

အဘိဓမ္မတ္ထသရူပဒီပနီ သေဍ္ဍုတောင် အရှင်တိလောကာ သုဓမ္မဝတီ၊ ၁၃၁၅ ခု။
၂၃။ ဓမ္မပဒဝတ္ထုတော်ကြီး ဒုတိယတွဲ၊ အသျှင်စန္ဒိမာ၊ ဇမ္ဗူမိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၃၁၉ ခု။
၂၄။ ၎င်း တတိယတွဲ၊ ၁၃၁၈ခု။
၂၅။ ဇိနတ္ထပကာသနီကျမ်း၊ ကျီးသဲ လေးထပ်ဆရာတော်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့ (?)။
၂၆။ ဗောဓိပက္ခိယဒီပနီ၊ လယ်တီဆရာတော်၊ ဟံသာဝတီ ပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၃ခု။
၂၇။ ဥတ္တမပုရိသဒီပနီ၊ လယ်တီဆရာတော်၊ ဟံသာဝတီတိုက်၊ ရန်ကုန်မြို့၊ ၁၉၅၅ခု။

၂၈။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း မြန်မာပြန်တချို့။
၂၉။ ပြဟ္မဇာလသုတ် ဘာသာပြန်၊ အရှင်ဇနကာဘိဝံသ၊ နယူးဘားမားပိဋကတ်ပုံနှိပ်တိုက်၊ အမရပူရမြို့ (?)။
၃၀။ သာမညဖလသုတ် ဘာသာပြန်၊ ဦးဇနကာဘိဝံသ၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၃ ခု။
၃၁။ မဂ္ဂင်ဒီပနီ၊ လယ်တီဆရာတော်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၃ ခု။
၃၂။ သမ္မာဒိဋ္ဌိဒီပနီ၊ လယ်တီပဏ္ဍိတ(ဦးမောင်ကြီး) ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၂ ခု။
၃၃။ သာသနာလင်္ကာရစာတမ်း၊မဟာဓမ္မသင်္ကြံ၊ဟံသာဝတီပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၅၆ ခု။
၃၄။ ပါဠိအဘိဓာန်ချုပ်၊ ဦးမောင်ကြီး (လယ်တီပဏ္ဍိတ) လယ်တီပဏ္ဍိတပညာတိုက်၊ ရန်ကုန်မြို့။ (?)
၃၅။ ပါဠိမြန်မာအဘိဓာန် ပထမတွဲ၊ ဦးဟုတ်စိန်၊ အစိုးရပုံနှိပ်ရေးနှင့် စာရေးကရိယာဌာန၊ ၁၉၅၄ ခု။
၃၆။ ၎င်း စတုတ္ထတွဲ၊ ၁၉၅၆။
၃၇။ မိလိန္ဒပဉှာ မြန်မာပြန်၊ ဦးသော်ဇင်၊ ရွှေဟင်္သာပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၆ ခု။
၃၈။ ဓမ္မစကြာသုတ် ပါဠိ၊ နိဿယ။
၃၉။ မဟာမောဂ္ဂလာန်၊ လက်ရာကျော်သူ၊ ခေတ်ပုံနှိပ်လုပ်ငန်း၊ ရန်ကုန်မြို့၊ ၁၉၆၆ ခု။
၄၀။ မိဂါရမာတာဝိသာခါ၊ဦးစံမြင့်အောင်၊ ပြည်သူ့အလင်းပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၆၇ ခု။
၄၁။ ငါးရာ့ငါးဆယ်ဇာတ်တော်အချို့။

၄၂။ အနာဂတသဝင်ကျမ်း၊ ဝိသာဒနဦးပျိုင်၊ ၁၃၁၀ ခု၊ ရန်ကုန်မြို့။
၄၃။ The Path of Purification, Bhikkhu Nanamoli. Colombo, R. Semage, 1956.
၄၄။ The Abhidhamma Philosophy, Bhikkhu J.Kashyup. Nalanda, Buddha Vihara, 1954.
၄၅။ Buddhistic Studies, B.C. Law (?).
၄၆။ A History of Pre-Buddhistic Indian Philosophy, B. Barua. University of Calcutta, 192 .
၄၇။ Buddhist Dictionary - Manual of Buddhist Terms & Doctrines, Nyanatiloka. Colombo, Frewin, 1956.
၄၈။ 2500 years of Buddhism, P.V. Bapat(ed). Ministry of Information & Broadcasting, India, 1959.
၄၉။ Ethics of Buddhism, S. Tachibana. Bauddha Sahitya Sabha, Colombo, 1961.
၅၀။ Brahma- Jala Sutta (Discourse on the Supreme Net), Eng Editorial Dept., Union Buddha Sasana Council, (?).
၅၁။ Dictionary of Pali Proper Names, Bikhku Malalasekera, Vol. I 1962.
၅၂။ .... .... do .... Vol. II, 1962.

# နောက်ဆက်တွဲ- ၂

## သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိစာရင်း

### သမ္မာဒိဋ္ဌိ အရေအတွက်နှင့်အဓိပ္ပာယ်

(မဂ္ဂင်ဒီပနီနှင့် ပြဟ္မဇာလသုတ် အင်္ဂလိပ်ဘာသာပြန် နောက်ဆက်တွဲ-၁တို့မှ ကောက်နုတ် ဖော်ပြထားခြင်း ဖြစ်သည်။ ထောင့်ကွင်း အတွင်းမှ စကားရပ်တို့ကား ဤကျမ်းပြုသူ၏ စကားရပ်များ သာ)။

သမ္မာဒိဋ္ဌိသည် အကျဉ်းအားဖြင့် (၃)ပါး။အကျယ်အားဖြင့် အပါး(၂၀) ရှိသည်။ (သမ္မာဒိဋ္ဌိကြီး ငါးပါးဟူ၍လည်း လယ်တီ ပဏ္ဍိတ ဦးမောင်ကြီး၏ သမ္မာဒိဋ္ဌိဒီပနီစာမျက်နှာ ၁၁၄-၁၁၅ ပြသေးသည်။ သို့သော် ယင်းငါးပါးမှာ အတ္တဒိဋ္ဌိကို ပယ်သတ်ရာ တွင် ဆန့်ကျင်ဘက် အတ္တစွဲကို ဆိုင်ရာသမ္မာဒိဋ္ဌိတို့နှင့် အသီးသီး ပယ်သတ်နိုင်ပုံကို ရှင်းလင်းထားချက် ဖြစ်သဖြင့်၎င်း၊ ခြုံ၍ဆိုပါက သမ္မာဒိဋ္ဌိသုံးပါး၌ အကြုံးဝင်နိုင်ကြောင်း လေ့လာမိသဖြင့်၎င်း၊ ဤ၌ သုံးပါးနည်းကိုပင် တင်ပြလိုပါသည်)။

### သမ္မာဒိဋ္ဌိအကျဉ်း(၃)ပါး

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိ-သတ္တဝါတို့အား မိမိတို့ ပြုကြ သော ကောင်းမှု၊ မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့

သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်သည်ဟု သိမြင်သော သမ္မာဒိဋ္ဌိ။

၂။ ဒသဝတ္ထုကသမ္မာဒိဋ္ဌိ-ဉာဏ်၏သက်ဝင်ရာ ဝတ္ထုအပြားဆယ်ပါးရှိသော သမ္မာဒိဋ္ဌိ။

၃။ စတုသစ္စသမ္မာဒိဋ္ဌိ-ဉာဏ်၏သက်ဝင်ရာ အဟုတ်ကြီး၄ပါး အမှန်ကြီး၄ပါး ထင်ရှားရှိသော သမ္မာဒိဋ္ဌိတို့ ဖြစ်သည်။

ဤသုံးပါးတွင် ကမ္မဿကတာသမ္မာဒိဋ္ဌိက (၆)မျိုးပြားသည်။ ဒသဝတ္ထုကသမ္မာဒိဋ္ဌိက (၁၀)မျိုးရှိသည်။ စတုသစ္စသမ္မာဒိဋ္ဌိက (၄)မျိုးပါဝင်သည်။ သို့ဖြင့် အကျယ်အပါး(၂၀) ဖြစ်လာလေသည်။

## ကမ္မဿကတာသမ္မာဒိဋ္ဌိ (၆)မျိုး

၁။ အလုံးစုံကုန်သော သတ္တဝါတို့သည် မိမိတို့ပြုကြသော ကောင်းမှု၊ မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ အစဉ်ပါသော ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။

၂။ အလုံးစုံကုန်သော သတ္တဝါတို့သည် မိမိတို့ပြုကြသော ကောင်းမှု၊ မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ၊ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ အစဉ်ပါသော အမွေဥစ္စာ ရှိကြကုန်၏။

၃။ အလုံးစုံကုန်သော သတ္တဝါတို့သည် မိမိတို့ ပြုကြသော ကောင်းမှု၊ မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ အစဉ်ပါသော ပဓာနအကြောင်းရင်း ရှိကြကုန်၏။

၄။ အလုံးစုံကုန်သော သတ္တဝါတို့သည် မိမိတို့ပြုကြသော ကောင်းမှု၊ မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ ကမ္ဘာများစွာ သွားလေရာရာ မိမိတို့သန္တာန်မှာ အစဉ်ပါသော ဆွေမျိုးမိတ်စစ် ရှိကြကုန်၏။

၅။ အလုံးစုံကုန်သော သတ္တဝါတို့သည် မိမိတို့ပြုကြသော ကောင်းမှု၊ မကောင်းမှု နှစ်ပါးသည်သာလျှင် ဘဝများစွာ ကမ္ဘာများစွာ သွားလေရာရာ အစဉ်ပါသော ကိုးကွယ်ရာ လည်းလျောင်းရာ ရှိကြကုန်၏။

၆။ ကောင်းသည်လည်းဖြစ်ထသော၊ မကောင်းသည်လည်း ဖြစ်ထသော အကြင်ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှုကို ပြုကြကုန်သည်ဖြစ်အံ့၊ ထို မိမိတို့ပြုကြသော ကောင်းမှု၊ မကောင်းမှုနှစ်ပါး၏ ကောင်းကျိုး မကောင်းကျိုးဟု ဆိုအပ်သော ကောင်းမွေ ဆိုးမွေကို ဘဝအဆက်ဆက် ကမ္ဘာအဆက်ဆက် ခံစံကြရကုန်သည် ဖြစ်ကြကုန်လတ္တံ့။ ဟူ၍တည်း။ [ဤတွင် အမှတ်(၆)မှာ ရှေ့ငါးပါးလုံး ကို ခြုံ၍ ဆိုထားသည်နှင့် တူသဖြင့် ယင်းကို ထပ်မံ ဖော်ပြရန် မလိုအပ်၍လော မသိ၊ ဗြဟ္မဇာလသုတ် အင်္ဂလိပ်ဘာသာပြန်၌ ချန်လှပ်ထားသကဲ့သို့ ထင်ရ သည်။ ကမ္မဿကတာသမ္မာဒိဋ္ဌိ (၆)မျိုး ရှိသည်ဟုကား ဆိုပါ၏။ သို့သော် အသေးစိတ်ဖော်ပြရာ၌မူ ယင်းအမှတ် (၆)မှာ ပါမလာတော့ဘဲ အမှတ်(၅)တွင် အဆုံးသတ် ထားသောကြောင့် သမ္မာဒိဋ္ဌိ အရေအတွက်ထွင် (၂၀) အစား (၁၉) ပါးသာ ရှိနေလေသည်။ မည်သို့ပင်

ဖြစ်စေ ဤ၌(၁၉)ပါးဟု မှတ်လိုလျှင်လည်း မှတ်ယူနိုင်သည်။ (၂၀)ဟု မှတ်ယူလိုလျှင်လည်း မှတ်ယူနိုင်သည်]။

## ဒသဝတ္ထုကသမ္မာဒိဋ္ဌိ(၁၀)မျိုး

၁။ ပေးကမ်းလှူဒါန်းမှုဟူသော ဒါနကုသိုလ်မျိုး၏ အကျိုးဆက်သည် အမှန်ရှိ၏။

၂။ ယဇ်ခေါ်သော ပူဇော်မှုကြီးမျိုး၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။

၃။ ဟုန်းခေါ်သော ပူဇော်မှုငယ်မျိုး၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။

၄။ ကောင်းစွာပြုအပ်၊ မကောင်းစွာပြုအပ်ကုန်သော သုစရိုက်ကံ ဒုစရိုက်ကံတို့၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။

၅။ အမိ၌ ကောင်းစွာပြုမှု၊ မကောင်းစွာပြုမှု၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။

၆။ အဘ၌ ကောင်းစွာပြုမှု၊ မကောင်းစွာပြုမှု၏ အကျိုးရင်း အကျိုးဆက်သည် အမှန်ရှိ၏။

၇။ လူတို့(ပကတိမျက်စိဖြင့်)မမြင်အပ်ကုန်သော ငရဲပြိတ္တာ၊ နတ်၊ သိကြားပြဟ္မာဟူသော ဥပပါတ် သတ္တဝါမျိုးတို့သည် အမှန်ရှိကုန်၏။ [ခန္ဓာကိုယ် ဘွားကနဲပေါ်လာသောသူများ၊ လူစသူတို့ကဲ့သို့ ပဋိသန္ဓေမှ တစတစ ကြီးထွားလာခြင်းမျိုးမဟုတ်ဘဲ၊ ဘဝမှ ပြောင်းလဲပြီး ထိုထိုသတ္တဝါများ ဖြစ်ကြရာ၌ ကိုယ်အကောင်အထည်ကြီး ထင်ထင်ရှားရှား၊ လူတို့အဆိုအားဖြင့် လူလား

မြောက်သော အရှယ်မျိုး စ၍ ဖြစ်လာကြသူများကို ဥပပါတ်သတ္တဝါများဟုခေါ်သည်]။

ဂ။ မျက်မြင်ဒိဋ္ဌ ဤလောကသည် အမှန်ရှိ၏။

၉။ (ဤလောကမှတပါးသော) လောကတပါး၊ ဘုံတပါးသည် အမှန်ရှိ၏။ ဤ၌ တပါးသော လောကဟူသည် အပါယ်၄ဘုံ၊ နတ်ပြည်၆ထပ်၊ ဗြဟ္မာဘုံ (၂၀)တို့ကို ဆိုလိုသည်။

၁၀။ လူ့ဘုံ လူ့ဘဝ လူ့လောက၌ စိတ်ငြိမ်သက်ခြင်းသို့ ရောက်ကုန်သော ကောင်းစွာ ကျင့်ကြပေကုန်သော၊ သဗ္ဗညုဘုရား အစရှိကုန်သော ရဟန်းပုဏ္ဏားတို့သည် အမှန်ရှိကြကုန်၏။ အကြင် ရဟန်း ပုဏ္ဏားတို့သည် ဤလောကကိုငင်း၊ တပါးသောလောကကိုငင်း မိမိတို့ ကိုယ်တိုင်အထူးသိမြင်ကြကုန်၍ မျက်မှောက်ပြုကြကုန်၍ လူအများကို ဟောကြားဖော်ပြကြကုန်၏။

## စတုသစ္စာသမ္မာဒိဋ္ဌိ (၄)ပါး

၁။ ဒုက္ခအမှန်၌ သိသောဉာဏ်။

၂။ ဒုက္ခ၏ ဖြစ်ပွားကြောင်း တရားအမှန်၌ သိသောဉာဏ်။

၃။ ဒုက္ခ၏ ချုပ်ငြိမ်းရာ တရားအမှန်၌ သိသောဉာဏ်။

၄။ ဒုက္ခ၏ ချုပ်ငြိမ်းခြင်းသို့ ပေါက်ရောက်တတ်သော ပဋိပတ်လမ်းအမှန်၌ သိသောဉာဏ်။

ဤသို့ဖြင့် ၆+၁၀+၄=၂၀။ သမ္မာဒိဋ္ဌိပေါင်း နှစ်ဆယ်ရှိလေသည်။

## မိစ္ဆာဒိဋ္ဌိ (၆၂)မျိုး
## အရေအတွက် အမိပ္ပာယ်နှင့် ဖြစ်ပေါ်လာပုံ အကျဉ်း

(ဗြဟ္မဇာလသုတ် ပါဠိတော် မြန်မာပြန်၊ ဦးဇနကာ ဘိဝံသ၏ ဗြဟ္မဇာလသုတ် မြန်မာပြန်၊ ဗြဟ္မဇာလသုတ် အင်္ဂလိပ်ဘာသာပြန် တို့ကို ညှိနှိုင်းတင်ပြသည်။)

ပုဗ္ဗန္တကပ္ပိကဝါဒ-အတိတ်ကိုဆင်ခြင်ပြီး
ပေါ်လာသော မိစ္ဆာအယူ ၁၈ မျိုး
အပရန္တကပ္ပိကဝါဒ အနာဂတ်ကို ဆင်ခြင်ပြီး
ပေါ်လာသော မိစ္ဆာအယူ ၄၄ မျိုး
ပေါင်း ၆၂ မျိုး

ယင်း (၆၂)မျိုးကိုပင် အောက်ပါအတိုင်း တနည်းခွဲခြား ပြသေးသည်။ အတ္တရှိသည်ဟု ယုံကြည်ပြီး အတ္တကိုရင်း၊ လောက ကိုရင်း၊ မြဲသည်ဟု ယူဆသည့်
သဿတဒိဋ္ဌိ အယူများ ၅၅ မျိုး
သတ္တဝါသေလျှင် ဘဝပြတ်သည်ဟု ယူဆသည့်
ဥစ္ဆေဒဒိဋ္ဌိ အယူများ ၇ မျိုး
ပေါင်း ၆၂ မျိုး

ဤသို့ မိစ္ဆာဒိဋ္ဌိများကို ခွဲခြားပြရာ၌ နှစ်မျိုးရှိသော်လည်း အသေးစိတ်ဖော်ပြရာ၌မူ ပထမနည်းအတိုင်း စီကာ စဉ်ကာ ဖော်ထုတ်ရှင်းလင်းပေးထားသည်ကို တွေ့ရ၏။

အတိတ်ကိုဆင်ခြင်ပြီးပေါ်လာသော မိစ္ဆာအယူ(၁၈)မျိုးတွင်-
သဿတဒိဋ္ဌိ ၄ မျိုး
(သတ္တဝါတို့၌ အတ္တရှိ၏ဟု ယူဆပြီး၊ ထိုအတ္တနှင့်

လောကသည်မြဲ၏ဟု ယူဆသော တည်မြဲအယူ)

ကေစ္စသဿတဒိဋ္ဌိ ၄ မျိုး

(အတ္တနှင့်လောကသည် အချို့အတွက် မြဲ၏၊ အချို့အတွက် မမြဲဟု ယူဆသော အချို့ တည်မြဲအယူ)

အန္တာနန္တဒိဋ္ဌိ ၄ မျိုး

(လောကကို အဆုံးရှိ၏ဟုဂင်း၊ အဆုံးမရှိဟုဂင်း၊ အချို့သာ အဆုံးရှိပြီး အချို့အဆုံး မရှိဟုဂင်း၊ လောကသည် အဆုံး ရှိသည်လည်း မဟုတ်၊ အဆုံးမရှိသည်လည်း မဟုတ်ဟု ယူဆသော လောကအဆုံး ရှိမရှိအယူ)

အမရာဝိက္ခေပ ဒိဋ္ဌိ ၄ မျိုး

(တိတိကျကျမဟုတ်သော ငါးကဲ့သို့လက်နှင့် ဖမ်းမရအောင် အမှတ်ရခက်သော အဆုံးမရှိ ပစ်လွှင့်သောအယူ)

အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂ မျိုး

(အတ္တကိုဂင်း၊ လောကကိုဂင်း အကြောင်းမဲ့ ဖြစ်၏ဟု ယူဆသောအကြောင်းမဲ့ အယူ)

တို့ပါဝင်ကြလေသည်။

အနာဂတ်ကို ဆင်ခြင်ပြီး ပေါ်လာသော မိစ္ဆာအယူ ၄၄ မျိုးတွင်

သညီဝါဒ ၁၆ မျိုး

(သေပြီးနောက်သညာရှိသည်ဟုယူဆသည့်အယူ)

အသညီဝါဒ ၈ မျိုး

(သေပြီး နောက်သညာမရှိဟု ယူဆသည့်အယူ)

နေဝသညီနာသညီဝါဒ ၈ မျိုး
(သေပြီးနောက် သညာရှိသည်လည်းမဟုတ်၊ မရှိ
သည်လည်း မဟုတ်ဟု ဟူဆသည့်အယူ)
ဥစ္ဆေဒဝါဒ ၇ မျိုး
(သေပြီးနောက် ဘဝမဆက်တော့ဘဲ၊ ဘဝ
ပြတ်သွားသည်ဟုယူဆသည့်အယူ)
ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒ ၅ မျိုး
(လောကမှ လွတ်မြောက်သည့်နိဗ္ဗာန်မျိုးမဟုတ်ပဲ၊
လောကနိဗ္ဗာန်ကိုသာ အကောင်းအမြတ်ဟု
ယူဆသည့်အယူ)
တို့ပါဝင်နေသည်။

## မိစ္ဆာအယူ ဖြစ်ပေါ်လာပုံစသော အကျယ်ရှင်းလင်းချက်များ

သဿတဒိဋ္ဌိ ပထမအယူ ဖြစ်ခြင်းအကြောင်း

အချို့သော အကျင့်ကောင်းရှိသူတို့သည်စိတ်တည်ကြည်အောင် ကျင့်ကြံအားထုတ်သဖြင့် မိမိတို့ ဖြစ်ခဲ့ဘူးသော ရှေးဘဝရှေးဘဝကို တဘဝမှသည်ဘဝသိန်းပေါင်းများစွာ မြင်လေသည်တွင်ထိုထိုဘဝတို့၌ အဘယ်အနွယ်၊ အဘယ်အမည်၊ အဘယ်အဆင်းဖြင့် ဖြစ်ခဲ့သည်၊ အဘယ်အစာကို မှီဝဲခဲ့သည်၊ အဘယ်မျှ အသက်ရှည်ခဲ့သည်၊ အဘယ်ဘဝသို့ တဖန်ကူးပြောင်းခဲ့သည် စသဖြင့် ဘဝ ထိုထိုအတွက် အမည်အနွယ်ပါမကျန် သိနိုင်စွမ်းရှိလာ၏။ ထိုအခါတွင် ထိုသူတို့သည် အတ္တကိုငင်း၊ လောကကို ငင်းမြဲ၏၊ အကြံဖြစ်၏၊ တောင်ထွတ်ကဲ့သို့တည်၏။ ခိုင်မြဲစွာ ရှိသောတံခါးတိုင်ကဲ့သို့တည်၏၊ သတ္တဝါတို့သာလျှင် သံသရာလည်နေရသည်၊

အတ္တနှင့်လောကမှာမူ အခြားသော အမြဲတည်သည့်အရာတို့နှင့် အတူ တည်နေသည်ဟု အထင်ရောက်လေတော့သည်။ ဤသည်ပင် သဿတဒိဋ္ဌိ တမျိုး ဖြစ်လာပုံတည်း။

သဿတဒိဋ္ဌိ-ဒုတိယအယူ ဖြစ်ပေါ်ပုံ

ဤ၌ဆိုင်ရာ ပုဂ္ဂိုလ်တို့သည် မိမိတို့ ကျင့်ကြံမှုအလျောက် ဘဝသိန်းပေါင်းများစွာကိုသာမက၊ ကမ္ဘာတခုမှ ဆယ်ခုအထိ တွင် မိမိတို့ ဖြစ်ပျက်ခဲ့ပုံကို အနွယ်အမည် စသည်နှင့်တကွ သိမြင်ရာမှ ဆိုခဲ့သည့်နည်းတူ အတ္တနှင့်လောကကိုမြဲ၏ဟု ယူမှားခြင်း ဖြစ်သည်။ ယူမှားပုံခြင်းကား တမျိုးတစားတည်းပင်။

သဿတဒိဋ္ဌိ-တတိယအယူဖြစ်ခြင်း

ဤ၌လည်း ရှေ့ကပြဆိုခဲ့သော ပုဂ္ဂိုလ်တို့ထက် ရှေးဘဝပြန် သိနိုင်စွမ်းပို၍ ထက်ခြင်းသာထူးလေသည်။ အတိတ်ကို ပြန်မြင်ရာ တွင် ကမ္ဘာနှင့်ချီ၍ မြင်ရာ၌ ဆယ်ကမ္ဘာမှ ကမ္ဘာ(၄၀)ထိပင် မြင်နိုင်စွမ်းရှိကြသည်။ ယူမှား ပုံခြင်းမှာ အထက်နှစ်မျိုးနှင့် မခြားပေ။

သဿတဒိဋ္ဌိ-စတုတ္ထအယူ ဖြစ်ပေါ်ကြောင်း

ဤ၌ ဖော်ပြပါသုံးဝါဒနှင့် ထူးခြားချက်ကား၊ အကျင့်မြတ်ကို ကျင့်မှုဖြင့် စိတ်တည်ကြည်ပြီး ဈာန်သမာဓိရခြင်းမျိုး မဟုတ် ကြောင်းပင် ဖြစ်သည်။ တက္ကီပုဂ္ဂိုလ်တို့၏ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေးခေါ်စဉ်းစားမှုဖြင့် အတ္တကိုဎင်း၊ လောကကိုဎင်း မြဲ၏ဟု ယင်းတို့က ယူဆကြခြင်းတည်း။

ကေစိသဿတဝါဒ-ပထမအကြောင်း

ကမ္ဘာပျက်ချိန်၌ သတ္တဝါအများစုသည် ဒုတိယဈာန် ဗြဟ္မာ့ဘုံ သို့ရောက်ကြလေသည်။ ထိုဘုံ၌ ဈာန်စိတ်ဖြင့် နေကြသည်။ ဈာန်

ချမ်းသာဖြင့် ပီတိဖြစ်နေကြသည် (အစား အစာစားခြင်းမရှိ)။ ကိုယ်မှ အရောင်များထွက်သဖြင့် ထိုအရောင်ကို မှီလျက် တည်နေကြသည်။ ကောင်းကင်၌ လှည့်လည် သွားလာနိုင်ကြသည်။ တင့်တယ်သော နေရာရှိကြသည်။ အလွန်အသက်ရှည်ကြသည်။ ယင်းသို့ နေရင်းက ကမ္ဘာသစ်တည်လာသောအချိန်တွင် ထိုဗြဟ္မာများထဲမှ တဦးတလေသည်၊ ကမ္ဘာသစ်မှပေါ်လာသော ပထမစျာန်ဘုံသို့ရောက်သွား၏ (ဒုတိယစျာန်ဘုံမှ စုတိစိတ်ကျပြီး ပထမစျာန်ဘုံသို့ရောက်ခြင်း ဖြစ်သည်)။ ပထမစျာန် ဗြဟ္မာဘဝ၌ ရှေးနည်းအတူ စျာန်ချမ်းသာဖြင့် နေလေသည်။ နေရင်းနေရင်းက အချိန်ကြာညောင်းလတ်သော် တဦးတည်းစံရသည်ကို ငြီးငွေ့ပြီး အဖော်တောင့်တမိတော့၏။ ဤတွင် တိုက်ဆိုင်သဖြင့် အချို့ဗြဟ္မာများ စုတေပြီး သူစံရာဘုံသို့ လာရောက် ဖြစ်ကြလေရာ၊ ရှိနှင့်ပြီး ထိုဗြဟ္မာသည် မိမိတောင့်တသောကြောင့် နောက်နောက်ပထမစျာန် ဗြဟ္မာများ ပေါ်လာရသည်ဟု အထင်ကြီးလာလေသည်။ "ငါကား မဟာဗြဟ္မာ၊ သူတပါးကိုလွှမ်းမိုးနိုင်သူ ဖြစ်သည်။ အခြားသူတို့၏ အလွှမ်းမိုးကို မခံရသူ ဖြစ်သည်။ အားလုံးကို သိမြင်နိုင်သူ၊ သတ္တဝါများကို မိမိအလိုသို့ လိုက်စေနိုင်သူ၊ အစိုးရသူ၊ လောကကို ပြုလုပ်ဖန်ဆင်းသူ၊ လောကထက်မြတ်သူ၊ ဖြစ်ပြီး ဖြစ်ဆဲ သတ္တဝါတို့၏ အဖဖြစ်သူတည်း" ဤသို့ယူဆမိတော့သည်။

နောက်ဖြစ်လာသော ဗြဟ္မာတို့ကလည်း ထိုရှိနှင့်ပြီး ဗြဟ္မာအား "ဤအရှင်သည် မဟာဗြဟ္မာမင်းတည်း။ ငါတို့ကို လွှမ်းမိုးနိုင်သူတည်း။ ငါတို့အား ဖန်ဆင်းထားသူတည်း"စသဖြင့် အထင်ရောက်ကြသည်။ အသက်လည်း သူတို့ထက် ပိုရှည်ကြောင်း၊

အဆင်းလည်း သူတို့ထက်ပို၍လှကြောင်း၊ တန်ခိုးလည်း ပို၍ကြီး ကြောင်း သိမြင်နေကြရသည်။

တဖန်တုံ ထိုရှိနှင့်ပြီး ဗြဟ္မာ၏ အလျင်စုတေကြသော ဗြဟ္မာတို့ အနက်မှ လူဖြစ်လာသူကလည်း၊ အကျင့်မြတ်ကို ကျင့်မိပြီး ထိုဗြဟ္မာဘဝအထိကို ပြန်မြင်နိုင်စွမ်းရှိသဖြင့် "မဟာဗြဟ္မာကား မြဲ၏။ ငါတို့ကား မမြဲ"ဟုဋင်း၊ "မဟာဗြဟ္မာသည် ငါတို့ထက် တန်ခိုးကြီး၏။ ဖန်ဆင်းနိုင်၏" စသဖြင့်ဋင်း ထင်မြင်မိလေသည်။ ဤသည်ပင်လျှင် မြဲသူကမြဲပြီး၊ မမြဲသူလည်းရှိသည်ဟု ယူဆရန် အကြောင်းဖန်လာခြင်းတည်း။

ကေစ္စသဿတဝါဒ-ဒုတိယအကြောင်း

ဤ၌ ကာမဂုဏ်လိုက်စားအားကြီးပြီး အစားအစာကိုသတိမေ့ သဖြင့်စုတေကြရသော ခိဍ္ဍာပဒေါသိက နတ်တို့တွင် လူဖြစ်လာသူ အချို့ထဲမှ အကျင့်ကောင်းကို ကျင့်မိသည်တွင် မိမိတို့ အတိတ်က ဘဝကို ပြန်မြင်သောကြောင့်၊ ခိဍ္ဍာပဒေါသိက နတ်တို့ကား မမြဲ။ အခြားနတ်တို့ကမြဲသည်ဟု ယူမှားခြင်း ဖြစ်လေသည်။

ကေစ္စသဿတဝါဒ-တတိယ အကြောင်း

အချင်းချင်း မနာလိုစိတ်အားကြီးပြီး စုတေကြရသော မနောပ ဒေါသိက နတ်တို့တွင် လူဖြစ်လာသူအချို့သည် အထက်ပါအတိုင်း မိမိဖြစ်ရာ အတိတ်ဘဝကို ပြန်မြင်ရာမှ "မနောပဒေါသိက နတ်တို့မှာ မမြဲ၊ အခြားနတ်များကား မြဲသည်"ဟု ယူဆမိခြင်း ဖြစ်လေသည်။ ထိုမှတချို့ တည်မြဲပြီး၊ တချို့ မတည်မြဲဟူသော အယူမှားကို လက်ခံပြီးသား ဖြစ်သွားသည်။

ကေစ္စသဿတဝါဒ-စတုတ္ထအကြောင်း

အချို့တည်မြဲ၊ အချို့မှု မတည်မြဲဟု ယူမှားသူတို့တွင် အထက်ပါ ပုဂ္ဂိုလ်တို့နှင့် ကွာခြားသူများကား၊ အကျင့်မြတ်ဖြင့် တဘဝ နှစ်ဘဝစသည်ကို ပြန်မြင်ခြင်း မရှိပဲ၊ ကြံစည်တွေးတောလေ့ရှိရာမှ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယဟု ခေါ်ဝေါ်အပ်သော အတ္တသည် မမြဲ၊ စိတ်ခေါ်ဝိညာဉ်မှာမူ မြဲ၏ဟု ယူဆကြသူများ ဖြစ်ကြသည်။

အန္တာနန္တဝါဒ-ပထမအယူ ဖြစ်ပုံ

ဈာန်သမာပတ်ကို ရသူသည် ထိုဈာန်စိတ်ဖြင့် လောကကို အဆုံးရှိ၏ဟု ထင်မြင်လာခြင်းသည်၊ ထိုသို့သော အယူမှား ပေါ်ပေါက်ရန် ဖန်တီးမှုပင်တည်း။

အန္တာနန္တဝါဒ-ဒုတိယ အယူဖြစ်ခြင်း

အလားတူပင် ဈာန်စိတ်ဖြင့် လောကကို အဆုံးမရှိဟု ထင်မြင်ခြင်းကြောင့် အန္တာနန္တဝါဒ ဒုတိယ အယူတမျိုး ပေါ်လာလေသည်။

အန္တာနန္တဝါဒ- တတိယအကြောင်း

ဈာန်သမာပတ်ဖြင့်ပင် လောကကို ကြည့်ရှုသောအခါ အထက်နှင့်အောက်သည်သာ လောကအဆုံးရှိပြီး၊ ဝန်းကျင်တဝိုက်မှာမူ လောကအဆုံးမရှိဟု ယူဆသော ပုဂ္ဂိုလ်ပေါ်လာရေးအတွက် ဖန်တီးချက်တည်း။

အန္တာနန္တဝါဒ-စတုတ္ထအကြောင်း

ဤဥ ဈာန်မရပါဘဲ၊ စဉ်းစားကြံဆနေခြင်းဖြင့် အတွေး အထင်၌ ရှိသရွေ့၊ လောကကို အဆုံးရှိလည်းမဟုတ်၊ မရှိလည်း

မဟုတ်ဟု ထင်မြင်လာခြင်းမှာ အန္တနန္တဝါဒတမျိုး ပေါ်လာစေခြင်းအတွက် အကြောင်းတရပ် ဖြစ်လေသည်။

အမရာဝိက္ခေပဝါဒလေးမျိုးတွင် အကြောင်းလေးမျိုး ပြားလျက်ရှိသည်။

ပထမအကြောင်းမှာ-အမှားပါသွားမည်ကို ကြောက်ပြီး တိတိကျကျ မယူဆရဲ၊ မပြောဆိုရဲခြင်း ဖြစ်၏။ မမှန်ပြောမိလျှင် နတ်ပြည်မရောက်နိုင်အောင် အဟန့်အတား ဖြစ်လိမ့်မည်ဟု ထင်သည်။ မဂ်ဖိုလ်၏ အန္တရာယ် ဖြစ်လိမ့်မည်လည်း ထင်သည်။ သို့ဖြင့် ဟိုလိုလို သည်လိုလို လွှဲဖယ်နေတော့သည့် လူစားမျိုး၏ အယူဝါဒဖြစ်လေသည်။ ထိုသူမျိုးကိုဘာပင် မေးမေး ဝေ့လည်ကြောင်ပတ်လုပ်နေလိမ့်မည်တည်း။

ဒုတိယ-ဤ၌ စွဲလမ်းမှု ဥပါဒန်သဘော မိမိတို့၌ ကပ်နေမည်ကိုစိုး၍ အထက်ပါနည်းအတိုင်း တိတိကျကျ မယူဆရဲခြင်း ဖြစ်သည်။

တတိယ-ဤ၌ မိမိတို့မှာ အခြေခံဗဟုသုတနည်းခြင်း မိမိတို့ပြောဆိုသမျှကိုပညာရှိတို့ စစ်မေးလာလျှင် ဖြေတတ်မည်မဟုတ်ဟု အစစ်အမေးခံရမည်ကို ကြောက်ခြင်းဖြင့် အမရာဝိက္ခေပဝါဒတမျိုးပေါ်လာသည်။ ဝါဒတမျိုးဆိုသည်မှာ အကြောင်းခံလွှဲခြင်းကိုသာစွဲ၍ ဆိုရသည်။ စင်စစ်အဖြေအတိအကျမသိရအောင်ရှောင်လွှဲတိမ်းဖယ်နေခြင်းမျိုးကား အထက်ပါနှစ်မျိုးနှင့် အတူတူသာတည်း။

စတုတ္ထ-အမရာဝိက္ခေပ စတုတ္ထဝါဒ ဖြစ်ရပုံကား-

မူလကတည်းက ဉာဏ်ပညာထုန်ထိုင်း၍ မသိခြင်း မဆိုရဲခြင်း အမှန်အမှား ခွဲခြားမပြောနိုင်ခြင်းဖြင့် ဖြဿနာမေးလာလျှင်

ဆုံးခန်းတိုင်မရောက်အောင် လှီးလွဲနေခြင်းတည်း။ ဤသို့ပြုမူကြသူများကို အမရာဝိက္ခေပ စတုတ္ထဝါဒီဟု ခေါ်ဆိုနိုင်ပေသည်။

အဓိစ္စသမုပ္ပန္နဝါဒ ၂ မျိုး

နာမ်တရားအားလုံးမရှိသော၊ ရုပ်ခန္ဓာသာရှိသော အသညသတ်ပြဟ္မာတချို့သည် ထိုဘဝမှ စုတေပြီး လူ့ပြည်ရောက်လာ၏။ လူ့ဘဝ၌ တချို့က ဈာန်ရအောင် ကျင့်မိကြသည်။ ထိုဈာန်စိတ်ဖြင့် ဆင်ခြင်သောအခါ လူ့ဘဝရလာပုံအစကိုသာ မြင်သောဉာဏ်မျက်စိ ပွင့်လေသည်တွင် "ဟိုစဉ်က ငါမရှိ၊ ယခုမှ ဖြစ်လာသည်။ ထို့ကြောင့် အတ္တသည်ရင်း၊ လောကသည်ရင်း အကြောင်းမရှိဘဲ ဖြစ်ပေါ်သည်"ဟု ယူမှားလေသည်။ ဤသည်ပင်လျှင် အဓိစ္စသမုပ္ပန္နဝါဒတမျိုး ပေါ်စေတော့သည်။

နောက်တမျိုးကား ကြံစည်တွေးတောသူတို့၏ အကြောင်းမဲ့အယူတည်း။ အတ္တရော၊ လောကပါ အကြောင်းမရှိဘဲ ဖြစ်ချင်သလို ဖြစ်၏ဟု ယူဆခြင်း ဖြစ်ပေသည်။

ယင်းသို့ ပုဗ္ဗန္တာကပ္ပိက အယူမှား (၁၈) မျိုးကို အကြောင်းနှင့်တကွ သိရသည်။ ဤတွင် အန္တာနန္တဝါဒ လေးမျိုးမှာ အကြောင်းခံနှင့်ပုဂ္ဂိုလ် ကွဲပြားရုံမက ဝါဒသဘောလည်း တမျိုးစီဖြစ်၍ လေးမျိုး၊ သဿတဒိဋ္ဌိ၊ ဧကစ္စသဿတဒိဋ္ဌိ၊ အမရာဝိက္ခေပနှင့် အဓိစ္စသမုပ္ပန္နဝါဒတို့မှာ အကြောင်းခံနှင့် ပုဂ္ဂိုလ်သာကွဲပြီး ဝါဒသဘော မကွဲသဖြင့် တမျိုးစီ၊ ဤသို့ဖြင့် ဝါဒရှစ်မျိုး (၀၇) အတိတ်ကို ဆင်ခြင်၍ ယူမှားသောအယူ ရှစ်မျိုးဟုလည်း ဆိုနိုင်ကောင်းမည်လော မသိ။

ယခုတဖန် အပရန္တ ကပ္ပိကဝါဒ ၄၄ မျိုးအနက် သညီဝါဒ (၁၆) မျိုးကို ရှုပါကုန်။

၁။ အတ္တသည် ရုပ်ရှိ၏။ သတ္တဝါသေပြီးနောက်၌ ပျက်စီးခြင်းမရှိ။ သညာရှိ၏။

၂။ ....ရုပ် မရှိ။ ........ ရင်း........။

၃။ ....ရုပ်ရှိသည်လည်း ဟုတ်၏။ ရုပ်မရှိသည်လည်း ဟုတ်၏။ သတ္တဝါသေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။

၄။ အတ္တသည် ရုပ်ရှိသည်လည်း မဟုတ်။ ရုပ်မရှိသည်လည်း မဟုတ်။ သတ္တဝါသေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာ ရှိ၏။

၅။ အတ္တသည် အဆုံးအပိုင်းအခြား ရှိ၏။ သတ္တဝါသေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။

၆။ အတ္တသည် အဆုံးအပိုင်းအခြား မရှိ။ သတ္တဝါ........ခြင်းမရှိ။ သညာရှိ၏။

၇။ အတ္တသည် အဆုံးရှိလည်း ဟုတ်သည်၊ အဆုံးမရှိလည်း ဟုတ်သည်။ သတ္တဝါသေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။

၈။ အတ္တသည် အဆုံးရှိလည်း မဟုတ်၊ အဆုံးမရှိလည်း မဟုတ်။ သတ္တဝါသေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။

၉။ အတ္တသည် တမျိုးတည်းသောသညာ ရှိ၏။ သတ္တဝါသေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။

၁၀။ အတ္တသည် သညာတမျိုးမျိုး ရှိ၏။ သေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။

၁၁။ အတ္တသည် သေးငယ်သောသညာ ရှိ၏။ သေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။

၁၂။ အတ္တသည် ကြီးမားသောသညာ ရှိ၏။ သေပြီးနောက်၌ ပျက်စီးခြင်းမရှိ။ သညာရှိ၏။

၁၃။ အတ္တသည် သုခရှိ၏။ သေးပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။

၁၄။ အတ္တသည် ဒုက္ခရှိ၏။...........ရှိ၏။

၁၅။ အတ္တသည် သုခရော ဒုက္ခပါ နှစ်မျိုးလုံးရှိ၏။ သတ္တဝါ သေပြီးနောက်၌ ပျက်စီးခြင်း မရှိ။ သညာ ရှိ၏။

၁၆။ အတ္တသည် ဥပေက္ခာသဘော ရှိ၏။ သတ္တဝါသေပြီး နောက်၌ ပျက်စီးခြင်း မရှိ။ သညာရှိ၏။ ဤသို့သော အမြင်မှားများသည်လည်း ဆိုင်ရာအကြောင်းခံဖြင့် (၁၆)မျိုး ပြားလေသည်။

## အသညီဝါဒ ၈ မျိုး

၁။ အတ္တသည် ရုပ်ရှိ၏။ သတ္တဝါသေပြီးနောက် ပျက်စီးခြင်း မရှိ။ သညာလည်း မရှိ။

၂။ အတ္တသည် ရုပ်မရှိ။ (ကျန်စကားရပ်များ အထက်ပါ အတိုင်း)

၃။ အတ္တသည် ရုပ်ရှိလည်း ဟုတ်၏။ ရုပ်မရှိလည်း ဟုတ်၏။....

၄။ .... မဟုတ်၊ .... မဟုတ်။....

၅။ .... အဆုံးအပိုင်းအခြား ရှိ၏။ ....

၆။ .... မရှိ။ ....

၇။ ... ရှိသည်လည်း ဟုတ်၏။ မရှိသည်လည်း ဟုတ်၏။ သတ္တဝါ....

၈။ အတ္တသည် အဆုံးအပိုင်းအခြား ရှိလည်းမဟုတ်၊ မရှိလည်း မဟုတ် .... ဟူ၍ သညာမရှိမှုကို သဘောတူစွာ လက်ခံသော အယူဝါဒ ရှစ်မျိုး။

## နေဝသညီ နာသညီဝါဒ ၈ မျိုး

ဤဝါဒ(၈)မျိုး၌ အတ္တသည် သေပြီးနောက်၌ ပျက်စီးခြင်း မရှိပုံ၊ သညာ ရှိလည်း မဟုတ်၊ မရှိလည်း မဟုတ်ပုံတို့ကို သဘောတူ ယူဆပြီး အချို့က-

၁။ ရုပ်ရှိသည်။
၂။ ရုပ်မရှိ။
၃။ ရုပ်ရှိလည်း ဟုတ်၊ မရှိလည်း ဟုတ်သည်။
၄။ ရုပ်ရှိလည်း မဟုတ်၊ မရှိလည်း မဟုတ်။
၅။ အဆုံး အပိုင်းအခြား ရှိသည်။
၆။ .... မရှိ။
၇။ .... ရှိလည်း မဟုတ်၊ မရှိလည်း မဟုတ်။
၈။ .... ရှိလည်း ဟုတ်၊ မရှိလည်း ဟုတ်။

ဟူ၍ တမျိုးစီ ယူဆကြလေသည်။

## ဥစ္ဆေဒဝါဒ ၇ မျိုး

၁။ အတ္တသည် ရုပ်ရှိ၏။ မဟာဘုတ်လေးပါး အစုအဝေး ဖြစ်သဖြင့် ခန္ဓာကိုယ်ပျက်စီးလျှင် နောက်ထပ်ဘဝမှမဖြစ်ဟု ယူဆသောအယူ။

၂။ ဤ၌ လူ့ဘဝဆုံးရုံနှင့် ဘဝ မပြတ်သေး၊ နတ်ဘဝ ရောက်ပြီးမှ ဘဝပြတ်သည်။ အတ္တသည် ထိုအခါမှစ၍ ဘာမှမဖြစ်ဟု ယူဆသော အယူဝါဒ။

၃။ တတိယမြောက် ဥစ္ဆေဒဝါဒမှာ ရူပပြဟ္မာ ဖြစ်ပြီးမှ အတ္တသည် နောက်ထပ် မဖြစ်ပေါ်တော့ဟု ယူဆခြင်း ဖြစ်သည်။

၄။ ဤစတုတ္ထမြောက် ဝါဒကား အရူပဈာန် ပထမအဆင့် ရောက်ပြီးမှ ဘဝပြတ်သည်ဟု ယူဆသောအယူဝါဒတည်း။

၅။ အရူပဈာန် ဒုတိယအဆင့် ....

၆။ .... တတိယဆင့် ....

၇။ .... စတုတ္ထဆင့် ....

ယင်းသို့ ပြတ်စဲဝါဒခုနစ်မျိုးလာသည်။

ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ၅ မျိုး

၁။ မျက်မှောက်ဘဝတွင်ပင် ကာမဂုဏ်ငါးပါးဖြင့် နေရခြင်းကို ချမ်းသာဟု ထင်မှတ်ပြီး လောကနိဗ္ဗာန်ဟူ၍ ယူဆခြင်း။

၂။ ရူပပထမဈာန်ချမ်းသာကို လောကနိဗ္ဗာန်အဖြစ် ယူဆခြင်း။

၃။ ဒုတိယဈာန် .... ....

၄။ တတိယဈာန် .... ....

၅။ စတုတ္ထဈာန် .... ....

အနာဂတ်ကို ဆင်ခြင်လျက် ယူမှားသော ယင်းအယူဝါဒ ၄၄ပါးတွင် သညီဝါဒ(၁၆)မျိုးကို တစားတည်း၊အသညီဝါဒ၊ နေဝသညီနာသညီဝါဒနှင့် ဥစ္ဆေဒဝါဒတို့ကိုလည်း တစားတည်းစီ ထားလျှင် ဝါဒ၄မျိုး ချုံး၍ရသည်။ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကိုမူ

၅မျိုးအတိုင်းသာ မှတ်ယူလျှင် ဝါဒ၄၄မျိုး၏ အကျဉ်းသရုပ် (၉)မျိုးဟုလည်း ဆိုနိုင်ကောင်းပေလိမ့်မည်။

(ဤဝါဒ ၄၄မျိုးတို့၏ အကျယ် ဖော်ပြချက်ကို လိုသော် ဆရာတော် ဦးဇနကာဘိဝံသ၏ ဗြဟ္မဇာလသုတ် မြန်မာပြန်၌ တွေ့နိုင်ပါသည်)။

## သက္ကာယဒိဋ္ဌိ-၂၀

၁။ ရုပ်ကို အတ္တအားဖြင့် အဖန်ဖန်ရှုခြင်း။
၂။ ရုပ်ရှိသောအတ္တကိုလည်း ....
၃။ အတ္တ၌ရုပ်ကိုလည်း ....
၄။ ရုပ်၌အတ္တ ...
၅။ ဝေဒနာကို အတ္တအားဖြင့် ....
၆။ ဝေဒနာရှိသောအတ္တကိုလည်း ....
၇။ အတ္တ၌ ဝေဒနာကိုလည်း ....
၈။ ဝေဒနာ၌ အတ္တကိုလည်း ....
၉။ သညာကို အတ္တအားဖြင့် ....
၁၀။ သညာရှိသောအတ္တကိုလည်း ....
၁၁။ အတ္တ၌ သညာကိုလည်း ....
၁၂။ သညာ၌ အတ္တကိုလည်း ....
၁၃။ သင်္ခါရတို့ကို အတ္တအားဖြင့် ....
၁၄။ သင်္ခါရရှိသောအတ္တကိုလည်း ....
၁၅။ အတ္တ၌ သင်္ခါရတို့ကိုလည်း ....
၁၆။ သင်္ခါရ၌ အတ္တကိုလည်း ....

၁၇။ ဝိဉာဏ်ကို အတ္တအားဖြင့် ....

၁၈။ ....ရှိသော အတ္တကိုလည်း ....

၁၉။ အတ္တ၌ ဝိဉာဏ်ကိုလည်း ....

၂၀။ ဝိဉာဏ်၌ အတ္တကိုလည်း အဖန်ဖန်ရှုခြင်းတို့ဖြစ်သည်။
(အင်္ဂုတ္တိုရ်မြန်မာပြန် ပဥ္စမတွဲ-စာမျက်နှာ ၅၅၂)။

# နောက်ဆက်တွဲ–၃

## မှတ်သားဖွယ်အက္ခရာစဉ်အညွှန်း


| | |
|---|---|
| ကုသိုလ်များစွာ ပြုအပ်၏ | ၈၇ |
| ကွဲရှဲ ခုနစ်ရက် | ၇၈၊ ၈၄၊ |
| ကွဲရှဲချီးမွမ်းတိုင်း ကောင်းမကောင်း | ၅၉၊ ၆၂–၃၊ |
| ကောလိတ | ၄၁။၁၄၇၊၁၅၀၊၁၅၁ |
| ကောသလမင်းကြီး | ၅၂၊ ၇၆၊ ၇၇၊ ၇၉၊ ၁၆၉၊ ၁၇၂ |
| ကောလလမင်းကြီးအား ဘုရားဟု ဝန်မခံရဲသူများ | ၅၂၊၆၂ |
| ကံယူဆပုံတမျိုး ဖြစ်နေသည် | ၁၃၉ |
| ကိုယ်တော်တိုင် တန့်ခိုးပြမှုသည် | ၇၅ |
| ကိုယ်တုံးလုံးတိတ္ထိများ | ၃၆၊၃၈၊၄၃၊၁၄၆–၇၊ |
| ကောင်းကင်ပျံမည့်ဟန် | ၁၀၊ |
| ကောင်းနိုးရာရာရွေးလုပ်နေဟန် | ၁၀၉ |
| ကျီးနှင့်ဥဒေါင်းပမာ | ၇၃ |
| ကျောင်းအရံကပ် ဆောက်ခိုင်း၍ ဖျက်ရပုံ | ၇၆။ |
| ကျမ်းဂန်အဆိုအမိန့်နှင့် လွဲတန်သရွေလွဲ | ၁၀၊ |
| ကြီးပွားကြောင်း သုံးပါး | ၆၆ |

ကျွန်ဖြစ်ခဲ့သော တိတ္ထိများ ၃၅၊၃၈၊၃၉၊၄၁၊၁၄၆
ကျွန်မဟုတ်သော တိတ္ထိများ ၄၀၊၄၂၊၁၂၃၊၁၂၈၊၁၄၆

ခေါင်းတုံးပေါ် ထိပ်ကွက် ၃၇၊၉၆
ခေါင်းပေါ်တွင် အဖုရှိသောတိတ္ထိ(သိဥ္စည်း)· ၄၁
ခန္ဓာငါးပါးအမှားနှလုံးသွင်းမိလျှင် ၂၇၊
ချီးမွမ်းကဲ့ရဲ့တိုင်း ကောင်းမကောင်း ၆၉
ချမ်းသာဖြင့် ချမ်းသာကို ရနိုင်သည် ၁၃၁၊
ခွဲခြမ်းစိတ်ဖြာ၍ ဖြေဆိုရမည့်ပြဿနာ ၇၀၊

ဂုဏ်ထိုက်သူမထိုက်သူကို အချိန်သင့်ပြောတတ်သူ ၆၂-၃၊

ငါ့တပည့် ဖြစ်လှဲ့ ပါဟု ပြောခဲ့သလော ၅၇၊
ငယ်ရွယ်သူမို့ မမေးလိုခဲ့ ၅၁

စကားဆုံခြည်မျှင်စိတ်၍ ၆၄
စကားနှိုးနှောမိခြင်းဖြင့် ဆွေးနွေးသင့်
မသင့်သိရမည့်အချက်များ ၉၅
စတုယာမသံဝရဝါဒ ၁၃၉
စိုင်ကော်၍ ချုံပေါ်ရောက်သူ မဟုတ်. ၃၇၊
စိတ်ဆန္ဒရှိင်း ပါရှိမည် ၅၉
စိတ္တသူကြွယ်၏ အကြောင်း အကျဉ်းချုပ် ၈၂၊
စန္ဒကူးသပိတ် ၁၀၊၇၄၊၇၆၊
စဥ္စမာနကို ဘုရားရှင်အား စွပ်စွဲရန် ၇၈

ဆရာကောင်းလိုပုံ ၂၇၊၁၄၅၊၁၆၉-၇၀
ဆရာတပည့် ဒလန်လုပ်ပြီး ၁၁၊
ဆူးငြောင့် ခလုတ်ခသင်းများ ၄၄
ဆင်းရဲခံ၍သာ ချမ်းသာကို ရှာရသည် မဟုတ် ၁၃၁
ဆင်းရဲလွတ်မည့်တရား ၁၃၄-၅၊
ဆုံးခန်းတိုင်ကျင့်သုံးရမည့်အကျင့် ၁၀၄-၅
ဆွမ်းလောင်းရုံနှင့်ပျက်စီးသူမရှိ ၆၆၊

ဇာတ်အထူး(၆)မျိုး၌သာ ၆၉

ဈာန်အရာဝေလာဝေး ၁၃၅

ဉာဏ်နီဉာဏ်နက်ဆင်ဟန် ၁၂၄
ဉာဏ်နှင့်သဒ္ဓါဘယ်ကမြတ်သနည်း ၇၂
ဉာဏ်အမြင် အမြဲထင်သလော ၁၃၃-၄၊

တထစ်ချမဖြေဆိုအပ်သော စကား ၉၁၊
တဗိုလ်ကျ တဗိုလ်တက်ဂိုဏ်း ၉၂
တရားကို လိုလျှင် တရားသည့်နည်းနှင့်ရှာ ၁၅၂-၃၊
တက္ကိမျိုး ဖြစ် ၁၇၃
တက်ပါတက်ပါမှတ်တား ဖယားရယ် ၉။
တိတ္ထိကြီး(၆)ဦးစလုံး ဟုတ်မဟုတ် ၁၄၊၆၄
တိတ္ထိချင်း ပေါင်းကြသလော ၁၅၊
တိတ္ထိစာရင်းဝင် ၂၅၊

တိတ္ထိကြီးတို့ မဖြေနိုင် ၅၀၊၅၂
တန်ခိုး ပြာဋိဟာ ၄၄၊၄၅၊၆၂၊

ထင်ရာစိုင်းရန် ဖန်တီး ၁၁၀၊၁၂၄-၅၊၁၅၇
ထင်းတုံးကြီးကဲ့သို့ ခန္ဓာ ၀၇၊
ထိုခေတ်ဘာသာရေး နယ်ပယ်၌ ၅၀

ဒီလိုလဲမဟုတ်၊ ဟိုလိုလဲမဟုတ် ၁၄၀-၅၀၊
ဒေဝဒတ်က လုပ်ကြံရာတွင် ကြံရာပါဖြစ်ခဲ့မှု ၆၄
ဒေဝဒတ်ကိုဘာကြောင့် ပြစ်တင်ရသနည်း
မေးလျှောက်ခိုင်း ၆၀
ဒေါသ ၂၂၊၅၀၊၅၅၊၅၆
ဒုဂ္ဂတိ၊ သုဂတိရောက်ကြောင်းတရား ၁၃၆၊၁၇၇

ဓုတင်ဆယ့်သုံးပါး-သရုပ်အဓိပ္ပာယ် ၁၁၂-၁၃၊

နာဂသေန(ရှင်) ၁၇၀ ဆက်
နာဠန္ဒမြို့ အစာခေါင်းပါးချိန်ဘုရားကြွ ၆၄
နိဂဏ္ဌနာဋပုတ္တ၏ အကျင့်လေးမျိုး ၁၂၇၊
နိုကနတ်သား ၂၆၊
နေမင်းပေါ်သော် ပိုးစိမ်းဖြူအရောင်ပျောက် ၁၇၇၊၁၀၁
နယ်လွန်သွားပြီ ၁၄၀
နည်းနည်းဟောသူ ၁၀၂
နတ္ထိကဝါဒ ၁၁၄၊၁၁၅၊၁၁၆၊၁၂၀

နိဗ္ဗာန်ကို တလောကလုံးသို့ လှည့်လည်
သွားခြင်းဖြင့် ရှာမရ ၁၇၃
နွားတင်းကုပ်၌မွေးသူ(မက္ခလိဂေါသာလ) ၃၀၊၄၅-၄၆၊
နှစ်ဖက်စွန်းလွတ်သည့် အလယ်အလတ်လမ်း ၁၃၂

ပရမတ်ဆံသလို ၁၂၄၊
ပူရဏနှင့်မှားနိုင်သောအမည် ၃၃၊
ပညာမဲ့ဆုံး တွေဝေဆုံးဟု ၁၄၇
ပညတ်ချက်သည် တပည့်များနှင့်သာဆိုင်သည် ၇၅
ပိဏ္ဍောလ ဘာရဒွါဇ(အရှင်) ၁၁၊၇၄
ပိန္နဲပင်အကြောင်းကို ဖြေပါသည် ၆၄
ပြုအပ်သောဝါဒ ၈၇
ပြောသံကြားဖြင့်လည်းဟုတ်ပြီမထင်ရန်
စသည် ဆယ်ချက် ၅၄
ပြင်းထန်သောအကျင့်တိုင်း မကဲ့ရဲ့ ၆၁၊
ပြန်မေး၍ ဖြေရမည့် ပြဿနာ ၇၀

ဖတ်မိတိုင်းသဒ္ဒါတက်စေသော သဘော
တရားတခု ၁၇၇

ဗုဒ္ဓဘာသာတို့ ရှုထောင့်မှတင်ပြ ၁၂-၁၃၊
ဗိမ္ဗိသာရမင်းကြီးအား သတ်မိခဲ့မှု ၆၄
ဗျာများသွားကြပြန်သည် ၇၄

ဘဝတူကိုင်ငဲ့၍လော ၁၂၀၊
ဘုရားမှတပါး ဆရာမရှာတော့သူ ၃၂-၃၊
ဘုရားရှင်ချီးမွမ်းသော ပုရာဏ (ပူရဏမဟုတ်) ၃၃
ဘုရားရှင်အား ပစ်ပယ်ဟန်မတူ ၄၄။၁၅၁-၂၊
ဘုရားလောင်းအား မကျော်လွန်နိုင် ၇၃
ဘုရားဟု ဝန်မခံရဲ ၆၂
ဘုရားအား စွပ်စွဲလျှင် ငရဲကျလိမ့်မည် ၆၇၊
ဘုရားအား စွပ်စွဲသူနှစ်မျိုး ၅၆
ဘယ်သူက ဘယ်သူ့ကိုမှ မသတ်နိုင်ဟု ၁၂၂၊
ဘဒ္ဒိယမင်းအား ဟောသောတရား ၅၄

မကောင်းမှုပြုမိလျှင် ကျင့်သုံးနည်း ၁၃၇၊
မကောင်းသူထံမှ ကောင်းကွက်ကလေးကို
အတုမယူဝံ့ ၁၅၅
မပြုအပ်သောဝါဒ ၀၇
မဖြေဘဲထားရမည့်ပြဿနာ ၇၀
မဟာကပ်ရှစ်သန်းလေးသိန်းပြည့်လျှင် ၁၀၁၊
မဟာနာမ်မင်းအား ဟောကြားချက် ၁၂၆-၃၁၊
မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးအားသတ်ပုံ ၇၆-၈၁၊
မဟာဝီရ ၄၂၊၄၆၊
မာဏဝဂါမိယနတ်သား ၃၀၊
မိခင်မုဆိုးမ၏သား တိတ္ထိကြီး(ပကုဓကစ္စာယန) ၄၀၊
မိဂါရမာတာ (ဝိသာခါ) ၅၃၊၁၅၄
မိဂါရသူဌေး ၅၃

**ဗုဒ္ဓခေတ် တိတ္ထိကြီးများ** ၂၁၇

မိဘသုတ်သွေးကြောင့်သာဖြစ်သည်ဟု ဆိုလိမ့်မည် ၁၁၉
မိလိန္ဒမင်း ၄၃၊၉၃၊၁၀၉၊၁၇၈
မီးများမီးနိုင် ရေများရေနိုင် ၁၀၁
မေဏ္ဍက သူဌေးကြီး ၅၃
မယ်တော်ဗောင်းအား တရားဟောရန်ကြွ ၇၅
မဂ္ဂင်ရှစ်ပါး ၁၀၃-၄
မိစ္ဆာဒိဋ္ဌိစာရင်းဝင်သတ်မှတ်မရပုံ ၂၆
မိစ္ဆာအယူမှ ကင်းအောင်ပြုနည်း ၂၇
များများဟောသူ ၁၀၂
များရာကံကသာဆောင်သည်ဆိုလျှင် ၁၃၆
မြင်မြင်ချင်း ချောက်ချားသွားစေမည့်ဝါဒ ၁၁၆
မှတ်ကရော နိဂဏ္ဌ ၆၇၊

ယုတ်ညံ့ဆိုးအယူကို ယူသူဟု ၉၉၊၁၀၅၊၁၁၇၊
၁၄၇၊၁၅၅
ယုတ်ညံ့ဆိုးအဝတ် ၄၀၊၁၀၅၊၁၄၇

ရာဇဂြိုဟ်သူဌေး ၁၀၊၇၄
ရေအေးမသောက်သည်မှာဆန်း၏ ၁၂၅၊၁၃၉
ရုပ်နာမ်တရားတို့၌ အနိစ္စဟုသိလျှင် ၂၇
ရုပ်၌စွဲမက်ကုန်၏ ၈၈

လှူဆံခြည်မျှင်ဖြင့်ရက်ထားသော ကမ္ဗလာ ၄၀၊၁၀၅၊
၁၁၇၊၁၄၇

လူကြီးလုပ်စားနေချင်သည့် ဥာဉ်ဆိုး ၁၅၂၊၁၅၃၊၁၇၀
လူပေါ်လူဇော်လုပ်လို၍ ၁၀၆
လူပြန်လုပ်ကာ ကာမဂုဏ်စည်းစိမ်နှင့် ၅၀
လယ်သမားမျိုးရိုးတိတ္ထိ(နိဂဏ္ဍနာဋ္ဌပုတ္တ) ၄၂
လောဘကြောင့် အသက်သတ်၏ ၅၄
လက်ပြတ်သူသေလျှင် လက်ပြတ်သူဘဲမွေးရမည်လော ၁၀၉
လုံးလုံးနာမည်ပျက်သလောက် ၇၃-၄
လွတ်လပ်စွာ နေနိုင်ရေးအတွက် ၁၂၀

ဝါဒတင်ချေလော့ ၆၅
ဝါဒမတူပါဘဲ ပေါင်းဖွဲ့နေနိုင်မနေနိုင် ၁၄၊
ဝါဒအားလုံးကိုခြုံ၍ ဆိုထားသော စကား ၉၃၊၁၀၄၊၁၅၄၊
ဝိမုတ္တိခေတ် ၁၈၃
ဝေဂဗ္ဘရိနတ်သား ၃၀၊
ဝေဒနာကိုဈာန်သမာပတ်ဖြင့် ထိန်း၏ ၈၁
ဝဲလှည့်၍ ဖြေသူ ၁၄၈-၅၀၊
ဝစ္ဆဂေါတ္တပရိဗိုဇ် ၁၁၀၊၁၁၉
ဝဿကာရပုဏ္ဏားအယူနှင့်ဘုရားစကား ၁၇၄-၅
ဝမ်းမဝ၍ မဟာမောဂ္ဂလာန်အား ငြိုးကြပုံ ၇၉-၈၁

သဘာဝကိုပုံချ ၁၀၈၊၁၂၃၊
သဘိယပရိဗိုဇ်မေးသော ပုစ္ဆာနှင့်အဖြေ ၅၁
သဘိယ ရဟန္တာဖြစ်ပုံ ၅၁
သရဏဂုံတည်သူတို့ ရွတ်ဆိုမြဲစကား ၅၉-၇

သရက်ပင်တွေခုတ် ၇၅၊၈၇
သရက်ပင်အကြောင်း မေးပါလျက် ၈၄
သဟာလိနတ်သား ၂၈၊
သာတိုင်းလည်း အဟုတ်ကြီးမထင်နှင့် ၄၈-၅၀၊၁၀၁
သာရမ္ဘ .. ၅၅၊၅၆
သာသနာတော်မှတပါးသောအယူရှိသူ ၂၄၊၂၅၊၂၇၊
သီဟာစစ်သူကြီး ၄၃
သေလျှင်သင်္ချိုင်းသာ အဆုံးရှိသည်ဟု ၁၁၅
သောတာပန်ဟူသည် ၃၂-၃။
သက္ကာယဒိဋ္ဌိနှင့်တရားကိုယ်တူဒိဋ္ဌိများ ၂၆၊
သက္ကာယဒိဋ္ဌိပြုတ်ခြင်း မပြုတ်ခြင်း ၂၆၊
သစ္စကပရိဗိုဇ် ၄၂၊၇၀
သတ္တဝါတို့ညစ်ညူးရန်။စင်ကြယ်ရန်အကြောင်းရှိသည် ၀၀
သတ္တဝါတွေကို သနားလျှင် ကြွမလာသင့်ပုံ ၆၅-၆
သံဃာတထောင်ကျော်ရှိသော်လည်းတိတ်ဆိတ်ခြင်း ၈၄
သုန္ဒရိပရိဗိုဇ်မအားသတ်၍ ၇၇၊
သွေးပူအန်သော တိတ္ထိများ(သိဥ္စည်းနှင့်
နိဂဏ္ဌနာဋပုတ္တ) ၄၂၊၄၇၊၁၄၂၊၁၅၃
သွယ်ဝိုက်သောနည်းဖြင့် အနှောင့်အယှက်
ပေးပုံများ ၄၀ ဆက်၊

ဟိုလိုလဲမဟုတ်၊ ဒီလိုလဲမဟုတ် .... ၁၄၀-၅၀၊

အကိရိယဝါဒ ၀၆၊၀၇
အကုသိုလ်ကို မပြုအပ် ၀၇

အချောင်မစားသည့်ဂိုဏ်း (နိဂဏ္ဍနာဋ္ဌပုတ္တဂိုဏ်း) ၁၂၈၊၁၃၁
အခွင့်အရေးကို လက်မနှေးဘဲ ယူလိုက်ခြင်း ၃၇၊
အစိန္တေယျလေးပါး ၁၇၃-၄၊
အဇာတသတ်မင်း ၄၅၊၈၁၊၈၆၊၉၄၊၉၅၊
၉၆၊ ၉၇၊ ၉၉၊ ၁၁၁၊
၁၁၄၊ ၁၂၂၊ ၁၂၇၊
၁၄၇၊ ၁၄၈၊ ၁၄၉၊
၁၅၄၊ ၁၆၂၊ ၁၇၂၊

အတတ်ကြူးပြီး ၁၂၃
အဒေါသ ၅၅၊၅၆
အနန္တရိယကံငါးပါး ၃၂
အနိမ့်၌ ထိုင်ကြသောဟူ၏ ၅၂
အနွယ်ဂိုဏ်းဆရာ(ပူရဏ–မက္ခလိ) ၃၆၊၃၈၊၉၇၊
အဘယမင်းသားအမေး ၆၈-၉၊၇၀
အဘယလိစ္ဆဝီမင်းအား ဟောသောတရား ၁၃၄-၅
အမြတ်ဟုဆိုအပ်သောအရာများ ၃၀၊
အရည်အချင်းထက် အရေအတွက်ကို ၁၅၃
အလောဘ ၅၅၊၅၆
အလှဲမှိုင်းတိုက်မပေး ၁၃၊
အဝတ်နှင့်ဆိုလျှင် လူကြည်ညိုပါတော့မလား ၃၆၊
အဝတ်မဝတ်ဘဲနေခြင်းကြောင့် ခံရမည့်ဒဏ် ၉၀၊
အဝတ်မဝတ်သော တိတ္ထိများ ၃၆–၃၇၊၃၈၊၄၃၊
၁၄၆–၇၊

အသမနတ်သား ၂၈၊
အသာရမ္ဘ ၅၅၊၅၆
အသိပန္ဓက၏သား ရွာသူကြီး ၆၄၊၆၆၊၆၇၊၆၈၊
....။....သရဏာဂုံတည်ပြီ ၆၇
အာကောဠကနတ်သား ၂၉၊
အာဠဝက ၃၉၊
အာနန္ဒာ(ရှင်)၏ ပညာကြီးမှုကို ၉၂
....သတိချွတ်ချော်ပြီး ရောနှောသယောင် ၁၀၄
အားကောင်းရာကသာစမြဲ ၁၈၁
အတ္တာဒိဋ္ဌိနှင့်တရားကိုယ်တူသောဒိဋ္ဌိများ ၂၆၊
ဥပတိဿ ၄၁၊၁၄၇၊၁၅၀၊၁၅၁
ဥပါလိသူကြွယ် ၄၃၊၄၇၊၁၄၀ဆက်၊
ကောန်ဖြေဆိုရမည့်ပြဿနာ ၇၀၊
ရောမညာဏ်ကြီးရှင်၏ ဩဝါဒထူးသဖွယ် ၁၁၇

# ပြင်ဆင်ဖတ်ရှုရန်

| စာမျက်နှာ | စာကြောင်းရေ | | မှား | မှန် |
|---|---|---|---|---|
| ၁၆ | နောက်ဆုံးပိုဒ် | | မှတ်တမ်းတင်ပါသည် ဟူ၍ | × |
| ၃၀ | အောက်ခြေမှ | ၉ | ဆိုအပ်၏ဟူ၍ | ဆိုအပ်၏။ |
| ၃၃ | | ၉ | နှစ်ဦးသည် | နှစ်ဦးရှိသည်။ |
| ၄၁ | အောက်ခြေမှ | ၂ | သူတို့ထံ | သူတို့သူထံ |
| ၆၄ | အောက်ခြေမှ | ၆ | တွေ့ရပါသည် | တွေ့ရပါမည် |
| ၇၆ | အောက်ခြေမှ | ၁၁ | ဆုတ်ယုတ်လာမည့် | ဆုတ်ယုတ်လာသည့် |
| ၁၂၀ | | ၄ | လူတို့ထံ | လူတို့တံထွာ |
| ၁၅၉ | | ၈ | တွေ့ဝေသော | မတွေ့ဝေသော |
| ၁၈၀ | | ၁ | တာဝန် | ဝန် |
| ၁၉၈ | အောက်ခြေမှ | ၂ | အကြံဖြစ် | အမြုံဖြစ် |

အတန်းတိုင်းတွင် သင်္ချာဂုဏ်ထူးဆွတ်ခူးခဲ့သော၊
တက္ကသိုလ်ပညာသင်ဆု ရရှိခဲ့သော
ဝါရင့်သင်္ချာဆရာကြီး

## ဦးတင်မောင်ညွန့်

B.Sc, B.Ed

ရေးသားပြုစုသည့်

# ဂျော်မက်ထရီအမြုတေ

(THE ESSENCE OF GEOMETRY)

စာအုပ်ပေါင်း(၄၀)နီးပါးကို မှီငြမ်းလျက် ပုစ္ဆာဥဒါဟရဏ်စမ်းပေါင်း (၄၀၀) ကျော် တွက်ပြပြီး သီယိုရမ် (၅၀)မှ (၆၅) အထိ ကဏ္ဍများ ခွဲခြား၍ ထွက်လာပါတော့မည်။

ဝင်းမော်ဦးစာပေတိုက်၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာ
ပညာပေးစာအုပ်ကို လက်ရွေးစင် သီးသန့်ထုတ်
အဖြစ် ထုတ်ဝေပါတော့မည်။

တိုင်းကျန်းမာရေးအရာရှိ

ဦးအောင်မြတ်

၏

# ပြည်သူ့ကျန်းမာရေးနှင့်ကူးစက်ရောဂါများ

ဆိုင်ရာဆိုင်ရာ သရုပ်ပြ၊ အဖြေပြဇယားပုံ များစွာဖြင့် သီးသီးသန့်သန့် ထွက်လာပါတော့မည်။